
www.burmeseclassic.com



www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဆန်း (မြဲ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ်(၂)၊
ချွန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးကျင်ရင် (ရွှေခြသေ့်ပုံနှိပ်တိုက်)
အမှတ်-၂၂၅၊ ၃၂လမ်း၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။
ပုံနှိပ်ခြင်း - ၂၀၁၄ ခုနှစ်၊ ဇွန်လ။
အုပ်ရေ - ၅၀၀ အုပ်
တန်ဖိုး - ၁၀၀ ကျပ်
ဖြန့်ချိရေး - ဖိုးလပြည့်စာပေ
အမှတ်-၂၂၃၊ ၃လွှာ၊ ၃၁-လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၁၆၃၇၆၄၊ ၀၉-၅၀၈၉၈၉၄

၈၉၅.၈၃

လွန်းတာမို
ငါမင်းကိုချစ်လို့/လွန်းတာမို၊ ရန်ကုန်။
ရဲအောင်စာပေ၊ ၂၀၁၄။
(၃၂၀)စာ၊ ၁၂ စင်တီမီတာ × ၁၇.၇ စင်တီမီတာ
(၁) ငါမင်းကိုချစ်လို့

BURMESE CLASSIC .com

အခန်း ( ၁ )

"ဦးရေ ... ဦး ... "

"ဟိုရှေ့က ... ဦး ... "

"ခဏလေးနေပါဦးဗျ ... "

"ဟင် ... "

ဦးမြတ်အိန္ဒြေထွန်းတစ်ယောက် ... ခေါ်သံကြောင့် နောက်ကိုပြန်လှည့်ကြည့်လိုက်ရင်း ... လှမ်းလက်စ ခြေလှမ်းတွေကိုပါ တုန့်ကနဲရပ်ပစ်လိုက်ရသည်။

ကြည့်လိုက်တော့လည်း ...

မိမိနောက်ကိုပြေးလိုက်လာတာ ... သက်လတ်ပိုင်းအရွယ် အသားဖြူဖြူလူတစ်ယောက် ... ဒီနေရာဒီပတ်ဝန်းကျင်မှာ ... ဒီလို မျက်နှာမျိုးလေးကို မမြင်ဖူးတာနဲ့ ... မျက်တောင်တွေကော့ပျံတက်သွားအောင်ပဲ ... ထိုပုဂ္ဂိုလ်လေးကို ... ဦးမြတ်အိန္ဒြေထွန်း ... ကြည့်မိသည်။

'ဘာလဲကွ ... ဟော့ကောင် ... မင်းခေါ်လိုက်တာ ... ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဆန်း (မြဲ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ်(၂)၊
ချုန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးကျင်ရင် (ရွှေခြင်္သေ့ပုံနှိပ်တိုက်)
အမှတ်-၂၂၅၊ ၃၂လမ်း၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။

ပုံနှိပ်ခြင်း - ၂၀၁၄ ခုနှစ်၊ ဇွန်လ။

အုပ်ရေ - ၅၀၀ အုပ်

တန်ဖိုး - ၁၀၀ ကျပ်

ဖြန့်ချီရေး - ဖိုးလပြည့်စာပေ
အမှတ်-၂၂၃၊ ၃လွှာ၊ ၃၁-လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၁၆၃၇၆၄၊ ၀၉-၅၀၈၉၈၉၄

၈၉၅.၈၃
လွှန်းတမီ
ငါမင်းကိုချစ်လို့/လွှန်းတမီ၊ ရန်ကုန်။
ရဲအောင်စာပေ၊ ၂၀၁၄။
(၃၂၀)စာ၊ ၁၂ စင်တီမီတာ × ၁၇.၇ စင်တီမီတာ
(၁) ငါမင်းကိုချစ်လို့

အခန်း ( ၁ )

"ဦးရေ ... ဦး ... "

"ဟိုရှေ့က ... ဦး ... "

"ခဏလေးနေပါဦးဗျ ... "

"ဟင် ... "

ဦးမြတ်အိမ့်ဌေးထွန်းတစ်ယောက် ... ခေါ်သံကြောင့် နောက်ကိုပြန်လှည့်ကြည့်လိုက်ရင်း ... လှမ်းလက်စ ခြေလှမ်းတွေကိုပါ ဟုန့်ကနဲရပ်ပစ်လိုက်ရသည်။

ကြည့်လိုက်တော့လည်း ...

မိမိနောက်ကိုပြေးလိုက်လာတာ ... သက်လတ်ပိုင်းအရွယ် အသားဖြူဖြူလူတစ်ယောက် ... ဒီနေရာဒီပတ်ဝန်းကျင်မှာ ... ဒီလို မျက်နှာမျိုးလေးကို မမြင်ဖူးတာနဲ့ ... မျက်တောင်တွေကော့ပျံတက် များအောင်ပဲ ... ထိုပုဂ္ဂိုလ်လေးကို ... ဦးမြတ်အိမ့်ဌေးထွန်း ... ကြည့်မိသည်။

'ဘာလဲကွ ... ဟောကောင် ... မင်းခေါ်လိုက်တာ ... ငါ့



www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဆန်း (မြဲ-၀၉၃၂)
ရဲအောင်စာပေ၊ အမှတ်(၂)၊
ချွန်း(၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။

အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးကျင်ရင် (ရွှေခြသေ့်ပုံနှိပ်တိုက်)
အမှတ်-၂၂၅၊ ၃၂လမ်း၊ ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။

ပုံနှိပ်ခြင်း - ၂၀၁၄ ခုနှစ်၊ ဇွန်လ။

အုပ်ရေ - ၅၀၀ အုပ်

တန်ဖိုး - ၁၀၀ ကျပ်

ဖြန့်ချိရေး - ဖိုးလပြည့်စာပေ
အမှတ်-၂၂၃၊ ၃လွှာ၊ ၃၁-လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၅၁၆၃၇၆၄၊ ၀၉-၅၀၈၉၈၉၄

၈၉၅·၈၃

လွန်းတာမီ

ငါမင်းကိုချစ်လို့/လွန်းတာမီ၊ ရန်ကုန်။

ရဲအောင်စာပေ၊ ၂၀၁၄။

(၃၂၀)စာ၊ ၁၂ စင်တီမီတာ × ၁၇·၇ စင်တီမီတာ

(၁) ငါမင်းကိုချစ်လို့


အခန်း ( ၁ )

"ဦးရေ … ဦး … "

"ဟိုရှေ့က … ဦး … "

"ခဏလေးနေပါဦးဗျ … "

"ဟင် … "

ဦးမြတ်အိန္ဒြေထွန်းတစ်ယောက် … ခေါ်သံကြောင့် နောက်ကိုပြန်လှည့်ကြည့်လိုက်ရင်း … လှမ်းလက်စ ခြေလှမ်းတွေကိုပါ တုန့်ကနဲရပ်ပစ်လိုက်ရသည်။

ကြည့်လိုက်တော့လည်း …

မိမိနောက်ကိုပြေးလိုက်လာတာ … သက်လတ်ပိုင်းအရွယ် အသားဖြူဖြူလူတစ်ယောက် … ဒီနေရာဒီပတ်ဝန်းကျင်မှာ … ဒီလို မျက်နှာမျိုးလေးကို မမြင်ဖူးတာနဲ့ … မျက်တောင်တွေကော့ပျံတက်သွားအောင်ပဲ … ထိုပုဂ္ဂိုလ်လေးကို … ဦးမြတ်အိန္ဒြေထွန်း … ကြည့်မိသည်။

"ဘာလဲကွ … ဟေ့ကောင် … မင်းခေါ်လိုက်တာ … ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com

လား"

"ဟာ ... ဟုတ်တယ်လေ ... ဦးရ ... ကျွန်တော် ... ကျွန်တော် ... ဦးကို ... မေးစရာရှိလို့ ခေါ်လိုက်တာ"

"မေးစရာ ... ဟုတ်လား"

ဘာလဲ ... ဒီကောင်လေး ...

လူကိုများ ... မေးစရာရှိလို့ ခေါ်လိုက်တာတဲ့ ...

ဘာမေးစရာလဲ ... ဒီမှာတောင် ... အလုပ်ဝင်တာ ... နောက်ကျနေလို့ ... မနည်းသုတ်ခြေတင်လာရတာ ...

စပ်စပ်စုစုအားအားလျားလျား ... ဒီလမ်းမ ပလက်ဖောင်း ပေါ်မှာ ... အမေးအဖြေလုပ်နေစရာလား ... ဦးမြတ်အိန္ဒြေထွန်း စိတ်နည်းနည်းတိုသွားပေမယ့် ... ကောင်လေးမျက်နှာလေးက ရှင်းရှင်းသန့်သန့်လေးမို့ ... စိတ်ကို တမင်လျှော့ချပစ်ကာ ...

"ကဲ ... မင်း ဘာမေးမှာလဲ ... မေးစမ်း"

မျက်တောင်မခတ်ဘဲ ... စိုက်ကြည့်နေလိုက်မိ၏။

"ဟို ... ဟိုလေ ... ဦး ... ကျွန်တော် ... ကျွန်တော် ဒီနားကနေ ... ဖိုင်တွဲကြီးတွေကိုင်ကိုင်ပြီး ... ဦး မနက်တိုင်းဖြတ် လျှောက်သွားတာတွေ့လို့ ... ဦးကို ... စိတ်ဝင်စားနေတာ ... ပြီးတော့လည်း ... အပြာရောင်သွပ်ပြားကြီးတွေကာထားတဲ့ ... ခြံဝင်းကြီးထဲကို ... ဦး အမြဲဝင်သွားလို့ ... အဲဒါ ... အဲဒါ ... ဒီနားက လူတွေကို ... ကျွန်တော်မေးကြည့်တာ ... မဟာစကြာဝဠာကုမ္ပဏီ ကြီးကနေ ... ဒီခြံဝင်းအကျယ်ကြီးထဲမှာ ... Super Market ကြီး တစ်ခုကို ... ခြောက်လနဲ့ အပြီးဆောက်နေတာဆို ... "

"ဟာ ... အဲဒါ ... ဟုတ်တယ်လေ ... ဘာဖြစ်လို့လဲ"





"ဦးက ... မန်နေဂျာလား ... "

"ဟေ ... "

ဦးမြတ်အိန္ဒြေထွန်းတစ်ယောက် ... ကောင်လေးမေးတာကို ဘယ်လိုပြန်ဖြေရမှန်း မသိအောင်ဖြစ်သွားသည်။ သေချာတာက ဦးမြတ်အိန္ဒြေထွန်းသည် ... ဒီ ... Contrustion လုပ်ငန်းခွင်ကြီးထဲ မှာ ... အလုပ်သမားကြီးကြပ်ရေးမှူး တာဝန်ခံကြီးတစ်ယောက် ဒီ့ထက် ရှင်းအောင်ပြောရရင် ... အလုပ်သမားခေါင်း ...

"နေ ... နေပါဦး ... မင်းက ... ဘာကိုသိချင်လို့ ငါ့ကိုလာ မေးနေတာလဲ ... "

"ဦးက ... မန်နေဂျာဆိုရင် ... ဦးအလုပ်ထဲမှာ ... ကျွန်တော့် ကို ခိုင်းချင်တာခိုင်းပါ ... အလုပ်ကြမ်းပဲဖြစ်ဖြစ် ... အလုပ်ချောပဲ ဖြစ်ဖြစ် ... ဦးဘာခိုင်းခိုင်း ... ကျွန်တော်လုပ်ပေးနိုင်တယ် ... အဲဒါ ... အဲဒါ ... ကျွန်တော့်မှာ ... နေစရာရော စားစရာပါမရှိလို့ လမ်းပေါ်မှာလျှောက်သွားပြီး ... လမ်းပေါ်မှာပဲ ... လျှောက်အိပ် နေရတာ"

"ဟာ ... ဟေ့ကောင် ... ကြည့်စမ်း ... မင်းပုံစံလေးနဲ့"

ကောင်လေးက ... ဒီလိုပြောလိုက်တော့ ဦးမြတ်အိန္ဒြေထွန်း မယုံနိုင်သလိုဖြစ်သွားပြီး ... မျက်တောင်ပင့်ကြည့်ကာ ... အသက် ရှူပါမှားသွားသည်။ ဒီလို ... သန့်ပြန့်တည်တင်းလို့နေတဲ့ ... မျက်နှာထားပိုင်ရှင် ကောင်လေးတစ်ယောက်က ... နေစရာ စားစရာမရှိလို့ ... လမ်းပေါ်မှာ လျှောက်သွားနေရသတဲ့လား

"မင်း ... မင်း ... ငါ့ကို လာမနောက်နဲ့နော်"


www.burmeseclassic.com

www.burmeseclassic.com



ဦးမြတ်အိန္ဒြေထွန်း … မျက်နှာထားတည်တည် အသံမာမာနဲ့ပဲ … ရွှေကိုင်းပါဝါမျက်မှန်ကို … ပြန်ပင့်တင်ကာ … ကောင်လေးကို ပြောမိသည်။ ဒီမှာ အလုပ်လည်းရှုပ် … စိတ်လည်းရှုပ်နေပါတယ်ဆိုမှ … ဒီကောင်လေးက … နောက်ကပြေးလိုက်လာပြီး … ဦးနှောက်လာစားနေတာ …

"ကျွန်တော် … ကျွန်တော် … ဦးကို … နှောက်နေတာမဟုတ်ပါဘူး ဦးရ … ကျွန်တော် လမ်းပေါ်မှာ တကယ်ဒုက္ခရောက်နေလို့ … ဦးကို … အားကိုးတကြီးနဲ့ အလုပ်လာတောင်းတာ … ကူညီပါနော်ဦး"

"ဒီမှာ … ဟောကောင် … "

"ဗျာ … ဦး … "

"ငါတို့ တစ်နေ့တစ်နေ့လုပ်ရတဲ့အလုပ်တွေကို … မင်းက ဘာအလုပ်တွေလို့ ထင်နေလို့လဲ … လူအင်အား … စက်ယန္တရားကြီးတွေအားနဲ့ … နဖူးကချွေး မြေကျအောင်လုပ်နေရတဲ့ အလုပ်တွေကွ … နားလည်လား … ကြဲကြဲတောက်ပူနေတဲ့ နေရောင်အောက်မှာ … တစ်နေကုန် အသားတွေပြာနှမ်းနေအောင် အလုပ်လုပ်ရတာ … မင်းပုံစံလေးနဲ့ လာလုပ်လို့ကတော့ … တစ်ရက်ထဲနဲ့ မင်းနားကားသွားမယ် … ဟောကောင် … အဲဒါ မင်းနားလည်လား ဒိုး … ဒိုး … တခြားနေရာကိုပဲ … မင်း ဒိုး … "

ပြောပြီးတာနဲ့ … စိတ်မရှည်နိုင်တော့သလို … နဂိုဦးတည်ရာဘက်ကိုပဲ ဦးမြတ်အိန္ဒြေထွန်း မျက်နှာလှည့်ပစ်သည်။

"ဟာ … ဦး … ကျွန်တော့်ကို … ရက်ရက်စက်စက် မထား





ခဲ့ပါနဲ့ဗျာ … "

ကြည့်စမ်း … ဒီကောင် …

ဆက်မပြောချင်တော့လို့ … လှည့်ထွက်ခဲ့တာလည်းမရ။

နောက်ကနေ … ပြေးလိုက်လာပြီး … ရှေကနေတောင် ဝိတ်ကာ ရပ်ပစ်တာ … ပြီးတော့လည်း … မိုးထိုးနေတဲ့အရပ်မြင့်မြင့်ကြီးနဲ့ … လက်နှစ်ဖက်ကို တောင်ပံဖြန့်သလိုဆန့်တန်းလျှက်။

"ကူညီပါ ဦးရာ … ကျွန်တော့်ကို သနားပါဗျာ"

"မင်း … မင်း … "

ဒီကောင် … ဘယ်လိုကောင်လဲဟင် …

အခုမှ … သေသေချာချာ ထပ်ပြီးမြင်လိုက်တာက … ဒီကောင့်ပုခုံးပေါ်ကိုတောင်ကျော်ပြီး … ကျချင်နေတဲ့ဆံပင်တွေ

ဒါကို … ရော်ဘာကွင်းကလေးနဲ့ … ခေါင်းနောက်မှာ … တစ်ချက်ထဲ စုသိမ်းပြီးတော့ … ချည်ထားတာ …

ဘာလဲဟင် … ဒီကောင်ဂျစ်ပစီလား …

လမ်းပေါ်မှာလျှောက်သွားနေတဲ့ … ကလေကချေလူမိုက်လား …

မျက်နှာလေးကနုပေမယ့် … အသက်ကတော့ … နှစ်ဆယ့်ငါးကျော်ကျော်လောက်တော့ ရှိမည်။ သေချာနေတာက … တည်တင်းရွှမ်းလက်နေတဲ့ ဒီကောင်လေးရဲ့မျက်ဝန်းတွေ … တုံးဆိုတိုက်ကျားဆိုကိုက်တော့မယ့် … အသွင်သဏ္ဍာန်လှုပ်ရှားမှုတွေ …

ဒါကိုတော့ … နောက်တစ်ကြိမ်ထပ်အကြည့်မှာ … ဦးမြတ်အိန္ဒြေထွန်း … အကဲခတ်မိသွားသည်။

"ကျွန်တော် … ကျွန်တော် … ဦးကိုမလိမ်ရဲပါဘူး …



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် တကယ်ဒုက္ခရောက်နေလို့ ... ဦးဆီကအကူအညီကို ကျွန်တော်တောင်းနေတာပါ ... ဦးခိုင်းရင် ... ဘိလပ်မြေအိတ်လည်း ကျွန်တော်ထမ်းမယ် ... ကျောက်စရစ်ပုံးလည်း ကျွန်တော်မမယ် ... ဦးပေးချင်သလောက်ပဲပေး ... အိပ်စရာနဲ့စားစရာရရင်တော်ပြီဗျာ ... နော်ဦး"

ပြဿနာပဲ ...

နောက်မှ ... တစ်ခုစဉ်းစားမိသွား၏။

ကျော်ထက်တို့ပန်းရံအဖွဲ့မှာ ... အကြမ်းသမားတစ်ယောက်လိုနေတာ ... အားလုံး တစ်ဖွဲ့ကိုငါးယောက်ဝင်နေပေမယ့် ... ကျော်ထက်တို့အဖွဲ့က ... လေးယောက်ပဲဖြစ်နေတာလေ ... ဒီကောင့်ကိုခေါ်သွားရင် ... အဆင်ပြေမလားဘဲ ... ဒီ ... ဒီကောင်ကလည်း ထမ်းနိုင်ပိုးနိုင်တယ်ဆိုတော့ ...

"ဟေ့ကောင် ... မင်း ... တကယ်လုပ်မှာနော် ... "

"ဟာ ... ဦးခိုင်းရင် ကျွန်တော်လုပ်မယ်လို့ ပြောပြီးပြီလေ"

"ငါ ... မင်းမျက်နှာလေးကို ... သေသေချာချာကြည့်ပြီးတော့မှ ... ဆုံးဖြတ်လိုက်တာ ... အလုပ်ထဲမှာ ... ပြဿနာရှာဖို့တော့ ... မင်း မစဉ်းစားနဲ့ ... "

"မရှာပါဘူးဦးရာ ... ကဲ ... ပေး ... ပေး ... ဦးလက်ထဲကစာရွက်ဖိုင်တွဲတွေ ကျွန်တော့်ကိုပေး ... ဒါတွေကိုကိုင်ပြီး ဦးနောက်ကို ... ကျွန်တော်လိုက်မယ်"

"ဟာ ... ဟေ့ကောင် ... မင်း ဘောင်းဘီနောက်အိတ်ထဲက ဘာလဲကွ ... ကြည့်စမ်း"

"ဟွန်း ... ပန်းလေးတစ်ပွင့်ပါဗျ"





"ပန်း ... ဟုတ်လား ... ဟား ... ဟား ... ထမင်းငတ်ပြီးလမ်းပေါ်လျှောက်သွားနေတာတောင် ... ကဗျာဆန်ဆန်လေးနဲ့ မင်းက ... စိတ်ကူးယဉ်ချင်နေသေးတယ် ... ငါတို့အလုပ်က ... လက်တွေ့ဆန်တဲ့အလုပ်ကွ ... နားလည်လား ... ဒီလို ... ပန်းလေးတစ်ပွင့်ကို ... ဘောင်းဘီနောက်အိတ်ထဲ ... ထိုးထည့်ထားတဲ့ကောင်းကို ... ခေါ်လာတယ်ဆိုပြီး ... အလုပ်သမားတွေက ... ဝိုင်းဟားရင် ... မင်း အရှက်ကွဲမှာ ... သေချာတယ် ... ဟေ့ကောင် အဲဒီပန်းကို ... လမ်းပေါ်မှာပဲ လွှင့်ပစ်ထားခဲ့"

"မလုပ်ပါနဲ့ဦးရာ ... "

"ဘာ ... ဘာပြောတယ် ... "

ဦးမြတ်အိန္ဒြေထွန်း ... ဒီကောင့်ကိုကြည့်ကာ မျက်တောင်တွေပင့်ကပ်လျှက် ... ဟွန့်ကနဲနှုတ်ခမ်းလေးမဲ့ကာ ... ပြုံးသွားတာလေးကလည်း ပဟေဠိဆန်နေသလို ...

ကြည့်ပါဦး ...

ဒီကောင့်ဘောင်းဘီ နောက်အိတ်လေးထဲမှာ ... ရိုးတံရှည်ရှည်လေးနဲ့ အဝါရောင်ပန်းလေးတစ်ပွင့် ...

ဒါကိုတောင် ... ဒီကောင်က ... ထုတ်ယူကာ ... နှုတ်ခမ်းလေးမှာ ... ကပ်ပြီး ... တမြတ်တနိုးနမ်းပြလိုက်သေး၏။

"ဒီ ... ဒီပန်းလေးက ... ကျွန်တော့်ဘဝရဲ့ အဆုံးမဲ့မျှော်လင့်ချက် ပန်းကလေးပါ ... ဒီပန်းလေးကြောင့် ... ကျွန်တော့်ဘဝ ရှင်သန်နေရတယ်ဆိုရင် ဦးယုံမလား ... "

"ဟေ ... "



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း … လမ်းပေါ်မှာလျှောက်သွားနေတဲ့ ဂျစ်ပစီကောင်ပြောနေတာက … ထူးထူးဆန်းဆန်း … ဒီပန်းလေးကြောင့် ကျွန်တော်ဘဝရှင်သန်နေရတယ်ဆိုရင် … ဦးယုံမလားတဲ့ …

အရစ်ရှည်နေမှာစိုးလို့ … ဘာမှ ဆက်မပြောတော့ဘဲ … ကုမ္ပဏီအုပ်ချုပ်ရေးရုံး အဆောက်အဦးဘက်ကို … ခပ်သွက်သွက်လျှောက်လာပြီးတော့မှ … လမ်းတစ်ဝက်ရောက်မှ … သတိရကာ။

"ဟာ … ဟေ့ကောင် … အခုမှသတိရတယ် … မင်း … မင်းနာမည် ငါ့ကိုပြောစမ်း … "

"ဟွန်း … "

နှုတ်ခမ်းလေးမဲ့ကာ … မေးတော့မှ ကောင်လေးကဖြေသည်။

"ကျွန်တော့်နာမည် … တိုက်စစ်မှူး … "

"ဘာ … ဘာပြောတယ် … "

ဦးမြတ်အိန္ဒြေထွန်း မျက်တောင်တွေပင့်တက်သွားတာ အောက်ကိုတောင် တော်တော်နဲ့ပြန်မကျ။

အခန်း ( ၂ )

"ခင်ဗျား မမိုက်ဘူးနော် … ဦးမြတ်အိန္ဒြေထွန်း … ဒီ Contruction Plan မှာ ခင်ဗျားကို … အလုပ်သမားကြီးကြပ်ရေးမှူးအဖြစ်နဲ့ ကျွန်တော်တို့ကုမ္ပဏီက တာဝန်ပေးထားတာ … ဟိုတစ်နေ့ကလည်း … အလုပ်သမားတစ်ယောက် ငြမ်းစင်ပေါ်ကပြုတ်ကျပြီး ခေါင်းကွဲတယ် … ဟိုတစ်နေ့ကလည်း လုပ်ငန်းခွင်ထဲမှာ … အလုပ်သမားတွေ … အရက်မူးပြီးရန်ဖြစ်တယ် … စက္ကဲယားပိုက်ပေတစ်ရာကျော်လည်း ပျောက်တယ် … ကဲ … ခင်ဗျားဘယ်လိုလုပ်မလဲ … ကျွန်တော်တို့အုပ်ချုပ်ရေးပိုင်းက … ဒီလောက်ကြပ်မတ်ကွပ်ကဲနေတာတောင် … ခင်ဗျားတို့အပိုင်းက တာဝန်မဲ့ပြီး ဗရမ်းဗတာဖြစ်နေတာ"

"ကျွန်တော် … ကျွန်တော် သိပါတယ် … ဦးမောင်မောင်စိုးရာ … လွန်ခဲ့တဲ့သုံးရက်စလုံး … ဆိုက်ထဲကိုမဝင်နိုင်ဘဲ … သီလဝါမှာပဲ … အချိန်ပေးလိုက်ရလို့ … တချို့ကိစ္စလေးတွေ ဖြစ်သွားတာပါ"

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ကုမ္ပဏီမှာ ... ခင်ဗျား ဒါမျိုးတွေဆင်ခြေမပေးနဲ့လေ ... ခင်ဗျားလက်အောက်မှာ အကူလက်ထောက်တစ်ယောက်ကို ... တွဲထားပါဆိုတာလည်း ... ပြဿနာဖြစ်တိုင်းမှာ ... ခင်ဗျားကို အကြိမ်ကြိမ်သတိပေးနေတာ ... ဒါလည်း ... ခင်ဗျားဖြစ်အောင် မလုပ်နိုင်ဘူး ... အခုလည်း ... မန်နေးဂျင်းဦးထက်ဖျားယံ ရုံးထိုင်မယ့်အခန်းကို ... ရှင်းထားပေးပါ ... သန့်ပြန့်မွှေးကြိုင်နေအောင် လုပ်ထားပေးပါပြောတာလည်း ... ခင်ဗျား အင်းမလုပ်အဲမလုပ်လုပ်နေတယ် ... အခု ... ညနေဆိုရင်ပဲ ... ဦးထက်ဖျားယံက ... Ground Level ကို ... ဆင်းစစ်တော့မှာ ... အခုချက်ချင်း ... ခင်ဗျားလက်အောက်က ... အလုပ်သမားတစ်ယောက်ကိုလွှတ်လိုက် ... အဲဒီမှာ ... ချစ်ခြင်းဖြူရှိတယ် ... ဘာလုပ်ရမယ်ဆိုတာ ... လိုတာတွေ သူညွှန်ကြားလိမ့်မယ်"

ဦးထက်ဖျားယံနာမည်ကို ... ကြားတော့မှ ... ဦးမြတ်အိန္ဒြေထွန်း လှုပ်လှုပ်ရှားရှားပိုဖြစ်သွားသည်။ အတွေ့ရယ် ... မာနရယ် ... ထင်ပေါ်ကျော်ဇော်မှုတွေရယ်ပေါင်းကာ ... ဦးထက်ဖျားယံက ... အောက်ခြေလွှတ်ဘဝင်မြင့်နေသူ ...

ချစ်ခြင်းဖြူဆိုတာက ... ဦးထက်ဖျားယံရဲ့ ... တစ်ဦးတည်းသော အချစ်ဆုံးညီမလေး ... သူကတော့ ... နာမည်လေးနဲ့လိုက်အောင် ... တကယ့်ကို ... စိတ်ထားဖြူဖြူလေးနဲ့ ... အောက်ခြေအလုပ်သမားတွေရဲ့ အခက်အခဲတိုင်းကို ... ကူညီဖြေရှင်းပေးတတ်သူဖြစ်သည်။

သို့သော် ... မိန်းကလေးတစ်ယောက်မှာ ... ရှိနေရမယ့်မာနနဲ့ဂုဏ်သိက္ခာကိုတော့ ... ထိပါးစော်ကားဖို့မစဉ်းစားနဲ့ ... 





မလိုအပ်ရင် ... ချိုချိုသာသာလေးပြောတတ်သလောက် ... လိုအပ်ရင် ... ခပ်ပြတ်ပြတ်ခပ်မာမာကလေးနဲ့ မျက်နှာထားလေး တည်ကင်းကာ ပြောတတ်သူလေးဖြစ်သည်။

"ဟာ ... ဦးမြတ်အိန္ဒြေထွန်း ... ခင်ဗျား ဘာတွေစဉ်းစားနေတာလဲ ... ကျွန်တော်ပြောတာ ... ခင်ဗျားကြားတယ်နော်"

"ကြား ... ကြားပါတယ် ဦးမောင်မောင်စိုး ... ကျွန်တော်အခုပဲ ... ကျွန်တော့်ဆီက ... အလုပ်သမားတစ်ယောက်ကို လွှတ်လိုက်ပါ့မယ်"

ဦးမြတ်အိန္ဒြေထွန်း ... အခန်းထဲက လှည့်ထွက်လာပြီး ... အခန်းအပြင်ဘက် အဝင်အထွက်အပေါက်နားမှာ ... ရပ်စောင့်နေသည့် ... တိုက်စစ်မှူးဆိုတဲ့ ဟိုကောင်လေးဆီကိုပဲ ... တန်းတန်းမက်မတ်လျှောက်လာခဲ့မိ၏။

မတတ်နိုင်ဘူး ...

လောလောဆယ် အရေးကြီးနေချိန်မှာ ... ဒီကောင့်ကိုပဲ စမ်းသပ်တဲ့အနေနဲ့ တာဝန်ပေးလိုက်ရတော့မှာပဲ ...

"ဟေ့ကောင် တိုက်စစ်မှူး ... "

"ဗျာ ... ဦး ... "

"လာ ... ဟေ့ကောင် ... မင်းကို ငါပြမယ်"

ပြောရင်း ... ဒီကောင့်ကို ... အခန်းဒေါင့် ဝရန်တာလေးဆီ ခေါ်လာခဲ့၏။

"ဟိုမှာ ... မင်းတွေ့လား ... အပြာရောင်သွပ်မိုးလေးနဲ့ ထပ်ရုံးခန်းလေး ... "



www.burmeseclassic.com

www.burmeseclassic.com

"ဟာ ... တွေ့တယ်လေ ဦး ... ဘာဖြစ်လို့လဲ"

"အဲဒီတစ်တိုက်လုံးကို ... မင်း ... အခုချက်ချင်း သွားပြီး သန့်ရှင်းရေးလုပ်ရမယ် ... လိုတဲ့ပစ္စည်းတွေ အဲဒီမှာအကုန်ရှိတယ်၊ အေး ... ပြဿနာရှာပြီး ... ပြန်လာတဲ့အဖြစ်မျိုးတော့ ... မရောက်စေနဲ့ ... အဲဒီမှာ ... ချစ်ခြင်းဖြူဆိုတဲ့ ... မာနမီးခဲမလေးတစ်ယောက်ရှိတယ် ... သူခိုင်းတာလုပ် ... သူကျွေးရင်စား ... ဒါ မင်းကို ... စမ်းသပ်တဲ့အနေနဲ့ ... အလုပ်ခန့်လိုက်တာ ... အဆင်ပြေရင် ... အဲဒီမှာ ... မင်းအလုပ်ရမယ် ... ဒါပဲ ... အပိုတွေမပြောနဲ့ အပိုတွေမမေးနဲ့ ... ကဲ ... မင်း ဒိုးတော့ ... ဟာ ... ဟေ့ကောင် မင်းဘောင်းဘီအိတ်ထဲက ပန်းကို လွှင့်ပစ်ထားခဲ့စမ်း"

"ရှူး ... တိုးတိုး ... "

"ဟာ ... ဟေ့ကောင် ... မင်း ... "

ကြည့်စမ်း ... ဒီကောင် ဘယ်လိုကောင်လဲ ...

နှုတ်ခမ်းမှာ လက်ညှိုးလေးတစ်ချောင်းထောင်ကပ်လျက် ကိုယ့်ကိုတောင် ... ရှူးတိုးတိုးလုပ်သွားသေး၏။ သွက်တာကတော့ တကယ်သွက်မယ့်ကောင် ... မတတ်နိုင်ဘူး။ ဒီကောင် ... နာမည်မပျက်အောင် လုပ်ခဲ့ပါစေလို့ပဲ ဆုတောင်းရတော့မှာပဲ ...

ဦးမြတ်အိန္ဒြေထွန်း ... ဒီကောင်ထွက်သွားတာကို ... မျက်စိတဆုံးကြည့်ရင်း ... ပြန်လှည့်ကြည့်လိုက်တော့မှ ... သူ့ဆီကို ... ခပ်ပျာပျာလေးပြေးထွက်လာတာ ... ဦးမောင်မောင်စိုးပဲ ဖြစ်နေသည်။

"ခင်ဗျား ... ခင်ဗျား လုပ်ချလိုက်ပြန်ပြီ ဦးမြတ်အိန္ဒြေထွန်း"

"ဗျာ ... ဦးမောင်မောင်စိုး ... ဘာဖြစ်လို့လဲ"





"ခင်ဗျားခေါ်လာတဲ့ကောင် ... ခင်ဗျားလွှတ်လိုက်တဲ့ကောင် ... "

အရှင်းမရှိ ... အဖျားမရှိ ...

ဦးမောင်မောင်စိုး ... ဘာတွေဒေါပွလို့ ဒေါပွမှန်းလည်းမသိ။

"ဒီကောင်ပြဿနာရှာမယ့်ကောင်ဗျ ... နားလည်လား"

"ဗျာ ... ဒီကောင့် ... ဒီကောင့်အကြောင်းကို ခင်ဗျားသိလို့လား"

ဦးမြတ်အိန္ဒြေထွန်း ... မျက်နှာငယ်ငယ်လေးနဲ့ပဲ မေးမိသည်။

"ခင်ဗျား တကယ်မလွယ်တဲ့လူပဲ၊ ဦးမြတ်အိန္ဒြေထွန်းရာ ... ဒီကောင့်ကို ရုံးခန်းအပေါက်ဝမှာ ရပ်နေကတည်းက မြင်ဖူးပါတယ်ဆိုပြီး ကျွန်တော်ကြည့်နေတာ ခင်ဗျားဆိုက်ထဲကို မလာတဲ့သုံးရက်မှာ ဒီကောင် ဆိုက်ရှေ့တံခါးဝမှာလာပြီး ပြဿနာရှာသွားတဲ့ကောင် ဆိုက်ထဲကိုဝင်ချင်တာ ဂိတ်ကဝင်ခွင့်မပေးလို့တဲ့ ... အဲဒါ တံခါးရှေ့မှာ ရုတ်ရုတ်သဲသဲဖြစ်နေလို့ ကျွန်တော်ဆင်းမေးတော့ သူ့ကို အငှားပေးပါတဲ့ ... ပြောတာလည်း မာရေကြောရေနဲ့၊ အဲဒါနဲ့ ကျွန်တော် မသက်သာလို့ မောင်းထုတ်တော့ ကျွန်တော်ကားဘီးကို ခြေထောက်နဲ့ပိတ်ကန်ပြီးတော့ လှည့်ထွက်သွားတယ်လေ ... တော်တော်ရိုင်းတဲ့အရိုင်းအစိုင်းကောင် ... "

"ဗျာ ... အဲဒါ ကျွန်တော် မသိဘူး ... "

ဖြူဖျော့ဖျော့မျက်နှာလေးနဲ့ပဲ ဦးမောင်မောင်စိုးကိုကြည့်ရင်း ဦးမြတ်အိန္ဒြေထွန်း တစ်ယောက် ခေါင်းလေးယမ်းခါနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ … မနေ့က မနက်တုန်းကလည်းတစ်ခါ၊ ဆိုက်ရှေ့ ပလက်ဖောင်းလမ်းမဘေးမှာ သုံးယောက်နဲ့တစ်ယောက် လက်သီးချင်းထိုးပြီး ဖိုက်တင်ပလေးနေတာ မေးကြည့်တော့ သူ့ဘောင်းဘီအိတ်ထဲမှာ ထိုးထည့်ထားတဲ့ပန်းကို သူ့လိုပဲ လမ်းပေါ်မှာသွားနေတဲ့ ငမူးသုံးယောက်က လုမ်းဆွဲပြီးတော့ ပလက်ဖောင်းပေါ်မှာ ချနင်းပစ်လို့တဲ့"

"ဘုရား … ဘုရား …"

"အဲဒါ … ကျွန်တော်ပြောတာ၊ ဒီကောင် rolling stone ဒီကောင် ဂျစ်ပစီ … ဟိုငမူးသုံးကောင်ကို တစ်ယောက်ပြီးတစ်ယောက် လေထဲမှာ ခုန်ကန်ပြီး ဒီကောင်ဖိုက်သွားတာ၊ ကျွန်တော်တောင် ဟာခနဲ ဟာခနဲဖြစ်ပြီး တစ်ကိုယ်လုံးအေးစက်နေတာ၊ ခင်ဗျားကောင် မလွယ်ဘူး … အခုလည်း ချစ်ခြင်းဖြူရှိတဲ့နေရာကိုမှ ခင်ဗျားရွေးပြီးတော့လွှတ်လိုက်တာလေ၊ ပြဿနာဖြစ်လာရင် ခင်ဗျား ဘယ်လိုဖြေရှင်းမလဲဆိုတာ စဉ်းစားထား … ဒီတစ်ခါ ခင်ဗျား အလုပ်မပြုတ်အောင် ကျွန်တော်ကယ်နိုင်မှာလည်း မဟုတ်တော့ဘူး … ခင်ဗျားထိုက်နဲ့ခင်ဗျားကံ၊ ဟွန်း … ဦးထက်ဖျားယံ ဘာကောင်လဲဆိုတာ ခင်ဗျားသိနေရဲ့သားနဲ့များဗျာ … ခင်ဗျားမို့လို့ ဒီကောင့်ကို …"

"ဒါ … ဒါ … ဒီကောင့်ကို ကျွန်တော် အခုပြန်ခေါ်ပြီး ဆိုက်ထဲကနေ မောင်းထုတ်ပစ်လိုက်မယ်လေ ဦးမောင်မောင်စိုး … မကောင်းဘူးလား …"

"အခုမှတော့ ရတော့မလားဗျ … ချစ်ခြင်းဖြူရှေ့ကို ရောက်သွားတဲ့အလုပ်သမားတစ်ယောက်ကို ခင်ဗျား ဘာအမှုနဲ့မောင်း





ထုတ်မှာလဲ … ချစ်ခြင်းဖြူဆိုတာ အောင်မြင်ချမ်းသာတဲ့အရှိန်နဲ့ လေသံလေးမာပေမယ့် စိတ်ရင်းက ဖြူတာလေ …"

"ခင်ဗျား … ခင်ဗျားပြောတာ၊ ကျွန်တော်စိတ်ဓာတ်အရမ်းကျသွားပြီ ဦးမောင်မောင်စိုးရာ … ကျွန်တော် … ကျွန်တော်က ဒီကောင့်ပုံစံလေးက ဖြူဖြူသန့်သန့်လေးနဲ့ တည်တည်တင်းတင်းပုံစံလေးမို့ ပန်းရုံဆိုက်မှာ အကြမ်းသုံးမယ်ဆိုပြီး ဒီကောင့်ကို ခေါ်လာခဲ့တာ … အဲဒါ ဒီရောက်မှ ဦးထက်ဖျားယံ ရုံးခန်းကို ရှင်းရမယ့်ကိစ္စမှာ အလုပ်သမားတစ်ယောက်လိုနေတယ်ဆိုလို့ …"

ပြောရင်း … ဦးမြတ်အိန္ဒြေထွန်း စိတ်ဓာတ်လည်းကျသွားသည်။

ဟိုကောင့်ကို စိတ်မချသလိုလည်း ဖြစ်သွားသည်။

"ဟွန်း … ခင်ဗျားဘာပြောပြော ကျွန်တော်ကတော့ ဒီကောင့်ကို လုံးဝမသက်ာဘူး ဦးမြတ်အိန္ဒြေထွန်း … ပြောရရင် ဒီကောင် ဒီနားတစ်ဝိုက်မှာပဲ လှုပ်ရှားသွားလာနေတယ်ဆိုတာ အရမ်းသိသာတယ် … ကြည့်လိုက်တိုင်းလည်း ဒီကောင်ဘောင်းဘီနောက်အိတ်ထဲမှာ အဝါရောင်ပန်းလေးတစ်ပွင့်နဲ့ ဒီဆိုက်ထဲမှာ အလုပ်ဝင်ဖို့ပဲ ဒီကောင်ကြိုးစားနေတာ … ကျွန်တော်သတိထားမိတယ်၊ ဒီကောင့်ရုပ်ကို ခင်ဗျားသေသေချာချာကြည့်၊ လမ်းပေါ်မှာ ကျင်လည်သွားလာနေတယ်ဆိုတာ လုံးဝမဖြစ်နိုင်ဘူး"

ဦးမောင်မောင်စိုးက မကျေမနပ်လေးပြောပြီး ဒီလိုပဲပြတ်ပြတ်သားသား မှတ်ချက်ပေးသည်။ ဒါကိုလည်း ဦးမြတ်အိန္ဒြေထွန်း မငြင်းနိုင်ပါ။

သို့သော် … တစ်ခုပဲ ခက်နေတာက …



www.burmeseclassic.com

www.burmeseclassic.com

ဒီကောင် တကယ်ဒုက္ခရောက်နေလို့ ဒီဆိုက်ကြီးထဲမှာ အလုပ်ဝင်ချင်နေတာရော မဖြစ်နိုင်ဘူးလား။ ရုပ်ရည်သန့်တာမှန်ပေမယ့် ဗိုက်ထဲမှာ အစာရှိတာ မရှိတာ ဘယ်သူကသိနိုင်မှာလဲ။ ပြီးတော့ ဒီကောင်သွားလေရာနောက်ကိုရော ဘယ်သူက တစ်ကောက်ကောက် လိုက်ကြည့်နေခဲ့လို့လဲ။

"ဟွန်း ... ကျွန်တော်ပြောတာ မယုံရင် ခင်ဗျားစောင့်ကြည့်လိုက်လေ ဦးမြတ်အိန္ဒြေထွန်း ... ကျွန်တော့်ကားဘီးကို ပိတ်ကန်ပြီး လှည့်ထွက်သွားတဲ့နေ့တုန်းကဆိုရင် ဒီကောင့်မျက်လုံးတွေက အရောင်တွေ တဖျတ်ဖျတ်လက်ပြီးတော့တောင် လုံးဝမာကြောအေးစက်နေတာ၊ ပြီးတော့ ... ဒီကောင်ဝတ်ထားတဲ့ ဂျင်းဘောင်းဘီနဲ့ဂျင်းအင်္ကျီက ဟောင်းနေစုတ်နေလို့သာ တန်ဖိုးမရှိဘူးထင်ရတာ ... brand က အကောင်းစား ဒီbrand မျိုး မြန်မာပြည်ထဲဝင်တာတောင် တော်တော်ရှားတယ်"

ဦးမောင်မောင်စိုးက ဒီလိုအတိအကျသမား။

လူကဲခတ်တာတော်သလို တထွာပြရင် တစ်လံလောက်အထိ ကြိုမြင်တတ်တာမျိုး။ ဦးမြတ်အိန္ဒြေထွန်းကတော့ ရိုးရိုးပါ။ ချမ်းသာရင်လည်း ချမ်းသာတယ်လို့ပဲမြင်သည်။ ဆင်းရဲနေရင်လည်း သြော် သူဆင်းရဲနေတာပဲဟု ရိုးရိုးလေး ဒီအတိုင်းပဲသတ်မှတ်၏။ ချဲ့ကားတွေးတာမျိုး တောင်တောင်အီအီ လျှောက်စဉ်းစားဝေဖန်နေတာမျိုးလည်း ဦးမြတ်အိန္ဒြေထွန်း မလုပ်တတ်ပါ။

ခုတော့ ... ဦးမောင်မောင်စိုးလုပ်တာနဲ့ပဲ ဒီကောင့်ကို အကြောက်တရားနဲ့ပဲ ကြည့်ရတော့မလိုလို အပျက်တရားနဲ့ပဲ ရှုရတော့မလိုလို စိတ်ထဲမှာ ဖြစ်လာ၏။





ထူးခြားနေတာက ဒီကောင့် ဂျင်းဘောင်းဘီနောက်အိတ်ထဲက အဝါရောင်ပန်းကလေး။ ပန်းနာမည်ကို ရုတ်တရက် မသိပေမယ့် နှင်းဆီမဟုတ်တာတော့ သေချာသည်။

"ဒီ ... ဒီပန်းကလေးဟာ ကျွန်တော့်ဘဝရဲ့အဆုံးမဲ့ မျှော်လင့်ချက်ပန်းကလေးပါ ... ဒီပန်းကလေးကြောင့် ကျွန်တော့်ဘဝလေး ရှင်သန်နေရတယ်ဆိုရင် ဦးယုံမလား ... " တဲ့။

ဒီလို ထူးဆန်းတဲ့စကားလေးကိုတော့ ဒီကောင်ပြောသွားခဲ့၏။ ပြောရရင် အလုပ်အကိုင်မရှိလို့ နေစရာမရှိလို့ လမ်းပေါ်မှာသွားနေရတဲ့ဒီလိုကောင်မျိုးတစ်ယောက်ဆီမှာ ဒီခံစားချက်လေးရှိနေတာ ဖြစ်နိုင်ပါ့မလား။

ခုတော့ ... ဒီကောင့်လုပ်ရပ်တွေကို စောင့်ကြည့်ရတော့မှာပဲ။ ခွေးကောင်လေး ...

ကိုယ်ကတော့ ကိုယ်ချင်းလေးစာပြီး အလုပ်ထဲကိုခေါ်လာမိပါတယ်။ မင်းကြောင့် အလုပ်ပြုတ်လို့ကတော့ လူပျိုကြီး ငါ့ကို မင်းရှာကျွေးရတော့မယ် သိလား တိုက်စစ်မှူး။

ဟွန်း ... နာမည်ပေးတာကိုက မာမာကြောကြောနဲ့။

သူ့ကိုယ်သူများ တိုက်စစ်မှူးတဲ့။

မဟာစကြာဝဠာကုမ္ပဏီကြီးထဲကို ဝင်လာပြီးတော့များ မင်းက ဘယ်သူ့ကို တိုက်ချင်နေသေးလို့လဲ။

ဦးထက်ဖျားယံကိုလား ... ချစ်ခြင်းဖြူကိုလား ... ။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၃ )

ပိတောက်ခြောက်ရောင်ဝမ်းဆက်ကလေးနှင့် မမချစ်ခြင်းဖြူ လှနေတာလေးကိုကြည့်ပြီး ခစ်ခစ် သားရေယိုနေသည်။ ကိုယ်က မမချစ်ခြင်းဖြူလို အသားလေးက ဝင်းနှစ်အိစက်ပြီး သေးကျဉ်းသောခါးကလေးနှင့် ပေါင်တံတင်းတင်းရှည်ရှည်လေးတွေကို ပိုင်ထားပြီးတော့ ဘယ်အချိန်ပဲကြည့်လိုက် ကြည့်လိုက် ဝင်းထင်းကြွရွနေရင်လည်း အဟုတ်သားနဲ့။

ခုတော့ ... ကိုယ်က ဂုတ်ဝဲဆံပင်ကလေးနှင့်။

မမချစ်ခြင်းဖြူနဲ့ယှဉ်လိုက်ရင်တောင် ကိုယ့်အရပ်ကလေးက ပခုံးလောက်လေးမှာပဲရှိနေတာဆိုတော့ မမချစ်ခြင်းဖြူ လှနေတာလေးကိုပဲ ကိုယ့်မှာ ငေးကြည့်နေရတော့တာပေါ့။ ပိုဆိုးတာက ဒီနေ့လည်း ရုံးခန်းလေးရှေ့မှာ ဖန်စီရောင် ကြိုးသိုင်းဒေါက်မြင့်လေးကိုစီးပြီး မမချစ်ခြင်းဖြူ ခေါက်တုန့်ခေါက်ပြန်လျှောက်ကာ ပူညံ ပူညံလုပ်နေတာကိုပဲ ငေးကြည့်နေရတဲ့အဖြစ်။

"ဟွန်း ... အလကား ကိုကို ... ပြောလိုက်ရင်လည်း သူ့လောက် အလုပ်များတာသူ ... ဒီမှာလည်း အလုပ်တွေတန်းလန်း၊





ဟိုမှာလည်း အလုပ်တွေတန်းလန်းနဲ့၊ သူတစ်ယောက်တည်း ဟိုပြေးဒီပြေးလုပ်နိုင်လို့လား ... သူများက စေတနာနဲ့အကောင်းဝင်ကူပေးမတော့လည်း ဟိုဟာပဲ စိတ်မချသလို၊ ဒီဟာပဲ စိတ်မချသလိုနဲ့ ခြံထဲကိုပဲ အတင်းပြန်ခိုင်းပြီးတော့ လူကို ပိတ်လှောင်သော့ခတ်ထားချင်နေတာ၊ ခုလည်း ... ဒီဆိုက်ထဲကို လာကြည့်မယ်ဆိုတာ ညီမကို စိတ်မချလို့လာကြည့်တာ"

"ဟာ ... အဲဒါ မမချစ်ခြင်းဖြူကို ချစ်လို့လာကြည့်တာလေ"

ခစ်ခစ် စားပွဲမှာမေးလေးထောက်ကြည့်ရင်း ပြောမိသည်။

မမချစ်ခြင်းဖြူကတော့ တကယ်ပါပဲ။

ဟိုဘဝက အတိတ်ကံကောင်းခဲ့လို့လားမသိဘူး ဒီဘဝမှာ မမချစ်ခြင်းဖြူကိုပဲ သည်းသည်းလှုပ်ဝိုင်းချစ်နေကြတာ တပုံတပင်ကြီးပါ။ ဒီအထဲမှာ တစ်ဦးတည်းသော ညီမလေးမို့ ဦးယံက မျက်စိအောက်က အပျောက်မခံအောင် ချစ်တယ်ပဲထား၊ အဒေါ်အပျိုကြီးနှစ်ယောက်ဖြစ်တဲ့ အန်တီဝါနဲ့အန်တီညိုတို့ချစ်တာက ဒီတူမလေးကိုပဲ အထိမခံ ရွှေပန်းကန်ဖြစ်အောင် ချစ်နေကြတာမျိုး။

ကုမ္ပဏီရုံးခန်းကိုလည်း ဆယ့်ငါးမိနစ်တစ်ခါလောက် ဖုန်းဆက်နေတာ။

"ချစ်လေးနော် ... ဒီနေ့ထမင်းချိုင့်လေးထဲမှာ ထည့်ပေးလိုက်တာ ငါးသလောက်ပေါင်းလေးကြိုက်တယ်ဆိုလို့ ထည့်ပေးလိုက်တာ၊ အရိုးရော အသားရော နူးပေမယ့် အရိုးမရူးအောင် ခစ်ခစ်ကို နွှင်ခိုင်းပြီးမှစားနော် ... ရူးသွားရင်လည်း ကြီးညိုတို့ကို ချက်ချင်း ဖုန်းဆက် ... ကြားလား"



www.burmeseclassic.com

www.burmeseclassic.com

ဆိုတာက တစ်မျိုး။

"ချစ်လေးရေ ... ဆိုက်ထဲမှာ မီးပျက်သွားရင် ဂျင်နရေတာ ချက်ချင်းနိုးခိုင်းနော်၊ အပြင်မှာ တအားပူတယ် ... အဲလ်ကွန်းဖွင့်လို့ မရရင် ချစ်လေးခေါင်းကိုက်နေလိမ့်မယ်၊ ဆံပင်အရှည်ကြီးကိုလည်း ဖြန့်မထားနဲ့၊ ခေါင်းစည်းကွင်းလေးနဲ့စည်းထား၊ တံခါးဖွင့်ရင်လည်း ဖွင့်ပြီးတာနဲ့ ချက်ချင်းပြန်ပိတ်ခိုင်း ... ဆိုက်ထဲမှာက ချုံတွေရှိတော့ ခြင်တွေက တစီစီနဲ့ ပြေးပြေးပြီးတော့ ဝင်ဝင်လာတာ၊ ဟိုတစ်ခါ ချစ်လေး ခြေသလုံးဝင်းဝင်းလေးကို ခြင်တစ်ကောင်ကိုက်သွားလို့ ချက်ခြင်းပဲ ရဲတွတ်သွားတာလေ"

ဆိုတာက တစ်ဖုံနဲ့။

အဲလောက် လေထိမခံ နေထိမခံ တူမလေးချစ်ခြင်းဖြူကို ရှုးရှူးမူးမူးလေး ချစ်မြတ်နိုးနေကြတာ။ အိမ်မှာနေတော့လည်း နေလို့၊ အလုပ်ထဲသွားတော့လည်းသွားလို့၊ မသက်ာတဲ့မျက်လုံးတွေ နဲ့ သွားသမျှ ရောက်သမျှနေရာတိုင်းမှာ ကျီးကန်းတောင်းမှောက် ကြည့်ရတာလည်း အမော။

မမချစ်ခြင်းဖြူ တက္ကသိုလ်တက်တုန်းကဆို။

စာသင်ဆောင်တွေရှေ့ကနေ တစ်နေကုန် အလှည့်ကြ ငုတ် တုတ်ထိုင်စောင့်ပြီးတော့ကို ရှုတ်ရှုတ်ယှက်ယှက် ဇာတ်လမ်းတွေ ဖြစ်မလာအောင် ဒီအပျိုကြီးနှစ်ယောက်ကပဲ ထိန်းသိမ်းစောင့် ရှောက်လာခဲ့ကြတာပါ။

ခုလည်း ... ဦးယံက လာကြည့်ဦးမယ်ဆိုလို့ မမချစ်ခြင်းဖြူ နှုတ်ခမ်းလေးစူပြီး မကျေမနပ်လေးနဲ့ ပူညံပူညံလေး ပြောနေတာ။

"အမလေး ... ပြောလိုက်ရင် သူများကိုချစ်တယ် ချစ်တယ် နဲ့ တမင်သက်သက်လိုက်ချုပ်ချယ်နေတာ ရောက်လာရင်လည်း ဟိုလူ မသင်္ကာ ဒီလူမသင်္ကာနဲ့ စစ်တာ ဆေးတာတွေက လာဦး မယ် ... ကိုကိုကြောင့်ပြုတ်သွားတဲ့ အလုပ်သမားတွေ ဘယ်နှစ် ယောက်ရှိနေပြီလဲ ... ဟိုတစ်ခါ ပြုတ်သွားတဲ့ကောင်လေးဆိုရင် လမ်းမှာတွေ့တာတောင် နှုတ်မဆက်ရဲတော့ဘူးဖြစ်သွားတာ၊ ကိုကို့ ကို အလုပ်သမားတိုင်း တုန်နေအောင်ကြောက်ကြတာ၊ ချစ်ကို ဘယ်သူမှ နှစ်ခါပြန်လှည့်မကြည့်ရဲကြဘူး"

"သေချာပါတယ် ... မမချစ်ခြင်းဖြူရယ်၊ ဒီတစ်သက်မှာ တော့ မမချစ်ခြင်းဖြူ အပျိုကြီးပဲလုပ်ရတော့မှာ၊ ကဲ ဘယ်လောက် ကောင်းလဲ ..."

"ဟင် ... ဘာကောင်းတာလဲ ခစ်ခစ်ရဲ့ ... ချစ်တတ်တဲ့ နှလုံးသားဆိုတာ လူတိုင်းမှာရှိတယ်လေ၊ အခု ချစ်ရတဲ့သူမတွေ့ သေးလို့ သူတို့ချုပ်ချယ်မှုတွေအောက်မှာ နေလို့ရပေမယ့် ချစ်တဲ့သူ တွေ့လာရင် နေလို့ရပါတော့မလား"

"ဟွန်း ... မမချစ်ခြင်းဖြူနော်၊ မမချစ်ခြင်းဖြူ ဘာကိုရည် ရွယ်ပြီးပြောနေသလဲဆိုတာ ခစ်ခစ်သိတယ် မညာနဲ့ ... ခစ်ခစ် အခုတစ်ခါတည်း ပြောလိုက်ရမလား"

"ဟင် ... ခစ်ခစ် ဘာကိုသိတာလဲ"

"ဆံပင်ရှည်ကြီးကို ရော်ဘာကွင်းလေးနဲ့နောက်မှာစည်းထား တဲ့ ဟိုအစ်ကိုကြီးလေ ... ဟိုတစ်နေ့က လမ်းဘေးမှာ ထိုးပွဲကြိတ်ပွဲ ဖြစ်လို့ ကားပေါ်ကနေတောင် အကြာကြီး မမချစ်ခြင်းဖြူ လှည့် ကြည့်နေတာလေ"

"ဘုရားရေ ... မမ လှည့်ကြည့်တာကို ခစ်ခစ်သိတယ်"

ဖိုးလပြည့်စာပေ


www.burmeseclassic.com

www.burmeseclassic.com

"ဟား ဟား ... သိတာပေါ့ မမချစ်ခြင်းဖြူရဲ့ ... နောက်တစ်နေ့ကြတော့ ခစ်ခစ်တို့ကားကွေ့တဲ့ မီးပွိုင့်ဒေါင့်မှာ အဲဒီကိုကြီး ခေါင်းငိုက်စိုက်လေးချပြီး ထိုင်နေတာတွေ့တော့ မမချစ်ခြင်းဖြူ တအံ့တသြလေးနဲ့ မျက်တောင်လေးကော့ပြီး လှည့်ကြည့်လိုက်သေးတယ်လေ ... ကဲ ... ခစ်ခစ်ပြောတာ မဟုတ်ဘူးလား"

"ခစ်ခစ်ရယ် ... နင် ... နင် အရပ်ကလေး ပုသလောက် အရမ်းလျင်တယ်သိလား၊ ငါကလေ ဘယ်သူမှမသိဘူးထင်လို့ စိတ်ထဲမှာ တမင်မျိုသိပ်ထားတာ၊ ဟုတ်တယ်လေ ... ဘာဖြစ်လဲ၊ သူ့ပုံစံလေးကို စိတ်ထဲမှာ သဘောကျသွားလို့ တမင်မှတ်မိနေအောင် ကြည့်ထားလိုက်တာ"

"ချစ်သွားတာတော့ မဟုတ်ပါဘူးနော်"

"ဟာ ... ခစ်ခစ်နော် ..."

မမချစ်ခြင်းဖြူ ရှက်သွားတာ မျက်နှာလေးတောင် ရဲပ လောင်းခတ်လို့။

"ချစ်သွားတာ မဟုတ်ပေမယ့် စိတ်ဝင်စားသွားတာတော့ သေချာတယ် ခစ်ခစ် ... ရန်ဖြစ်နေတုန်းက ဟိုအမူးသမားသုံးယောက်ကို လေထဲမှာ ဆံပင်ရှည်လေးတွေ ဖွာလန်ကြဲပြီး ခုန်ကန်သွားတာ တကယ်ကြည့်လို့မိုက်တယ် ... ပြီးတော့ သူက အသားဖြူဖြူလေးနဲ့ အရပ်ကလေးကလည်း မြင့်မြင့်လေးလေ၊ သူ့မျက်နှာထားလေးကမာတော့ သူ့ကိုကြည့်ရတာ တကယ်စိတ်လှုပ်ရှားဖို့ကောင်းတယ်၊ ဒါကြောင့်မို့ မမချစ်ခြင်းဖြူ သူ့ကိုကြည့်လိုက်မိတာပါ"

"ဟွန်း ..."





ဒီလိုပြောတော့လည်း ခစ်ခစ် နှုတ်ခမ်းလေးက စူတင်းသွားသည်။ ပြောရရင် မမချစ်ခြင်းဖြူက ဘယ်တုန်းက ယောကျ်ားတစ်ယောက်ကို နှစ်ခါလှည့်ကြည့်ဖူးလို့လဲ။ ဘယ်လောက်ချောတဲ့ ယောကျ်ားပဲဖြစ်ဖြစ် ဣန္ဒြေရှင်လေး မမချစ်ခြင်းဖြူက အရေးမစိုက်သလိုလေးပဲ အမြဲလုပ်နေတတ်တာလေ။ ခုတော့ ဒီအစ်ကိုကြီးကျမှ သမင်လည်ပြန်လေးဖြစ်သွားအောင်တောင် မမချစ်ခြင်းဖြူ စိတ်ဝင်တစားလေး လှည့်ကြည့်တယ်ဆိုတော့ ဒီအစ်ကိုကြီး ကံကောင်းတာပေါ့။

ဦးယံတို့ ကြီးညိုတို့ ကြီးဝါတို့ သိသွားရင်တောင် ဘယ်လောက်များ ထိတ်ထိတ်ပြာပြာဖြစ်သွားလိုက်လေမလဲ။ ခစ်ခစ်ကတော့ မပြောပါဘူး။ မမချစ်ခြင်းဖြူ စိတ်ချမ်းသာနေရင် ခစ်ခစ်လည်း စိတ်ချမ်းသာတယ်လေ။

ဒါကြောင့်ပေါ့ ...

ပြီးတော့လည်း ခစ်ခစ်ဆိုတာ မမချစ်ခြင်းဖြူကို စောင့်ရှောက်ဖို့ ဘော်ဒီဂတ်လေးအဖြစ်နဲ့ သွားလေရာလိုက်ပေးဖို့ လခလေးနဲ့ခန့်ထားတဲ့ ကောင်မလေးဆိုတော့ မမချစ်ခြင်းဖြူအလိုကျလေး နေပေးရတာ ခစ်ခစ်အတွက် ပိုအဆင်ပြေတာပေါ့။

"ခစ်ခစ်ရေ ... အခန်းထဲမှာ ခစ်ခစ်ရှိလားဟင်"

"ဟင် ... အခန်းဝက အော်နေတာ ဘယ်သူလဲ"

"ကြီးကြီးမြိုင်အော်နေတာလေ၊ ခစ်ခစ် ... ဒီမှာလေ ... ဦးထက်ဖျားယံ အခန်းကို ရှင်းပေးမယ့်အလုပ်သမား ရောက်လာလို့ ကြီးကြီးမြိုင် လာပို့ပေးတာ ဦးမြတ်အိန္ဒြေထွန်း လွှတ်လိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



တဲ့။

"အို ... ဟုတ်တယ်လေ ကြီးကြီးမြိုင် ... လွှတ်လိုက်၊ လွှတ်လိုက် ... ဒီအခန်းထဲကိုပဲ လွှတ်လိုက်၊ လိုတာတွေ မမချစ်ခြင်းဖြူ ပြောလိမ့်မယ် ..."

"ကဲ ... မောင်ရင် မင်းကြားတယ်နော်၊ မကြောက်နဲ့ အထဲကိုဝင်သွား ... မင်းဘာလုပ်ရမယ်ဆိုတာ အဲဒီရောက်မှ မင်းကိုညွှန်ကြားလိမ့်မယ်"

"ဟုတ် ... ကျေးဇူးတင်ပါတယ် ..."

အခန်းဝမှာ တိုးတိုးလေးပြောနေတဲ့အသံယဲ့ယဲ့လေးတော့ ခစ်ခစ်လည်းကြားသည်။ သေချာတာက ဆိုက်ထဲက အလုပ်ကြမ်းသမား ယောကျ်ားတစ်ယောက်ပဲဖြစ်မှာပေါ့။ ဒီအခန်းက ဦးယံမလာခင် အပြီးရှင်းထားရမယ့်အခန်းလေ။

သိပ်ပြီးတော့ ရှုတ်ယှက်ခတ်နေမှာ မဟုတ်ပေမယ့် အနံ့အသက်ကလေးနဲ့ ဖုံကလေးပျောက်သွားအောင်တော့ ရှိုင်းနင်းပွိုင်းနင်းလေး လုပ်ပေးမှဖြစ်မှာပေါ့။

"ကို"

အခန်းတံခါးရွက်လေး ပွင့်သွားချိန်မှာ။

ဝင်လာသူကို ချစ်ခြင်းဖြူ ဖျတ်ခနဲ မျက်တောင်လေးပင့်ကြည့်လိုက်တော့ ...

"ဘုရားရေ ... ကြည့်စမ်း ..."

မယုံနိုင်သလို အံ့သြခြင်းများစွာဖြင့် ဖြူ့မျက်တောင်ကလေးတွေ အဆုံးထိ ပင့်ကော့ကပ်တက်သွားခဲ့သလို ဟုတ်ရဲ့လား ...





ဟုတ်ရဲ့လားဆိုသည့် သံသယစိတ်က အချိန်တွေကြာသွားခဲ့တာနှင့်အမျှ တစ်ကိုယ်လုံးကို အေးစက်သွားစေခဲ့တာဟာလည်း ချောက်ချားရခြင်းတွေများစွာနှင့်သာ ဖြစ်ခဲ့သည်။

သေချာတာက ခစ်ခစ်ပါ မျက်တောင်ခတ်ဖို့ မေ့သွားခဲ့ရတဲ့အဖြစ်။

"ရှင် ... ရှင့်ကို ဘယ်သူက ..."

"ဟွန်း ..."

သူ့နှုတ်ခမ်းထောင့်စွန်းလေးတစ်ဖက် မဲ့ကွေးသွားတာလေးကိုကြည့်ပြီး ဖြူရင်တွေ အတိုင်းအဆမဲ့အောင် လှိုက်ခုန်သွားရတဲ့အဖြစ်က ဒါ ပထမဆုံးပဲ ဖြစ်လိမ့်မည်ထင်သည်။ ယောကျ်ားတစ်ယောက်ဆီက ဒီလိုဆွဲဆောင်လိုက်မှုမျိုး ဒီလိုညှို့ယူလိုက်မှုမျိုးကို ဖြူ့ဘဝမှာ ဘယ်တုန်းက ရခဲ့ဖူးလို့လဲ။

သေချာတာက ဖြူ့ရင်ခုန်သံတွေ ကျယ်လောင်သွားခဲ့တာ။

သို့သော် ... ဖြူ့စိတ်တွေကို ချက်ချင်းထိန်းပြီး အသံမာမာလေးနဲ့ဖြူ လှမ်းတားလိုက်မိတာက မိန်းမတစ်ယောက်ရဲ့ မာနနဲ့ ခန့်ထည်ခြင်းတစ်ခုကြောင့်သာ ဖြစ်သည်။

"ရှင် ... ဆက်တိုးမလာနဲ့ အဲဒီမှာပဲရပ်နေ ..."

"ရတယ် ... မင်းက ဆက်တိုးပါဆိုလည်း တိုးလာစရာအကြောင်းမရှိတော့လို့၊ ဒီနေရာမှာပဲ ငါရပ်နေလိုက်တော့မှာ ပြောပါ ... မင်းက ငါတွေ့ရမယ့် ချစ်ခြင်းဖြူဆိုတာပေါ့ ..."

"ဟုတ်တယ်လေ ... ကျွန်မက ချစ်ခြင်းဖြူ ..."

ဖြူ့အသံတွေ တုန်မသွားအောင် မနည်းထိန်းလိုက်ရင်း ပျော့ရဲရဲလေးဖြစ်ချင်နေသည့် အကျီစ အောက်အနားစလေးကို



www.burmeseclassic.com

www.burmeseclassic.com



ကတုန်ကရင်လက်ကလေးနဲ့ပဲ ဖြူ ဆွဲဆန့်သည်။

ထိုအခါမှပင် ခစ်ခစ်က စားပွဲခုံကထကာ လျှောက်လာပြီး ဖြူ့နံဘေးမှာ ပခုံးချင်းယှဉ်လျှက် အတူလာရပ်၏။ ပြီးတော့လည်း ဖြူ့လက်မောင်းလေးတစ်ဖက်ကို ချိတ်ကာ ...

"ဟို ... ဟိုလေ ကိုကြီး ... ကိုကြီးကိုလွှတ်လိုက်တာ ဦးမြတ်အိန္ဒြေထွန်းလား"

"ဟုတ်တယ်"

"အဲဒါဆို ဒီအပေါ်ထပ်အခန်းကို ရှင်းရမှာနော် ကိုကြီး"

"ဒါပဲလား"

"ဒါ ... ဒါပဲနော် မမချစ်ခြင်းဖြူ ..."

"ဟုတ်တယ် ... ရှင်းပြီးရင်လည်း ရှင်ထွက်မသွားနဲ့ဦး၊ ကျွန်မ လာကြည့်မယ် ... လိုတာရှိရင် ကျွန်မ ထပ်ပြောမယ်"

"ကောင်းပြီလေ လာကြည့်လိုက်ပေါ့"

"ဟွန်း ..."

သူ ချာခနဲ လှည့်ထွက်သွားတော့မှ မြင်လိုက်ရတာ သူ့ဂျင်းဘောင်းဘီအနွမ်း နောက်အိတ်ထဲမှာဖြစ်သလိုလေး ထိုးထားသည့် အဝါရောင် ပန်းလေးတစ်ပွင့်ပဲ ဖြစ်နေသည်။

"ခစ်ခစ် ..."

"ရှင် ... မမ ..."

"တွေ့ ... တွေ့လိုက်လားဟင်"

ပန်းကလေးကို ရည်ရွယ်ပြောလိုက်တာလည်း ခစ်ခစ် ချက်ချင်းသဘောပေါက်သည်။

"တွေ့ပါတယ် မမချစ်ခြင်းဖြူရဲ့ ... ဟိုကိုကြီးရဲ့ ဘောင်းဘီ





နောက်အိတ်လေးထဲက အဝါရောင် ပန်းကလေးကို မမချစ်ခြင်းဖြူ ပြောနေတာမို့လား"

"မျက်နှာထားလေးက မာပေမယ့် အသည်းလေးကတော့ နူမယ့်ပုံပဲနော် ခစ်ခစ် ..."

"သိတယ် ... သိတယ် ... မမပြောတော့မယ်ဆိုတာ ခစ်ခစ် သိတယ်"

"ဟင်း ... ဟင်း ..."

ခစ်ခစ်က ရယ်နိုင်ပေမယ့် မရယ်နိုင်တာ ဖြူက မရယ်နိုင်တာပါ။ မျှော်လင့်ထားတာ မဟုတ်ပါဘဲ ဒီအဝန်းအဝိုင်းထဲအထိ သူ ရောက်လာတာ အံ့သြစရာကောင်းမနေဘူးလား။ အရင်ရက်တွေမှာ သူ့ကို တွေ့လိုက်ရတုန်းက ဖျတ်ခနဲ ရိပ်ခနဲ တွေ့ခဲ့ရတာမှန်ပေမယ့် အခုတွေ့လိုက်တာက အနီးဆုံးနေရာလေးမှာ အပီအပြင်လေး တွေ့လိုက်ရတာလေ။

မျက်နှာထားလေးက တင်းတင်း။

မျက်ဝန်းလေးတွေက စိုစို ...

တောင့်တင်းမြင့်မားတဲ့ အရပ်အမောင်းကြီးနဲ့ အသားအရည် စိုပြေလွန်းနေတာက ဖြူ့အတွက်တော့ အံ့သြစရာ ပဟေဠိတစ်ပုဒ် လိုဖြစ်နေရသည်။ သူဟာ တကယ်ပဲ ... မဟာစကြာဝဠာကုမ္ပဏီရဲ့ စူပါမားကတ်ဆောက်လုပ်ရေးစီမံကိန်းကြီးထဲမှာ အလုပ်ကြမ်း သမားတစ်ယောက်ဖြစ်နေခဲ့ပြီလားဆိုတဲ့ မေးခွန်းကိုလည်း ဖြူ အတိအကျ မဖြေနိုင်သေးတာ အမှန်ပဲဖြစ်သည်။

ဒါဆို ဒီဇရိယာအဝန်းအဝိုင်းထဲကို ဘယ်လိုရည်ရွယ်ချက်နဲ့



www.burmeseclassic.com

www.burmeseclassic.com


နဲ့ သူရောက်လာခဲ့သလဲ။ သူ့ဘောင်းဘီနောက်အိတ်လေးထဲက အဝါရောင်ပန်းလေးတစ်ပွင့်ကရော။

"ဒီ ... ဒီအစ်ကိုကြီးကိုတွေ့လိုက်တာ မမချစ်ခြင်းဖြူ အရမ်းအံ့သြသွားပြီလားဟင် ..."

"အံ့သြတာပေါ့ ခစ်ခစ်ရယ် ... သူ့ကိုမြင်လိုက်တာ ကြက်သေ သေပြီတော့ အိပ်မက်လား တကယ်လားလို့တောင် ထင်လိုက်မိသေးတယ်၊ အခု ... အခုရော ဘယ်လိုလုပ်ကြမလဲဟင် ခစ်ခစ်၊ မမတို့ လိုက်သွားကြည့်ရင် ကောင်းမလား ..."

"ဟာ ... ကောင်းတာပေါ့၊ ဒါမှ လိုတာတွေ သူ့ကိုပြောနိုင်မှာ"

"လာ ... တစ်ခါတည်းသွားမယ် ..."

ဒီလိုနဲ့ပဲ ကိုကို့ရုံးခန်းကျယ်ကြီးရှိရာ အပေါ်ထပ်ကို နှစ်ယောက်သား ရောက်သွားသည်။ အခန်းဝကနေရပ်ကာ ကြည့်လိုက်တော့ ...

ဘုရားရေ ...

တစ်ခန်းလုံးကို ပြောင်းပြန်လှန်ပစ်နေတာ ကြည့်စမ်း ...

စားပွဲကိုလည်း နေရာပြောင်း၊ ဗီရိုတွေလည်း အကုန်ရွှေ့။ မချထားတဲ့ ရေခဲသေတ္တာကြီးကလည်း အခန်းထောင့်မှာ ဒီအတိုင်း။

"ဟာ ... နေပါဦး ... နေပါဦး ... ရှင် ... ရှင် ..."

ဖြူ အသည်းအသန်အော်တော့မှ မရွှေ့လက်စ ထိုင်ခုံတစ်လုံးကို ထောင့်ကပ်ချလိုက်ပြီး ဒီဘက်ကို ချာခနဲ သူလှည့်ကြည့်သည်။



သေချာတာက သူ့မျက်ဝန်းစိုစိုကြီးတွေနဲ့ ဒုတိယအကြိမ်မြောက်အဖြစ်နဲ့ ထပ်ဆုံလိုက်ရပြန်ပြီ။

"ဘာ ... ဘာလဲဟင် ... ဘာဖြစ်လို့လဲ ..."

သူကတော့ အေးဆေးပါ။ သူ့ဆံပင်တွေနဲ့ ခန္ဓာကိုယ်မှာ ဖုန်စအမှိုက်စအချို့ ကပ်နေတာကလွဲရင် စောစောကမြင်လိုက်ရတဲ့ပုံစံအတိုင်း ခေါင်းနောက်မှာ ဆံပင်တွေကို တင်းကျစ်နေအောင်စည်းထားဆဲ။

"ဒီ ... ဒီခုံနဲ့စားပွဲတွေကို ရှင်ဘာဖြစ်လို့ ..."

ဖြူ မေးလိုက်ရပေမယ့် ဖြူ့အသံလေးက မဝံ့မရဲကလေးနဲ့။

"ဒီမှာ ... မင်းတို့ဖွဲ့စည်းထားတဲ့ကုမ္ပဏီ အကြီးအကဲတစ်ယောက်ရဲ့ရုံးခန်းက အထားအသိုနဲ့ နည်းစနစ်တွေမှားနေလို့ ငါပြင်ပေးနေတာ၊ အပြင်က ဘယ်ဧည့်သည်ပဲလာလာ လာသမျှဧည့်သည်ကို အပြုံးကလေးနဲ့ အရင်ဆုံးဧည့်ခံကြိုဆိုရမှာ အကြီးအကဲတစ်ယောက်ရဲ့တာဝန်ပဲ ... ဒါကိုသိလို့ ငါပြင်ပေးနေတာ"

"ဘယ် ... ဘယ်လို ..."

သူပြောနေတာ ရှင်းရှင်းလေးပေမယ့် ဖြူ့အသိထဲမှာတော့ သူ ဘာကိုရည်ရွယ်ပြောနေတယ်ဆိုတာ ချက်ချင်းစဉ်းစားလို့မရ။

"အခု ... မင်းတို့မြင်ထားတဲ့ အကြီးအကဲတစ်ယောက်ရဲ့ရုံးခန်းက သဘာဝမကျသလို၊ လာသမျှ ဧည့်သည်ကို ကျောခိုင်းပစ်ထားသလိုမျိုး၊ ဟွန်း ... ဒီမှာ နောက်တစ်ခု သေချာတာကို ငါထပ်ပြောမယ်၊ ကိုယ့်ကိုတိုက်ခိုက်မယ့် ရန်သူဝင်လာရင်တောင် အဲဒီရန်သူကို မျက်မှာမူထားရတဲ့ အနေအထားမျိုးမှာ ရှိသင့်တယ်လို့ ငါပြင်လိုက်တာ၊ နောက်တစ်ခုက စီမံကိန်းဇရိယာကြီးတစ်ခုလုံး


www.burmeseclassic.com

www.burmeseclassic.com



ကို ထိုင်ရာမထ လှမ်းကြည့်ကွပ်ကဲနေလို့ရတဲ့ သရီးဒိုင်ပေးရှင်း မျက်နှာစာ ..."

"ဟုတ်ပါပြီ ... ဟုတ်ပါပြီ ... ရှင်ပြောတာ ကျွန်မ သဘောပေါက်ပါပြီ"

ဘယ်ဆိုးလို့လဲဟင် ... သူ ...

"ကျွန်မ ... ကျွန်မ ရှင့်ကိုတော့ တစ်ခုမေးချင်သေးတယ်"

"မေးလေ ... မေးပေါ့ ..."

"ရှင် ... ရှင်က ဒါတွေတောင်သိနေတယ်ဆိုတော့ ဒီလိုကုမ္ပဏီမျိုးကြီးတွေမှာ ရှင်အလုပ်လုပ်ဖူးသလားဟင်၊ ပြောပါဦး ... ရှင်ပညာတတ်တစ်ယောက်လား၊ ရှင် ဘွဲ့ရခဲ့သလား ..."

"ငါက လေးတန်းပဲအောင်ခဲ့တဲ့ တောသား ..."

ဒါတော့ ဖြူ လက်မခံနိုင်ပါ။

ဒီရုပ်က တောသားရုပ်လား။

လမ်းပေါ်မှာ ပေပေတေတေ ကြမ်းကြမ်းလျှောက်သွားနေတဲ့ လူတစ်ယောက်ပြောတာကို ယုံရအောင်လည်း ဖြူမြင်နေရတဲ့ သူ့ခြေချောင်း လက်ချောင်းတွေက မွေးညှင်းစိမ်းစိမ်းလေးတွေတောင် ရိပ်ရိပ်ကလေး ပြေးနေတာ။ မျက်ဝန်းတွေ မျက်ခုံးတန်းတွေ အထူအပါးညီညာတဲ့ ကြွရွစိုရဲနေတဲ့ နှုတ်ခမ်းလွှာတွေ။

ကဲ ... ဒါတွေကို လမ်းပေါ်မှာလျှောက်သွားနေတဲ့တောသားက ပိုင်မလား။ ဖြူ မျက်တောင်လေး တဖျတ်ဖျတ်ပုတ်ပြီး သူ့ကိုစိုက်ကြည့်နေမိတာ ရင်ထဲကပေါ်လာတဲ့ မေးခွန်းပေါင်းများစွာနဲ့ စိုက်ကြည့်နေတာပါ။

"ရှင် ... ရှင် ... မနောက်နဲ့နော် ..."





ဖြူ လက်ပိုက်ပြောလိုက်တာလည်း ဆရာမကြီးတစ်ယောက်ရဲ့ လေသံမျိုးနဲ့။

"အို ... ငါဘယ်မှာနောက်လို့လဲ၊ မင်းကသိချင်တယ်ဆိုလို့ ငါ အမှန်အတိုင်းဖြေလိုက်တာ၊ မိဘတွေရော ဆွေမျိုးတွေပါ တစ်ယောက်မှမရှိတော့လို့ မြို့ပေါ်ကို စွန့်စားပြီး ငါတစ်ယောက်တည်းတက်လာတာ၊ အားရင် စာဖတ်တယ်၊ လေ့လာတယ်၊ မတတ်ရင်တတ်အောင်သင်တယ် ... မသိရင် သိအောင်ကြိုးစားတယ်၊ အခုလည်း ... နေစရာ စားစရာ မရှိလို့ ဦးမြတ်အိန္ဒြေထွန်းကိုပြောပြီး အလုပ်ထဲကို ငါဝင်လာတာ ..."

"ရှင်နာမည်က ..."

"တိုက်စစ်မှူး ..."

"ဘယ် ... ဘယ်လို ..."

ပြောပြီးတာနဲ့ သူလုပ်ရမယ့်အလုပ်တွေကိုပဲ သူဆက်လုပ်နေတာမို့ ဖြူရော ခစ်ခစ်ပါ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မျက်။

ဘယ်ဆိုးလို့လဲဟင် ... ရှင့်နာမည်က ...

တိုက်စစ်မှူးတဲ့။

မျက်နှာထားမာမာလေးနဲ့ လိုက်လည်းလိုက်တဲ့နာမည်ပါ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၄ )

"ဟာ ... "

ရုံးခန်းဝမှာ ခြေစုံရပ်လိုက်မိကတည်းက တည်တင်းသေ
ဦးထက်ဖျားယံ မျက်ဝန်းတွေက တစ်နေရာတည်းမှာ စုပြုံရပ်တ
သွားသည်။ ရှေ့ကိုလည်း ခြေလှမ်းတွေ ဆက်မလှမ်းနိုင်သလို စာ
မျက်နှာပြင်ပေါ်မှာ တင်ထားသည့် လည်ပင်းရှည် ကြွေပန်းအိုးလေ
ကို ငေးစိုက်ကြည့်ရင်း နှုတ်ခမ်းတွေ တဆတ်ဆတ်တုန်လာတာ
ဒေါသနဲ့ အတ္တတွေကို တစ်ပြိုင်တည်းမှာ ဖျော်ချပစ်လိုက်တဲ့အတိုင်

"ဒါ ဘယ်သူထားသွားတာလဲဟင်၊ ဒီပန်းကို ဒီစားပွဲပေါ်
ဘယ်သူတင်သွားတာလဲ"

ခြေလှမ်းကြဲကြီးနဲ့ပြေးသွားကာ ...

တဆတ်ဆတ်တုန်နေတဲ့လက်တွေနဲ့ပဲ လည်ပင်းရှည်
ပန်းအိုးလေးကို ဦးထက်ဖျားယံ ဆုပ်ကိုင်ရင်း လေထဲမြှောက်သ

ဒါကို နောက်ကနေ ခေါင်းငုံ့လိုက်လာသည့် အုပ်ချုပ်ရေး
ဦးမောင်မောင်စိုးပင် နားမလည်လိုက်။ နောက်တော်ပါ အခြွေ
တွေနဲ့ စီမံကိန်းဆိုက်ကြီးထဲကို ဦးထက်ဖျားယံ ဦးဆောင်လာ





ကားတွေ စီတန်းဝင်လာပြီးတော့ ကားပေါ်က ဆင်းလျှောက်လာ
တာလည်း သူ့ညီမလေး ချစ်ခြင်းဖြူနဲ့ စကားပြောရင်း တပြုံးပြုံး။

အုပ်ချုပ်ရေး ရုံးခန်းရှေ့မှာ ခဏရပ်ပြီးတော့ ဝန်ထမ်းတွေကို
လိုအပ်တာတွေ ညွှန်ကြားနေတုန်းကလည်း တည်တည်ငြိမ်ငြိမ်
အေးအေးချမ်းချမ်းနဲ့။ ဟော ... အဲဒီကမှ သူထိုင်ရမယ့်ရုံးခန်းဘက်
ကို လျှောက်လာ ... သူ့အချစ်ဆုံး ညီမလေး ချစ်ခြင်းဖြူကို ငယ်
ထိပ်လေးပုတ်နှုတ်ဆက်ပြီး အပေါ်ထပ်ရုံးခန်းအခန်းဝကို ရောက်
တော့မှ ဒေါသတွေနဲ့ ပူလောင်ပေါက်ကွဲသွားတာ၊ ဘယ်လိုမှတောင်
ယုံနိုင်စရာမရှိ။ ခြေလှမ်းကြဲကြီးတွေနဲ့ ရုံးခန်းထဲကို ပြေးဝင်သွားကာ
ပန်းအိုးလေးကိုမြှောက်ကိုင်ကြည့်နေတာလည်း တစ္ဆေသရဲကိုမြင်
နေရတဲ့အတိုင်း။

"ဟာ ... ကျွန်တော်မေးနေတာ ခင်ဗျားတို့ဖြေကြလေ၊
ဦးမောင်မောင်စိုး ဒီပန်း ... ဒီပန်းကို ဘာရည်ရွယ်ချက်နဲ့ ကျွန်တော့်
စားပွဲပေါ်မှာ ... "

ဦးထက်ဖျားယံ ဆုံးအောင်လည်း မမေးနိုင်ပါ။ ဆုံးအောင်
လည်း မပြောနိုင်ပါ။ ပိုဆိုးတာက လိုက်လာခဲ့သမျှ နောက်တော်ပါ
အခြွေအရံတွေအားလုံး ဒီမေးခွန်းကို ဘယ်သူမှ မဖြေနိုင်ကြသလို
တစ်ခန်းလုံးလည်း အသက်ရှူမှားကာ ငြိမ်သက်တိတ်ဆိတ်လျှက်။
ဘာပဲပြောပြော ဒီမေးခွန်းကို အဓိကဖြေရမှာ ဦးမောင်မောင်စိုးပါ။

ဒီစီမံကိန်းဧရိယာထဲမှာ ဦးမောင်မောင်စိုးကပဲ အဓိက
တာဝန်အရှိဆုံး ပုဂ္ဂိုလ်ဖြစ်နေတာမို့လား။ ဘော့စ်က မေးနေပြီဆို
တော့ ဦးမောင်မောင်စိုး ဖြေရတော့မှာပေါ့။

"ဟုတ်ပါတယ် ဘော့စ် ... ကျွန်တော် အခုစဉ်းစားနေတာ



www.burmeseclassic.com

www.burmeseclassic.com



ဒီကိစ္စကိုပဲ စဉ်းစားနေတာပါ ... ဘောစ့်မလာခင် ဒီမနက်ကပဲ ဆိုက်ထဲက အလုပ်ကြမ်းသမားတစ်ယောက်ကို တာဝန်ပေးပြီး တော့ အခန်းသန့်ရှင်းရေး လုပ်ခဲ့ပါတယ်၊ ဒါကို လိုအပ်တာတွေပြော ပြီး စိတ်တိုင်းကျ ကြီးကြပ်ခဲ့တာက ဘောစ့်ညီမလေး ချစ်ခြင်းဖြူ ကိုယ်တိုင် ကြီးကြပ်ခဲ့တာပါ ... ဘာပဲပြောပြော ဘောစ့်စိတ်တိုင်း မကျရင် ကျွန်တော့်မှာ တာဝန်ရှိပါတယ်၊ အရင်တုန်းကလည်း ဘောစ့် စားပွဲပေါ်မှာ ဒီလိုပဲ ပန်းတွေကို ..."

"ဟေ့လူ ... ခင်ဗျား မသိဘဲလျှောက်ပြောမနေနဲ့"

"ဗျာ ... ဘောစ့် ..."

ဦးမောင်မောင်စိုး အထိတ်တလန့်နဲ့ပဲ ဖြူဖျော့ဖျော့မျက်နှာလေးကို မော့ပစ်ရင်း ကြည့်လိုက်မိတာ ဘောစ့်ကိုယ်တိုင် လေထဲမြှောက်ကိုင်ထားတဲ့ လည်ပင်းရှည် ကြွေအိုးလေးထဲက တစ်ပွင့်တည်းသော ပန်းကလေး။

"ဒါ ဘာပန်းလဲဆိုတာ ခင်ဗျားသိသလား ..."

"ကျွန်တော် ... ကျွန်တော် မသိပါဘူးဘောစ့် ..."

"ဒါ ... ကျွန်တော့်ကို သွေးပျက်ချောက်ချားသွားအောင် ခြိမ်းခြောက်လိုက်တဲ့ပန်း ... ကဲကွာ ..."

"ဟာ ..."

"ခွမ်း ..."

"ချလွမ်း ..."

သွားပြီ။ အခန်းနံရံကြီးမှာ ထိပြီး ကြွေအိုးလေးရော အဝါရောင်ပန်းကလေးပါ ကြွေမွလွင့်စင်သွားရပြီ။ ဒါ ... ကျွန်တော့်ကို သွေးပျက်ချောက်ချားသွားအောင် ခြိမ်းခြောက်လိုက်တဲ့ပန်းတဲ့။





ထူးထူးဆန်းဆန်း ဘောစ့်ရာ ...

ဒီကြွေပန်းအိုးလေးကို နံရံဆီအားကုန်ပစ်ပေါက်လိုက်တုန်းက အသက်ရှူမှားစွာ အားလုံးမျက်တောင်ကော့ကြီးတွေနဲ့ ငေးကြည့်နေခဲ့ရသလောက် ပန်းအိုးလေးကျကွဲပြီးသွားချိန်မှာတော့ လျှော့ရဲရဲဖြစ်သွားတဲ့ ခန္ဓာကိုယ်တွေကို မတ်မတ်ပြန်ဆန့်ကာ ခေါင်းတွေကတော့ ငိုက်စိုက်ကျလျှက်။

"ကဲ ... ခင်ဗျားပဲပြောစမ်း ဦးမောင်မောင်စိုး၊ ဒီအခန်းပြင်ဆင်ရေးကို လုပ်သွားတဲ့ကောင်ပဲ ဒီပန်းကို ထိုးစိုက်ပေးသွားတာ ဖြစ်ရမယ်"

"ဟာ ... ကျွန်တော် သိပြီ ဘောစ့် ..."

မေ့နေလိုက်တာ ကြည့်စမ်း ... အခုမှ သတိရတယ်။

ဒါ ... ဦးမြတ်အိန္ဒြေထွန်း ဆိုက်ထဲကိုခေါ်သွင်းလာတဲ့ ဟိုအရိုင်းအစိုင်းကောင်ရဲ့ ဘောင်းဘီနောက်အိတ်ထဲမှာ ထိုးစိုက်ထည့်ယူလာတဲ့ပန်း။

ဒီကောင့်လက်ချက်ပေါ့။

"ဟုတ်တယ် ဘောစ့် ... ကျွန်တော်လည်း အခုမှ စဉ်းစားမိပြီးသတိရသွားတာ၊ ဒီအကြမ်းသမားကောင် ဒီနေ့မနက်ကမှ ဦးမြတ်အိန္ဒြေထွန်းဆိုက်ထဲမှာ အလုပ်ခေါ်သွင်းပေးထားတဲ့ကောင် ဒီကောင် ဘောင်းဘီနောက်အိတ်ထဲမှာ ဒီပန်းလေးထိုးစိုက်ထည့်ထားတာ ကျွန်တော်မြင်လိုက်တယ်"

"ကြာတယ်ဗျာ ... လာ ... ဦးမောင်မောင်စိုး၊ ဒီကောင့်ဆီကို အခုပဲလိုက်သွားပြီးတော့ ဒီပြဿနာကို ကျွန်တော်ကိုယ်တိုင်ရှင်းမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

စိတ်မြန်တဲ့ ဦးထက်ဖျားယံနောက်ကို ခြေလှမ်းကြဲကြီးတွေနဲ့ပဲ ဦးမောင်မောင်စိုး ပြေးလိုက်ခဲ့ရပြီ။

ဒီအခြေအနေတွေကို မသိသေးတဲ့ ဦးမြတ်အိန္ဒြေထွန်းကတော့ ဘိလပ်မြေအိတ်တွေ တစ်အိတ်ပြီးတစ်အိတ် သယ်တင်နေတဲ့ တိုက်စစ်မှူးဆိုတဲ့ကောင်ကိုကြည့်ကာ တပြုံးပြုံးနဲ့ပေါ့။

"မင်းမဆိုးဘူးသိလား ဟေ့ကောင် … ဆံပင်လေးကို သေသေချာချာစည်းထားစမ်း၊ အရေးကြီးတာ ခြေချော်မလဲစေနဲ့၊ နဖူးပေါ်က ဆံပင်တွေ မျက်နှာလေးကို အုပ်မသွားစေနဲ့"

"ဘယ်လိုလဲ ဦးမြတ်အိန္ဒြေထွန်း … ခင်ဗျား တစ်နေ့လုံး ဒီကောင့်ကိုပဲ အရေးစိုက်နေတော့မှာလား၊ ခင်ဗျားကောင် တိုက်စစ်မှူးက စိတ်ချရပါတယ်ဗျ … အရင်ထမ်းနေကြကောင်တွေတောင် ဒီကောင့်စံချိန်ကိုမှီအောင် မနည်းလိုက်ထမ်းနေတာ၊ ဇာနည်နဲ့အောင်ဝဏ္ဏတောင် ဂိုထောင်ဘေးမှာ ထိုင်ဖလက်ပြနေပြီ"

"ဒီကောင့်ကို သနားလို့ခေါ်ခန့်လိုက်တာပါ ကိုသန်းဋ္ဌေးရာ နေစရာလည်းမရှိဘူး၊ ဒါတောင် မနက်က ဒီကောင့်ကို သူဋ္ဌေးရုံးခန်းရှင်းခိုင်းတာ ရင်တထိတ်ထိတ်ဖြစ်ရသေးတယ်၊ တော်သေးတယ်၊ ဘာပြဿနာမှမတက်ဘဲ အေးအေးဆေးဆေးပြန်ရောက်လာလို့ ကျွန်တော့်ရင်ထဲက အလုံးကြီးပြုတ်ကျသွားတာ"

ပန်းရံအဖွဲ့ခေါင်းဆောင် ကိုသန်းဋ္ဌေးကို ရှင်းပြလိုက်ရသေး၏။

ပြောရရင် တကယ်လည်း ဒီကောင် မဆိုးတာပါ။

ခုလဲ တစ်ယောက်တည်းထမ်းနေတာ ဘိလပ်မြေအိတ်





အလုံးငါးဆယ်ကျော်နေမလားဘဲ။ ကြည့်ရတာတော့ ဒီကောင် တကယ်ဒုက္ခရောက်နေတာလည်း ဖြစ်နိုင်ပါတယ်။ ဘယ်သူက အလကား အားအားယားယား ဒီလိုပင်ပန်းတဲ့အလုပ်မျိုးတွေကို ဒုက္ခခံလာလုပ်နေမှာလဲ။

တစ်ခုပဲ ဦးမြတ်အိန္ဒြေထွန်း အံ့ဩနေတာက ဒီကောင်ရုပ်ရည်လေးက သန့်နေတာ ခြေသည်းလက်သည်းလေးတွေဆိုလည်း တိတိရိရိလေးဖြတ်လို့။ လက်ချောင်းလေးတွေနဲ့ ခြေချောင်းလေးတွေပေါ်မှာတောင် မွှေးညှင်းစိမ်းစိမ်းလေးတွေက မြင်သာထင်သာနေအောင် စိမ်းဖြာနေတာ။

"ဦးမြတ်အိန္ဒြေထွန်းရေ … ဦးမြတ်အိန္ဒြေထွန်း … "

"ဟာ … ကိုသန်းဋ္ဌေး၊ ဘာဖြစ်လို့ ဒီဘက်ကိုပြန်ပြေးလာတာလဲ"

သူ့ဆီကို ထိတ်လန့်တကြားပြန်ပြေးလာနေတာ၊ ပန်းရံအဖွဲ့ခေါင်းဆောင် ကိုသန်းဋ္ဌေးလေ … ပြေးလာရင်း နောက်ကိုလည်း လှည့်ကြည့် လှည့်ကြည့်နဲ့။ ဦးမြတ်အိန္ဒြေထွန်း လှမ်းကြည့်လိုက်တော့ ကုမ္ပဏီပိုင်ရှင် ဦးထက်ဖျားယံနှင့် ဦးမောင်မောင်စိုးတို့အဖွဲ့။

"ဟိုမှာလေ ခင်ဗျားကောင် ရုံးခန်းမှာ မီးခွက်ထွန်းပြဿနာရှာသွားလို့တဲ့ … အဲဒါ … ဘော့စ်ကိုယ်တိုင် ခင်ဗျားဆီကို လိုက်လာနေပြီ"

"ဗျာ … ကိုသန်းဋ္ဌေး … "

ဦးမြတ်အိန္ဒြေထွန်း ငယ်ထိပ်မြွေပေါက်ပြီ။

ခင်ဗျားကောင်တဲ့ …

ခင်ဗျားကောင် ရုံးခန်းမှာ မီးခွက်ထွန်းပြဿနာရှာသွားလို့



www.burmeseclassic.com

www.burmeseclassic.com



တဲ့။

ကြည့်စမ်း ... ဒီကောင် ...

"ဘယ်မှာလဲ ဦးမောင်မောင်စိုး"

"ဟိုမှာလေ ဘောစ့်စ် ... ဆံပင်ရှည်တွေကို နောက်မှာစည်းပြီး ဘီလပ်မြေအိတ်ထမ်းနေတဲ့ကောင် ... အဲဒါ ... ဦးမြတ်အိမ်မြွေထွန်း ခေါ်လာတာလေ၊ ဟိုမှာ ... ဦးမြတ်အိမ်မြွေထွန်းလည်းရှိတယ်"

"ဟော့ကောင် ... မင်း ခဏနေဦး ... "

စိတ်မထိန်းနိုင်တာ ဦးထက်ဖျားယံပဲ ဖြစ်နေသည်။

"ဟေ့ ... ဟိုအကောင် တိုက်စစ်မှူးဆိုတဲ့ကောင် မင်းကို ဒီမှာဘောစ့်စ်က ခေါ်နေတာလေ ... ရပ်လိုက် ... မင်းအခုရပ်လိုက်"

"ဘာ ... ဘာဖြစ်တာလဲ ဦးမောင်မောင်စိုးရာ၊ ခင်ဗျား ကျွန်တော့်ကိုလည်း ပြောပါဦးဗျာ၊ ဒီကောင် ... ဒီကောင်က ကျွန်တော် အလုပ်သွင်းပေးထားတဲ့ ကောင်ပါဗျ ... ပြဿနာရှိရင် ကျွန်တော့်ကို အရင်ဆုံးခင်ဗျားပြောမှပေါ့ ... "

"ခင်ဗျားကောင်လေဗျာ ... ခင်ဗျားကောင် ... "

"ကျွန်တော့်ကောင် ဘာဖြစ်လို့လဲ ... "

"သူ့ဘောင်းဘီအိတ်ထဲက အစုတ်ပလုတ်ပန်းကို ဘောစ့်စ်ထိုင်တဲ့စားပွဲမှာ ထိုးစိုက်ထားခဲ့လို့ ... "

"ဘယ် ... ဘယ်လို ... "

သူ့ဘောင်းဘီအိတ်ထဲက ပန်းကို ထိုးစိုက်ထားလို့တဲ့။

ပန်းလေးတစ်ပွင့်စိုက်တာ ပြဿနာလား။

"ဟော့ကောင် တိုက်စစ်မှူး ... မင်းအခုရပ်စမ်း၊ ဒီမှာ ... မင်းပြဿနာ မင်းလာရှင်း ... "





ဦးမြတ်အိမ်မြွေထွန်းကိုယ်တိုင် အမိန့်ပေးရပ်ခိုင်းတော့မှ ဟိုကျေးဇူးရှင်ကောင်ကလည်းရပ်သည်။ သူရောက်နေတဲ့နေရာမှာပဲ ဘီလပ်မြေအိတ်ကို ပစ်ချပြီး ဖုန်တွေကိုခါကာ ဒီဘက်ကိုပြန်လှည့်လာ၏။

ကြည့်ပါဦး ... ဘယ်သူတွေ ဘာပြောပြော ဒီကောင်ကတော့ ခပ်တည်တည်။

"ဗျာ ... ဘာဖြစ်လို့လဲ ဦး ... "

သူကတော့ ဘာမှမသိသလိုလို။

ဘာမှမဖြစ်သလို လိုက်လာတဲ့ လူအုပ်ကြီးကိုလည်း ဒီကောင် စိတ်ဝင်စားပုံမရ၊ ခပ်တည်တည်လေးပဲ ဦးမြတ်အိမ်မြွေထွန်းဘက်ကို လှည့်လာသည်။

"ဟိုမှာ မင်းလုပ်ထားခဲ့တာ ပြဿနာ တက်နေပြီလေ"

"ဟာ ... ကျွန်တော် ဘာလုပ်လို့လဲ ... "

"မင်း ... မင်းဘောင်းဘီအိတ်ထဲက ပန်းကို ရုံးခန်းမှာ ထိုးစိုက်ထားခဲ့တယ်ဆို ... "

"ဟာ ... ဟုတ်တယ်လေ ... ပန်းအိုးလေးက ဒီအတိုင်းဖြစ်နေလို့ ... "

"ဟော့ကောင် ... မင်းအမှန်အတိုင်းပြောစမ်း ... "

ဦးထက်ဖျားယံကိုယ်တိုင် ဒီကောင့်အကျီင်္ကော်လံစတွေကို ချုပ်ကိုင်ပစ်လိုက်ပြီ။

"ခင်ဗျားနော် ... ကျွန်တော်ကို ဒီလိုလာမကိုင်နဲ့"

"ဖြော်င်း ... "

"ဟာ ... ကြည့်စမ်း ... ဒီကောင် ... "



www.burmeseclassic.com

www.burmeseclassic.com

ဦးထက်ဖျားယံလက်တွေကို ဖြောင်းခနဲ ရိုက်ချပစ်လိုက်တာ ...

မာတာတော့ တော်တော်မာတဲ့ဒီကောင်။

"ဟား ဟား ... ခင်ဗျားခေါ်လာတဲ့ ဒီတိုက်စစ်မှူးဆိုတဲ့ကောင်က ဘယ်ဆိုးလို့လဲဗျ ... ဒီကောင် မာမာကြောကြောလေးနဲ့ ကျွန်တော့်လက်ကိုတောင် ပုတ်ချသွားတာ"

"ခင်ဗျား ... ခင်ဗျားက ဘာလဲ ... "

"ဟေ့ကောင် ... ငါဘယ်သူလဲဆိုတာ မင်းမသိဘူးလား၊ မဟာစကြာဝဠာကြီးတစ်ခုလုံးကို ထိန်းချုပ်ထားတဲ့ကောင်၊ ကုမ္ပဏီပိုင်ရှင် ထက်ဖျားယံဆိုတာ ငါပဲ ... "

"အဲဒါ ကျွန်တော်မသိဘူး ... သိရင်လည်း စိတ်မဝင်စားဘူး၊ မနက်က ဦးကခိုင်းလို့ ရုံးခန်းကို ကျွန်တော်သွားရှင်းတယ်၊ ပန်းအိုးလေးလွတ်နေတာ ကြည့်မကောင်းလို့ ကျွန်တော်သဘောကျတဲ့ ပန်းလေးကို ထိုးစိုက်ထားခဲ့တယ် ... ကဲ ... အဲဒါ ဘာပြဿနာရှိလို့လဲ ... ကျွန်တော် စိုက်သွားတဲ့ပန်းလေးမှာ အပြစ်ရှိလား"

"ဟေ့ကောင် ... မင်း ငါ့ကို ဂျစ်တစ်တစ်လေးကြည့်ပြီး ပြန်မပြောနဲ့နော်၊ ဒီပန်းလေးမှာအပြစ်ရှိလား မရှိဘူးလား မင်းငါ့ကို ဘာမှပြန်မေးနေစရာမလိုဘူး၊ ဒီကွန်စရပ်ရှင်း ဧရိယာထဲမှာ ငါမကြိုက်တာကို လုပ်တဲ့ကောင် အပြစ်ရှိတယ်"

"ဟေ့ကောင် တိုက်စစ်မှူး ... သူဌေးပြောတာကို မင်းဘာမှ ကလန်ကဆန် ပြန်ပြောမနေနဲ့၊ သူဌေးက အပြစ်ရှိတယ်ပြောလည်း မင်းနာခံလိုက်ရုံပဲ၊ သူဌေးက မကျေနပ်လို့ မင်းကို ထိုးမယ်ဆိုလည်း မင်းခံလိုက် ... "





"ရတယ်လေ ... ဦးက ကျွန်တော့်ကို အလုပ်ခန့်ခဲ့တာဆိုတော့ ဦးက ကျွန်တော်ရဲ့ကျေးဇူးရှင်ပေါ့၊ ဒါကြောင့်မို့ ... ဦးစကားဆိုရင် ကျွန်တော်နားထောင်မယ် ... ဦးက အထိုးခံလိုက်ဆိုလည်း ကျွန်တော် အထိုးခံမယ်"

"မင်း ... မင်းကြွပ်ဆတ်ဆတ်နဲ့ တကယ်မာတဲ့ကောင်"

"ဟာ ... "

"ဟင် ... "

ဦးထက်ဖျားယံ ဒေါသနဲ့ နောက်တစ်ကြိမ် ချုပ်ကိုင်လိုက်ပြန်ပြီ။ ကြည့်စမ်း ... ဒီကောင် ဒီတစ်ခါ လုံးဝကလန်ကဆန် မလုပ်တော့ဘဲ မျက်နှာလေးကိုမော့ပေးထားတာ။

"အဲဒါ ထက်ဖျားယံကျွေးတဲ့လက်သီး ... "

"ခွပ် ... ခွပ် ... "

"ဖြောင်း ... ဘောင်း ... "

"ဟာ ... ဟာ ... "

သွားပြီ၊ ဦးထက်ဖျားယံ ဘယ်ရော ညာရော ကျွေးပစ်လိုက်တာ နှုတ်ခမ်းကရော နှာခေါင်းရောပါ သွေးတွေရဲနေအောင် ဖြာကျခဲ့ရပြီ။

"တိုက်စစ်မှူးရယ် ... မင်းကွာ ... မင်း ... မင်း ... "

ဦးမြတ်အိန္ဒြေထွန်း ဒီကောင့်ကိုသနားလို့မဆုံး။

အားလုံးလှည့်ပြန်သွားကြချိန်မှာ ဒီကောင် မျက်နှာပေါ်က သွေးတွေကို တစ်သျှူးလေးနဲ့ သုတ်ပေးနေတာ ဦးမြတ်အိန္ဒြေထွန်းပဲ ဖြစ်နေသည်၊ ဒီကောင်ပြောသွားတာပဲ ကြည့်ပါဦး။

ဦးက အထိုးခံလိုက်ဆိုရင် ကျွန်တော် ခံမယ်တဲ့။


www.burmeseclassic.com

www.burmeseclassic.com

ကြည့်စမ်း … ဒီကောင် အခု … တကယ်ခံသွားတာ။

"မင်းကွာ … ငါ ဒီလောက်အတန်တန်မှာထားတာတောင် ပြဿနာက ဖြစ်လိုက်သေးတယ်၊ ကံကောင်းလို့ မင်းရောငါရော တစ်ခါတည်းအလုပ်ပြုတ်မသွားတာကွ၊ နားလည်လား … အခုကြည့် ပါဦး … မင်းမျက်နှာတစ်ခုလုံးလည်း စုတ်ပြတ်သပ်သွားပြီ၊ နှုတ်ခမ်း တွေလည်းကွဲ၊ မျက်လုံးတွေလည်း ဖူးယောင်ပြီးတော့ မျက်နှာလေး ပါ ယောင်ကိုင်းသွားတာ … "

"ဟွန်း … ရပါတယ်ဦးရာ၊ လမ်းပေါ်ကလာတဲ့ တိုက်စစ်မှူး ဘဝမှာ ဒီဒဏ်ရာလေးလောက်က အသေးအမွှားပါ … ကျွန်တော် ကျွန်တော် ခံနိုင်ရည်ရှိပါတယ်ဗျ … "

"ဟွန်း … "

တွေ့လား … နှုတ်ခမ်းလေးမဲ့ပြီး ဒီကောင်ပြောနေတာ။

ဆိုက်ထဲက အလုပ်သမားတွေကလည်း ဒီကောင့်အတွက်ပဲ မခံချင်ဖြစ်ပြီး ဟိုကဝိုင်းကြည့်၊ ဒီကဝိုင်းကြည့်နဲ့၊ ပြောရရင် … ဘဝ တူ အလုပ်သမားချင်းဆိုတော့ သူတို့လည်း ခံစားရမှာပေါ့။ အားလုံး က တညီတညွတ်တည်း ပြောနေတာကတော့ ဒီပန်းလေးထိုးခဲ့မိ တာ အပြစ်လားတဲ့။ ဒါကို ဒီလောက်တောင် လုပ်ရမလားတဲ့။

ကွဲတာလည်း တကယ်ကွဲသွားသည်။

ဘာပဲပြောပြော မကြည့်ရက်နိုင်တာ ဦးမြတ်အိန္ဒြေထွန်းပါ။

သွေးသုတ်ပေးရင်းလည်း တဗြစ်ဗြစ်တောက်တောက်ပြော မိတာ မဆုံးနိုင်။ ကိုယ်က ကရုဏာဒေါသော ပြောနေမိပေမယ့် ဒီကောင်က အမာသား။

"ထွန်း … ကျွန်တော် ဂရုမစိုက်ပါဘူးဦးရာ … ချစ်ခြင်းဖြူ





ဆိုတဲ့ကောင်မလေးကိုလည်း ကျွန်တော်တွေ့ခဲ့တာပဲ … ကျွန်တော့် ကို ထမင်းခေါ်ကျွေးနေတာတောင် မစားဘဲ ကျွန်တော်ပြန်လာ တာ ကျွန်တော့်ကို သနားစရာလည်း မလိုဘူး၊ သနားရင်လည်း ကျွန်တော် အရှမ်းမုန်းတယ် … ကျွန်တော် သူ့ကိုအပြတ်ပြောပြီး တော့မှ လှည့်ထွက်လာတာ"

"ဟင် … မင်းဘယ်လိုပြောလာခဲ့လဲ"

"ငါက အသည်းနှလုံးမရှိတဲ့ လမ်းပေါ်ကကောင်လို့"

"ဟာ … ဟေ့ကောင်၊ မင်း ဘာလို့ အဲဒါကြီးကိုပဲ ခဏခဏ ထည့်ပြောနေရတာလဲ မပြောနဲ့ … ဒီနေ့ကစပြီး မင်းလမ်းပေါ်က ကောင်မဟုတ်တော့ဘူး၊ အလုပ်နဲ့အကိုင်နဲ့ … ပြီးတော့ … ငါနေ တဲ့အိမ်မှာပဲ မင်းကိုခေါ်ထားဖို့ ဆုံးဖြတ်ထားပြီးသား၊ အေး … အသည်းမာမာကလေးနဲ့ အလုပ်ကို မငြီးမငြူ မခိုမကပ်လုပ်တာ ငါကြိုက်ပေမယ့် အမိပွာယ်မရှိတာတွေ လျှောက်လုပ်တာတော့ ငါ မကြိုက်ဘူး … မင်းကွာ ဘာမဟုတ်တဲ့ ဒီပန်းလေးတစ်ပွင့်နဲ့များ စုတ်ပြတ်သပ်နေအောင် အတိုးခံလိုက်ရတယ်လို့၊ ကဲ … ပြောစမ်း ပါဦး၊ မင်းပန်းက ဘာပန်းမို့လို့လဲ … "

"ဟာ … ဦးမသိဘူးလား၊ ဒါ.စံတော်ဝင်ပန်းလေ"

"ဘာ … ဘာပြောတယ် ဟေ့ကောင် … "

ကြည့်စမ်း … ဒါ စံတော်ဝင်ပန်းတဲ့။

ပြောရင်း … ဒီကောင့်နှုတ်ခမ်းလေး ဟွန့်ခနဲ မဲ့သွားတာ များ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၅ )

"မလိုဘူး ချစ်ခြင်းဖြူ ... မင်း ငါ့ကိုလာကြည့်စရာ အကြောင်း ဘာမှမရှိဘူး၊ ကုမ္ပဏီပိုင်ရှင်သူဌေးက ငါ့ကိုမကျေနပ်လို့ ထိုးတယ် ... ငါ့နှုတ်ခမ်းတွေ စုတ်ပြတ်သပ်ပြီး မျက်နှာတစ်ခုလုံး ဖူးယောင်ကိုင်းသွားတယ် ... ကဲ ... ဒါဘာဖြစ်လဲ၊ မင်းနဲ့အနေသာ ကြီး ... "

ဖြူ ဒေါပွလိုက်တာ မပြောပါနဲ့တော့။

ဒီကလိုက်လာတာ စေတနာနဲ့။ စိတ်မထင်ရင် မထင်သလို ပေါက်ကွဲလွယ်တတ်တဲ့ ကိုကိုဒေါသကိုသိနေလို့။ ပြောရရင် ရုံးခန်း မှာဒီပန်းလေးထိုးစိုက်ထားခဲ့တာ မခံမရပ်နိုင်ဖြစ်စရာလား။

"ရှင် ... ရှင် ... ကျွန်မ စေတနာကို မစော်ကားနဲ့နော်"

"အို ... ငါဘယ်မှာစော်ကားလို့လဲ"

တွေ့လား ... နှုတ်ခမ်းတွေလည်းကွဲ၊ မျက်လုံးတွေလည်း ဒီလောက်ယောင်ကိုင်းနေတာတောင် ဖြူကိုပြန်ပြောနေတာ။ ဖြူ ကလည်း သူ ဆောက်လုပ်ရေးလုပ်ငန်းခွင်ထဲက ကိုထောင်





အဟောင်းလေးထဲမှာ ထိုင်နေတယ်ဆိုလို့ ခစ်ခစ်ကိုခေါ်ပြီး ဆေး သေတ္တာလေးနဲ့ ကမန်းကတန်း ထွက်လာပြီးတော့ ကြည့်တာ ခပ် ပွက်သွက်လေးထွက်လာလိုက်တော့ ဖြူ ဆံပင်ရှည်တွေက ဖရိုဖရဲ လေးဖြစ်ပြီး နဖူးပြင်လေးပေါ်ကိုလည်း ပြိုကျလို့ပြိုကျ၊ ပခုံးသားအိ အိလေးပေါ်မှာလည်း ဟိုတစ်စ ဒီတစ်စ တင်လို့တင်နဲ့။

ဒါကိုတောင် မျက်နှာထားမာမာလေးနဲ့ သူက တုန့်ပြန်ချင် နေသေးတာ။

ဖြူကိုများ လူတိုင်းကို ဒီလိုလိုက်လုပ်နေမယ်ထင်နေလို့လား ချစ်ခြင်းဖြူဆိုတာ တစ်သက်လုံး သူများအယုအယကိုပဲခံလာခဲ့ တာ။ ကိုယ်ကစပြီး တယုတယနဲ့ အရေးစိုက်ခဲ့တာ ဘယ်သူရှိလို့လဲ။

"ဒီမှာ ... ရှင့်ကို ကိုကိုက ထိုးကြိတ်သွားတယ်ဆိုလို့ ကျွန်မ လိုက်လာတာ၊ ရှင် ကျေးဇူးတင်ချင်လည်းတင် မတင်ချင်လည်း မတင်နဲ့ ... "

ဖြူ အပြတ်ပဲပြောပြီး ဆေးသေတ္တာလေးကို သူ့ဘေးမှာပဲချ ကာ လိုအပ်သမျှဆေးတွေ ပလာစတာတွေ ဂွမ်းစတွေ ကပ်ကျေး တွေ တစ်ခါတည်းထုတ်သည်။ သူမျက်နှာလေးကို ကြည့်လိုက် တော့လည်း ဒဏ်ရာက နည်းတာမှ မဟုတ်တာ။

"ရှင် ... ရှင် တော်တော်ထိသွားတာပဲ"

ဖြူ ရင်နင့်သွားတာ သူ့ကိုသနားသွားလို့ပါ။

ကြည့်ပါဦး ... နှုတ်ခမ်းလေးလည်းကွဲလို့။ မျက်လုံးကလည်း မတွင်းသားကို ထိမသွားတာ ကံကောင်း။ ကိုကိုတကယ်ဆိုးတာ ပဲ။ သူကရော ... ကိုကို ဒီလောက်ထိုးနေတာကို ခေါင်းငုံ့ခံလိုက် တာတဲ့လားဟင်။ သူ ဒီလောက် အသတ်အပုတ်အခုန်အပျံ ကျွမ်းနေ



www.burmeseclassic.com

www.burmeseclassic.com



တာတောင် ကိုကို့ကို တစ်စက်လေး မတုန့်ပြန်ခဲ့တာ အံ့ဩဖို့တောင်ကောင်းနေသေးရဲ့။

"ကျွန်မ ... ဆေးထည့်ပေးမယ်နော် တိုက်စစ်မှူး၊ ဆေးက နည်းနည်းတော့စပ်မယ်၊ ရှင့်မျက်နှာလေးကို နည်းနည်းမော့ထား"

ခစ်ခစ်ကိုလည်း လှည့်ပြောရသေး၏။

"ဟဲ့ ခစ်ခစ် ... မမကို ဒီဂွမ်းစလေးမှာ အရက်ပျံလေး စွတ်ပေးစမ်း ... ဘေးက ထိုင်ကြည့်ပြီး ငိုင်မနေနဲ့၊ မြန်မြန်လုပ် ..."

"ဘယ်ဂွမ်းစလဲ"

"ဟဲ့ ... ဒီမှာလေ ..."

ဂွမ်းစကို မမြင်လို့ လက်ထဲရောက်အောင် အတင်းထည့်ပေးလိုက်ရ၏။ ထည့်ပေးရင်း မျက်စောင်းလေးဝဲသွားတာ ခစ်ခစ်မျက်နှာလေးက မချိုမချဉ်လေး ဖြစ်နေလို့ပါ။

ဂွမ်းစမှာ အရက်ပျံလေး စွတ်ပြီးတော့ သုတ်ပေးတာတောင် သူ့မျက်နှာလေးက တစ်ချက်မဲ့မသွား။ ဖြူကတော့ လိုအပ်တာမှန်သမျှ ဆေးထည့်သင့်တဲ့နေရာထည့် ... ဆေးပလာစတာလေးကပ်သင့်တဲ့နေရာမှာကပ်ပြီး အားလုံးပြီးသွားပြီဆိုတော့မှ ...

"ဒဏ်ရာက နည်းနည်းများသွားတော့ တစ်ရက်တည်းနဲ့တော့ အနာကျက်မှာ မဟုတ်ဘူး ... နှစ်ရက် သုံးရက်လောက်တော့ ဆက်ထည့်ချင် ထည့်ရလိမ့်မယ် ..."

"အဲဒါ မင်းစိတ်မပူပါနဲ့ ..."

"အို ... မပူလို့ရမလား ..."

ဖြူ မျက်စောင်းလေး သူ့မျက်နှာလေးဆီ ဝဲသွားတာ စိတ်လေးနည်းနည်းတိုသွားလို့ပါ။ သူကတော့ ဖြူ့ကို တစ်ချက်လေး





တောင် မျက်တောင်လေးလှုန်မကြည့်ဘဲ မျက်ဝန်းတွေက အဝေးတစ်နေရာဆီကိုပဲ ငေးလျှက်။

"ရှင် အခုဖြစ်တာ ကျွန်မ ကိုကိုကြောင့်ဖြစ်တာ ... ရှင်မြင်တဲ့အတိုင်းပဲ၊ ကိုကိုက စိတ်အရမ်းဆတ်တယ်၊ သူများထက်လည်းပြီးတော့ အတ္တကြီးတယ် ... ဘာပဲပြောပြော ရှင့်ကို ဒီစီမံကိန်းရိယာကြီးထဲကနေ မောင်းမထုတ်လိုက်တာ ရှင်တော်တော်ကောင်းသွားတယ်"

"ငါ ဂရုစိုက်မယ်လို့ မင်းထင်နေသလား ချစ်ခြင်းဖြူ"

"ရှင် မာနမကြီးနဲ့လေ ..."

ဖြူမြင်နေရတာ သူ့မျက်ဝန်းတွေထဲက တည်တင်းကြွပ်တဲ့ မာနလက်လက်တွေပါ။ ဒီမာနတွေကြောင့် ရှင်ထမင်းစားမယ် ထင်နေသလားဟင် တိုက်စစ်မှူး ... ကိုကို့ကို ဒီမာနတွေနဲ့ ပြိုင်လို့ ရှင်နိုင်သွားမယ်ထင်နေသလား၊ ကိုကို့ရင်ထဲမှာရှိနေတဲ့ မာန်တွေ မာနတွေ အတ္တတွေက ဘယ်လိုအရာမျိုးနဲ့မှ ရောဖျော်ဖျက်ဖျက်ပစ်လို့မရတဲ့ မာန်မာန အတ္တတွေဆိုတာ အချိန်တိုတိုတွင်းမှာပဲ ရှင်သိလာရတော့မှာ။

"ကျွန်မ အခု ရှင့်ဆီကိုလာတာလည်း တာဝန်ရှိတယ်ဆိုတဲ့ ကြည်မှုလေးတစ်ခုနဲ့ ရှင့်ဆီကိုလာတာ၊ ရှင် တစ်ခုခုကို စိတ်ဓာတ်ပြီး ဒီနေရာကနေ အဝေးကိုထွက်သွားမှာစိုးလို့ တခြားနေရာတွေကို ရောက်သွားရင် ရှင်ဒီထက်ပိုပြီး ဒုက္ခရောက်သွားမှာစိုးလို့"

"လမ်းပေါ်ကလာတဲ့ကောင် လမ်းပေါ်ကိုပြန်ရောက်သွားတာ မင်း အံ့ဩနေစရာလား ... မင်းတစ်ခုပဲ သိထားရမှာက ငါ့



www.burmeseclassic.com

www.burmeseclassic.com



လူတွေကို မုန်းတယ် ... ဘယ်သူနဲ့မှ ငါမပတ်သက်ချင်ဘူး၊ ပတ်သက်နိုင်တဲ့ ခွန်အားတွေ နှလုံးသားတွေလည်း ငါ့မှာမရှိဘူး ... ဒါကြောင့်ပါ ... နောက်ရက်တွေကျရင်လည်း ငါ့ဆီကို မင်းလိုက်မလာပါနဲ့ ... ငါ တောင်းပန်တယ် ... ”

သူပြောရင်း ဖျတ်ခနဲထရပ်တော့ ဖြူက ငုတ်တုတ်လေးပဲ ဒီအတိုင်းထိုင်ကာ မျက်နှာလေးမော့ပေးရင်း ကျန်ခဲ့၏။

သူထွက်သွားရာဘက်ကို လှည့်ကြည့်ရတာလည်း ဖြူ့လည်တိုင်လေးစောင်းလို့ပါ။ ဒါကို ခစ်ခစ်က ရယ်ကြဲကြဲမျက်နှာကလေးဖြင့်။

“ဒီအစ်ကိုကြီးက မာနကြီးတယ်နော်၊ မမချစ်ခြင်းဖြူ ... ”

“အင်း ... တစ်မျိုးတော့ ... တစ်မျိုးပဲ ... ”

“မျက်နှာထားလေးကတော့ တကယ်မိုက်တယ်”

ခစ်ခစ်သဘောကျနေတာ အရမ်းသိသာနေသည်။

ဒါကိုလည်း ဦးမြတ်အိမ့်ထွန်းက အဝေးကနေ အခြေအနေကို အကဲခတ်နေတာလေ။ ဒီကောင် ရောက်လာမှ ပွဲဆူသွားသလို ... နောက်ကနေ ဆေးသေတ္တာလေးကိုင်ပြီး ချစ်ခြင်းဖြူဆိုတဲ့ နတ်မိမယ်လေးလိုက်လာတာက အံ့ဩဖို့တောင် ကောင်းနေသည်။

အသားအရည်လေးက ဝင်းဝင်း။

ကိုယ်လုံးဖူးဖူးလေးက တင်းတင်းနဲ့။

ပြောရရင် ဒီကောင် တကယ်ကံကောင်းတဲ့ကောင်။

တစ်ခုပဲ သတိထားရမှာက ချစ်ခြင်းဖြူဆိုတဲ့ကောင်မလေး ဆေးသေတ္တာလေးဆွဲပြီး ဒီဂိုဒေါင်တွေဘက် လိုက်လာတာကို





ဦးမောင်မောင်စိုးက အုပ်ချုပ်ရေးမှူးရုံးခန်း ပြတင်းပေါက်ကနေ ဒီဘက်ကို စူးစမ်းသလိုနဲ့ တစ်ချိန်လုံးထွက်ကြည့်နေတာ။ ဦးထက်ဖျားယံကလည်း အခြေအနေတွေအားလုံးကို စောင့်ကြည့်ထားဖို့ မှာသွားခဲ့ပုံရသည်။

သေချာတာက ကိုယ့်ကောင်က သွားပတ်သက်တာ မဟုတ်။

ချစ်ခြင်းဖြူက သူ့သဘောနဲ့သူလိုအပ်တာတွေ လာလုပ်ပေးသွားတာ ဒါကို ဦးထက်ဖျားယံ သိသွားရင်ရော ဘာတွေဆက်ဖြစ်လာနိုင်သလဲ။

“ဟေ့ကောင် တိုက်စစ်မှူး ... ”

“ဗျာ ... ဦး ... ”

“မင်းဒဏ်ရာတွေ သက်သာရဲ့လား၊ ကဲ ... ပြစမ်းပါဦး”

ပခုံးလေးကို အတင်းဆွဲလှည့်ကာ ဒဏ်ရာတွေကိုကြည့်ရ၏။

“ဟာ ... ကောင်မလေးက သေသေချာချာလေး စိတ်ချအောင်လုပ်ပေးသွားတာပဲ၊ မင်း ... မင်း တကယ်ကံကောင်းတယ် သိလား ဟေ့ကောင် ... ”

“ဗျာ ... ဒါ ကံကောင်းတာလား”

“ဟ ... ကောင်းတာပေါ့ကွ၊ ချစ်ခြင်းဖြူဆိုတဲ့ကောင်မလေးကို မင်းက ဘာထင်နေလို့လဲ ... ဦးထက်ဖျားယံရဲ့တစ်ဦးတည်းသော အချစ်ဆုံးညီမလေး ... နားလည်လား ... လူပြည်က အပ်တစ်စင်းနဲ့နတ်ပြည်က အပ်တစ်စင်း ထိချင်ထိသွားနိုင်ပေမယ့် ချစ်ခြင်းဖြူနဲ့ဒီလို ပတ်သက်ခွင့်ရဖို့ဆိုတာ လွယ်တာမဟုတ်ဘူး၊ ဟိုက မင်းကို ဘယ်လောက်စေတနာထားလဲ ... စိတ်ပူပြီးတော့ အစ်ကို



www.burmeseclassic.com

www.burmeseclassic.com



ပြန်သွားတာနဲ့ ဆေးသေတ္တာလေးဆွဲပြီး ဒီဂိုဒေါင်တွေဘက်ကို လိုက်လာတာ"

"ဟွန်း ... အဲဒါ ကျေးဇူးတင်စရာလား"

"ဟာ ... ဟော့ကောင် မင်း ဒီလိုမပြောနဲ့လေ ... "

ဒီ ... ဒီကောင် ဘယ်လိုကောင်လဲဟင် ကြည့်စမ်း ...

ဒီကောင့်မှာ ခံစားတတ်တဲ့နှလုံးသားတွေရော ရှိရဲ့လား။

ဦးမြတ်အိန္ဒြေထွန်း ဒီကောင့်ကို နားမလည်နိုင်တာလည်း အဲဒါ။ ချစ်ခြင်းဖြူဆိုတာက မဟာစကြာဝဠာကုမ္ပဏီရဲ့ ဖူးဖူးမှုတ်သည်းသည်းလှုပ် သခင်မလေးဆိုတာ မင်းနည်းနည်းလေးတောင် အကဲမခတ်မိသေးဘူးလား။ မင်းကို ဆေးထည့်ပလာစတာကပ်ပေးသွားတာကို အဲဒီမိဘဆွေမျိုး အသိုင်းအဝိုင်းတွေနဲ့ ဟိုအဒေါ်အမျိုး ကြီး ညီအစ်မနှစ်ယောက်သိသွားရင် ဘယ်လောက်တောင် ကဲကဲဆတ်ဖြစ်သွားကြမလဲဆိုတာ။

ဒါကို ကျေးဇူးမတင်တဲ့အပြင် မင်းက စိတ်နာချင်နေသေးတယ်။ ဟွန်း ... မင်းတော်တော်နားလည်ရခက်တဲ့ကောင်။ ခုလဲ ချစ်ခြင်းဖြူဆိုတဲ့ကောင်မလေးကို ထားခဲ့ပြီး ဂိုဒေါင်ဝကနေ ဒီကောင် ချာခနဲ လှည့်ထွက်လာခဲ့တာ။

"ဒီမှာ ... ဟော့ကောင် မင်းကို ငါပြောမယ် ... "

"ဟုတ် ... ဦးပြောချင်တာပြော၊ ကျွန်တော် နားထောင်မယ်"

"ငါ ... မင်းကို မနက်ကတည်းက သေသေချာချာ အကဲခတ်စောင့်ကြည့်နေတာ ... ဦးမောင်မောင်စိုးပြောမှ မင်းအကြောင်းတွေ ငါသိလိုက်ရတယ်၊ မင်းက လွန်ခဲ့တဲ့သုံးလေးရက်လောက်ကတည်းက ဒီနားတစ်ဝိုက်မှာလာပြီး ပြဿနာရှာနေတာဆို၊ ဒီဆိုက်ထဲမှာ အလုပ်မခန့်ရကောင်းလားဆိုပြီး သူ့ကားဘီးကိုတောင် ဘောင်းခနဲ ပိတ်ကန်သွားတာဆို ... ငမူးကောင် သုံးကောင်နဲ့ ဖိုက်တင်ပလေးတာလည်း ဟိုကောင်သုံးကောင် မှောက်သွားတာပြောတယ်"

"ဟွန်း ... အဲဒါ သူပြောမှ ဦးသိတာလား"

"အေးပေါ့ကွ ... သူပြောမှ သိတာပေါ့"

"အဲဒါ မခံချင်လို့ဖြစ်သွားတာပါ ဦးရာ ... ဒါတွေ မေ့ထားလိုက်စမ်းပါ၊ အခု အရေးကြီးတာ ဦးခိုင်းတဲ့အလုပ်တွေ ကျွန်တော်က လုပ်ပေးရဦးမယ်"

"အောင်မာ ... ဒီလောက် ရွှံ့ပလဲနေအောင် အထိုးခံထားရတာတောင် မင်းက အလုပ်လုပ်ချင်နေသေးသလား"

ဦးမြတ်အိန္ဒြေထွန်း မျက်လုံးပြူးကြီးနဲ့ပဲ ဒီကောင့်ကိုကြည့်မိ၏။ သေချာတာက ဒီကောင် ဘယ်လိုကောင်လဲဆိုတာ ခုထိလည်း စဉ်းစားလို့မရ၊ လမ်းပေါ်မှာ တကယ်ဒုက္ခရောက်နေတယ် ပြောရအောင်ကလည်း ဒီကောင့်အသားအရည်က ဝင်းဝါပြီးတော့ စိုရှင်းနေတာ။

ဟော ... ဘိလပ်မြေအိတ် ထမ်းတာကျတော့လည်း ဖက်ကလေး တစ်ရွက်ကို ကိုယ်ပေါ်တင်ပေးလိုက်တဲ့အတိုင်း။

ပြောရမယ်ဆိုရင် ကိုယ်တာဝန်ယူထားတဲ့ဆိုက်ထဲမှာက ဒီလိုခပ်ကြမ်းကြမ်း ခပ်မိုက်မိုက်ကောင်မျိုးက လိုတယ်လေ။ ကိုယ်ဆက်သက်နေရတာက မတစ်ရာသားတွေ ငမူးလည်ပါ အကြမ်း





ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



အစားသမားလည်းပါ၊ တုံးတိုက်တိုက် ကျားကိုက်ကိုက်ကောင် လည်းပါ၊ ကဲ … ဒီလိုကောင်တွေကိုပဲ ကိုယ်က အုပ်ချုပ်လာခဲ့တာ ဆိုတော့ တိုက်စစ်မှူးလိုကောင်မျိုး တစ်ယောက်ကတော့ မရှိမဖြစ် ကိုယ့်အတွက် သေချာပေါက် လိုအပ်နေခဲ့တာဖြစ်သည်။

ဘာပဲပြောပြော စောစောက မျက်လုံးပြူး ရင်တုန်ခဲ့ရသမျှ ခုတော့ … အေးအေးချမ်းချမ်းလေးဖြစ်သွားခဲ့ပြီမို့ အလုပ်သိမ်းပြီး အိမ်ပြန်ဖို့ပဲရှိတော့တာလေ။ ဒီကောင့်ကိုလည်း ကိုယ်နေတဲ့ရပ်ကွက် လေးဆီ ခေါ်သွားရတော့မှာပဲ။

ဒီမှာက အေးချမ်းသွားပေမယ့် မအေးချမ်းနိုင်တာက ဟို ဘက်မှာ။

ဦးမောင်မောင်စိုး ဖုန်းဆက်ပြောလို့ ရင်တုန်ပန်းတုန်နဲ့ဆိုက် ထဲကို လိုက်ချလာတာ ကြီးညိုနဲ့ကြီးဝါ အပျိုကြီးနှစ်ယောက်။

"ချစ်လေးရယ် … ညည်းလေး … ညည်းလေး ဆိုက်ထဲကို အလုပ်ဝင်လာတဲ့ ကလေကချေကောင် မိုက်တိမိုက်ကန်းလေးကို ဘာလို့ အရောသွားဝင်ရတာလဲဟင် … ကြီးညိုနဲ့ကြီးဝါ ရင်တွေတုန် ပြီးတော့တောင် လုပ်လက်စအလုပ်တွေပစ်ချခဲ့ပြီး ဒီကိုတန်းလိုက် လာရတာ ချစ်လေးရယ် … ကိုယ့်အဆင့်နဲ့ကိုယ် ညည်းလေး နေ စမ်းပါ"

ကြီးညိုလည်း မျက်နှာပျက်။

ကြီးဝါလည်း ရင်ထိတ်ရနဲ့။

တူမလေးရှေ့ကို ရောက်လာတာပဲ ထိတ်ထိတ်ပျာပျာ။

ဒီလိုတွေ တစ်နေ့ဖြစ်လာမှာကြောက်လို့ ဆိုက်ထဲကို မသွား





ပါနဲ့ မသွားပါနဲ့ တဖွဖွတားနေတာလည်း မရ။ ဦးမောင်မောင်စိုး ဖုန်းဆက်ပြောတာက တူတော်မောင် ထက်ဖျားယံထိုးသွားတဲ့ လူမိုက်လေးကို ချစ်လေးကိုယ်တိုင် ဆေးသေတ္တာလေးဆွဲပြီး သွား ပြုစုပေးနေတာတဲ့။

ကဲ … ဘယ်လိုလုပ်ကြမလဲ။

"ဟာ … ကြီးဝါရယ် ကိုကိုမတရားထိုးသွားတာကျတော့ ကြီးဝါတို့က ဘယ်သူ့မှ အပြစ်မပြောကြဘူး၊ ဖြူ့ကိုကျတော့ လာဆူ နေကြတယ်"

"ဟဲ့ … ညည်းလေးကို ငါတို့က မဆူလို့ရမလားဟင်၊ ဒီ အလုပ်သမားတွေ ဘာဖြစ်ဖြစ် ညည်းလေးလှည့်ကြည့်နေစရာလား၊ အဆင့်အတန်းဆိုတာရှိတယ် … သူ့နေရာ ကိုယ့်နေရာဆိုတာရှိတယ် ဒါကို ရောထွေးပစ်လိုက်လို့ မရဘူး"

"ဟွန်း … ကြီးဝါတို့ ပြောလိုက်ရင် ဒါပဲ … "

"အမလေး ချစ်လေးဖြူရယ် … ကြည့်စမ်း … ကြည့်စမ်းပါ ဦး၊ မျက်စောင်းလေးထိုးပြီးတော့တောင် ကြီးညိုနဲ့ကြီးဝါကို ပြန် ပြောနေတာ … ညည်းလေး … ညည်းလေးကို တစ်ခုခုဖြစ်သွားမှာ ကြောက်လို့ ကြီးညိုတို့က ပြောနေတာလေ၊ ရွှေမှုန်စားပြီး တစ် သက်လုံး ပိုးမွေးသလို အရိပ်တကြည့်ကြည့်မွေးလာရတဲ့ ညည်းလေး ကို မျက်တောင်မခတ်ဘဲနဲ့တောင် ကြီးညိုတို့ ကြည့်နေတာ၊ ညည်း လေး နားမလည်ဘူးလား … ကြီးညိုတို့ကို အသည်းကွဲအောင်တော့ မလုပ်လိုက်ပါနဲ့ ချစ်ခြင်းဖြူလေးရယ် … နာမည်လေးနဲ့လိုက်အောင် တစ်သက်လုံး အစက်အပြောက်လေးတောင် မရှိဘဲ ဖြူနေတာလေး ပါ ကြီးညိုတို့ မြင်ချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ကြီးညို ပြောနေမိတာလည်း ငိုတော့မလို ရယ်တော့မလို ပါ။ ခြံထဲမှာထားရင် ခဏ ခဏ စိတ်ကောက် ထမင်းလည်း ဆင်း မစား ... အမျိုးမျိုးဆန္ဒပြ ဂျီကျနေလို့ ဆိုက်ထဲမှာ ထားလိုက်ရတာ။

မနက်ကိုးနာရီ ဒင်ခနဲထိုးတာနဲ့ ထမင်းချိုင့်ချင်းကလေးဆွဲ ခစ်ခစ်နဲ့ ဒရိုင်ဘာ မောင်တိုးကို ထည့်ပေးပြီး လုပ်ငန်းသဘောလေး တွေ သိထားပါစေ တတ်ထားပါစေဆိုတဲ့ သဘောနဲ့ လွှတ်လွှတ်ပေး နေရတာ ... ဒါကို စိတ်ချတယ်ထင်နေသလား။

အမိက အရေးကြီးတာ ဆင်းရဲရဲချမ်းသာသာ ယောကျ်ား လေးဆို ဘယ်ယောကျ်ားလေးနဲ့မှ ပတ်သက်သွားတာကို မမြင်ချင် တာ။ အရွယ်လေးရလာတော့ ကိုယ်နဲ့အဆင့်တူ ကိုယ့်ထက်အဆင့် မြင့်သူတွေက မသိမသာကလေးနဲ့ ဟိုဟာလေးစပ်သလို ဒီဟာ လေး စပ်သလို ပြောလာတာတောင် ကိုယ်တွေက တုတ်တုတ်လှုပ် ခွဲလို့လား။

ဒီအကြောင်းပြောရင် ဟိုအကြောင်းလွှဲ ...

ဟိုအကြောင်းပြောရင် ဒီအကြောင်းလွှဲနဲ့။ မသိမသာ ဖယ် ဖယ်ချလာတာ ဘယ်နှစ်ခါတောင် ရှိနေပြီလဲ။

"ကြီးညိုရယ် ... ကြီးညိုတို့ကသာ စိတ်ပူပြီး ပြောနေတာ တိုက်စစ်မှူးဆိုတဲ့ ဟိုလူက လေသံကမာပြီး မာနက အထွတ် အထိပ်ရောက်နေတာ"

"ဘုရားရေ ... တိုက်စစ်မှူး ဟုတ်လား ... "

ကြီးညိုရော ကြီးဝါပါ မျက်တောင်တွေ ကော့ပျံကပ်လျှက်။

တစ်ယောက်မျက်နှာကို တစ်ယောက်စိုက်ကြည့်နေတာက ပဲ အသက်မရှူနိုင်။





"ဘယ်က တိုက်စစ်မှူးလည်းဟင် ကြီးဝါတို့ကိုပြောစမ်း"

"အမလေး ကြီးဝါရယ် ... မျက်လုံးကြီးပြူးပြီးတော့တောင် ဖြူ့ကိုမေးနေလိုက်တာ၊ သူက ဒီနေ့မှ မြေသယ် ကျောက်သယ် အကြမ်းသမားဘဝနဲ့ ဆိုက်ထဲကို ရောက်လာတာပါ ကြီးဝါရဲ့ ... ဖြူနဲ့လည်း တအားကြီးတော့ မခင်ပါဘူး"

"အမလေး ... တအားကြီးခင်တော့လည်း ငါတို့က ခွင့်ပြု မယ်ထင်နေလို့လားဟင်၊ ညည်း ... ညည်းလေး ငါတို့ဒီလောက် ပြူးနေအောင်ကြည့်နေတဲ့ကြားက မဟုတ်တရုတ်လုပ်ဖို့တော့ စိတ် ကူးယဉ်မနေနဲ့၊ တိုက်စစ်မှူးလည်းမေ့လိုက် ... ဘာစစ်မှူးမှ မလို ချင်ဘူး"

အဖြစ်သည်းနေတာက အဲလို။

အယောင်ယောင်အမှားမှားနဲ့ စားပွဲက ပန်းကန်တွေလည်း ကောက်သိမ်း၊ စက္ကူစုတ် အမှိုက်တွေ တစ်သျှူးအမှိုက်တွေလည်း ခြင်းထဲကို ကောက်ထည့်လို့ထည့်နဲ့။ အဒေါ်အပျိုကြီးတွေ ဖြစ်နေ တာကိုပဲ ဖြူက ရယ်ချင်နေသည်။

"လက်မခံနိုင်ဘူးနော် ... လက်မခံနိုင်ဘူး၊ ဒီလို အနုတ်စုတ် ဂုတ်စုတ်ကောင်လေးတစ်ယောက်နဲ့ အပတ်သက်ခံမယ့်အစား ကြီးညိုရော ကြီးဝါပါ ရေထဲကို ခုန်ချပြီး နစ်သေလောင်းပြိုင်သတ်သေ မယ် ... ဘယ့်နှယ်ကွယ် ... ရာရာစစ ဒီအလုပ်ကြမ်းသမားကောင် ကိုမှ အရောသွားဝင်ရတယ်လို့ ... တခြားမကြည့်နဲ့ ... ညည်းကိုကို ယက်ဖျားယံကိုပဲကြည့် ... ကိုယ်နဲ့အဆင့်မတူတာနဲ့ဖြစ်ပြီး အိမ်ပေါ် ခေါ်တင်လာတော့ လောင်လိုက်တဲ့မီး ... ကိုယ်မှာတော့ ဒီကျကျ



www.burmeseclassic.com

www.burmeseclassic.com


လည်းကွဲရ … သိက္ခာလည်းကျရ … ”

“ဟာ … ဒါကတော့ကြီးဝါရယ် … ကြီးဝါတို့အားလုံးက အဆင့်အတန်းခြင်းမတူဘူးဆိုပြီး ခွဲခြားဆက်ဆံတော့ ဒီလိုမီးတွေ လောင်မလာဘဲနေပါတော့မလား၊ ကိုကိုကလည်း ကိုယ်လက်တွဲ ခေါ်လာတဲ့ မိန်းမတစ်ယောက်ကို အိမ်ဖော်တစ်ယောက်လို ဆက်ဆံပြီး ရက်စက်ခဲ့တာ၊ ကိုကိုအရမ်းမှားတယ် … ညားတော့သူဌေး ထားတော့ အိမ်စုတ်၊ စားရတော့ အကြွင်းအကျန် … ဘယ်မိန်းမ ခံနိုင်မှာလဲ … ဒါကြောင့်မို့ စံတော်ဝင်ဆိုတဲ့ ကိုကို့မိန်းမချောချော လေးက ကိုယ်ဝန်နှစ်လနဲ့ ကိုယ့်ကိုယ်ကိုယ် ဆွဲကြိုးချသတ်သေသွားတာ”

“ဘုရားရေ … ဒီစံတော်ဝင်ဆိုတဲ့နာမည်ကို ညည်းလေး ထည့်မပြောနဲ့လေ … ဒုက္ခပါပဲ၊ ဒီ … ဒီနာမည်ကိုကြားတိုင်း ညည်း လေးကိုကိုပဲ သွေးပျက်တုန်လှုပ်နေရတာ၊ ဒီနာမည်ကို ထည့်ပြော တာ ဒီတစ်ခါ နောက်ဆုံးဖြစ်ပစေ … ညည်းလေးကို ကိုကိုထက် ဖျားယံက ဘယ်လောက်ပဲချစ်ချစ် ဒီနာမည်ကြားတာနဲ့ ပါးလေးပုတ် သွားအောင် ညည်းလေးအရိုက်ခံရမှာ … တော်ပြီ ဆက်မပြောနဲ့ မေ့လိုက်တော့ … ”

ဒီလိုပြောတော့ ဖြူ နှုတ်ခမ်းလေးမဲ့ကာ ရယ်မိသည်။

“ကြီးဝါရယ် … ကြီးဝါကသာ မေ့လိုက်လို့ပြောလိုက်တာ ဒီနေ့ဖြစ်သွားတဲ့ဇာတ်လမ်းကိုဖြင့် ကြီးဝါက မသိဘဲနဲ့ … ”

“ဟင် … ဘာဇာတ်လမ်းတွေ ဖြစ်သွားလို့လဲ … ”

“စောစောက ပြောတဲ့ တိုက်စစ်မှူးဆိုတဲ့ အလုပ်ကြမ်း





မား‌တစ်ယောက်က သူ့ဘောင်းဘီနောက်အိတ်လေးထဲမှာ ထည့် ယူလာတဲ့ ပန်းလေးတစ်ပွင့်ကို ကိုကို့ရုံးခန်း စားပွဲပေါ်က ပန်းအိုး လးထဲမှာ ထိုးစိုက်သွားတာ၊ အဲဒါကို ကိုကိုရောက်လာလို့ မြင်သွား တော့ ဒေါသတွေပေါက်ကွဲပြီး တိုက်စစ်မှူးကို ဖူးယောင်ကိုင်းသွား အောင်ထိုးသွားတာ … ဖြူကလည်း ဘာပန်းလေးမှန်းမသိလို့ မှတ်တမဲ့ပဲ နေလိုက်တာ … အခုမှ ကိုကိုပြောသွားလို့ ဖြူလည်း ဒိသွားတာ … ”

“ဟင် … ဘာပန်းလဲ … ”

“စံတော်ဝင်ပန်း … ”

“ဘုရားရေ … ညည်းလေး ကိုကိုရုံးခန်းမှာမှ ဒီပန်းကို လာ ထိုးတယ် ဟုတ်လား … ဒီကောင် … ဒီကောင် တော်တော်မိုက်ရိုင်း တဲ့ကောင် … ”

အသက်ရှူမှားနေရတာ ကြီးညိုရော ကြီးဝါပါ နှစ်ယောက် စလုံးပဲဖြစ်နေ၏။ ခစ်ခစ်ကတော့ ဒီတူအရီးသုံးယောက်စလုံးကို မေးဖျားလေးထောက်ကာ ငေးကြည့်ရင်း ကိုယ့်အတွေးလေးနဲ့ ကိုယ်ပဲ နားထောင်နေလိုက်တော့၏။

“အဲဒါ … အဲဒါ … ညည်းကိုကိုက ဒီလောက်မိုက်ရိုင်းတဲ့ ကောင်ကို ပြတ်ပြတ်သားသားအရေးယူပြီးတော့ တစ်ခါတည်း အလုပ်ထုတ်မသွားဘူးလားဟင် … သူမထုတ်ရင် ကြီးဝါကိုယ်တိုင် ဦးမောင်မောင်စိုးကို ချက်ချင်းဖုန်းဆက်ပြီးတော့ အလုပ်ထုတ်ခိုင်း မယ်”

“ဟွန်း … ရမလား … ကိုကိုက တစ်ခါတည်း သူ့ရည်ရွယ် ချက်ကို ထုတ်ပြောသွားခဲ့ပြီးသား၊ ဒီတိုက်စစ်မှူးဆိုတဲ့ကောင်ကို

www.burmeseclassic.com

 www.burmeseclassic.com

မှတ်လောက်သားလောက်ဖြစ်သွားအောင် ဒီစီမံကိန်းဇရီယာထဲမှာ လက်စင်ပေးမလို့တဲ့၊ အဲဒါ နောက်ဆိုရင် ဒီပွဲက ကြမ်းလာတော့မှာ သေချာတာက တိုက်စစ်မှူးကို ကိုကိုသံသယဖြစ်သွားတယ် ... စံတော်ဝင်ပန်း လာစိုက်တာကိုလည်း ကိုကို ဆတ်ဆတ်ခါနာသွားတယ်၊ ဒါကြောင့်မို့ ... ဖြူက သူဒုက္ခရောက်တော့မှာကိုသိနေလို့ သူ့ကို သနားပြီး သွားပြုစုပေးလိုက်တာ ... "

"အမလေး ... ချစ်ခြင်းဖြူရယ် ... ဒါကို ညည်းသနားစရာလား၊ ဒါကို ညည်းသနားစရာလား ... "

ကြီးညို ... ဒင်းကလေးရဲ့ ဗိုက်ခေါက်လေးကို လိမ်ဆွဲပစ်လိုက်ချင်တာလည်း အသည်းယားလို့ ... ဒါ သနားစရာလားဟင် ချစ်ခြင်းဖြူလေး ... ။

ညည်းလေးကိုကိုသိရင် မိုးမီးလောင်တော့မှာ သေချာတယ်။

မဖြစ်ဘူး ... မဖြစ်ဘူး။

ဒီကိစ္စကို အမြန်ဆုံးတားရမယ်။

"ကြီးဝါရယ် ... သူ့ကို မမြင်ဘူးသေးဘဲနဲ့ ကြီးဝါတို့ဘာတို့ ဒီလောက်တောင် အထင်သေးရှုံ့ချနေရတာလဲဟင်၊ သူက ခပ်မာမာလေးနဲ့ ခပ်တည်တည်လေးနေတတ်ပြောတတ်တဲ့ တိုက်စစ်မှူးပါ ကြီးဝါရဲ့ ... ဖြူက အရေးလေးစိုက်ပြီးတော့ ဆေးလေးသွားထည့်ပေးတာတောင် ဖြူ့ကို ကျေးဇူးတင်ပါတယ်လို့ တစ်ခွန်းပြောသွားမယ်ထင်နေလား ... နောက်လာမပတ်သက်ပါနဲ့လို့ ခပ်ပြတ်ပြတ်လေးပြောပြီး ချာခနဲ လှည့်ထွက်သွားတာ၊ ကဲ ... ခစ်ခစ် နင်ပဲပြောလိုက်လေ၊ တိုက်စစ်မှူး ဘယ်လောက်မာနကြီးတယ်ဆိုတာ"

ဒီတော့မှ ခစ်ခစ် ခေါင်းကလေးမော့ဆန့်ကာ ...

ဖိုးလပြည့်စာပေ



"ဟုတ်တယ် ကြီးကြီးဝါ ... ဦးယံရဲ့ရှုံးခန်းကို သန့်ရှင်းရေးလာလုပ်ပေးလို့ ပိုက်ဆံပေးတာလည်း မယူဘူး ... တမင်ခေါ်ကျွေးတော့လည်း မစားဘူး၊ မာနကတော့ တကယ်ကြီးတယ်"

"ရှပ် ... ရှပ်ကရော ... "

"လီမင်ဟိုအတိုင်းပဲ ... "

"အောင်မလေးဟယ် ... ကြည့်စမ်း ... "

ခစ်ခစ်ပြောလိုက်တာ လီမင်ဟိုအတိုင်းပဲတဲ့။

ဒါဆိုရင်တော့ အားလုံးသေပြီဆရာပဲ။

ကြီးညို့နဲ့ကြီးဝါ အပျိုကြီးနှစ်ယောက်ကိုယ်တိုင် အသည်းစွဲမလွတ်တမ်း ကြည့်နေတဲ့ မင်းသားလေး ...

ဒီရုပ်မျိုးနဲ့ ဒီလိုအလုပ်ကြမ်းတွေ ဝင်လုပ်နေစရာလား။

ဘာပဲပြောပြော တစ်ခုခုမှားနေတာကတော့ သေချာနေခဲ့ပြီ။

လီ ... လီမင်ဟိုက စံတော်ဝင်ပန်းလေးကို စိုက်သွားခဲ့တာဆိုတော့ သူနဲ့ဒီစံတော်ဝင်ပန်း ဘယ်လိုပတ်သက်နေလို့လဲ။

တိုက်စစ်မှူး စိမ်ခေါ်ချင်နေတာ ထက်ဖျားယံကိုလား။

www.burmeseclassic.com

အခန်း ( ၆ )

လီဗာကို ခပ်ဆတ်ဆတ် ဖိနင်းပြီး ...

ဆိုက်ထဲက လမ်းဘေး ဗွက်အိုင်ကို ဝေါခနဲအဖြတ် ...

"ဗွမ်း ... "

"ဖလမ်း ... "

"ဟာ ... "

မျက်ဝန်းထောင့်မှာ ရိပ်ခနဲ လှမ်းမြင်လိုက်ရတာက ဆံပင်ရှည်တွေကို ရော်ဘာကွင်းကလေးဖြင့် ဖြစ်သလိုလေးနောက်မှာ စုချည်ထားတဲ့ မနေ့က ဟိုပြဿနာကောင် ... ။

ကားအဖြတ်မှာ ရွှံ့ရေတွေမစင်အောင် လူက ခုန်ရှောင်ဖို့ ကြိုးစားလိုက်ပေမယ့် ကံဆိုးစွာနဲ့ပဲ ရွှံ့ရေတွေက တစ်ကိုယ်လုံးမှာရော မျက်နှာတွေမှာပါ ထိစင်သွားခဲ့သလို လူကပါ ဟန်ချက်ပျက်ပြီး ချော်လဲမသွားခဲ့တာပဲ ကံကောင်း။

ဒါကိုမြင်တော့ ထက်ဖျားယံနှုတ်ခမ်းလေးက တွန့်မဲ့သည်။ ဒီလိုဖြစ်သွားအောင် ချက်ချင်းဆုံးဖြတ်ပြီး တမင်လုပ်ချပစ်လိုက်တာ





လေ။ ဒီဆိုက်ထဲမှာ ထက်ဖျားယံ ဂရုစိုက်နေရမယ့်အလုပ်သမားဆိုတာ ရှိလို့လား။

အားလုံး ကိုယ်ပေးကိုယ်ကျွေးမှ စားနေရတဲ့လူတွေ။

"ဟွန်း ... ဆောရီးကွာ တိုက်စစ်မှူး ... "

နှုတ်ခမ်းမဲ့ တောင်းပန်ရင်း လမ်းဘေးမှာပဲ ကားကိုချရပ်ပစ်သည်။ ထက်ဖျားယံကားပေါ်က ဆင်းလာတာလည်း စတိုင်လ်ပြည့်နေ့ပါ။ နီညိုရောင် ရှပ်လက်ရှည်ကို စတိုင်လ်ပန် အနက်ရောင်နှင့် တွဲဝတ်ထားရင်း ကြယ်သီးတွေကိုပါ စေ့ပိတ်နေအောင် တပ်ထားလျှက်။ ရွှံ့စပ်စပ် မြေပြင်မှာပဲ အနက်ရောင်ရှူးကိုချနင်းကာ တိုက်စစ်မှူးဘက်ကို ဂရုမစိုက်သလို ပြန်လှည့်လျှောက်သည်။ ဒီလိုပြန်လျှောက်လာစဉ်မှာပဲ တိုက်စစ်မှူးက အရေးမစိုက်သလို ချာခနဲလှည့်ထွက်သွားဖို့ပြင်လိုက်တော့ စိတ်ထဲမှာ ထောင်းခနဲဖြစ်ကာ။

ဟာ ...

"ဟေ့ကောင် ... မင်း ခဏနေဦး ... "

ထက်ဖျားယံ အော်လည်းအော် ခြေလှမ်းကိုလည်း နှစ်ဆတင်ပစ်သည်။

ဒီကောင် ဘယ်လိုကောင်လဲဟင်။ ကိုယ့်ကိုမြင်နေတာကောင် ဂရုမစိုက်။ ဒီလိုလှည့်ထွက်သွားတယ်ဆိုတာ ကိုယ့်ပါးကိုပတ်ဆတ်လေး အသံတိတ်ရိုက်ချသွားတာ။ ဒီအဆင့်နဲ့ဒီအဆင့် ကိုလုပ်စရာလိုသလား။

ခုတော့ ပတ်ဝန်းကျင်မှာ လူတွေရှင်းနေချိန်မို့ အတော်ပါပဲ။ ဒီကောင့်ကို သိချင်တာတွေ မေးရတော့မှာပေါ့။

"ငါ ... ငါ ... မင်းနဲ့စကားပြောချင်လို့ခေါ်လိုက်တာ



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ခင်ဗျားနဲ့မပတ်သက်ချင်ဘူး ဦးထက်ဖျားယံ"

"ဟွန်း ... မင်း မပတ်သက်ချင်လည်း ပတ်သက်ရမှာပဲလေ တိုက်စစ်မှူး ... ငါက မဟာစကြာဝဠာရဲ့ အရှင်သခင်၊ ငါ့ရဲ့စီစဉ်မှုတွေ၊ ငါ့ရဲ့ဖန်တီးမှုတွေအောက်မှာ ဒီအလုပ်သမားတွေအားလုံး ငါ့ရဲ့လက်အောက်ခံရုံးအဖွဲ့တွေအားလုံး ရှင်သန်နေရတာပါ၊ ဒါကို မင်းဆန့်ကျင်လို့မရဘူး၊ ကဲ ... ပြောပါဦး ... မင်း ဘာရည်ရွယ်ချက်နဲ့ ဒီမဟာစကြာဝဠာရဲ့ စည်းဝိုင်းဧရိယာထဲကို စံတော်ဝင်ပန်းလေး တစ်ပွင့်နဲ့ ဝင်လာခဲ့ရတာလဲ ..."

"အဲဒါ ... ကျွန်တော်အလုပ်မရှိလို့ ..."

ဖြေတာပြတ်သလို မျက်ဝန်းတွေကို ခပ်ဆတ်ဆတ်လွှဲဖယ်ရင်း ဆောက်လက်စအဆောက်အဦကြီးဘက်ကိုပဲ တိုက်စစ်မှူးက မျက်နှာလေးလွှဲပစ်သည်။

"အဲဒါ ... မင်းတကယ်ပြောတာနော် တိုက်စစ်မှူး ..."

"ကျွန်တော် ခင်ဗျားကို လိမ်စရာအကြောင်းမရှိဘူး"

"အေး ... မင်းမလိမ်ဘူးဆိုလဲ အမှန်တရားတစ်ခုပေါ်အောင်တော့ ငါကစမ်းရမှာပဲ ... ခုရော ဘယ်လိုလဲ ... မင်းနှုတ်ခမ်းက ဒဏ်ရာတွေရော သက်သာရဲ့လား ..."

"သက်သာပါတယ်"

ဒီကောင်ဖြေနေတာကိုကြည့်ပြီး နှုတ်ခမ်းမဲ့မဲ့လေးနဲ့ပဲ ထက်ဖျားယံ ပြုံးမိ၏။ ဦးမြတ်အိန္ဒြေထွန်းအပေါ်မှာတော့ တော်တော်သစ္စာရှိတဲ့ကောင်။ ဒီကောင် ... မနေ့က ခပ်မာမာ ခပ်ထန်ထန် ပြောသွားတာပဲ ကြည့်လေ။

ဦးက အထိုးခံလိုက်ဆိုရင် ကျွန်တော် အထိုးခံမယ်တဲ့လေ။





တကယ်ဆို ဒီကောင် ကိုယ်လုံးကိုယ်ပေါက်နဲ့ အရပ်မောင်းအနေအထားက ကိုယ့်ကိုတောင် ပြန်ယှဉ်လို့ရမယ့်အနေထား။ ဦးမောင်မောင်စိုး ပြောတာကတော့ ဒီကောင် လမ်းပေါ်က ဖိုက်တာတဲ့။ ဟုတ်မှာပေါ့ ...

ကိုယ်ဒီလောက်သိပ်ထားတာတောင် ကိုယ့်ကို ပမာမခန့်နဲ့။

ခုထိလည်း ကိုယ့်ကိုလှည့်မကြည့်သလို ကိုယ့်ကို ဖြုံနေတာ ...းလည်း မတွေ့ရ။ ကိုယ့်ရှေ့မှာ မတ်ဆန့်နေအောင်ရပ်ပြီး နှုတ်မ်းလေးကပါ မဲ့ချင်ချင်။ သူမခေါ်ချင် မပြောချင်တာကို ကိုယ်ကပဲတင်းလိုက်ခေါ် ပတ်သက်နေရသလိုမျိုး။

"ဟွန်း ... ဘာပဲပြောပြော ငါကတော့ မင်းကို လုံးဝမယုံ...းသိလားဟေ့ကောင် ... ငါ ဒီနေ့ ဒီဆိုက်ထဲကို ပြန်လာတာ၊ ...: ဘာကောင်လဲဆိုတာ အတိအကျသိချင်လို့ ပြန်လာတာ"

"ရတယ် ... ခင်ဗျား ကြိုက်သလိုစမ်းလိုက် ..."

"ကောင်းပြီလေ တိုက်စစ်မှူး ... မင်းဘာကောင်လဲ၊ မင်း...ယ်လိုအကြောမာသလဲဆိုတာ သိအောင် ဦးမြတ်အိန္ဒြေထွန်းနဲ့...ိုင်ပင်ပြီးတော့ ငါစီစဉ်မယ် ... နောက်မှ မင်းထွက်မပြေးနဲ့"

"ခင်ဗျား ပြောချင်တာ ဒါပဲလား"

"ဒါပဲ ..."

ကြည့်စမ်း ... ဒီကောက် ခပ်မိုက်မိုက်ပဲ ပြန်လှည့်ထွက်သွား... ဒါကိုကြည့်ပြီး အပြုံးမဲ့မဲ့လေးနဲ့ကျန်ခဲ့တာ ထက်ဖျားယံပါ။

ဦးမြတ်အိန္ဒြေထွန်းကို ခေါ်ကာ မေးကြည့်တော့ ...

"ဟာ ... မဟုတ်ပါဘူး ဘော့စ်ရယ် ... ဒီကောင် ...ကောင် တကယ်ဒုက္ခရောက်နေလို့ ကျွန်တော် စောင့်ရှောက်ထား



www.burmeseclassic.com

www.burmeseclassic.com



တာပါ ... ညကလည်း ကျွန်တော်နေတဲ့ တောင်ဒဂုံထဲက ပျဉ်ထောင်အိမ်ကလေးကိုခေါ်သွားတာ ခြင်ထောင်အပိုမရှိလို့ တစ်ညလုံး ခြင်တွေခဲနေအောင် အကိုက်ခံပြီး ဒီကောင်အိပ်သွားတာလေ တကယ်ပါ ... ဒီကောင် တကယ်ဒုက္ခရောက်နေတဲ့ကောင်ပါ၊ သူ့ကို ဘော့စ် အထင်မလွဲပါနဲ့ ... "

ထက်ဖျားယံ ဘယ်လိုပြောရမလဲ။

"ခင်ဗျား ... ဒီကောင့်ကို ယုံတယ်ပေါ့ ... "

"ယုံတယ် ... ယုံတယ် ... "

"ဒီကောင် ပြဿနာရှာလာရင် ခင်ဗျား တာဝန်ယူရမှာနော်"

"ဟာ ... ကျွန်တော် တာဝန်ယူပါတယ်ဘော့စ်ရဲ့ ... ဒီကောင်ပုံစံလေးက မဟုတ်မခံ ဂျွတ်ဆတ်ဆတ်လေးဖြစ်နေလို့ ဘော့စ်တို့အမြင်မှာ တစ်မျိုးဖြစ်နေတာ ... ညကလည်း ဒီကောင့်စိတ်ကို အမျိုးမျိုးစမ်းကြည့် မေးကြည့်ပြီးသွားပြီ ... ဒီကောင် လမ်းပေါ်မှာ တကယ်ဒုက္ခရောက်နေလို့ ဒီအလုပ်ကိုလာလုပ်တာ၊ တခြားရည်ရွယ်ချက်တွေ ဒီကောင့်မှာ ဘာမှမရှိပါဘူး ... အခုလည်း ဒီကောင့်ကို ဘော့စ် ကြိုက်သလိုလာစမ်းပါ"

"ကျွန်တော် ညာမှာမဟုတ်ဘူးနော် ဦးမြတ်အိမ်ခြွေထွန်း"

ထက်ဖျားယံဆိုတာ ပြောရင်လည်းပြတ်သည်။ လုပ်ရင်လည်း တိကျသည်။ သူ မသင်္ကာတာက စံတော်ဝင် ပန်းလေးတစ်ပွင့်နဲ့ ဒီဆိုက်ထဲကို ဒီကောင်ရောက်လာတယ်ဆိုတဲ့အချက်။ ပိုဆိုးတာက သူ့စားပွဲမှာ ဒီပန်းကို စိုက်သွားခဲ့တာ။

ဒါ ... ထက်ဖျားယံကို လာစိမ်ခေါ်နေတာ မဖြစ်နိုင်ဘူး





လား။

စံတော်ဝင်ဆိုတာ သူမေ့ထားခဲ့တာ ကြာပြီဖြစ်တဲ့မိန်းမတစ်ယောက်၊ ပြန်သတိရဖို့ဆိုတာလည်း ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်တော့တဲ့မိန်းမတစ်ယောက်။ ဒါကို ထိတ်လန့်မေ့မျောသွားရတော့မတတ် အစဆွဲထုတ်ပစ်လိုက်တာ ဘယ်သူလဲ။

"ဟာ ... ညာစရာမလိုဘူးလေ ဘော့စ် ... ဒီကောင့်ကို ဘော့စ် ကြိုက်သလိုခိုင်း ... ဒီကောင် ခံနိုင်တယ်၊ ညကလည်း အိမ်မှာရေမရှိလို့ တိုင်ကီသုံးလုံးစာကို တံပိုးနဲ့ရေပုံးဆွဲပြီး ဒီကောင် နာရီဝက်နဲ့အပြတ် ထမ်းသွားတာ ... "

"ဟွန်း ... တွေ့မယ်လေ ဦးမြတ်အိမ်ခြွေထွန်း ... ခင်ဗျား ဆိုက်ထဲကပဲ စောင့်နေလိုက် ... ဦးမောင်မောင်စိုးကိုခေါ်ပြီး ကျွန်တော် လာခဲ့မယ်"

ဦးမြတ်အိမ်ခြွေထွန်းကတော့ ခပ်အေးအေးပါပဲ။

ဒီကောင့်ကိုလည်း ဆိုက်ထဲမှာ ဘယ်လိုနေရမယ်၊ ဘယ်လိုဆိုင်ရမယ်ဆိုတာတွေ တညလုံး သွန်သင်ထားခဲ့ပြီးသား။ ချစ်ခြင်းဖြူနဲ့ပတ်သက်သွားမှာကိုပင် တားမြစ်ခဲ့တဲ့အထိ။ ဦးမြတ်အိမ်ခြွေထွန်း စည်းကမ်းချက်တွေ သတ်မှတ်ပေးခဲ့သည်။

အဓိက အရေးကြီးတာ ကိုယ့်အလုပ်ကိုယ် လုပ်နေဖို့ပါပဲ။

ဆိုက်ထဲကိုပြန်ရောက်တော့ တိုက်စစ်မှူးက ထုံးစံအတိုင်း အလုပ်မြေအိတ်တွေကို သုံးလွှာရောက်အောင် ထမ်းတက်နေသည်။

"မမချစ်ခြင်းဖြူရေ ... မမချစ်ခြင်းဖြူ ... "

"ဟဲ့ ... ဟဲ့ ခစ်ခစ် ... နင် ဘာဖြစ်လာတာလဲ"

"ဟိုမှာ ... ဟိုမှာလေ ... ဦးယံ ရောက်လာပြီတော့ ဟို



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုကြီး တိုက်စစ်မှူးကို နှိပ်စက်နေတာ ... "

"ဘုရားရေ ... ကိုကိုရောက်လာတယ် ... "

ချစ်ခြင်းဖြူ ထိတ်လန့်သွားတာ မျက်နှာလေးပါ ဖြူဖျော့လျှက်။

"ရောက်လာတာပေါ့ မမချစ်ခြင်းဖြူရဲ့ ... အခုလည်း ဂိုထောင်ထဲက ရှိသမျှ ဘိလိပ်မြေအိတ်တွေကို ဟိုအစ်ကိုကြီးတိုက်စစ်မှူးကိုပဲ သုံးလွှာရောက်အောင် ထမ်းတင်နိုင်းနေတာ သနားပါတယ် မမချစ်ခြင်းဖြူရယ် ... ဒီကိုကြီးတစ်ယောက်တည်းကို နှိပ်စက်ပြီးတော့ ထမ်းနိုင်းနေတာ မကောင်းပါဘူး၊ အဲဒါ ... အဲဒါပေ သစ်သားခင်းအစွန်းကို မတော်တဆ နင်းမိသွားလို့ ချော်လဲသွားတာ အခု ... ဟိုအစ်ကိုကြီး ထော့နဲ့ ထော့နဲ့လေးတောင်ဖြစ်နေပြီ မမချစ်ခြင်းဖြူရဲ့ ... "

"အို ... ကြည့်စမ်း ... "

ဖြူ ... ကိုကို့ကို မကြိုက်တာလည်း အဲဒါ။

သူကြည့်လို့မရတဲ့သူကို နှိပ်စက်ရမယ်ဆိုရင် ကိုကိုထိပ်ဆုံးက။ ဒီစံတော်ဝင်ပန်းလေး ပန်းအိုးမှာ ထိုးထားမိခဲ့တာလေးတစ်ခု လူတစ်ယောက်ကို ဒီလောက်တောင် အပြစ်ပေးမုန်းတီးနေစရာလိုသလား။ မတော်တဆ တိုက်ဆိုင်သွားတာလည်း ဖြစ်နိုင်တာပဲ။

ခုတော့ ... ကြည့်ပါဦး ... ကိုကိုနှိပ်စက်လို့ သူ ... သူ ထော့နဲ့ ထော့နဲ့လေးတောင် ဖြစ်နေပြီတဲ့။

"အဲဒါ ... အဲဒါ နင် ဘယ်လိုလုပ်တွေ့လာခဲ့တာလဲဟ ခစ်ခစ်"

"ဟာ ... မမ သောက်စရာ အချိုရည်ဗူးပါမလာလို့ ဆိုင်





ဝင်းအပြင်ဘက်က စတိုးဆိုင်မှာ ကုတ်ဘူးလေးသုံးဘူး သွားဝယ်ရင်း တွေ့လာတာလေ မမချစ်ခြင်းဖြူရဲ့၊ ခြေထောက် ထော့နဲ့ ထော့နဲ့လေးဖြစ်နေတာတောင် ဦးယံက ဆက်ပြီးတော့ထမ်းနိုင်းနေလို့ ... "

"ဒါဆို ... ငါ ... ငါ ကိုကို့ကို ဖုန်းဆက်ပြောလိုက်ရင် ကောင်းမလားဟင် ခစ်ခစ် ... ငါ့ကို အကြံလေး ဉာဏ်လေး ပေးစမ်းပါဦး ခစ်ခစ်ရဲ့ ... "

"ဟာ ... ခစ်ခစ် ကြောက်တယ်၊ အကြံမပေးရဲဘူး"

"ဒုက္ခပါပဲ ခစ်ခစ်ရယ် ... "

မလွဲသာလို့ ချစ်ခြင်းဖြူ ငြိမ်နေလိုက်ရပေမယ့် စားပွဲမှာ ထိုင်နေလို့မရဘဲ ပြတင်းပေါက်လေးနားသွားကာ ဟိုဘက်ကို တွေ့ရလို တွေ့ရငြား ဆံပင်ရှည်တွေ တခါခါနဲ့ လှမ်းကြည့်လိုက်ပေမယ့် မမြင်ရဘူးလေ။

"အဲဒါလေ ... မနက်ကလည်း ခစ်ခစ် ခြံထဲကိုရောက်တော့ ဦးယံနဲ့ ဒေါ်အပျိုကြီးနှစ်ယောက် ပြောနေတာကိုတောင် ခစ်ခစ် ကြားလိုက်သေးတယ်"

"ဟင် ... ဘာတွေပြောနေကြတာလဲ"

"ဦးယံကို တိုင်နေတာလေ ... အဲဒါ ... မမချစ်ခြင်းဖြူ ဆေးသေတ္တာကြီးနဲ့ အဲဒီအစ်ကိုကြီးကို ဆေးထည့်ပေးလိုက်တာ၊ တိုင်လိုက်တော့ ဦးယံ တော်တော်ဒေါပွသွားတယ်၊ အဲဒါ ... အဲဒါ မျက်နှာနီနီကြီးနဲ့ ခြံထဲကနေ ကားကိုတောင် ခပ်ကြမ်းကြမ်းမောင်းထွက်သွားတာ"

အဲဒါ ... ခစ်ခစ်ကြောက်ပြီး မပြောရဲလို့ မမချစ်ခြင်းဖြူကို



www.burmeseclassic.com

www.burmeseclassic.com



အသိမပေးဘဲ ဒီအတိုင်းထားလိုက်တာပါ။ ဒါကိုသိသွားလို့ ဟိုအစ်ကို ကြီး တိုက်စစ်မှူးကို နှိပ်စက်နေသလားဆိုတာလည်း ဘယ်သူမှ မသိနိုင်။ သေချာတာက မမချစ်ခြင်းဖြူ တစ်ယောက်ယောက်နဲ့ ငြိစွန်းပတ်သက်သွားမှာကို တစ်အိမ်လုံးက လက်မခံနိုင်ကြတာဘဲ ဖြစ်သည်။ ဒီအကြောင်းကို မမချစ်ခြင်းဖြူကွယ်ရာမှာ ကြိတ်ဆွေး နွေးနေတာရော မမချစ်ခြင်းဖြူ တကယ်မသိခဲ့တာလား။

"ဖြစ်နိုင်တယ် ခစ်ခစ် ... ဒီအကြောင်း ကိုကိုသိသွားလို့ သူ့ကို တမင်အလုပ်ကနေ ထွက်သွားအောင် နှိပ်စက်နေတာလည်း ဖြစ်နိုင်တယ်၊ သူ ... သူ သနားပါတယ်ခစ်ခစ်ရယ် ... သူ့ခမျာ လမ်းပေါ်မှာ ဒုက္ခရောက်နေလို့ ဒီအလုပ်လေးကို လာလုပ်နေရတဲ့ ဥစ္စာကို"

ချစ်ခြင်းဖြူ ပြောမိတာ စိတ်ထိခိုက်ဝမ်းနည်းနေသံလေးနဲ့ ပြောလိုက်မိတာပါ။ ခုတလော ... သူနဲ့တွေ့ပြီးမှ ဖြူစိတ်ထဲမှာ ဘာတွေဖြစ်လို့ဖြစ်နေမှန်းလည်းမသိ။ ဆံပင်ရှည်တွေကို စုချည်ထား ပြီးတော့ ဂျင်းအကျီအနွမ်း ဂျင်းဘောင်းဘီအနွမ်းကလေးနဲ့ သူလမ်း ဘေးမှာ ထိုးကြိတ်သတ်ပုတ်နေတာ ဗီရိုတွေစားပွဲတွေ ရွှေ့ပြီး ကိုကို ရုံးခန်းကျယ်ကြီးကို ဂန္ထဝင်မြောက်ခမ်းနားသွားအောင် စကားအပို တွေ တစ်လုံးမှမပြောဘဲ သူတစ်ယောက်တည်း ပြင်ဆင်ပေးသွား တာ။

ဟော ... ကိုကိုက မြင်မကောင်းအောင် ထိုးကြိတ်ထားမှ လို့ ဖြူ စိတ်မကောင်းဖြစ်ပြီး ဆေးထည့်ပေးတော့လည်း လူတွေကို မုန်းလို့ ငါ ဘယ်သူနဲ့မှ မပတ်သက်ချင်ဘူးတဲ့။ မင်း နောက်တစ်ခါ ငါ့ဆီကို ဘယ်တော့မှ မလာပါနဲ့တဲ့။ ဒီလိုပြောပြီး ဖြူမြင်လိုက်ရတဲ့





သူ့မျက်ဝန်း နာနာကျင်ကျင်လေးတွေကို ခဏခဏ ပြန်မြင်နေမိ ကာတွေအားလုံး အချိန်တိုင်းမှာ ဖြူ့ကို သူလွှမ်းမိုးနေခဲ့ပြီဆိုတာ ဖြူကပဲ အသိဆုံးဖြစ်နေခဲ့၏။

ဒါတောင် ကြီးညို့နဲ့ကြီးဝါက ...

ညအိပ်ကာနီးမှာတောင် ဆံပင်တွေ လာပြင်ပေးရင်း ...

"ဟွန်း ... ညည်းလေးကို ခုကတည်းက ကြီးညို အပြတ် ပြောထားမယ်နော် ... အိအိစက်စက်လေးနဲ့ နုညက်နေအောင်လု တဲ့ ကြီးညို့ရဲ့တူမလေးကို နတ်ပြည်ခြောက်ထပ်က ဆင်းလာပြီး တောင်းရင်တောင် ကြီးညိုတို့ သဘောမတူနိုင်ဘူး၊ လမ်းဘေးက မြေဇာမြက်သာသာ ကောင်တွေလောက်တော့ စကားထဲတောင် ထည့်ပြောမနေနဲ့တော့"

"ဟုတ်တယ်နော် ချစ်လေး ... မမညိုပြောတာ ကြီးဝါ လည်းထောက်ခံတယ် ... ညည်းလေးကို ရွှေမှုန်စားပြီး အာခံတွင်း မှာ ငါတို့က ငုံလာခဲ့ကြတာ၊ အခုပဲကြည့်လေ ... ညည်းလေး ဘယ် လောက်လှလဲ၊ လည်တိုင်လေးဆို မှုန်ညက်အိစက်ပြီးတော့ အကြောစိမ်းလေးတွေဖြာနေတာတောင် တွေ့နေရတာ၊ အသား လေး နုညက်အိစက်နေတာလည်း ရွှေမှုန်လေးတွေ တဖျတ်ဖျတ် လက်နေသလိုပဲ ... ဒါကြောင့်မို့ ညည်းလေးအလှပျက်သွားမှာ ကြောက်လို့ ဘယ်လိုလူမျိုးနဲ့မှ သဘောမတူနိုင်တာ၊ ဒါကိုတောင် တိုက်စစ်မှူးဆိုတဲ့ ဘာမဟုတ်တဲ့ကောင်ကို ညည်းလေးက တယု တယ အရောတဝင်သွားလုပ်တယ်ဆိုတော့ ငါတို့မှာ သွေးတိုးပြီး တော့ ဆေးခန်းမပြေးလိုက်ရတာကံကောင်း ..."

အဲလို ဆံပင်လေးတွေ ရှင်းပေးရင် တဂျီဂျီပွမ်နေခဲ့ အပျို



www.burmeseclassic.com

www.burmeseclassic.com



ကြီးတွေ။ ညအိပ်တော့လည်း သူတို့ခုတင်တွေက အခန်းကျယ်ကြီး ထဲမှာ ဘယ်တစ်လုံး ညာဘက်စ်လုံးနေရာယူထားတာ။

ဟန်းဖုန်းလေးအသံမြည်လာလည်း ဖြူက ကိုင်ခွင့်မရှိ။ ဖြူ ရဲ့ တံခါးစောင့်ကိုယ်ရံတော် အပျိုကြီးနှစ်ယောက်ကပဲ စစ်ကြော မေးမြန်းခြင်းကို အရင်ဆုံးစလုပ်တာ။

သူတို့သဘောကျတဲ့လူမှ ဖုန်းပေးကိုင်ကာ စကားပြောခေ တာမျိုး။ ဒီကြားထဲကမှ တိုက်စစ်မှူးနဲ့ သွားပတ်သက်လိုက်မိတာ ဆိုတော့ တဟင်းဟင်းနဲ့ ပင့်သက်ချသူချ၊ ဟိုဘက်စောင်းအိပ်လိုက် ဒီဘက်စောင်းအိပ်လိုက်နဲ့ ... မသက်ာရင် ထလာပြီး ဖြူ့ခြင်ထောင် ဘေးကနေ ရပ်ကြည့်ကြသေးတာ။

"ဟယ် ချစ်ခြင်းဖြူ ... ညည်းလေး မအိပ်သေးဘူးလားဟင် မျက်တောင်လေးပွင့်ပြီး ဘာတွေစဉ်းစားနေတာလဲ"

မေးပြီးတော့လည်း တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြနဲ့ သူတို့မေးရင်လည်း ဖြေမှကြိုက်တာမျိုး။ စိတ်ရှုပ်လို့ ဖြူ က မဖြေရင်လည်း တညလုံး ဂျီတွန်ကာ ဖြစ်တောက် ဖြစ်တောက် လုပ်တဲ့လူကလုပ်၊ သွေးတိုးနေပြီပြောပြီး ဆေးထသောက်တဲ့လူက သောက်နဲ့။ တစ်ခါတလေ မနက်သုံးနာရီထိုးမှ အိပ်ပျော်သွားတာ မျိုးတွေအထိ ရှိခဲ့ဖူးသည်။

ဟော ... မနက်ကျတော့ နေဖင်ထိုးတာတောင် အပျိုကြီး တွေ မထနိုင်ကြတော့။ တစ်ခါက ဘယ်လောက်ထိရယ်ဖို့ကောင်း သလဲဆိုရင် ...

သူတို့က မထသေးလို့ ကိုယ်ကအရင်ထပြီး မျက်နှာသစ် သွားတိုက် ဘုရားရှိခိုး ခြံထဲဆင်းသွားချိန်ထိ ကိုယ်ထသွားတာကို





သိလည်းမသိ နိုးလည်းမနိုးကြဘဲ ဟော ... နိုးလာလို့ ဖြူ့ကိုမတွေ့ တော့မှ ပျာယာခတ်နေအောင် အပျိုကြီးနှစ်ယောက် လိုက်ရှာကြ တာ။ အထက်ဆင်ထမီအောက်ရောက်ပြီး ကပြောင်းကပြန်တွေ လည်း ဖြစ်လို့ဖြစ်။ ယောကျ်ားနောက်လိုက်ပြေးပါပြီဆိုပြီး အတင်း ကျုံးအော်လို့အော်နဲ့။ ကဲ ... ဘယ်လိုလုပ်ကြမလဲ ...

အဲလောက်ထိ ဒီတူမလေးတစ်ယောက်ကိုပဲ သည်းသည်း လှုပ် ပျာယာခတ်နေအောင် ချစ်လာခဲ့တဲ့ အပျိုကြီးတွေ။

စားလည်း ဒီတူမလေး ... သွားလည်း ဒီတူမလေး။ တစ် ယောက်က ဆံပင်ရှည်တွေကို ဖြီးသင်ရှင်းပေးရင် တစ်ယောက်က ခြေသည်းလက်သည်းဆိုးပေးနေတတ်တာမျိုး။ တစ်ယောက်က အဝတ်အစားလဲပေးနေလျှင် တစ်ယောက်က စီးမယ့်ဖိနပ်ကို လက် ပြောင်နေအောင် တိုက်ပေးနေတတ်တာမျိုး။

ဒါကိုတောင် ဒီတူမလေးက ကိုယ့်ထက်အဆင့်ပေါင်းများစွာ နိမ့်ကျနေသည့် တိုက်စစ်မှူးလို လူစားမျိုးကိုမှ ရောရောဝင်ဝင်ပတ် ပတ်သက်သက်သွားလုပ်ထားခဲ့တာဆိုတော့ ထက်ဖျားယံ ဒေါမပွ ဘဲနေပါတော့မလား။ ဒါကြောင့်မို့ တိုက်စစ်မှူးကို သွားနှိပ်စက်နေ တာလေ။ ဒီသတင်းကိုကြားလို့ ချစ်ခြင်းဖြူ မျက်နှာလေးပျက်နေ တာ ထမင်းစားဖို့လည်း သတိမရတော့ပါ။ သေချာတာက ... မျက် ဝန်းလေးထဲမှာ အမြဲမြင်နေမိတာ။ တိုက်စစ်မှူးဆိုတဲ့ ဖွတ်ဆတ် ဆတ် မာကြောကြောလူတစ်ယောက် ...

သူကရော ကိုကို နှိပ်စက်သမျှကို ခေါင်းငုံ့ခံနေသတဲ့လား။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၇ )

"ခင်ဗျားမပြောနဲ့ ဦးမြတ်အိန္ဒြေထွန်း ... ဒီကောင့်ခြေလှမ်း ဘာလဲဆိုတာ သိချင်လို့ ကျွန်တော်စမ်းနေတာ ... ဒီကောင် ဘယ်လောက်မာနိုင်မလဲ၊ ဒီကောင် ဘယ်လောက်ခံနိုင်မလဲ၊ ဟွန်း ... အခုတောင် ခင်ဗျားကောင် ယိုင်နေပြီလေဗျာ ... ဒါ ... နမူနာအစပဲရှိသေးတယ်"

ထက်ဖျားယံ လက်ပိုက်ပြုံးနေတာ မျက်နှာပေါ်မှာ ပီတိတွေဖုံးလို့။ ဦးမြတ်အိန္ဒြေထွန်းကတော့ ကိုယ့်ကောင် တိုက်စစ်မှူးကိုကြည့်ကာ ဂရုဏာဖြစ်လို့မဆုံး။ ဒီကောင် မာတာကတော့ တကယ်မာတဲ့ကောင်။ ဦးထက်ဖျားယံရှေ့မှာပဲ ဘီလပ်မြေအိတ်ငါးဆယ်ပုံကို တစ်ယောက်တည်းထမ်းပြီး ဖြိုချသွားတာ။ အခု ဘာကျနေတာ့လို့လဲ။

သုံးလွှာကို ထမ်းတင်နေတာ မျက်နှာလေးလည်းရဲလို့။ ဆံပင်လေးတွေလည်း ဖရိုဖရဲလေးဖြစ်ကာ ဖွာလန်လေးကြဲလို့။ တစ်ခုပဲ စိတ်မကောင်းဖြစ်ရတာ။ ဒီကောင် ခြေထောက်လေး ထော့နဲ့ ထော့နဲ့ဖြစ်နေတာ။





"ဘော့စ်ရာ ... ဒီအခြေအနေဆို ဒီကောင့်အနေအထားကို ဘော့စ်အကဲခတ်လို့ရနေပါပြီဗျာ ... ဒီကောင် ရိုးရိုးသားသား အလုပ်ဝင်လာတာပါ ... ဘော့စ် သံသယ မဖြစ်ပါနဲ့ ... "

ဦးမြတ်အိန္ဒြေထွန်း မရဲတရဲလေးတော့ တောင်းပန်ကြည့်မိသည်။

သို့သော် ... ဒါကိုလက်မခံနိုင်တာက ကုမ္ပဏီအုပ်ချုပ်ရေးမှူး ဦးမောင်မောင်စိုးပဲ ဖြစ်နေသည်။

"ကျွန်တော်ကတော့ ဒီကောင့်ကို မယုံဘူးဘော့စ် ... "

"ဟွန်း ... ခင်ဗျား ဘာကိုမယုံတာလဲ"

ဦးထက်ဖျားယံက လက်ပိုက်မဖြုတ်ဘဲ ဒီအတိုင်း ပြန်လှည့်ကြည့်ကာ မေးသည်။ ဦးမောင်မောင်စိုးက နှုတ်ခမ်းမဲ့လျှက်။

"ဒီကောင့်အမူအရာက ကျွန်တော်တို့အားလုံးကို ဂရုမစိုက်သလိုလုပ်ပြနေတာ ဦးမြတ်အိန္ဒြေထွန်းနဲ့ တွေ့မလာခင် လွန်ခဲ့တဲ့သုံးလေးရက်လောက်ကတည်းက ဒီကောင် ဒီဆိုက်နားမှာ တရစ်ဝဲဝဲလုပ်ပြီး ပြဿနာရှာနေတာ ... "

"အဲဒါ ... အဲဒါ ... ဒီမှာအလုပ်ဝင်ချင်လို့ ဖြစ်သွားတဲ့ပြဿနာတွေပါ ဦးမောင်မောင်စိုးရာ ... ဒီကောင့်မှာ တခြားရည်ရွယ်ချက်တွေဘာမှမရှိဘူးဆိုတာ ကျွန်တော် အာမခံတယ် ... အခုလည်း ဘော့စ်ခိုင်းနေတာကို ဒီကောင် ကလန်ကဆန် ဘာလုပ်နေလို့လဲ"

"အခုမလုပ်ပေမယ့် နောင်လုပ်လာရင်ရော ... "

"ခင်ဗျား မကျေနပ်ရင် ကျွန်တော့်ကိုပါ အလုပ်ထုတ်ပစ်လိုက်လို့ရတယ် ဦးမောင်မောင်စိုး ... ခင်ဗျားတို့နဲ့ဆက်ဆံလာတဲ့ကာလတစ်လျှောက်လုံး ကျွန်တော် နာမည်ပျက်မရှိတာ ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com

သိတယ် … ဒီကောင်ကို ကျွန်တော် တာဝန်ယူတယ်ဆိုရင် ပြီးနေတာပဲဥစ္စာ”

“တော်ပြီ … ဦးမြတ်အိန္ဒြေထွန်း … ”

သည်တစ်ခါ ဦးထက်ဖျားယံလှည့်လာတာ ဦးမြတ်အိန္ဒြေထွန်းဘက်ကိုပါ။

“ခင်ဗျား ဆက်မပြောနဲ့တော့ … ဒီကိစ္စကို ကျွန်တော် ဆုံးဖြတ်မယ် … အခုလောလောဆယ် ဒီကောင့်ကို နားခိုင်းလိုက်တော့”

ဒါပဲပြောပြီး ဦးထက်ဖျားယံ လှည့်ထွက်သွားသည်။

“ဟေ့ကောင် တိုက်စစ်မှူး … ဒီအိတ်ပြီးရင် မင်းနားလို့ရပြီ”

ဦးမြတ်အိန္ဒြေထွန်း ပြောမှ ဒီကောင်ကလည်း နားသည်။

“ကျွန်တော် … ကျွန်တော် တာဝန်ကျေပါတယ်နော် ဦး”

ချွေးတွေသုတ်ရင်း အနားကိုရောက်လာတာ တိုက်စစ်မှူးပါ။

“ဟာ … ကြေတာပေါ့ကွာ၊ ဦးထက်ဖျားယံကိုယ်တိုင် မင်းကို အရှုံးပေးပြီး လှည့်ထွက်သွားတာလေ၊ ဒီကိစ္စကို သူပဲဆုံးဖြတ်မယ်တဲ့ … ငါကလည်း ပြောလိုက်ပါတယ်၊ ဒီကောင် ပြဿနာရှာရင် ကျွန်တော့်ကိုပါ အလုပ်ထုတ်ပစ်လိုက်လို့ … ”

“ဟာ … ဦးကလဲ … ”

“ရတယ် … ဟေ့ကောင် … လောကကြီးက ငါ့အတွက် နိုးပရော်ဘလမ် … ဘယ်လိုလဲ … မင်းခြေထောက်က တော်တော်နာသွားလို့လား”

“နည်းနည်းတော့ နာတယ်ဗျ … ”





“နာရင် ဆေးလိမ်းကွာ … ယောက်ျားပဲဟာ … ”

“ခြေထောက်နာတာထက် ဗိုက်ဆာတာက ပိုအရေးကြီးတယ်ဗျ … ”

“ဟေ … မင်း ထမင်းဆာပြီလား”

စားတော့လည်း နှစ်ယောက်တည်းပါ။

“စား ဟေ့ကောင် … ကြက်သားတစ်တုံးကျန်တာ မင်းပဲစားလိုက်တော့ … ငါတော်ပြီ … ”

ဒီကောင် အားရပါးရစားနေတာကိုကြည့်ပြီး ကိုယ့်မှာတော့ လည်ချောင်းထဲမှာတောင်နင်လို့။ ဒီကောင် တကယ်ဗိုက်ဆာနေတာပဲ။ အိမ်က ထည့်လာတဲ့ ထမင်းနှစ်ချိုင့်စာ အပြည့်အသိပ်လည်း တစ်ချက်တည်း ပြောင်သွား၏။

“ဦးလက်ရာ တကယ်ကောင်းတယ်ဗျာ … ငရုတ်သီးစိမ်းလေးနဲ့ နံနံပင်လေးအုပ်ချက်ထားတဲ့ ခရမ်းချဉ်သီး ငါးပိချက်လေးက ခရမ်းမိုက်တယ် … ကြက်သားမဆလာလေးကလည်း မွှေးကြိုင်နေတာပဲ … ဟား ဟား … ကျွန်တော် သူဌေးကြီးဖြစ်သွားတဲ့နေ့ကျရင် ဦးကို ကျွန်တော့်ရဲ့ ထာဝရ စားဖိုမှူးခန့်မယ် သိလား‌ဗျ … ဦးရ … ”

“အောင်မလေးကွာ … မင်းစားဖိုမှူးခန့်မှာကိုပဲ ငါက ကျူးရှူးတင်ရမလိုတောင်ဖြစ်နေပြီ … ဟား ဟား … အခု မင်းဗိုက်အားသွားပြီမဟုတ်လား၊ ခြေထောက်လည်း နာနေပြီ၊ ဒီနေ့အတွက် မင်းနားလိုက်တော့ … ”

“ဟာ … ကျွန်တော် လုပ်နိုင်ပါသေးတယ်ဗျ”

ဒါတောင် အထွန့်ကလေးက တက်လိုက်သေး။


www.burmeseclassic.com

www.burmeseclassic.com



စားပြီးသားချိုင့်တွေ ပန်းကန်တွေ ရေတိုင်ကီလေးနားမှာ သွားဆေးတာတောင် ဒီကောင် ခြေထောက်လေးတစ်ဖက်က ထော့နဲ့ ထော့နဲ့လေး လျှောက်သွားနေရတာ။

ဟွန်း ... အတ္တကြီးပြီး ရက်စက်တဲ့နေရာမှာ နှစ်ယောက်မရှိအောင် ရက်စက်လွန်းတဲ့ ဟိုက်ဘော့စ်ဦးထက်ဖျားယံကတော့ ကားတစ်စီးနဲ့ ပြန်ထွက်သွားခဲ့ပြီ။ တိုက်စစ်မှူးကိုတော့ ဆောက်လက်စ စူပါမားကတ်ကြီးရဲ့ အောက်ထပ် အခန်းလွတ်ထဲမှာပဲ အေးအေးလူလူ တရေးတမော နားခိုင်းထားလိုက်သည်။ ညနေပိုင်း အလုပ်ကိုတော့ ထင်ကျော်တို့ အုပ်စုနဲ့ပဲ။ ဦးမြတ်အိန္ဒြေထွန်း ဆက်လုပ်တော့မည်။

"မင်း နားလိုက်တော့ တိုက်စစ်မှူး ... "

ကြည့်လိုက်တော့ ဒီကောင် ခြေဖမိုးလေးပင် ယောင်လာနေပါပြီ။

"ဟင် ... ချစ်ခြင်းဖြူ ... "

ပြန်လှည့်ထွက်ဖို့ ခြေလှမ်းပြင်လိုက်စဉ်မှာ ...

အခန်းဝမှာပေါ်လာတာ ချစ်ခြင်းဖြူရဲ့ မျက်နှာလေး။

"ဖြူ ... တိုက်စစ်မှူးကို လာကြည့်တာပါ ဦးမြတ်အိန္ဒြေထွန်း"

"ဟာ ... ကြည့်လေ ... ဟိုမှာ ဒီကောင် ခြေထောက်တစ်ဖက်နာသွားလို့"

"သိတယ်လေ ... ကိုကို့ကြောင့်ဖြစ်သွားတာ စိတ်မကောင်းလို့ပါ"

တကယ်လည်း ကိုကိုပြန်ထွက်သွားမယ့်အချိန်ကို စောင့်ပြီး





တော့မှ ဖြူတမင်လာခဲ့တာပါ။ ထုံးစံအတိုင်း ခစ်ခစ်က ဆေးသေတ္တာလေး ဆွဲလို့ပေါ့။

"ကိုတိုက်စစ်မှူး ... "

"ဟာ ... မင်း ... မင်းလာပြန်ပြီလား"

"လိုအပ်မယ်ထင်လို့ ကျွန်မလာခဲ့တာ"

သူ့အနားမှာပဲ ဒူးကလေးထောက်ကာ ဖြူ ကြုံ့ကြုံ့လေးဝင်ထိုင်သည်။ သူ ဘာပြောပြော ဖြူ ဂရုမစိုက်ပါ။ ပြောရရင် ဖြူ သူ့ကိုသနားနေတာ။ သူသိဖို့ လိုသလား။

"မင်း ... မင်းကွာ ... "

"မျက်ခုံးနဲ့နှုတ်ခမ်းက အနာတောင် တော်တော်ကျက်သွားပြီနော် ... အဟင်း ... အခု ကိုကိုခိုင်းတာ ရှင်ခြေခေါက်လဲသွားတယ်ဆို"

"ရတယ် ချစ်ခြင်းဖြူ ... ငါ ဘာမှမဖြစ်ဘူး"

"အဲလိုမပြောနဲ့လေ ... တိုက်စစ်မှူး ... ရှင့်ခြေဖမိုးလေးတစ်ဖက်က ဒီလောက်ယောင်လာနေတာ ရှင်ဆေးလိမ်းပြီး ပတ်တီးလေး စည်းထားမှဖြစ်မှာပေါ့"

သူ့ကို ဒီလောက်ပဲပြောပြီး ဖြူ ဆေးသေတ္တာကိုဖွင့်သည်။

ခစ်ခစ်ကလည်း လိုအပ်တာတွေ ဝိုင်းကူပေး၏။

သူကတော့ ဖြူ့မျက်ဝန်းတွေနှင့် အကြည့်ချင်းမဆုံအောင် ရှောင်ဖယ်ဖယ်လုပ်ရင်း မျက်နှာလေးကို ခပ်ဆဆလေး လွှဲလျှက်။

ဖြူ ဆေးလိမ်းပေးဖို့ လက်ကလေးရှယ်လိုက်တော့မှ ...

"ဟာ ... မလုပ်နဲ့ ... မလုပ်နဲ့ ... "

"ဟင် ... "



www.burmeseclassic.com

www.burmeseclassic.com



ဖြူ့လက်ကို တွန်းဖယ်ပစ်လိုက်ချိန်မှာ လက်ဖဝါးတစ်ခုနဲ့ လက်ဖမိုးလေးတစ်ခုက ဆုပ်ကိုင်လျှက်သားလေး ဖြစ်သွားသည်။

ဒီလိုဖြစ်သွားတော့လည်း ဖြူ့ရင်ထဲမှာ ရှိန်းခနဲ နွေးသွားသည်။ ပိုဆိုးတာက စိုအိလက်ဖြာနေတဲ့ မျက်ဝန်းအကြည့်တွေနဲ့ ဖျတ်ခနဲ ဆုံမိသွားခဲ့တာ။

"မင်း ... မင်း ဘာဖြစ်လို့ ... ငါ့ကို ... "

"ဒီမှာ ... ရှင် ကျွန်မကို ဘာမှအပိုတွေ ပြောမနေနဲ့၊ လူသားဆန်တဲ့ နှလုံးသားတစ်ခုနဲ့ ရှင်ခံစားနေရတာတွေကို ကျွန်မလာကြည့်ပေးနေတာ ရှင်နဲ့ပတ်သက်ဖို့လည်း မရည်ရွယ်ခဲ့ဘူး၊ ရှင်နဲ့ဆုံဆည်းဖို့လည်း မမျှော်လင့်ခဲ့ဘူး ... ကျွန်မ ပြောနေတာ ရှင်းရှင်းလေး"

"ဘာလဲ ချစ်ခြင်းဖြူ ... မင်းမျက်ဝန်းတွေရဲ့ရှေ့မှာ ငါက အရမ်းသနားစရာကောင်းတဲ့လူတစ်ယောက် ဖြစ်နေတယ်လို့ မင်းထင်နေလို့လား၊ ဒီမှာ ... ငါကလည်း မင်းကို အရှင်းဆုံးတစ်ခုပဲပြောမယ်၊ ငါ့အနားကို ရောက်လာတာနဲ့ မင်းဘဝတစ်ခုလုံး မီးပုံထဲခုန်ဆင်းလိုက်ရသလိုမျိုးဖြစ်သွားမှာစိုးလို့ ပြောနေတာ ... ငါက ရေထဲပစ်ချရင် ရေဆူတယ်၊ မီးပေါ်ပစ်ပေါက်ရင် မီးမီးလောင်တယ်၊ ရှင်းပါတယ် ... ပေးထားတဲ့ နာမည်ကိုက တိုက်စစ်မှူး ... "

"အဲဒါ ကျွန်မ ဂရုမစိုက်ဘူး ... "

"ဘာပြောတယ် ... "

သူ့မျက်ခုံးတန်းစိမ်းစိမ်းကြီးတွေ စုကြုံ့တက်သွားတာ ဒေါသတွေနဲ့ ဒါကိုကြည့်ပြီးတော့ ဖြူ နှုတ်ခမ်းလေးမဲ့ကာ ရယ်သည်။

"ဟွန်း ... ဂရုမစိုက်လို့ မစိုက်ဘူးပြောလိုက်တာလေ"





"မင်း ငါ့ကို လာစိမ်မခေါ်နဲ့နော် ချစ်ခြင်းဖြူ ... လူတွေကို ရမ်းမုန်းတယ်ဆိုတာ မင်းကို အပြတ်ကြေငြာထားပြီးသား၊ အဲဒီမုန်းကြောင့် စစ်ပွဲတွေဖြစ်ဖို့လိုအပ်လာရင် ငါ့ဘက်က အဆင်သင့်ပဲဆိုတာ မင်းသိအောင် ထပ်ပြောလိုက်ဦးမယ်၊ ဒါကိုမှ မင်းရှေ့ဆက်လာမယ်ဆိုရင်တော့ ... "

"ဒီမှာ ... တိုက်စစ်မှူး ... "

"ဘာလဲကွာ ... ပြော ပြော ... "

"ရှင်မပတ်သက်ချင်တာ ကျွန်မသိတယ်"

"ဟင် ... မင်းဘာကို သိတာလဲ ... "

"ရှင့်ဘဝနဲ့ ကျွန်မဘဝက မိုးနဲ့မြေလိုကွာတယ်ဆိုပြီး ရှင်းရှင်ဖယ်ဖယ်လုပ်နေတာလေ"

"ထားလိုက်ပါကွာ ... ထားလိုက်ပါ ... "

ဒါကျတော့ ထားလိုက်ပါတဲ့။

"ဟာ ... ထားလို့မရဘူးလေ တိုက်စစ်မှူး ... ရှင်ဟာ မတို့ရဲ့ မဟာစကြာဝဠာကမ္ဘာ့ အဝန်းအဝိုင်းထဲကို စံတော်ဝင်လေးတစ်ပွင့်ကို ကိုင်ပြီး ဝင်လာပြီဆိုကတည်းက နားလည်ရတဲ့ ပဟေဠိပုစ္ဆာတစ်ပုဒ်လို စိတ်ဝင်စားသလိုမျိုး လူတွေလုံးက ရှင့်ကို စိတ်ဝင်စားခဲ့ကြတာ ... "

"ဟွန်း ... စိတ်မဝင်စားပါနဲ့၊ ငါက အလကားကောင်ပါ"

"ကျွန်မကတော့ အဲလိုမထင်ဘူး"

"ဟင် ... ဒါဆို မင်းက ငါ့ကိုဘယ်လိုထင်နေလို့လဲ"

"ရှင် ... အဆင့်အတန်းရှိတာ ကျွန်မသိတယ်"

"ဘာ ... ဘာပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ့မျက်ခုံးတန်းတွေ ထပ်ပြီးတော့ စုကြုံ့တက်သွားရပြန်ပြီ။

"ကဲပါလေ ... ဒါတွေ အေးအေးဆေးဆေး တစ်နေ့ကျမှ ရှင်နဲ့ကျွန်မ ဆက်ပြီးတော့ ဆွေးနွေးကြသေးတာပေါ့။ ဟုတ်ပြီလား အခုလောလောဆယ် ရှင့်ခြေဖမိုးလေး ယောင်နေတယ်၊ အဲဒါ ဆေးလိမ်းပြီး ကျွန်မကိုယ်တိုင် ပတ်တီးလေးစည်းပေးမယ်"

"ဘာပတ်တီးစည်းပေးမှာလဲ ... ဘာပတ်တီးစည်းပေးမှာ လဲ"

"ဟယ် ... ကြီးညိုနဲ့ကြီးဝါ ... "

"ညည်းလေး ... အခုထစမ်း ... "

မထင်မှတ်ဘဲ ရောက်လာတာ ကြီးညိုနဲ့ကြီးဝါ။

ဖြူဖြစ်နေတာကိုကြည့်ပြီး ဒေါသတွေနဲ့ ဧွေ့ဧွေ့ခုန်လျက်၊ ဖြူလက်ထဲက ဆေးဗူးကိုလည်း ကြီးဝါက ခပ်ကြမ်းကြမ်းဆွဲလု သည်။

"ဒါ ... ဒါ ဘာလုပ်နေကြတာလဲဟင်၊ ငါတို့ကွယ်ရာမှာ ဘာ အဆင့်မှမရှိတဲ့ကောင်နဲ့ ညည်းလေးက ဖြစ်ချင်တိုင်းဖြစ်နေကြတာ ပေါ့လေ"

"ချစ်ခြင်းဖြူ ... ညည်း အခုထစမ်း ... "

တစ်ခါတည်းပြောမရတော့။ နှစ်ခါပြောကာ ကြီးညိုလက်ပါ လာ၏။ ဖြူ့ကို လက်မောင်းရင်းကကိုင်ဆွဲပြီး အတင်းမတ်တတ် ရပ်ခိုင်းသည်။ ခစ်ခစ်က မျက်လုံးပြူးလျက် ဆေးသေတ္တာလေးကိုင် ကာ နံရံတစ်ခုဘက်မှာ ကပ်သွား၏။

ကြီးညိုက ဒေါသနဲ့မျက်နှာရဲနေသလို တိုက်စစ်မှူးမျက်နှာ ကိုလည်း မတူသလို မတန်သလို ခါးထောက်ရပ်ကာ ငုံ့မိုးစိုက်ကြည့်





သည်။

"ဟွန်း ... တိုက်စစ်မှူးဆိုတာ မင်းလားဟေ့ သူငယ်"

"အန်တီနော် ... အန်တီ စကားပြောတာ အထက်စီးက မပြောပါနဲ့ ... ဟုတ်တယ် ... ကျွန်တော် တိုက်စစ်မှူး ... "

"ဟေ့ကောင် ... ဒါ ... ငါတို့ဘော့စ်ရဲ့ အဒေါ်အရင်းခေါက် ခေါက်တွေကွ နားလည်လား ... မင်းစကားပြောတာ လေသံမရင့် နဲ့ ... "

နောက်က ဝင်ပါလာတာ ဦးမောင်မောင်စိုး။

ဦးမောင်မောင်စိုးနောက်မှာ တဆက်တည်းပါလာတာက ဦးမြတ်အိန္ဒြေထွန်းလေ။ သူ့မျက်နှာပေါ်မှာ ပေါ်နေတာက ဘာတွေ ဖြစ်ကုန်ပြီလဲဆိုတဲ့ စိတ်တုန်လှုပ်ချောက်ခြားမှု။

"ကြားတယ်နော် ဦးမြတ်အိန္ဒြေထွန်း ... ခင်ဗျားကောင် လေသံက လူကြီးကို လူကြီးမှန်းမသိဘဲ တအားရင့်နေတာ၊ အဲဒါ ခင်ဗျားပဲပြော ... "

တစ်ဖက်လှည့်နှင့် ဦးမြတ်အိန္ဒြေထွန်းကိုပြောကာ နှစ် ယောက်ကြားမှာ ဦးမောင်မောင်စိုးက တမင်ဝင်ရှူးတိုက်သည်။ ဒါကို ဦးမြတ်အိန္ဒြေထွန်း သိပေမယ့် ဘာမှမတတ်နိုင်။

ကိုယ်ဖြေရှင်းရမှာ ပစ္စုလက္ခတ် အခြေအနေတစ်ခု။

ဦးမောင်မောင်စိုးကိုကျော်ကာ ရှေ့ရောက်အောင်ပဲ ဦးမြတ် အိန္ဒြေထွန်း ဆက်လျှောက်သွားသည်။

"တိုက်စစ်မှူးရာ ... မင်းနဲ့ကတော့ တကယ့်ပြဿနာပဲ ဗီလား"

သူ့ရှေ့မှာပဲ စိတ်ပျက်လက်ပျက်ညည်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီပြဿနာက ကျွန်တော်ကစတာ မဟုတ်ဘူးလေ ဦး ... မဟုတ်တာတော့ လာမပြောနဲ့ ... ဦးကလွဲရင် ကျွန်တော် ဘယ်သူ့ ကိုမှ သည်းခံမှာမဟုတ်ဘူး၊ ကဲ ... ချစ်ခြင်းဖြူ ဒီပြဿနာကို မင်း ဘယ်လိုရှင်းမလဲ"

ဒီပြဿနာကို အစသယ်လာတာ ချစ်ခြင်းဖြူလေ။

မင်းပြဿနာကို မင်းရှင်းပေါ့။

ငါနဲ့က အနေသာကြီး။

တိုက်စစ်မှူးက ဒီလိုပဲတွေးပြီး နှုတ်ခမ်းမဲ့မဲ့လေးနဲ့ လက်ထဲ နှစ်ဖက်ကိုပွတ်ကာ ထရပ်သည်။

"ဘာပြောတယ် ဟေ့ကောင် ..."

ဦးမောင်မောင်စိုး ဝင်ပါလာပြန်ပြီ။

"မင်း သည်းမခံနိုင်ဘူးဆိုတာ ဘယ်သူ့ကိုရည်ရွယ်ပြီးပြော လိုက်တာလဲ ... ငါ့ကိုလား ... ဒီအန်တီနှစ်ယောက်ကိုလား"

"ခင်ဗျား ..."

"ဟာ ... တိုက်စစ်မှူး ... မလုပ်နဲ့ ... မလုပ်နဲ့ ..."

ဦးမြတ်အိန္ဒြေထွန်း အသည်းအသန် လှမ်းတားလိုက်ပေမဲ့ ပဲ။ တိုက်စစ်မှူးက ဦးမောင်မောင်စိုးရဲ့ အင်္ကျီစ ကော်လံတွေ စုချုပ်ကိုင်ကာ ထိုးဖို့ပြင် လက်သီးဖြင့်ရွယ်လိုက်ပြီ။

ဦးမြတ်အိန္ဒြေထွန်း လှမ်းအော်တော့မှ ချုပ်ထားသည့် ကော် လံစအင်္ကျီကို ပြန်ဖြေချကာ ခြေတစ်လှမ်း နောက်ပြန်ဆုတ်သွား သည်။

"ဒီပြဿနာမှာ ခင်ဗျား ဘာမှဝင်ပါစရာမလိုဘူး ဦးမော မောင်စိုး ... ကျွန်တော် အခုအလုပ်လုပ်နေတာ ဦးထက်ဖျား





လက်အောက်မှာမဟုတ်သလို ခင်ဗျားလက်အောက်မှာလည်း မဟုတ်ဘူး ... ဦးမြတ်အိန္ဒြေထွန်းရဲ့ အမိန့်တစ်ခုကိုပဲ ကျွန်တော် နာခံမှာ၊ အကောင်းဆုံးက ခင်ဗျားပါးစပ်ကိုပိတ်ထား"

"တိုက်စစ်မှူးရာ ... ငါတစ်ယောက်လုံး ဒီလောက်ဖြေရှင်း ပေးနေတာ မင်းဘာလို့ လူကြီးတွေကို ပမာမခန့် ပြန်ပြောနေရတာ လဲ"

"ဟာ ... မပြောလို့ရမလားဦးရ ... ဦးပဲ စဉ်းစားကြည့်လေ၊ ချစ်ခြင်းဖြူကို ကျွန်တော်ကသွားပြီး ပတ်သက်နေတာလည်း မဟုတ်ဘူး၊ ဒီနေ့လည်း ဦးထက်ဖျားယံက မတရားအလုပ်တွေလာ ခိုင်းပြီး နှိပ်စက်သွားလို့ ကျွန်တော့်ခြေထောက်မှာ ဒဏ်ရာရသွား တာ ... ဒါကို ... ချစ်ခြင်းဖြူက သူ့သဘောနဲ့သူလာကြည့်တာ၊ အဲဒါ ကျွန်တော့်အပြစ်လား"

ကြီးညိုရော ကြီးဝါပါ မျက်တောင်တွေပင့်လျှက်။

"ဒီ ... ဒီကောင်လေးပြောနေတာ အမှန်တွေပဲလားချစ်ခြင်း ဖြူ ... သူပြောတဲ့အတိုင်းသာဆိုရင် ညည်းလေးကစပြီး ပတ်သက် ဖို့ ကြိုးစားသလိုဖြစ်နေပြီပေါ့၊ ညည်း မကောင်းတော့ဘူးပေါ့"

"ကြီးညိုရယ် ... ကြီးညိုမြင်တဲ့အတိုင်း သူ့မျက်နှာပေါ်မှာ ဒဏ်ရာတွေရအောင် ကိုကိုပဲ ထိုးကြိတ်သွားတာလေ၊ ဒီနေ့လည်း ဒီလပ်မြေအိတ်တွေကို သုံးလှာထိ မကုန်မချင်း ထမ်းခိုင်းတာ သူ ချော်လဲပြီး ခြေထောက်မှာ ဒဏ်ရာရသွားလို့ ကောင်းကောင်း တောင် မထောက်နိုင်တော့ဘူးဖြစ်နေတာ ... ဖြူက သနားလို့ သူ့ကို လာကြည့်တာပါ ..."

"အမလေး ... ဒေါ်ချစ်ခြင်းဖြူရယ်၊ အလုပ်သမားတစ်



www.burmeseclassic.com

www.burmeseclassic.com

ယောက်ကို သနားရင် ဦးမောင်မောင်စိုးကို လိုတဲ့ငွေထုတ်ပေးပြီး ဆေးခန်းကိုပြခိုင်းလေ ... ညည်းကိုယ်တိုင် ကိုယ်ထိလက်ရောက် လိုက်လုပ်ပေးနေစရာလိုသလား ... သူ့အဆင့် ကိုယ့်အဆင့် ညည်း ခွဲခြားပြီးသိစမ်းပါ ... ကဲ ... အခုလည်း ဆေးခန်းပြဖို့ငွေဘယ် လောက်လိုသလဲ၊ ငါ အခုတစ်ခါတည်း ထုတ်ပေးလိုက်မယ်"

ဖြိုခနဲနေအောင် လက်ပွေ့အိတ်ကြီးကို ကြီးညိုဆွဲဖွင့်သည်။ လက်ထဲပါလာတာက ငါးထောင်တန် အသစ်ချွတ်ချွတ်အုပ်လိုက်။

"ဟွန်း ..."

ငွေတွေမြင်တော့ တိုက်စစ်မှူး နှုတ်ခမ်းလေးက နှစ်ဆ သွားသည်။ ပြီးတော့လည်း သူ့မျက်ဝန်းလေးထဲမှာ နာကျင်ရိပ် ကလေးတွေက သိသာနေအောင် စွန်းထင်းသွားခဲ့၏။

"ရော့ ... ဟိုသူငယ် ... ဒီမှာ မင်းအတွက်ဆေးဖိုးဝါးခ"

ကြီးညိုက ပါကင်အထပ်လိုက်ထဲမှ တချို့တဝက်ကို ခွဲ ထုတ်ယူကာလှမ်းပေးတော့ ဦးမောင်မောင်စိုးကပါ ဝင်ပြောသည်။

"ဟော့ကောင် ယူလိုက်လေကွာ ... အဲဒါ မင်းကိုပေးနေတာ"

"ဟွန်း ... ရပါတယ် အဲဒါတွေ ကျွန်တော့်အတွက် မလိုဘူး"

အခြေအနေကိုကြည့်ကာ ဦးမြတ်အိန္ဒြေထွန်း ဝင်ပါရပြန်ပြီ။

"မလုပ်ကြပါနဲ့ဗျာ ... ကျွန်တော် တောင်းပန်ပါတယ် ... ခင်ဗျားတို့ ပေးလည်း တိုက်စစ်မှူးက ဒီငွေတွေကို လက်ခံမှာ မဟုတ်ဘူး"

"ဟော့ကောင် ... မင်း ဒီမှာလာပြီး မာနကြီးပြမနေနဲ့"

မကျေနိုင် မချမ်းနိုင်ဖြစ်နေတာ ဦးမောင်မောင်စိုးပင်။ နဖူး ပြင်ပေါ် ဖြိုကျနေသည့် ဆံပင်တွေကို လက်ထိုးသွင်းကာ သပ်တင်





ရင်း ရှေ့တစ်လှမ်းတိုးကာ ဝင်ပြောသည်။ သူအားနာနေတာ ကြီးညိုနှင့် ကြီးဝါတို့ပဲဖြစ်သည်။ ပြောရရင် ကုမ္ပဏီ ဝန်ထမ်းတွေ အားလုံး ကြီးညိုနှင့်ကြီးဝါ ရောက်လာရင် အရိုအသေပေးပြီး ပျာ ပျာသလဲ ဧည့်ခံနေကြလေ။

ဒါကို ... ဒီကောင် ကလန်ကဆန်လုပ်နေလို့ ရမလား။

ဒါကိုပဲ ဦးမောင်မောင်စိုး မကြိုက်တာ။ ကိုယ့်သဘော အတိုင်းသာဆို ဒီကောင့်ကို ဒီလုပ်ငန်းခွင်ဧရိယာကြီးထဲကနေ မောင်းထုတ်ပစ်လိုက်တာကြာပြီ။ ဘော့စ်က သူ့ပဲဆုံးဖြတ်မယ်။ ဒီ အတိုင်းထားလိုက်ဆိုပြီး ပြောသွားလို့ အောင့်သက်သက်နဲ့ လက် ပိုက်ကြည့်နေရတာ။

"ဗျာ ... ဦးမောင်မောင်စိုး၊ မာနကြီးတယ်ဆိုတာ ဘာကို ပြောတာလဲ"

"တိုက်စစ်မှူး ... မင်းမပြောနဲ့တော့၊ မင်းပါးစပ်ပိတ်ထား လိုက်တော့၊ အကောင်းဆုံးက ငါ့ရှေ့ကနေ မင်းအခုထွက်သွား၊ ကျန် တာ ငါရှင်းမယ်"

ဦးမြတ်အိန္ဒြေထွန်းစကားကိုတော့ သူက နားထောင်ပါ သည်။ အားလုံးကို ပေစောင်းစောင်းလေးနဲ့ မျက်လုံးလေးဝေ့ကာ တစ်ချက်ကြည့်လိုက်ရင်း ဆောက်လက်စ အဆောက်အဦကြီးထဲက နေ သူပြန်ထွက်သွားသည်။

"တွေ့တယ်နော် ကြီးညို ... သူ ထော့နဲ့ ထော့နဲ့လေးနဲ့ ထွက်သွားတာ"

ဖြူဖျော့ဖျော့မျက်နှာကလေးဖြင့် စိတ်မကောင်းဖြစ်ပြီး ကျန်ခဲ့တာ ချစ်ခြင်းဖြူပါ။ ကြီးညိုကတော့ မဲ့ထားသည့်နှုတ်ခမ်း



www.burmeseclassic.com

www.burmeseclassic.com



တွေကို ပြန်ဖြေချမပစ်သေးဘဲ။

"ဟွန်း ... ဒီလိုကောင်စားလေးကိုများ ညည်း ဘာသနား
နေစရာလိုသလဲ ... ကိုယ်နဲ့အဆင့်ချင်းလည်းမတူ ဘ၀ချင်းလည်း
မတူ၊ ငါလေ ... ညည်းလေးငယ်ထိပ်လေးကို ခေါက်ပစ်လိုက်ချ
တာလည်း လက်ထဲမှာ ရှစိရှစိလေးတောင် ဖြစ်နေပြီ ... တကယ်
ပါပဲ ... တကယ်ပါပဲ ... ဒီကောင်လေးကို ထက်ဖျားယံထုတ်ရင်
ထုတ် မထုတ်ရင် ငါကိုယ်တိုင် ထုက်မှဖြစ်တော့မယ်၊ ဓာတ်လမ်း
ရှုတ်ရှုတ်ယှက်ယှက်တွေလည်း အဖြစ်မခံနိုင်ပါဘူး ... ဟွန်း ...
ဟင်း ... "

ခံစားလိုက်ရတာလည်း ကြီးညို့ရင်ထဲမှာ တနုံ့နုံ့။

ကြီး၀ါကလည်း နှုတ်ခမ်းတွန့်တွန့်လေးနဲ့မဲ့ကာရွဲ့ကာ။

"ဟွန်း ... အထမ်းသမား အကြမ်းသမား ကောင်စုတ်လေး
ကများ ကြီးကြီးကျယ်ကျယ်စကားပြောလို့ အထိုးခံ အနှိပ်စက်ခံ
တာတောင် နည်းသေးတယ် ... ဒါကို ဘယ်သူခေါ်ပြီး အလုပ်သွင်း
လိုက်တာလဲဟင် ဦးမြတ်အိန္ဒြေထွန်း ... ရှင်သွင်းလိုက်တာလား"

"ဟုတ်တယ်လေ ... ဆိုက်ထဲမှာ လိုအပ်နေတဲ့ အလုပ်
သမားကို ရှာဖွေခန့်ထားရမှာ ကျွန်တော့်တာ၀န်ဖြစ်နေလို့ ဒီကောင့်
ကို ကျွန်တော်သဘောကျပြီး ခန့်ထားလိုက်တာ၊ ဒီကောင့်မှာ အဖေ
တွေ အမေတွေ ဆွေမျိုးတွေတစ်ယောက်မှမရှိတော့ဘဲ လမ်းပေါ်
မှာ ယောင်လည်လည်လျှောက်သွားနေလို့ ခေါ်ထားလိုက်တာ
ကျွန်တော့်ရဲ့ အမှန်တရားပဲ ... အခု ခင်ဗျားတို့မြင်တဲ့အတိုင်းပဲ
အထိုးလည်းခံတယ် ... အနှိပ်စက်လည်းခံတယ် ... ဒါကိုတောင်
ခင်ဗျားတို့ မကျေမနပ်ဖြစ်နေမယ်ဆိုရင် ဒီကောင့်ကို ဒီနေ့





ကျွန်တော် ပြန်ခိုင်းလိုက်တော့မယ် ... "

"ဟာ ... ဟင့်အင်း ... အဲဒါ ဖြူခွင့်မပြုဘူး"

"ချစ်ခြင်းဖြူ ... ညည်းလေး အသာနေစမ်း ... "

ကြီးညို့ မျက်လုံးပြူး မျက်ဆန်ပြူး ၀င်အော်သည်။ ကြီး၀ါ
က မျက်တောင်ကြီးတွေ ကော့ပျံလန်တက်ကာ မျက်နှာကို တအံ့
တသြ လှမ်းကြည့်၏။

"ဘုရား ... ဘုရား ... ဟိုက ပြန်ခိုင်းပါ့မယ်ပြောနေတာ
တောင် ညည်းလေးက တားရတယ်လို့ ... ပြောစမ်း ... ချစ်ခြင်းဖြူ
ဒီအစုတ်အပြတ်ကောင်ကိုတွေ့မှ ညည်းလေးဘာဖြစ်နေတာလဲ၊
ဒီလို ကောင်မျိုးကို မေတ္တာတွေ ကရုဏာတွေနဲ့ ညည်းလေး သနား
နေစရာလား"

"ကြာပါတယ်ဗျာ ... ခင်ဗျားတို့ ဒီလောက်တောင် အမြင်
ကတ်ပြီး မုန်းနေရင်လည်း ကျွန်တော် ခုပဲ ဒီကောင့်ကို ထွက်သွား
ခိုင်းလိုက်တော့မယ် ... ဟေ့ကောင် တိုက်စစ်မှူး ... "

"ဖြောင်း ... ဖြောင်း ... "

"ဟေ့ကောင် ... အဲဒီမှာ မင်းခဏရပ်နေလိုက်စမ်း"

လက်ခုပ်ကိုပါ နှစ်ချက်ဆင့် တီးလိုက်ပြီး ကြားအောင် လှမ်း
အော်လိုက်တော့မှ ထော့နဲ့ ထော့နဲ့လေး လျှောက်သွားနေသည့်
တိုက်စစ်မှူး ခြေလှမ်းတွေက သူ့အလိုလိုလေး ရပ်သွားသည်။

ဒါကို ပြေးလိုက်သွားတာ ဦးမြတ်အိန္ဒြေထွန်းပါ။

သူ့နောက်မှာလည်း ဦးမောင်မောင်စိုးတို့အဖွဲ့တွေ ပါလာ
သည်။

"မင်း ... မင်းကို ငါပြောမယ် ... "



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ် … ဦး … "

"ဒီနေ့ကစပြီး မင်းကို ငါ မလိုအပ်တော့ဘူး"

"ဗျာ … "

"ဒီလုပ်ငန်းခွင်ကြီးထဲကနေ မင်းထွက်သွားတော့ … "

ဦးမြတ်အိန္ဒြေထွန်း အပြတ်သားဆုံးပဲ ပြောချပစ်လိုက်ပြီ။

"ဟွန်း … ရပါတယ်ဦးရာ … ကျွန်တော် အစကတည်းက ဦးကို ပြောထားပြီးသားပဲဥစ္စာ … ဦးရဲ့အမိန့်တစ်ခုကိုပဲ နာခံပါတယ်လို့ … "

"ငါ … ငါ့ကိုတော့ မင်းနားလည်ပေးကွာနော် တိုက်စစ်မှူး၊ အခြေအနေတွေအားလုံးက မင်းဘက်မှာရှိမနေတော့လို့ အကောင်းဆုံးဖြစ်သွားအောင် ငါဆုံးဖြတ်လိုက်တာ … အေး … နောက်ဆုံးအနေနဲ့ တစ်ခုတော့ မင်းကိုမှာချင်တယ် … လိုအပ်လာရင် မင်းကို ငါလိုက်ရှာမယ် … ကဲ … ဒါပဲကွာ … "

"ရှင် … ရှင် … မသွားနဲ့ တိုက်စစ်မှူး … "

ချစ်ခြင်းဖြူ တားဖို့ ကြိုးစားလိုက်ပေမယ့် လုံးဝနောက်ပြန်လှည့်မကြည့်တော့တာ တိုက်စစ်မှူးပါ။ ခေါင်းလေးငိုက်စိုက်ချရင်း ခြေထောက် ထော့နဲ့ ထော့နဲ့လေးနဲ့ပဲ တိုက်စစ်မှူးက ထွက်သွားခဲ့ပြီ။

စာနာသနားခြင်းနှင့်အတူ။

ရင်နင့်ရမှုလေးတွေက ချစ်ခြင်းဖြူရဲ့နှလုံးသားလေးထဲမှာ စတင်ပေါက်ဖွားလာခဲ့ရပြီ မဟုတ်ပါလား။



အခန်း ( ၈ )

"အဟင့် … "

ယောက်ျားတစ်ယောက်နှင့်ပတ်သက်ပြီး ဘယ်လိုမှ စိတ်မထိန်းနိုင်စွာ ဟင့်ခနဲ ရှိုက်ငိုချမိတာဟာ ဖြူ့ဘဝမှာ ဒါပထမဆုံးပဲဖြစ်လိမ့်မည်ထင်သည်။ ကြီးညို့နှင့်ကြီးဝါ မျက်စောင်းတခဲခဲနှင့် ဘက်ခေါက်အံကြိတ်ခေါ်ချလာခဲ့သမျှ ကားထဲပါလာခဲ့ရသည့် တစ်လမ်းလုံး ဖြူငိုလို့လည်း မဆုံးနိုင်။

"အဲဒါ … ကြီးညို့နဲ့ကြီးဝါ မတရားလုပ်တာ … လူအချင်းချင်း အဆင့်အတန်းခွဲခြားပြီး နှိမ်ချဆက်ဆံတာကို ဖြူကမုန်းတာ၊ သူဘယ်လောက်သနားဖို့ ကောင်းတယ်ဆိုတာ ကြီးညို့နဲ့ကြီးဝါလည်း မြင်နေရဲ့သားနဲ့ … ဒါကို အလုပ်ထုတ်ခိုင်းတယ်"

"ကြည့်စမ်း … ကြည့်စမ်း … ပြောရင်းနဲ့မျက်ရည်က ကျလာပြန်ပြီ၊ သူ့ဟာသူ ဆင်းပဲရဲရဲ၊ စုတ်ပဲပြတ်ပြတ် ယောက်ျားတစ်ယောက်ကို ဒီလိုသနားနေစရာလိုလို့လားဟင် … လူကြီးတွေကိုပမာမခန့်လုပ်ပြီး ဂျစ်ကန်ကန်ပြောနေလို့ ဦးမြတ်အိန္ဒြေထွန်းက ပြတ်ပြတ်ပြောပစ်လိုက်တာ … ဒါကို ညည်းလေးငိုနေစရာလား"


www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဖြူငိုတာ ထော့နဲ့ ထော့နဲ့လေးနဲ့ သူထွက်သွားတာကိုကြည့်ပြီး သနားလို့ငိုတာလေ ... ဆင်းရဲဒုက္ခရောက်နေတဲ့လူဆိုရင် ဖြူဘယ်လောက်သနားတတ်တယ်ဆိုတာ ကြီးညိုနဲ့ကြီးဝါလည်း သိရဲ့သားနဲ့ ... "

"ဟဲ့ ... ညည်းလေး အခုသနားနေတာ ယောကျ်ားတစ်ယောက်ကို သနားနေတာလေ ... ဒီအတိုင်း ဆက်လွှတ်ထားရင် ဘာတွေဖြစ်ကုန်မယ်ထင်သလဲ ... "

ကြီးညို ကြားဖြတ်ဝင်ပြောရင်း မျက်စောင်းလေးဝဲသွားတာက စက္ကန့်တွေအကြာကြီး။ ပြီးတော့ ... နှုတ်ခမ်းလေးကပါ တွန့်ခေါက်လို့။ ထိုင်တာလည်း နှစ်ယောက်အလယ်မှာ ညှပ်ထိုင်ထားတာ။ ဒါကိုပဲ ချစ်ခြင်းဖြူက မျက်ရည်ဝဲဝဲလေးနဲ့ပြောနေတာ။

"အို ... ဘာဖြစ်ရမှာလဲ၊ ယောကျ်ားတစ်ယောက်ကို သနားမိတာနဲ့ပဲ စည်းလွတ်ဘောင်လွတ် ဖြစ်သွားစရာလား ... နှလုံးသားဆိုတာ လူတိုင်းမှာရှိတာမှန်ပေမယ့် ... အဖြူအမည်းခွဲခြားနိုင်တဲ့ ဦးနှောက်အသိဉာဏ်ကိုလည်း ဖြူ ဘယ်တော့မှ ပစ်ပယ်မထားဘူး၊ သနားတာနဲ့ ချစ်ခြင်းမေတ္တာကို ရောထွေးပစ်လိုက်ဖို့လည်း ဖြူ့မှာ စိတ်ကူးမရှိဘူး၊ တကယ့်အရင်းခံဖြစ်လာတဲ့စိတ်က သူ့မှာအပြစ်မရှိတာကို သိနေခဲ့လို့ ဖြူစိတ်မကောင်းဖြစ်ပြီး ဝမ်းနည်းမိတာ၊ လူတစ်ယောက်ကို ခွဲခြားဆက်ဆံအနိုင်ကျင့်တာကို ဖြူအမုန်းဆုံးပဲ၊ အဲဒီအထဲမှာ အဆိုးဆုံးက ... ကိုကို ... "

ဖြူ နာနာကြည်းကြည်းပဲ ပြောချပစ်သည်။

ပြောရရင် ... ကိုကို ဒီလိုဖြစ်ခဲ့တာလည်း ကြီးညိုနဲ့ကြီးဝါကြောင့်။ ကိုကို ... 'လေးငါးနှစ်သားအရွယ်ကတည်းက ဒီလိုခွဲခြား





ဆက်ဆံတတ်အောင် ကြီးညိုနဲ့ကြီးဝါကပဲ သင်ပေးခဲ့တာလေ။

မိုးလင်းပြီဆိုတာနဲ့ ကိုကို့ကို ကျောင်းလိုက်ပို့တာလည်း ကြီးညိုနဲ့ကြီးဝါ အဒေါ်နှစ်ယောက်ပဲ ဖြစ်သည်။

"အို ... မပေါင်းနဲ့ မပေါင်းနဲ့ ... အဲဒီကောင်လေးက ကစားမယ်ဆိုလည်း သွားမကစားနဲ့၊ သူတို့က ဖုန်တွေသဲတွေတောထဲမှာ ဖြစ်ပတ်ပေတူးနေအောင်ဆော့တဲ့ကလေး၊ ပြီးတော့ ... အဲဒီကောင်လေးရဲ့အမေက ဆင်းရဲလို့ ဘိန်းမုန့်ဗန်းလေးရွက်ပြီး လမ်းတကာမှာ ဈေးလည်ရောင်းရင်လည်း မျက်နှာထားတင်းတင်းလေးနဲ့ ခပ်တည်တည်ပဲနေနော်"

ကျောင်းပို့ပြီဆိုတာနဲ့ မှာလိုက်ရတာ တတွတ်တွတ်။

ကိုကို ရှစ်တန်းကျောင်းသားအရွယ်ရောက်တော့လည်း

"ထက်ဖျားလေးရေ ... ကျောင်းဘောလုံးကွင်းထဲကို မသွားနဲ့နော် ... ဘောလုံးကန်တယ်ဆိုတာ ဆင်းရဲသားကလေးတွေပဲ ကန်ကြတာ၊ ထက်ဖျားလေး အားကစားဝါသနာပါရင် တင်းနစ်ရိုက်ချင်ရိုက်၊ ကြက်တောင်ရိုက်ချင်ရိုက် ... ရိုက်စရာ ရက်ကတ်မရှိရင် ဈေးဘယ်လောက်ကြီးကြီး ကြီးညို ဝယ်ပေးမယ်"

ဆိုတာမျိုးနဲ့ ကိုကိုနှလုံးသားထဲမှာ စွဲနစ်သွားအောင် အဆင့်အတန်း ခွဲခြားတတ်တဲ့စိတ်ဓာတ်တွေ ရိုက်သွင်းသွားခဲ့တာ။

ဟော ... တက္ကသိုလ်ရောက်တော့မှ ကိုကိုက အရမ်းဆိုးများသည်။ ငွေရှိရင် ဘာမဆိုရနိုင်တယ်ဆိုသည့် အယူအဆကြောင့် ငွေနဲ့ပေါက်ပြီး ကောင်မလေးတွေ တစ်ယောက်ပြီးတစ်ယောက် ရည်လဲတွဲခဲ့တာလည်း ကိုကိုထက်ဖျားယံပါပဲ။

အဲဒီထဲကမှ ကိုကိုနဲ့ငြိပြီး အိမ်ပေါ်ခေါ်တင်လာတာ ... နား



www.burmeseclassic.com

www.burmeseclassic.com



ဖို့အရမ်းကောင်းတဲ့ မမစံတော်ဝင်ရယ်လေ။ ဆွေမဲ့ မျိုးမဲ့အဆောင်မှာ သူငယ်ချင်းတွေနဲ့စုပြီး အခန်းငှားနေရတဲ့ မမစံတော်ဝင်ရဲ့ဘဝကလည်း ကိုကိုနှိပ်စက်သမျှ ခံခဲ့ရတာ။ ဒါလည်း ... ကြီးညိုနဲ့ကြီးဝါက အဓိက လက်သည်တရားခံ။

"အို ... ဒီအဆင့်နဲ့ဒီအဆင့် သဘောမတူလို့ပြောတာလေ၊ ဘာဖြစ်လဲ ... မိဘတွေရဲ့နောက်ကြောင်းရာဇဝင်မေးတော့လည်း ငိုတယ် ... မောင်နှမဆွေမျိုးသားချင်းတွေရှိလားမေးတော့လည်း ခေါင်းလေးခါပြီး မျက်ရည်ပေါက်ပေါက်ကျတယ် ... ကဲ ဘယ်လိုလုပ်မလဲ ... ပတ်ထားတဲ့နာရီလေးကတောင် သွားတစ်ချက်မသွား တစ်ချက်နဲ့ စုတ်ချာချာဖြစ်နေတဲ့နာရီလေး ... ဒါကို ကြီးဝါတူလေး က သိပ်ကိုတန်ဖိုးထားနေသလားဟင်၊ ကြီးဝါကို မင်းအမှန်အတိုင်း ပြောစမ်း ..."

"ကြီးဝါရာ ... ကျွန်တော် ကြီးဝါကို အမှန်အတိုင်းပြောခဲ့တာပဲဥစ္စာ ... ကျွန်တော် မလွဲသာလို့ ယူလိုက်ရတာပါလို့၊ မခေါ်လာရင်လည်း နောက်ဆက်တွဲလိုက်လာမယ့် ပြဿနာတွေက တစ်ပုံကြီး၊ ခေါ်လာတော့လည်း ကျွန်တော် ဘယ်မှာစိတ်ချမ်းသာလို့လဲ၊ တစ်နေကုန် အခန်းထောင့်ကလေးမှာ ကုတ်ကုတ်လေးထိုင်ပြီး ငိုပဲငိုနေတာ ..."

"ဟဲ့ ... သူငိုတာ၊ ဒီအိမ်မှာ အိမ်ဖော်ထမင်းချက်တွေနဲ့တွဲပြီး အလုပ်လုပ်ရလို့ငိုတာလေ ... ငါတို့ကလည်း မလွဲသာမရှောင်သာ ဘုန်းကြီးငါးပါးလောက်ပင့်ပြီး သိုသိုသိပ်သိပ် မင်္ဂလာဆွမ်းကျွေးထားရတဲ့ မိန်းမတစ်ယောက်ကို ဘော်ကြော့လေးတင်ထားပြီး ထမင်း အလကား ကျွေးမထားနိုင်လို့ လိုတဲ့နေရာမှာ ခေါ်ခိုင်းရ





ကာ ... အဝတ်တွေများနေရင် ဝိုင်းလျှော်၊ မီးပူတိုက်တာ မနိုင်ရင် င်းတိုက်၊ အမှိုက်လှဲစရာရှိရင်ဝိုင်းလှဲ၊ ထမင်းချက်စရာရှိရင် ဝိုင်းချက် ... ကိုယ်ထမင်းစားနေလို့ ဝိုင်းလုပ်ရတာ ဘာဖြစ်လဲ ... သူဌေးားကို ယူထားတယ်ဆိုပြီး ထိုင်ခုံမှာ ကြော့ကြော့လေးဝတ်ပြီး ခြေချိတ်ထိုင်နေလို့ ရမလား ... လုပ်သင့်တာလုပ်မှ စားသင့်တာ ားရမှာ ..."

ဒီတုန်းက ဖြူက ရှစ်တန်းကျောင်းသူအရွယ်လေးမို့ အားလုံး ကို သေသေချာချာမသိခဲ့ပေမယ့် နားလည်သင့်သလောက် နား ည်ခဲ့တာက မမစံတော်ဝင်ကို တစ်အိမ်လုံးက ဝိုင်းနှိပ်စက်ခဲ့ကြ ယ်ဆိုတာပါပဲ။ ဒီကြားထဲ ပိုဆိုးနေတာက ကိုကို ...

အပေါင်းအသင်းတွေနဲ့ တစ်နေကုန် သွားနေတာက အိမ်ကို န်လာရင် ညသန်းခေါင်ကျော် တစ်နာရီ နှစ်နာရီ။

ပြန်လာတော့လည်း ယမကာနံ့လေး တသင်းသင်းနဲ့။

ဒါကို မျက်ရည်စက်လက်လေးနဲ့ အိမ်ဝကနေ မအိပ်ဘဲ ထိုင် ောင့်နေရကောင်းလားဆိုပြီး မမစံတော်ဝင်ကို ဆံပင်ဆွဲ ဆောင့် ွန်းပစ်တာ ဖိနပ်စင်ထောင့်လေးမှာ နံရံနဲ့ရိုက်ပြီး ပစ်လဲကျသွား ာ ဖြူ မျက်ဝါးထင်ထင် မြင်ခဲ့ရဖူးသည်။

"အဲဒါ ... လင်ကို တာတာစိန်လုပ်လို့ ဖြစ်သွားရတာလေ၊ င်က ပြန်လာတော့လည်း အနားမကပ်ချင်လို့ တစ်ယောက်တစ် ောင်ဆီ ခွဲအိပ်တာ၊ ထက်ဖျားယံ မမှားဘူး ... အခု ထက်ဖျားယံ ပေါင်းအသင်းတွေနဲ့ လမ်းမှားပေါ်ရောက်သွားတာ ဒီစံတော်ဝင် ိုတဲ့မိန်းမကြောင့် ... ဟွန်း ... အခြေအမြစ်လည်းမရှိ၊ ဆွေမျိုး ပိုင်းအဝိုင်းလည်း မရှိ၊ နောက်ဆုံးတစ်နေ့ကျရင် လျှော်ကြေးပေး



www.burmeseclassic.com

www.burmeseclassic.com

ပြီး ကွာသင့်ရင်ကွာရမယ် … ရေရှည်လက်ခံထားဖို့ဆိုတာ မဖြစ်နိုင်ဘူး"

နောက်ဆုံးကျတော့ …

အိမ်မှာ အကြီးအကျယ် စကားတွေများ ပြဿနာဖြစ်ပြီး အိမ်ခွဲပေးမယ်ဆိုတဲ့အကြောင်းပြချက်နဲ့ လှိုင်သာယာမီးခွက်ဈေးနားက ပေနှစ်ဆယ် ပေခြောက်ဆယ် သွပ်မိုးထရံကာ ပျဉ်ထောင်အိမ်ကလေးသို့ ပို့ပစ်လိုက်တာလေ။

ဒါတွေဖြစ်လာအောင် တမင်ဖန်တီးခဲ့တာလည်း ကြီးညိုနဲ့ ကြီးဝါပဲဖြစ်ခဲ့သည်။ ကိုကိုက သွားတစ်ရက် မသွားတစ်ရက်လုပ်ပြီး မသိမသာ ခပ်ကင်းကင်းဖြစ်လာအောင် ရက်စက်ပြသည်။ ကိုကို့ဆီက အထောက်အပံ့မရတော့ မမစံတော်ဝင်က ရသမျှအလုပ်ဝင်လုပ်ရင်း ထမင်းလေးတစ်လုတ်စားဖို့ ရှာခဲ့ရ၏။

ဒီဇာတ်လမ်းမှာ တကယ်သနားဖို့ကောင်းခဲ့တာ မမစံတော်ဝင်ပါ။ နောက်ဆုံး ကိုကိုရဲ့ ရက်စက်မှုတွေကို မခံစားနိုင်တော့တဲ့အဆုံး နေအိမ်ခန်း ထုတ်တန်းမှာ ကိုယ့်ကိုယ်ကိုယ် ဆွဲကြိုးချသတ်သေသွားတဲ့အထိ ကြေကွဲစရာ ဇာတ်လမ်းလေးတစ်ပုဒ်ကို မမစံတော်ဝင်က မျက်ရည်စက်လက်ကျပြီး အဆုံးသတ်သွားခဲ့တာလေ။

ဒါကို ဘယ်သူတွေမျက်ရည်ကျခဲ့တယ် ထင်လို့လဲ။

တစ်အိမ်လုံးမှာ တစ်ယောက်တည်းသော မျက်ရည်ကျသူက တက္ကသိုလ် ပထမနှစ်တက်ကာစ ချစ်ခြင်းဖြူပဲ ဖြစ်နေခဲ့သည်။

"ညည်းလေးနော် … ညည်းလေး မဆိုင်တာတွေ လျှောက်တွေးပြီး ကိုကို့ကို အပြစ်တင်မနေနဲ့၊ လူတိုင်း လူတိုင်းက သတ္တဝါတစ်ခု ကံတစ်ခုဆိုတဲ့စကားနဲ့ပဲ ကိုယ်လျှောက်ရမယ့်လမ်းကို ကိုယ်





ရွေးချယ်သွားကြတာ … ဒီအလုပ်ကြမ်းသမားကောင်လေးတစ်ယောက်ကို ထိုးခဲ့ကြိတ်ခဲ့တာ ဘာရေးကြီးခွင်ကျယ်ပြောနေစရာလိုသလဲ၊ ညည်းလေးကိုကို အကြောင်းကိုလည်း ညည်းလေးသိရဲ့သားနဲ့ သူ့နှလုံးသားထဲမှာ ဒဏ်ရာတွေရှိတယ် … အနာဟောင်းတွေရှိတယ်၊ တိုက်ဆိုင်တာပဲဖြစ်ဖြစ် တမင်တကာ ရည်ရွယ်ခဲ့တာဖြစ်ဖြစ် စံတော်ဝင်ပန်းကို သူစားပွဲက ပန်းအိုးလေးထဲမှာ ထိုးစိုက်တာကိုက ဒီကောင့်အမှား … "

နောက်ဆုံးကျ ဒီနေရာကိုပဲ ပြန်ရောက်သည်။

"ဒါကြောင့်မို့ ထက်ဖျားယံက ဒီကောင့်ကို မသင်္ကာဖြစ်သွားတာ၊ ပြီးတော့ … ဒီစံတော်ဝင်ပန်းဆိုတာ အရမ်းရှားတယ်၊ ဒါကို တိုက်စစ်မှူးဆိုတဲ့ ဟိုခပ်မာမာကောင်က ထိုးစိုက်သွားတာဆိုတော့ ဒီလောက်အထိုးခံရပြီး ဒီလောက်လေးပဲ နှိပ်စက်ခံလိုက်ရတာ ကံကောင်း … ထက်ဖျားယံ ထင်တာက ဒီကောင်နဲ့စံတော်ဝင်ရင်တုန်းက ပတ်သက်ခဲ့ဖူးလို့ လက်စားချေချင်စိတ်နဲ့ ဝင်လာတာဖြစ်လိမ့်မယ်တဲ့ … ဒီကောင်ကို စောင့်ကြည့်ရမယ်တဲ့၊ ဒါကြောင့်မို့ လုပ်ဖြုတ်ဖို့ မှာမသွားတာ၊ ဒါကို ဦးမောင်မောင်စိုးလည်းသိတယ်"

ဒီလိုပြောတော့လည်း ဖြူ့ခံစားချက်က …

"အို … သူသာ တကယ်လက်စားချေမယ်ဆိုရင် ဖြူက လက်ခုပ်လေးတီးပြီးတော့ အားပေးလိုက်ဦးမယ်၊ ဟွန်း … ကိုကိုလို လူမျိုးကို မတရားလုပ်ခဲ့လဲ"

"ဘုရားရေ … ကြည့်စမ်း … "

ကြီးညိုရော ကြီးဝါပါ မျက်လုံးပြူးရပြီ။



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ... ဒါ ... ညည်းလေး ပြောရမယ့်စကားလား ချစ်ခြင်း ဖြူ ... "

"ဘုရား ... ဘုရား ... ညည်းကိုကိုရှေ့မှာသာ ဒီအကြောင်း ပြောမိလို့ကတော့ ညည်းလေးကို လည်ပင်းပဲညှစ်မလား၊ အခန်း တံခါးပိတ်ပြီးတော့ပဲ ရိုက်မလား ... တစ်ခုမဟုတ်တစ်ခု လုပ်မှ တော့ သေချာတယ် ... ဒီစကား ဒီမှာတင် တိတ် ... တော်ပြ ဆက်မပြောနဲ့ ... "

ကြီးဝါလည်း ဘုရားတရင်း မျက်နှာကပါ ပျက်နေသည်။

ဘာပဲပြောပြော ဖြူကတော့ စိတ်ထဲမှာ ကြိတ်ပြီးဆုံးဖြတ် ပြီးသားပါ။ သူ့အလုပ်က ထွက်သွားတာမှန်ပေမယ့် ပျောက်သေ သူ ရှာရင်တွေ့ဆိုတဲ့ စကားက အခိုင်အမာ ရှိနေတာပဲလေ။

ဖြူ သူ့ကို လိုက်ရှာမှာပေ့ါ။

ဖြူ့စေတနာက သူ့ကို အေးချမ်းတဲ့နေရာလေးမှာ အလုပ် လေးတစ်ခု ရသွားစေချင်တာ။ ဖြူသာ လိုက်အပ်ပေးရင် သူ့ကိုခေ မယ့်အလုပ်တွေမှ တစ်ပုံကြီး။ ဒါပေမဲ့ ... ဒီလိုပင်ပန်းပြီး အန္တရာ မယ့်နေရာတွေမှာတော့ သူ့ကို မလုပ်စေချင်ပါဘူး။

သူ့ကို မျက်လုံးထဲမြင်ကြည့်ပြီး ကိုကိုဝတ်သလို သပ်သပ်ရ ရပ်ခန့်ခန့်ငြားငြားလေး ဝတ်ပေးကြည့်တော့။ ဘုရားရေ ... ဘယ ဆိုးလို့လဲ။ သူ့အရပ်မြင့်မြင့်ကြီးနဲ့ တကယ်မိုက်သွားတယ် ... ကြည စမ်း ...

"ဟယ် ... ညည်း ... ညည်းလေး အခုပဲငိုနေတာ၊ ဘာ စဉ်းစားပြီး တစ်ယောက်တည်း ပြုံးသွားရတာလဲ၊ ပြော ... ပြေ စမ်း"





တွေ့လား ... အဲဒီကြီးညို။ ဖြူ့မျက်နှာလေးကို တစ်ချိန်လုံး စူးစိုက်တကြည့်ကြည့်နဲ့ခိုးကြည့်နေလို့ ဖြူ အမှတ်တမဲ့လေး ပြုံးလိုက် မိတာကို မြင်သွားတာ။ ဒါကို ထိတ်ထိတ်ပြာပြာအော်ရင်း မျက်လုံး ကြီးကပါ တတောင်လောက်ကြီး ပြူးထွက်လာ၏။ ကြီးဝါကပါ မသင်္ကာသလို ကြည့်လျှက် ... ။

"ဟုတ်တယ် ... မမညို ... ချစ်လေးပြုံးသွားတာ ဝါလည်း ဖြစ်လိုက်တယ်၊ မဟုတ်မှလွဲရော ... ဝါတို့အရမ်းချစ်တဲ့တူမလေး စိတ်ကူးယဉ်တတ်နေပြီဆိုတာ အရမ်းသေချာနေပြီ"

"ဝါရယ် ... ငါတော့ ဒီတူမလေးတစ်ယောက်မွေးထားမိတာ လဲတောင်သေပစ်ချင်နေပြီ ... ဘုရား ... ဘုရား မဟုတ်တာမဆိုင် တာတွေ တွေးပြီး တစ်ယောက်တည်း ပြုံးလိုက်တာ မဖြစ်ပါစေနဲ့ ဘုရားရှင် ကယ်တော်မူပါ ... "

ကဲ ... သူတို့အဖြစ်သည်းနေကြတာ။ ရယ်စရာတောင် ကောင်းမနေဘူးလား။ ပုတီးထုတ်ပြီး စိပ်သူစိပ်၊ ဘုရားရှင် ကယ်ပါ ဆိုပြီး ဆုတောင်းသူတောင်းနဲ့ ... ဖြူကတော့ ဒီအဒေါ်နှစ်ယောက် ကိုလည်း ဂရုမစိုက်ပါဘူး။ ကားပေါ်မှာထိုင်ရင်း လမ်းဘေးဝဲယာ မှာ လျှောက်သွားနေသည့်လူတွေကို မျက်လုံးလေးဝေ့ဝေ့ပြီး မျက် တောင်လေးကော့ကာ ကော့ကာနဲ့ ကြည့်လာတာလည်း တစ်လမ်း လုံးပါ။ ထိုအချိန်မှာ တိုက်စစ်မှူးကတော့ ...

ဦးမြတ်အိမ်ခြွေထွန်းရဲ့ အိမ်ရှေ့လှေကားရင်းကလေးမှာ စိတ် ဓာတ်လေးကျပြီး ကျောကလေးကပ်မှီကာ ထိုင်လို့။

ဒါကို ... ဦးမြတ်အိမ်ခြွေထွန်း တွေ့လိုက်တော့ ...

"ဟာ ... ဟော့ကောင် ... မင်း ... မင်း ... "



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် တခြားနေရာတွေ လျှောက်မသွားချင်တော့လို့ ဦးဆီကိုပဲ ပြန်လာတာ၊ ဒီည ဦးပြန်မလာရင်လည်း ဒီလှေကားထစ် ကလေးပေါ်မှာ ခွေခွေလေး ကျွန်တော် အိပ်နေရတော့မှာ"

"မင်းကွာ ... ငါ ... ငါက မင်းစိတ်ဓာတ်ကျပြီး တခြားနေရာ ကို ထွက်သွားပြီတောင် ထင်နေတာကွ နားလည်လား ... ကား ပေါ်မှာတောင် မင်းအကြောင်းတွေးပြီး ငါစိတ်မကောင်းဖြစ်ရသေး တယ်၊ ကဲ ... ရော့ ... ဒီမှာ အိမ်သော့ ... ဖွင့်ကွာ မင်းပဲဖွင့်လိုက်"

သော့ကလေးပစ်ပေးလိုက်တော့မှ အိမ်တံခါးသော့ကို သွက် လက်စွာပဲ တိုက်စစ်မှူးက ဖွင့်သွားသည်။

"မင်း ... မင်း ထွက်သွားတော့၊ နောက်မှာ ဘာတွေဖြစ်ပြီး ကျန်ခဲ့သလဲဆိုတာ မင်းသိလား ဟော့ကောင် ..."

"ဘာဖြစ်လို့လဲ ..."

"ချစ်ခြင်းဖြူ ငိုတယ်လေ ..."

ကြည့်စမ်း ... ဒီလိုပြောတာတောင် ဒီကောင် မလှုပ်တလှုပ် နဲ့။

"စိတ်မဝင်စားပါနဲ့ဦးရာ ..."

"ဘာပြောတယ် ..."

တော်တော်အသည်းမာတဲ့ကောင်။ ဒါပဲပြောပြီး အကျီကို ဆွဲချွတ်ကာ အခန်းထဲဝင်သွားပြီ။ ဦးမြတ်အိန္ဒြေထွန်း တစ်ခုပဲ တွေး လိုက်မိတာက ... ဒီကောင် ဒါကိုတကယ်ပဲ စိတ်မဝင်စားတာလား။

ဒါမှမဟုတ် ... ဟန်ဆောင်နေတာလား။

## အခန်း ( ၉ )

"စား ... ဟော့ကောင် ငိုင်မနေနဲ့ ..."

ညရောက်မှ ဖုတ်ပူမီးတိုက် ကမန်းကတန်းချက်ပြုတ်လိုက်ရ သည့် ပူပူလောင်လောင် ထမင်းဟင်းတွေကိုကြည့်ကာ မစားဘဲ ဒီအတိုင်းငိုင်ကြည့်နေတာကိုမြင်တော့ ဦးမြတ်အိန္ဒြေထွန်း အော် ပြောမိ၏။

"ဘာလဲ ... ချစ်ခြင်းဖြူကို မင်းသတိရသွားလို့လား"

ကိုယ်က အရင် ဟင်းခွက်ကို စနိုက်ရင်း ငါးပိရည်တစ်စွန်းကို ပါ ပန်းကန်ထဲခပ်ထည့်သည်။ ပြောရရင် ... ကမန်းကတန်း စီစဉ် ချက်ပြုတ်လိုက်တာဆိုပေမယ့် ဟင်းက တော်တော်လေးတော့ စုံ ပါသည်။

အလုပ်ကနေ ညနေပြန်လာတိုင်း မီးခွက်ဈေးကိုဝင်ပြီး ဟင်း ချက်စရာ တိုလီမုတ်စလေးတွေကို ဦးမြတ်အိန္ဒြေထွန်းက ဝယ်နေ ကျမို့ အသားငါး အသီးအရွက်တွေအပြင် တို့စရာ အတို့အမြုပ်လေး တွေပါ ဝယ်လာခဲ့တော့ ဟင်းအမယ်လေးတွေက ဘာရယ်မဟုတ် ပါဘဲ အတော်လေးတော့ စုံသွားခဲ့တာဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com


"ဟော့ကောင် ... ငါမေးနေတာ ဖြေလေ ... "

သူ နောက်တစ်ကြိမ် ထပ်မေးတော့မှ ...

တိုက်စစ်မှူးက မထိတရိလေးပြုံးကာ ...

"သတိရစရာလိုလို့လား ဦး ... "

"ဟေ ... "

ကြည့်ဦး ... ဒီကောင်ဖြေပုံက ...

သတိရစရာလိုလို့လားတဲ့။

"ဟင်း ... မင်းက သတိမရပေမယ့် ချစ်ခြင်းဖြူက မင်းထွက် သွားတာကိုကြည့်ပြီး မျက်နှာငယ်ငယ်လေးနဲ့ကျန်ခဲ့တာ၊ ကားပေါ် မှာပါသွားတော့လည်း မျက်ရည်လေးသုတ်ပြီးပါသွားတာ ငါတွေ့ လိုက်တယ် ... ပြောရရင် ဒီကောင်မလေးက တော်တော်စိတ် ကောင်းရှိတဲ့ကောင်မလေး ... သူ့အစ်ကို ထက်ဖျားယံနဲ့ဘာဆိုင်လို့ လဲ၊ စိတ်ထားရော အမူအကျင့်ရော စရိုက်ပါ တခြားစီ ... "

ထမင်းကိုနယ်ပြီးတော့လည်း ပလုတ်ပလောင်း စားသည်။

စကားကိုလည်း အားရပါးရ ဦးမြတ်အိန္ဒြေထွန်း ပြောဖ ဘာပဲပြောပြော ကိုယ့်မှာ အဖော်တစ်ယောက်ရလာလို့သာ ဦးမြတ် အိန္ဒြေထွန်းရဲ့ ထမင်းဝိုင်းကလေးက စိုပြည်သွားခဲ့တာဖြစ်သည်။ အရင်ကဆို ... တစ်ယောက်တည်းသွား တစ်ယောက်တည်းပြ လာ တစ်ယောက်တည်းချက်ပြုတ်နဲ့ ပျင်းရိငြီးငွေ့ဖွယ်ရာ ကောင်း သလောက် ... ခုလို စကားပြောဖော်လေးရပြီး ကူဖော်လောင်ဖက် လေးအဖြစ်နဲ့ပါ အားကိုးလာရပြီဆိုတော့ လူပျိုကြီး ဦးမြတ်အိန္ဒြေ ထွန်းအတွက် ဘုရားမတာပေါ့။



ဒီအိမ်ကလေးကလည်း ...

နှစ်ချပ်ကလေးနဲ့ ငှားထားတဲ့ အိမ်ကလေးပါ။

ပျဉ်ထောင်ပျဉ်ခင်းလေးပေမယ့် သွပ်မိုး ထရံကာ အိမ်လေး ဖြစ်နေတော့ ခြေရင်းအိမ် ခေါင်းရင်းအိမ်က အသံတွေကိုလည်း နေ့စဉ် နီးကပ်နေအောင် ကြားနေရဟာလေ။

ခြေရင်းက ကိုသောင်းမြင့်စိုးတို့အိမ်ဆိုလျှင် ဒီလူ မူးလာတာ နဲ့ ကလေးတွေကို အမျိုးမျိုး အပြစ်ရှာရိုက်နှက်နေတော့ ညစဉ် ရဲ့ပွက်သလို ဆူညံနေတာက မရိုးနိုင်တဲ့ ဇာတ်လမ်းတစ်ပုဒ်လိုဖြစ် လာခဲ့သည်။

ခုလည်း ... ဇာတ်လမ်းက စတော့မည်။

ကိုသောင်းမြင့်စိုး မူးလာတဲ့အသံကို လမ်းမထက်မှာ ကြားစ ပြုလာရပြီ။ တိုက်စစ်မှူးကတော့ ထူးထူးဆန်းဆန်းကလေး ဖြစ်ကာ မျက်မှောင်လေးကြုံ့လျှက်။

"ဦးနေတဲ့ရပ်ကွက်လေးက တော်တော်လေးတော့ စရိုက် စုံတယ်နော် ဦး ... လမ်းထဲဝင်လာတော့လည်း ကလေးတွေက တစ်ပုံကြီး၊ အမူးသမားတွေကလည်း ခွက်ပုန်းဆိုင်လေးတွေထဲက ထွက်လာတာ ဟောတစ်ယောက် ဟောတစ်ယောက်နဲ့ ... "

"ဟာ ... ဟော့ကောင် ... အဲဒါ ငါတို့အတွက်တော့ ပျော် စရာဇာတ်လမ်းတွေလို ဖြစ်နေတာကွ. နားလည်လား ... အမူး သမားတွေ အချင်းချင်းလည်း ဆဲကြဆိုကြ ရန်ဖြစ်ကြ၊ လင်မယား ချင်းလည်း အော်ကြ ဟစ်ကြ ရိုက်နှက်ကြနဲ့ ... အဲဒါမှ မကြားရရင် ကယ်လိုမှ အိပ်လို့မပျော်တော့ဘူး ... ကြာရင် မင်းနေသားကျသွား မှာပါ ... ပြောရရင် ဆင်းရဲသားရပ်ကွက်ဆိုတာ ဒီလိုမျိုးပဲပေါ့ကွာ"


www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း … အဲဒါ ကျွန်တော်သိပါတယ် ဦးရာ … ကျွန်တော် ငယ်ငယ်တုန်းကလည်း ဒီလို ဆင်းရဲသားရပ်ကွက်ကလေးထဲမှာ နေလာခဲ့တဲ့ဥစ္စာ …"

"ဟေ … မင်း ဒီလိုမျိုးနေခဲ့ဖူးတယ် … ဟုတ်လား …"

"နေဖူးတာပေါ့ ဦးရ …"

"မင်းမိဘတွေကရော ဘာလုပ်သလဲ …"

"ဆင်းရဲသားဆိုတော့ ကြုံရာကျဘမ်းပေါ့ဦးရာ … ဘာလုပ်ရမှာလဲ"

"ငါ … ငါ မင်းအကြောင်းကို စိတ်ဝင်စားတယ်သိလား ဟော့ကောင် …"

"တော်ပါပြီဗျာ … ကျွန်တော် မပြောပါရစေနဲ့ …"

"မင်း … မင်း တော်တော်လျှို့ဝှက်တယ်နော် တိုက်စစ်မှူး"

"တစ်နေ့ကျရင် ကျွန်တော် ဘာကောင်လဲဆိုတာ ဦးသိလာမှာပါ … အခုလောလောဆယ် အရေးကြီးတာ ဦးကျွေးတဲ့ထမင်းကို စားနေရတာ ကျွန်တော့်ကိုယ် ကျွန်တော် လိပ်ပြာမလုံဘူးဦးရာ၊ နေ့လည်ကလည်း ဦးက ထွက်သွားဆိုလို့ ကျွန်တော် ထွက်သွားတာ"

"ဒါကတော့ကွာ … မင်းသိတဲ့အတိုင်း ပြဿနာတွေက တစ်ခုပြီးတစ်ခု တက်နေတာ … ငါလည်း မင်းကို ဘယ်လိုလုပ်တတ်နိုင်ပါတော့မလဲ … ထက်ဖျားယံဆိုတဲ့ ထောင့်မကျိုးတဲ့ ဘော့စ်က တစ်မျိုး … သူ့အဒေါ်အပျိုကြီးတွေကလည်း ဂျီဂျောင်နဲ့ သူတို့တူမလေးကို ထိမှာပဲ ကြောက်နေကြတာ … တကယ်တမ်း စဉ်း





ားကြည့်တော့ တရားခံက မင်းဖြစ်နေတာလေ …"

"ဗျာ … ဦး … ကျွန်တော် ဘာလုပ်လို့လဲ …"

"အသုံးမကျတဲ့ပန်းကို ဘော့စ်စားပွဲပေါ်မှာ ထိုးထားခဲ့လို့ ပြဿနာတွေဆက်တိုက်ဖြစ်လာတာလေ"

"ဟွန်း … ဦး ဒါပဲပြောတော့မယ်ဆိုတာ ကျွန်တော် သိတယ်"

တွေ့လား ဒီကောင် …

ဒီအကြောင်း ပြောလိုက်တာနဲ့ သူ့နှုတ်ခမ်းလေးပေါ်မှာ မဲ့ကွေးကွေးအရိပ်လေးက စွဲထင်သွားခဲ့ရပြန်ပြီ။

ပြောရရင် … ဒီကောင့်ကို ဦးမြတ်အိမ်ခြွေထွန်း မသင်္ကာခဲ့တာလည်း အဲဒါ။

ပန်းနာမည်လေးကလည်း စံတော်ဝင်တဲ့။

ဒီကောင်မို့ ထူးထူးဆန်းဆန်း …

မေးလိုက်ပြောလိုက်ရင်လည်း နှုတ်ခမ်းလေးမဲ့သွားရတာနဲ့၊ မျက်ဝန်းလေးတွေ တဖျတ်ဖျတ် အရောင်လက်သွားရတာနဲ့၊ သေချာတာကတော့ ဒီပန်းကလေးနဲ့ပတ်သက်ပြီး နာကျင်ပြင်းထန်တဲ့ စားချက်လေးတစ်ခုတော့ ဒီကောင့်ရင်ထဲမှာ ရှိနေပုံပဲ။ ဒါကိုတော့ ဦးမြတ်အိမ်ခြွေထွန်း သတိထားမိနေသည်။

ခက်နေတာက ဒီကောင်က ဘာမှမပြောတာ။

ဘော့စ် ဦးထက်ဖျားယံကလည်း ဒါကိုပဲ ခွင့်မလွှတ်နိုင်ဖြစ်နေတာ ဘာသဘောလဲ။ ကြာတော့ … ခေါင်းလည်းရှုတ်လာသည်။ စိတ်လည်း ညစ်လာသည်။ မတတ်နိုင်ဘူး … ဒီအရှုတ်အထွေးနဲ့ပဲ



www.burmeseclassic.com

www.burmeseclassic.com

ကြားမှာ ကိုယ်မပါအောင်ဘဲ ဦးမြတ်အိန္ဒြေထွန်း နေလိုက်တော့မည်။

ခေါင်းစားသွားတာနဲ့ ထမင်းလည်း ဆက်မစားနိုင်တော့ပါ။

စားလက်စ ထမင်းကို လက်စသတ်လိုက်ပြီး ထမင်းဝိုင်းသိမ်းဖို့ပဲ ပြင်လိုက်သည်။

"ဟာ ... ဦး ... မလုပ်ပါနဲ့၊ ဦးလက်ဆေးပြီး ထားခဲ့၊ အားလုံးကို ကျွန်တော် ရှင်းမယ် ..."

ပြောလည်းပြော ဆံပင်ရှည်လေးတယမ်းယမ်းနဲ့ စားပွဲပေါ်က ဇွန်းတွေပန်းကန်တွေလည်းသိမ်း။ နောက်ဖေးရေတိုင်ကီလေးမှာလည်း သွားဆေးနဲ့ ... လမ်းပေါ်ကလာတဲ့ကောင်က ဘယ်ဆိုးလို့လဲဟင်။

ပန်းကန်စင်လေးပေါ်ပြန်တင်ထားတာကအစ သပ်သပ်ရပ်ရပ် ညီညီညာညာကလေး။ ပြီးတော့လည်း ... ရေနွေးကြမ်းတစ်အိုးနဲ့ လက်ဖက်ပွဲလေးကိုလည်း အဆင်သင့်ပြင်ကာ အိမ်ရှေ့ခန်းကြမ်းပြင်လေးမှာ လာချသည်။

"ဟား ... ဒီညတော့ မိုက်သွားပြီကွ ... သိလား ..."

ဒီလို အလိုက်သိတာလေးကြောင့် ဒီကောင့်ကို အမှတ်လေးတစ်မှတ်ပိုပေးလိုက်မိ၏။ အရင်ကဆို စားပြီးတာနဲ့ ဘုရားရှိခိုး ပုတီးစိပ်ပြီး မီးမှိတ်အိပ်ပစ်ရတာလေ။ ဒီည အပြင်မှာလည်း လ,လေးကသာနေတာဆိုတော့ ရေနွေးကြမ်းတစ်အိုး လက်ဖက်တစ်ပွဲနဲ့၊ ကဲဘာလိုသေးလဲ ...

ဒီကောင်နဲ့ အေးအေးဆေးဆေး စကားပြောရုံပဲ။





သို့သော် ... တစ်ခုပဲခက်နေသေးတာက ဒီကောင့်ခြေထောက်လေးက ထော့နဲ့ ထော့နဲ့လေးဖြစ်ချင်နေသေးတာ။

"ဘယ်လိုလဲ ဟေ့ကောင် ... မင်းခြေထောက်က နာနေတုန်းပဲလား"

"နည်းနည်း နာတယ်ဗျ ..."

"ဟွန်း ... တော်တော်ဆိုးတဲ့ကောင်"

အရင်းမရှိ အဖျားမရှိ ဦးမြတ်အိန္ဒြေထွန်း ပြောမိသည်။

ဒီအကြောင်း စဉ်းစားမိတော့လည်း ဒီကောင့်ဘက်ကလိုက်ပြီး ရင်နာရပြန်သည်။ လူတစ်ယောက်ကို မကျေနပ်တာနဲ့ပဲ ဒီလောက်လက်စင်ပေး ဒဏ်ခတ်နေစရာ လိုသလား။

ထမ်းလိုက်ရတဲ့အိတ်က မရှိဘူးဆိုတာတောင် အနည်းဆုံးအိတ်ငါးဆယ်တော့ ကျော်မည်။ အောက်ဆုံးထပ်မှာ ပုံချထားတဲ့အိတ်တွေကို သုံးလွှာရောက်အောင် တစ်ယောက်တည်း ထမ်းတင်ခိုင်းသွားတာ။

ချော်လဲတာ ခြေသလုံးရိုးကျိုး မသွားတာဘဲ ကံကောင်း။

ဒီကောင်ကလည်း မာလွန်းသည်။ မျက်နှာလေးတစ်ချက်မဲ့မသွားဘဲ ဦးထက်ဖျားယံ ကျေနပ်အောင် ထမ်းပြသွားတာ။ မြင်နေရတဲ့ ဘဝတူ အလုပ်သမားတွေအားလုံး ဒီကောင့်ကို မသနားဘဲနေပါတော့မလား။

"ဦးထက်ဖျားယံ တကယ်ရက်စက်တယ်နော်၊ ဦးမြတ်အိန္ဒြေထွန်း ... ခင်ဗျားကောင်ကိုလည်း တော်တော်ကြည့်မရဖြစ်နေပုံရတယ်"

ပန်းရုံဆရာ ကိုကျော်သန်းက မခံမရပ်နိုင်လာပြောတော့



www.burmeseclassic.com

www.burmeseclassic.com


သူကလည်း ပြန်ပြောလိုက်မိ၏။

"ဘယ်တတ်နိုင်မလဲဗျာ ... ဒီကောင့်ကိုက ကံမကောင်းလို့ ဖြစ်တာ၊ ဒါပေမဲ့ ... ဒီကောင်က အကြောတော့ တော်တော်မာတယ်ဗျ သိလား ... အိတ်တွေအများကြီးကို တစ်ချက်လေးတောင် မနားဘဲ ဆက်တိုက်ထမ်းတင်နေတာ၊ ကျွန်တော်တောင် မျက်လုံးပြူးတယ် ... တော်တန်ရုံကောင်သာဆို ခွေခေါက်လဲသွားတော့မှာ"

ဒီလိုပြောခဲ့တာ ဒီကောင် စိတ်ဓာတ်ကို အံ့ဩလွန်းလို့ပါ။ ခုတော့ ... ထော့နဲ့ ထော့နဲ့လေးနဲ့ ဒီကောင့်ကိုမြင်ရတာလည်း စိတ်မကောင်း။

"ဟော့ကောင် နာနေရင် ... ဆေးလိမ်းထားလေကွာ ... ငါ့စာအုပ်စင်ဘေးမှာ မိဂသီဒဏ်ကြေလိမ်းဆေးဗူးလေး ရှိတယ်"

"ဟွန်း ..."

"ဟာ ... မင်း ဘာပြုံးတာလဲ ဟော့ကောင် ... ငါ့ကိုမှန်မှန်ပြောစမ်း ... ဆေးလိမ်းပေးမယ့် ကောင်မလေးတစ်ယောက်ကို သတိရသွားလို့ နှုတ်ခမ်းလေးမဲ့ပြီး မင်း ပြုံးသွားတာလား"

"ဒီလိုပဲပေါ့ ဦးရာ ..."

"ဟော့ကောင် ... မင်း မညာနဲ့၊ ချစ်ခြင်းဖြူနဲ့ပတ်သက်ပြီး မင်းမှာ ခံစားချက်တစ်ခုခုရှိနေတာ ငါသိနေတယ်"

"မရှိပါဘူးဦးရာ ... ကျွန်တော်က လမ်းဘေးက ကောင်ပါ"

"ဘာလမ်းဘေးကကောင်လဲ ... ဟော့ကောင် ... မင်းကို ငါ မပြောချင်လို့ကြည့်နေတာ၊ စောစောက အပေါ်ပိုင်းအင်္ကျီတွေ ဖမ်းဆွဲချွတ်လိုက်တုန်းက မင်းအသားအရည်ဝင်းဝင်းထင်းထင်းကို



ငါမြင်လိုက်ရတာ၊ ပြောရရင် ... ပခုံးလေးနှစ်ဖက်စလုံး ရဲဗလောင်း တတ် စုတ်ပြတ်သတ်သွားအောင် ဘိလပ်မြေအိတ်တွေကို မင်းကြိတ် ထမ်းသွားတာ၊ ဟွန်း ... ငါပြောတာ ဟုတ်သလားမဟုတ်ဘူးလား ဆိုတာ မင်းပခုံးနှစ်ဖက်စလုံးကို မင်းပြန်ကြည့်လိုက် ..."

"ဦးကလည်းဗျာ ဒါမျိုးကို ကျွန်တော်မှ မလုပ်ဘူးခဲ့တဲ့ဟာကို ... ဒီလောက်တော့ ကျွန်တော်ခံရမှာပေါ့ ... စိတ်ချပါ ဦးရာ၊ ဦးကို ကျွန်တော် မလိမ်ပါဘူး ... ကျွန်တော် တကယ်ဒုက္ခရောက်နေလို့ ဦးတို့အလုပ်ထဲကို ကျွန်တော် ဝင်ခဲ့တာပါ ..."

"ဟာ ... ဟော့ကောင် အိမ်ရှေ့မှာ ကားတစ်စီးထိုးရပ်သွားတယ်ကြည့်စမ်း ... ငါ့ဆီကိုလာတဲ့ ဧည့်သည်တွေများလား"

နှစ်ယောက်သား စကားဖြတ်ပြီး ... အိမ်ရှေ့လမ်းမအမှောင်ရိပ်ထဲကို ကြည့်လိုက်တာလည်း အသည်းအသန်ပါ။

"ဟာ ... ဦးထက်ဖျားယံ ..."

ထင်မှတ်မထားတဲ့ ဧည့်သည်တစ်ယောက်။

ဦးမြတ်အိန္ဒြေထွန်း မျက်လုံးပြူးသွားသည်။

သူ့နောက်မှာ ထုံးစံအတိုင်း ဦးမောင်မောင်စိုးက ထပ်ကြပ်မကွာ။

"ဟွန်း ... ခင်ဗျားအိမ်ကို ရှာလိုက်ရတာဗျာ"

နှုတ်ခမ်းလေးမဲ့ပြီး ဦးထက်ဖျားယံ ပြုံးကြည့်လိုက်တာ မိမိကိုမဟုတ်ဘဲ မိမိနောက်မှာ ခေါင်းငုံ့ရပ်နေသည့် တိုက်စစ်မှူးဆီကိုပဲ ဖြစ်နေသည်။

"ထိုင် ... ထိုင်ပါ ဘော့စ် ..."


www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မထိုင်တော့ဘူး ဦးမြတ်အိမ်ခြွေထွန်း … ကျွန်တော်လာတာ တစ်ခုပဲပြောချင်လို့လာတာ၊ မနက်ဖြန် ခင်ဗျား ကောင်ကို အလုပ်ပြန်ဆင်းခိုင်းလိုက်ပါ … ကျွန်တော် ဒီကောင့်ကို သုံးစရာရှိလို့ … "

"ဗျာ … "

"ဒီကောင်ရောက်တာနဲ့ ကျွန်တော့်ရုံးခန်းကို လွှတ်လိုက်၊ ကဲ … ဒါပဲဗျာ၊ ကျွန်တော် သွားမယ် … "

သူတို့ကား အိမ်ရှေ့ကနေ ပြန်လှည့်ထွက်သွားတော့မှ။

"ဘယ်လိုလဲ တိုက်စစ်မှူး … မင်းကို အလုပ်ပြန်ဆင်းရမယ်တဲ့"

ကိုယ့်မှာတော့ ဝမ်းသာရတော့မလိုလို ဝမ်းနည်းရတော့မလိုလို ကျေးဇူးရှင်ကို ကြည့်လိုက်တော့လည်း အိမ်အလည်တိုင်လေးမှာ ပခုံးစောင်းလေးမှီကာ လက်ကလေး ပိုက်ရပ်လျှက်။

ဝမ်းသာဟန်လည်းမပြ ဝမ်းနည်းဟန်လည်း မမြင်။

အေးစက်စက်မျက်ဝန်းလေးတွေ ဖိတ်ဖိတ်လက်နေတာက တစ်နေ့ ဒီလိုဖြစ်လာတော့မယ်ဆိုတာ သူကပဲ ကြိုသိနေခဲ့သလို။

"ငါ … ငါ ထင်တာကတော့ ထက်ဖျားယံဆိုတာ တော်တော်အညှိုးကြီးတယ် … မင်းကို ဒီလောက်နှိပ်စက်ထားတာ အားမရသေးလို့ ထပ်လာခေါ်တာပဲဖြစ်ရမယ် … ဦးမောင်မောင်စိုးကလည်း ဘော့စ် ထက်ဖျားယံနဲ့ တစ်ကြိတ်တည်း တစ်ဥ ၁ဏ်တည်းပဲ၊ ကဲ … အဲဒါ မင်းဘယ်လိုဆုံးဖြတ်မလဲ၊ ဒီအလုပ်ကို ပြန်ဝင်မလား၊ စိတ်မရှုပ်ရတဲ့ တခြားနေရာမှာ သွားလုပ်မလား … မင်းကြိုက်တာ





ရွေးလိုက်"

"ကျွန်တော် ပြန်လုပ်မယ်"

"ဘာ … ဘာပြောတယ် … "

"ကျွန်တော့်နာမည် တိုက်စစ်မှူး … "

"ဟော့ကောင် … "

ဦးမြတ်အိမ်ခြွေထွန်း တစ်ကိုယ်လုံးသွေးတွေ ဆူပွက်သွားတာ ဒီကောင့်ကို ဘယ်လိုပြောလို့ ပြောရမှန်းတောင်မသိ။

"မင်းဟာမင်း တိုက်စစ်မှူးမကလို့ ဘာကောင်ကြီးပဲဖြစ်ဖြစ် ထက်ဖျားယံဆိုတဲ့ကောင်က အကြင်နာမဲ့တွေ တစ်ပုံကြီးနဲ့၊ မင်းကို ကောင်းကင်အမြင့်မှာ တင်ထားမယ်ထင်နေသလား … ဒီကောင့်မျက်လုံးထဲမှာ အတ္တတွေ ရက်စက်မှုတွေ မနာလိုဝန်တိုမှုင်းတွေပဲရှိနေတာ"

"အဲဒါ … ကျွန်တော် ဂရုမစိုက်ဘူးလေ ဦး … "

"ဘာပြောတယ်"

"ကျွန်တော့်ကို အညှိုးနဲ့နင်းချေမလား၊ အရည်ကျိုစက်ထဲ ထည့်ပြီး သံရေပူနဲ့လောင်းချမလား … တစ်စစီပြန်ဆက်ပြီး တိုက်စစ်မှူး အသက်ပြန်ရှင်လာမှာ သေချာပေါက် လောင်းကြေးထပ်ရဲတယ်"

"ဟော … "

ဒီကောင် … ဦးနှောက်မှ ကောင်းသေးရဲ့လား။

"မင်း … မင်း … ထက်ဖျားယံကို လုံးဝလျော့မတွက်နဲ့နော်၊ တိုက်စစ်မှူး … ဒီကောင့်မှာ ငွေရှိတယ်၊ အဲဒီငွေကို အတ္တနဲ့ရောပြီး မင်းကိုယ်ပေါ်ကို လောင်းချလိုက်တာနဲ့ မင်းပြာဖြစ်သွား



www.burmeseclassic.com

www.burmeseclassic.com


မျာ ... အဲဒါ ငါသိတယ်၊ ဒီကောင့်အကြောင်းကို ဆယ်ဆပိုပြီး မင်
ထက်ငါက နားလည်တယ် ... အဲဒါ ... မင်းယုံထား ... ”

ဒီလိုပြောတော့လည်း ဒီကောင် မဖြို။

ပြောကာမှ ကိုယ်ကလေးကို တစ်ပတ်လှည့်ပြီး မျက်နှ
လေးမော့ကာ ဒီကောင်ရယ်ချသည်။ ကဲ ... ဘယ်လိုလုပ်မလဲ
ကိုယ်က တစ်ခုခုဖြစ်လာမှာ စိုးရိမ်မိခဲ့သလောက် ဒီကောင်ဖြစ်နေ
တာက လက်ဖဝါးပေါ်က သစ်ရွက်ခြောက်ကလေးကို လက်သီ
လေးဆုပ်ပစ်လိုက်တာနဲ့ ပွဲပြီးသွားမယ့်အနေအထားမျိုး။ အေးဆေ
ပါဆိုတဲ့ အထာမျိုး။

ပြောရရင် ...

ထက်ဖျားယံအကြောင်းကို ဒီကောင် ဘာသိလို့လဲ။

ရန်ကုန်မြို့ပေါ်မှာ ရှိသမျှ ဇိုးတွေ လူမိုက်တွေအားလုံ
ဒီကောင် ဘောင်းဘီအိတ်ထဲမှာ ပြည့်သိပ်နေအောင် ကောက်ထည့်
ထားတာ။ ဂျင်ပိုင်းမှန်သမျှ ထက်ဖျားယံ မရောက်ဖူးတာမရှိ။ က
သော့ ဘဏ်စာအုပ် ပစ်ချပြီး လောင်းကြေးထပ် စိမ်ခေါ်ရဲတာ
စီးကရက်လေးတောင် အဖွာမပျက်။

နိုက်ကလပ်တွေမှာ အုပ်စုဖွဲ့သောင်းကြမ်းရဲတာလည်
ဒီကောင်။ နောက်ဆုံး သူ့ဖေဖေ ဦးထက်လူမင်းရှာဖွေစုဆောင်းထာ
ခဲ့သမျှ စည်းစိမ်ချမ်းသာတွေအားလုံး ကုမ္ပဏီအရှုံးစာရင်းပြပြီ
ဒီကောင်ပဲ ထိုင်ဖြုန်းနေတာ။

အခုဆိုရင်တောင် ကုမ္ပဏီလောကမှာ တိတ်တိတ်လေ
ပျံ့လွင့်နေတဲ့ သတင်းတစ်ပုဒ်က မဟာစကြာဝဠာဆိုတာ ဒေဝါလီ
ခံရတော့မယ့် ကုမ္ပဏီတဲ့။ မြန်မာနိုင်ငံဖွား နိုင်ငံခြားမှာရောက်နေတဲ့



သူဌေးတစ်ယောက်လက်ထဲကိုတောင် အပ်ရတော့မှာတဲ့။

ဒီအခြေအနေမှာ တိုက်စစ်မှူးကို ဒီကောင်ပြန်ခေါ်တာ
ဘာသဘောလဲ။ ဒါကို နားမလည်နိုင်လို့ တိုက်စစ်မှူးဆိုတဲ့ မာ
ကြောကြောကောင်ကို တားနေတာ။ ဟွန်း ... တားလို့ မရလည်း
နေပေါ့။

ထက်ဖျားယံကြောင့် ဒီကောင် ပြာဖြစ်သွားရင် ...

ရေထဲမျောချပစ်လိုက်ရမှာက ကိုယ့်တာဝန်။

ဟောကြည့် ... နှုတ်ခမ်းလေးမဲ့ပြီး ဒီကောင် ထပ်ပြုံးလိုက်
ပြန်ပြီ။ ဒုက္ခပါပဲ ...

ပြောမရ ဆိုမရနဲ့ ဒီကောင် တော်တော်ခက်ပါလား။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၀ )

"ထိုင်ကွာ ... တိုက်စစ်မှူး ... "

စားပွဲပေါ် ခြေဆန့်တင်ထားသည့် ခြေထောက်တွေကို ပြ ရုတ်ဖို့။ သတိမရသလို ခပ်ရင့်ရင့်ပဲ ထိုင်ခိုင်းလိုက်တာက ထ ဖျားယံရဲ့ စရိုက်တစ်ခုပဲ ဖြစ်နေခဲ့၏။

ဒါကို တိုက်စစ်မှူးကလည်း ဂရုမစိုက်ပါ။

ထုံးစံအတိုင်း ဆံပင်ရှည်တွေကို ရော်ဘာကွင်းကလေးနှ သပ်ရပ်နေအောင် စုချည်ထားပြီး အပေါ်အောက်ဝတ်လာတာ ဂျင်းဘောင်းဘီအပေါင်းနှင့် ဂျင်းအကျီအပေါင်းလေးပဲဖြစ် သည်။

"ငါ ... မင်းကို တောင်းပန်စရာရှိလို့ ခေါ်လိုက်တာ"

သူ ထိုင်ခုံမှာ ဝင်မထိုင်ရသေးခင်မှာပဲ ထက်ဖျားယံ တောင်းပန်စရာရှိလို့ ခေါ်လိုက်တာပါဆိုတဲ့စကားနှင့် ခရီးဦး သည်။ ဒါကို ... သူက ဟွန့်ခနဲ နှုတ်ခမ်းလေးမဲ့ကာ ...

"အဲဒါ မလိုဘူး ဦးထက်ဖျားယံ ... "

"ဟွန်း ... ဘာလို့မလိုရမှာလဲ၊ မင်းနဲ့ပတ်သက်ပြီး ငါ့ဘ





က မှားသွားတာတွေ အများကြီးဖြစ်သွားလို့ ငါတောင်းပန်ချင်တာ"

ထက်ဖျားယံပြောနေတာ မျက်နှာကို အောက်ချ ပြောနေ တာလည်းမဟုတ်။ စီးကရက်တစ်လိပ်ကို နှုတ်ခမ်းမှာတပ်လျှက် ရှိက်ဖွာရင်း နှုတ်ခမ်းလေးလှုပ်ကာ ပြောနေသလို စီးကရက်ထိပ်က ပြာတောင့်လေး ပြုတ်ကျမသွားအောင် ပြောနိုင်တာက ဦးထက် ဖျားယံရဲ့ စတိုင်လ်တစ်ခုလို့ပဲ ပြောရလေမလား။

"ဒီမှာ ... မင်းသိအောင် ငါထပ်ပြောမယ်တိုက်စစ်မှူး"

အခုမှ ခြေထောက်ကိုချကာ ကိုယ့်ကိုမတ်မတ်ဆန့်သည်။ နှုတ်ခမ်းက စီးကရက်ကို ဖြုတ်ကိုင်ကာ ပြာခွက်တစ်ခုထဲ ထိုးချေ ပစ်ထည့်လိုက်၏။

ပြီးတော့မှ မျက်တောင်တွေပြန့်ကော့ ပင့်ကြည့်ကာ ...

"မင်းကို စံတော်ဝင်ပန်းလေးတစ်ပွင့်နဲ့ ငါဆောက်နေတဲ့ရုပ ားကတ်ကြီးရဲ့ ပတ်ဝန်းကျင်မှာ စတွေ့လိုက်ရကတည်းက သင်္ကာလို့ စောင့်ကြည့်နေခဲ့တယ်ဆိုရင် မင်းယုံမလား"

တိုက်စစ်မှူး ခေါင်းမညိတ် ခေါင်းမခါဘဲ ဒီအတိုင်းဆက်နား ထောင်သည်။ ဦးထက်ဖျားယံ ဘာသဘောနဲ့ ဒါတွေပြောနေတာ လည်း ရုတ်တရက် စဉ်းစားလို့မရ။

"ဦးမြတ်အိန္ဒြေထွန်း မင်းကိုတွေ့တာ ငါ့ထက်နောက်ကျ တယ်လေ တိုက်စစ်မှူး ... ဒါကြောင့်မို့ ငါ့လက်ရုံးလူတွေထဲက အကြမ်းဆုံး အရမ်းဆုံးဖိုက်တာ သုံးကောင်လွှတ်ပြီး မင်းကို ငါမျက်စိ အောက်ကနေ ပျောက်သွားအောင် ဆုံးမခိုင်းလိုက်တာ၊ ဒါပေမဲ့ တိုက်ရည်ခိုက်ရည်ကောင်းတဲ့ မင်းလက်ချက်နဲ့ ငါ့ကောင်တွေ ပျောက်သွားတယ်၊ ဟွန်း ... မင်းမဆိုးဘူး တိုက်စစ်မှူး ... ဒါကို



www.burmeseclassic.com

www.burmeseclassic.com



ငါ သဘောကျတယ်"

ပြောရင်း လက်ဆစ်တွေ တဖြောင်းဖြောင်းချိုးကာ ထက်ဖျားယံ ပြုံးသည်။ ဒါကိုတော့ သူတကယ်ပဲ သဘောကျခဲ့တာလေ၊ ဒါပေမဲ့ တစ်ခုပဲခက်နေတာ စံတော်ဝင်ပန်းကိစ္စ။ ဒီကောင် ဒါကိုပဲ ဘောင်းဘီနောက်အိတ်လေးထဲမှာ ထိုးထည့်ပြီး ဘာရည်ရွယ်ချက်တွေနဲ့ ဒီနားတစ်ဝိုက်မှာ လာလှုပ်ရှားနေသလဲဆိုတာ။

ပိုဆိုးသွားတာက ဒီကောင် ဘောင်းဘီနောက်အိတ်ထဲက ပန်းဟာ ကိုယ့်စားပွဲပေါ်အထိ ရောက်လာခဲ့တာ။

"ဟွန်း ... ဒါပေမဲ့ ငါသိပ်မုန်းတဲ့ပန်းက မထင်မှတ်ဘဲ ငါ့စားပွဲပေါ်ကို ရောက်နေတာမြင်လိုက်တော့ ငါပေါက်ကွဲသွားတာ၊ မင်းမြင်တဲ့အတိုင်းပဲ ... ဒါကြောင့်မို့လည်း မင်းကိုတမင်နှိပ်စက်ပြီး ဘိလပ်မြေအိတ်တွေကို ခါးကျိုးအောင် ငါထမ်းခိုင်းခဲ့တာ၊ ဟော ညနေလည်းကျရော ဦးမြတ်အိန္ဒြေထွန်း အမိန့်နဲ့ ငါ့ရဲ့ဆောက်လုပ်ရေးဧရိယာကြီးထဲကနေ မင်းထွက်သွားပြီဆိုတဲ့သတင်းကို ငါကြားလိုက်တယ် ... အဲဒီမှာပဲ သံသယစိတ်ကြောင့် ငါမှားသွားပြီဆိုတာ ငါသိလိုက်တယ် ... ငါယုံသွားတာက မင်း တကယ်လမ်းပေါ်မှာ ဒုက္ခရောက်နေလို့ ဘာရည်ရွယ်ချက်မှမရှိဘဲ ငါလုပ်ငန်းခွင်ထဲကို ဝင်လာရတယ်ဆိုတာ ... "

"ခင်ဗျား အခုက ပြောချင်တာက ... "

"မင်း ... ငါ့အနားမှာနေပေးပါ"

"ဘယ် ... ဘယ်လို ... "

"အောက်ခြေသိမ်းပေါ့ကွာ၊ လိုအပ်လာရင် ငါ့ကားကိုမောင်းပေး ... ငါ့အခန်းကို သန့်ရှင်းရေးလုပ်ပေး၊ ကြမ်းတိုက်ပေး၊





လက်တိုလက်တောင်းလေးတွေ မင်းကိုပဲခိုင်းချင်လို့ ငါပြန်ခေါ်လိုက်တာ၊ ကဲ ... ဘယ်လိုလဲ ... ဒါတွေအားလုံး မင်းလုပ်ပေးနိုင်တယ်မဟုတ်လား"

ဦးထက်ဖျားယံပြောတော့ သူတော်တော် အံ့သြသွားသည်။ ဦးမြတ်အိန္ဒြေထွန်း သူ့ကို အတန်တန်သတိပေးခဲ့သည့် စကားလေးတွေကိုလည်း နားထဲမှာ ပဲ့တင်သံတစ်ခုလို သူပြန်ကြားလိုက်ရ၏။

"ဘော့စ်ဘာပြောပြော မင်းမယုံနဲ့နော် တိုက်စစ်မှူး ... သူက အညှိုးလည်းကြီးတယ်၊ ဥာဏ်နီဥာဏ်နက်လည်းများတယ်၊ မင်းကို လုပ်ငန်းခွင်ထဲပြန်ခေါ်ပြီး နှိပ်စက်တော့မှာ ဒါကိုသတိထား"

"ရတယ် ဦးထက်ဖျားယံ ... အရေးကြီးတာ ကျွန်တော် ထမင်းစားရဖို့ ... ထမင်းစားရမယ်ဆိုရင် ဘာပဲလုပ်ရလုပ်ရ အလုပ်မရွေးဘူး"

"ဘာပြောတယ်"

"ကျွန်တော် ... ခင်ဗျားခိုင်းတာ အကုန်လုပ်မယ်"

"ဟာ ... ကြိုက်သွားပြီ တိုက်စစ်မှူး ... "

ဦးထက်ဖျားယံ ဝမ်းသာအားရ ထရပ်သည်။

"ဒါဆို ဒီနေ့ကစပြီး မင်း ငါ့တပည့်ဖြစ်သွားပြီ ... ငါ လိုအပ်တဲ့ခေါ်ရင်လည်း မင်း ငါ့နောက်ကိုလိုက်ရမယ်"

"စိတ်ချ ... မပူနဲ့ ... "

"ကဲ ... ဒါဆို ငါ့ကားကို ရေသွားဆေး၊ ဆေးပြီးတာနဲ့ပြောင်လက်နေအောင်တိုက်ထား ... ဟုတ်ပြီနော် ... "

အခြေအနေကို စိတ်တထင့်ထင့်လေးနဲ့ စောင့်ကြည့်နေတာ ဦးမြတ်အိန္ဒြေထွန်းပါ။ ဒီကောင် တော်တော်နဲ့ပြန်မလာလို့ ရုံးခန်း



www.burmeseclassic.com

www.burmeseclassic.com



တွေဘက် မသိမသာ လျှောက်သွားကာ ကြည့်လိုက်တော့မှ ...

"ဟာ ... ဟော့ကောင် ... မင်း ... "

ကြည့်ပါဦး ... ဘသားချောက ဘော့စ်စီးတဲ့ နက်ပြာရော
လင့်ခရုဇာ ကားကြီးကို ရေဆေးတိုက်ချွတ်နေတာ။

"မင်း ... မင်း ... "

ဦးမြတ်အိန္ဒြေထွန်း မျက်လုံးတွေပါ ပြူးလို့။

"ကျွန်တော့်ကို ခေါ်ထားလိုက်ပြီလေ ဦး ... ဒီနေ့ကစပြ
ဦးထက်ဖျားယံနားမှာ ကျွန်တော်နေရတော့မှာ"

"ဟုတ်ရဲ့လား တိုက်စစ်မှူးရာ ... "

ဦးမြတ်အိန္ဒြေထွန်း မျက်နှာပျက်နေတာ ဘော့စ်ထက်ဖျ
ယံကို မယုံရဲလို့ပါ။ ကိုယ့်ကောင်ကတော့ တက်ကြွရွှင်လန်းနေ
ဟန်ကလေးနဲ့။ ကားဘီးတွေမှာ ပေပွနေတဲ့ ရွှံ့တွေကို ပွတ်တို
ဆေးကြောရင်း ...

"ကျွန်တော် တကယ်ပြောတာလေ ဦး ... လုပ်ရတဲ့အလု
က မျက်နှာငယ်အောက်ကျရပေမယ့် ကျွန်တော့်အတွက် ထမ
လေးတစ်လုတ် နပ်မှန်အောင်စားရဖို့ပဲ အရေးကြီးနေတာ၊ ဒါကြေ
မို့ ... ဦးလည်းအဆင်ပြေ ကျွန်တော်လည်း အဆင်ပြေသွားအေ
ဒီအလုပ်ကို ကျွန်တော် မငြင်းတော့ဘဲ ခေါင်းညိတ်လက်ခံလိုက်တ
ဒါကိုမှ သူမကျေနပ်လို့ ကျွန်တော့်ကို နှိပ်စက်မယ်ဆိုလည်း နှိပ်စ
ပေါ့ဦးရာ ... ဟွန်း ... "

ဒါကိုတော့ နှုတ်ခမ်းလေးမဲ့ကာ နာနာကျင်ကျင်ကလေး
ပြောမိသည်။

"ငါ ... ငါ မင်းကို အရမ်းအံ့သြတယ်သိလား ဟော့ကော





မင်း တကယ်ဒုက္ခခံနိုင်တဲ့ကောင် ... ကိုယ့်ကို ဒီလောက်နှိပ်စက်နေ
တာလည်း မင်းမမှတ်ဘူး"

"ဟွန်း ... သူဘယ်လောက်နှိပ်စက်မလဲ"

"ဘာပြောတယ် ... "

ကြည့်စမ်း ... ထက်ဖျားယံကိုပဲ ဂရုမစိုက်သလိုလေး
ဒီကောင်ပြောနေတာ။ ဒီကောင့် ခါးအောက်ပိုင်းတစ်ခုလုံးလည်း
ရေတွေစိုရွှဲနေပါပြီ။ ပြီးတော့လည်း ခြေထောက်လေးတစ်ဖက်
ထော့နဲ့ ထော့နဲ့လေးဖြစ်နေတာက ကင်းကင်းရှင်းရှင်းပျောက်သေး
တာမဟုတ်။ သူ့နေရာမှာကိုယ်သာဆို ဒီအလုပ်ကို မလုပ်တော့ဘူး
ဆိုပြီး အပြတ်ငြင်းထွက်သွားတော့မှာ။ ကိုယ်က ဒီလောက်အရပ်မြင့်
မြင့် တောင့်တောင့်တင်းတင်းကြီးနဲ့ ခန္ဓာကိုယ်က သန်စွမ်းကျစ်
လစ်နေတာ။ ဘယ်အလုပ်လုပ်မလဲ ... ပြောစမ်းပါ။

ခန့်ထားချင်တဲ့ အလုပ်ရှင်တွေမှ ရန်ကုန်မှာအများကြီး။

ဒါကိုပဲ ... ဒုက္ခခံရတယ်လို့။

"မင်း ... မင်း ထက်ဖျားယံကို လျှော့မတွက်နဲ့လို့ ငါအကြိမ်
ကြိမ်အခါခါ သတိပေးထားတယ်နော် တိုက်စစ်မှူး ... နောက်မှ
အရှုံးပေးပါပြီ မင်းမပြောနဲ့ ... ငါဖြစ်ရင်လည်း မင်းမကယ်နိုင်သလို
မင်းဖြစ်ရင်လည်း ငါကယ်နိုင်မှာ မဟုတ်တော့ဘူး ... မင်းထိုက်နဲ့
မင်းကံပဲ ... "

"စောင့်ကြည့်လိုက်စမ်းပါ ဦးရာ ... တိုက်စစ်မှူးဆိုတဲ့
ကျွန်တော်က ဒီမဟာစကြာဝဠာကုမ္ပဏီကြီးထဲကနေ အရှုံးတွေနဲ့
လက်ပြနှုတ်ဆက်ပြီးတော့မှ ထွက်သွားမယ် ဦးထင်နေသလား။
ငြိမ်နေတဲ့ ပစ်မှတ်တစ်ခုရဲ့ စက်ဝိုင်းအလည်တည့်တည့်ကို မှန်



www.burmeseclassic.com

www.burmeseclassic.com



အောင်ပစ်ဖို့ ကျွန်တော် စိတ်မဝင်စားပါဘူး။ ကျွန်တော် စိတ်ဝင်စားတဲ့ပစ်မှတ်က လှုပ်ရှားနေတဲ့ ပစ်မှတ်ကိုပဲ သေသေချာချာ သွက်သွက်လက်လက်ချိန်ပြီး ပစ်ချချင်တာ"

"ကောင်မလေးကွာ … ပြောလိုက်ရင်လည်း စကားကြီးစကားကျယ်နဲ့ … ဟွန်း … မင်းလို လမ်းပေါ်ကလာတဲ့ကောင်က ဘယ်ပစ်မှတ်ကို ပစ်ချင်သေးတာတုံး၊ ကဲ … ဟေ့ကောင် မင်းငှါကို ပြောစမ်း …"

"ကျွန်တော် ပြောရမလား"

"ဟာ … ပြောလေ …"

"ဟိုး … မိုးထိပ်အမြင့်ကြီးပေါ်က ပစ်မှတ်"

"ကြည့်စမ်း …"

ထိုအချိန်မှာ ချစ်ခြင်းဖြူကလည်း မှန်ပြတင်းပေါက်လေးကနေ ရုံးခန်းရှေ့ ကားပါကင်ကွက်လပ်နေရာလေးကိုကြည့်ကာ ရင်လေးတထိတ်ထိတ်နဲ့ မျက်တောင်တွေကော့လျှက်။

"မမချစ်ခြင်းဖြူ …"

"ဟင် … ဘာလဲ ခစ်ခစ် …"

"ဦးယံ တကယ်အညိုးကြီးတယ်နော် …"

"သိတယ် … အဲဒါ မမသိလို့ စိတ်ဆင်းရဲနေတာလေ ခစ်ခစ်ရဲ့ … တိုက်စစ်မှူး လုပ်သွားတာကို ကိုကိုက တနုံ့နုံ့နဲ့ မကျေမချမ်းနိုင်အောင် ခံစားနေရတာ၊ အဲဒါ … အလုပ်ကနေ ဒီလိုလွယ်လွယ်နဲ့ ထွက်သွားလို့ရမလားဆိုပြီး ဦးမြတ်အိန္ဒြေထွန်းအိမ်အထိ ပြန်လိုက်ခေါ်လို့ တိုက်စစ်မှူးပြန်ပါလာတာ၊ အဲဒါ … သူ့အနားမှာ ခေါ်ထားပြီး ကိုကိုနှိပ်စက်တော့မှာ၊ တိုက် … တိုက်စစ်မှူး သနားပါတယ်





စ်ခစ်ရယ် … ခုလည်း … ကိုကိုက ကားရေဆေးခိုင်းထားလို့ ဟိုမှာ … ဟိုမှာလေ အဝတ်စုတ်လေးကို ပခုံးမှာတင်ပြီး ရေပုံးကလေးနဲ့ …"

ဖြူဖြူဖျော့ဖျော့ မျက်ဝန်းကလေးတွေနှင့် ကားပါကင်ကွက်လပ်နေရာလေးကို ချောင်းကြည့်ပြီး ဖြူစိတ်ဆင်းရဲနေရတာပါ။ ညကလည်း ကိုကို သောင်းကျန်းပေါက်ကွဲတာ ဖေဖေပါ ဝင်ပါရတဲ့အထိ တစ်အိမ်လုံး ကိုကို့ကို ဘယ်သူမှလည်းမနိုင်။

"ဟာ … ကျွန်တော်ပြောနေတာ အဓိပ္ပာယ်ရှိလို့ပြောနေတာလေ ဖေဖေ … အခုဆို … ကျွန်တော့်မှာ ရန်သူတွေဝိုင်းဝိုင်းလည်နေတာ ဖေဖေလည်း သိရဲ့သားနဲ့ … ကျွန်တော် တောင့်မခံနိုင်ရင် ကျွန်တော့်ကုမ္ပဏီက ပြိုတော့မှာ … လုပ်ပိုင်ခွင့်ရအောင် ပေါ်သမျှလေလံ လိုက်ဆွဲတော့လည်း ဒီ Soul ကုမ္ပဏီကိုပဲ ကျွန်တော် အရှုံးပေးရတယ် … ဟိုတလောကလည်း ကျောက်မြက်လုပ်ကွက်တစ်ခုရလို့ လိုက်တာလည်း ဒီ Soul ကပဲ နှာတဖျားအသာနဲ့ ကျွန်တော့်ရှေ့ကို ရောက်သွားတယ်၊ ကဲ … ကျွန်တော် ဘယ်လိုလုပ်ရမလဲ"

"ဟာ … အဲဒါ အနိုင်မခံ အရှုံးမပေး စိတ်ဓာတ်နဲ့ မင်းရအောင်ပြိုင်လေ … စီးပွားရေးလုပ်တယ်ဆိုတာ ကိုယ်ခြေလှမ်းက် သူ့ခြေလှမ်းကို ကြိုမြင်အောင် ကြည့်ထားနိုင်မှ တန်ကာကျတာ၊ ကိုယ်ရှုံးသွားတိုင်း ငုတ်တုတ်ထိုင် စိတ်ဓာတ်ကျနေလို့ရမလား အခု … အိပ်စပို့ပဲတွေ လှောင်ထားတာရော ဘယ်လိုလဲ …"

"အဲဒါလည်း Soul ဒုက္ခပေးလို့ ကျွန်တော် ငုတ်တုတ်မေ… ကျွန်တော် လှောင်ထားတဲ့ဈေးထက် နိမ့်ချပြီး ပို့တော့ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



မလှုပ်ရဲဘဲ ငြိမ်နေလိုက်တာ၊ ဒီတစ်လထဲမှာပဲ ကွန်တိန်နာ ခြောက်လုံးစာလောက် မှိုလိုက်သွားတယ်၊ ဒီကောင်က မမြင်ရတဲ့နောက်ကွယ်ကနေ ကျွန်တော့်ကို ဒုက္ခပေးနေတာ"

"ဘယ်ကောင်လဲ"

"Soul ကုမ္ပဏီရဲ့ မန်နေးဂျင်းလေ ဖေဖေ"

"နာမည်ပြောစမ်း"

"စည်းရုံးညီတဲ့"

"ဟာ ... ဒီကောင် နာမည်ကြီးပဲ"

နာမည်ကြားလိုက်တာနှင့် ဖေဖေပင် လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ မသိဘဲ နေမလား။ ဖေဖေက ကိုကို့ထက်စောပြီးကုမ္ပဏီ လောကထဲမှာ ဝင်ဆန့်အောင်ပေါင်းခဲ့တာ။ ကိုကိုခြေလှမ်းငြိမ်သွားလို့ ကိုကို့ကိုယုံပြီး ကုမ္ပဏီလုပ်ငန်းတွေအားလုံး ဦးစီးပေးခဲ့တာလေ။

"စည်းရုံးညီကို ဖေဖေသိလို့လား"

"ဟာကောင်ရ ... စည်းရုံးညီကို ဖေဖေ မသိဘဲနေမလား။ ဒီကောင် အလုပ်စလုပ်သွားတာ၊ မစ္စတာ စပ်စ်ပန်းရဲ့ Fmi ပရော်ဂျက် စီမံကိန်းကြီးထဲမှာ၊ မြေသယ် ကျောက်သယ်အလုပ်ကြမ်းသမားဘဝကနေ ဒီကောင် ဘဝကိုစသွားတာ"

"ဟာ ... ဟုတ်လို့လား ဖေဖေ ..."

ကိုကို အံ့သြသွားတာ အသက်တောင်မရှူနိုင်။

"ထက်ဖျားယံရာ ... ဖေဖေပြောရင် မင်းယုံလိုက်စမ်းပါ ဒီကောင်က အတွင်းသိ အစင်းသိလူတိုင်း ဒီကောင့်အရည်အချင်းကို လက်ဖျားမခါဘဲ မနေနိုင်အောင် ဒီကောင် လုပ်ပြသွားတာလေ





အင်္ဂလိပ်စကားပြော ဂျပန်စကားပြော တရုတ်စကားပြော စာအုပ်တွေ ခါးကြားထိုးပြီး အလုပ်ကြမ်းဝင်လုပ်သွားတဲ့ကောင်၊ အိပ်တော့ ဆိုက်ထဲက အလုပ်သမားတန်းလျား စုတ်စုတ်ပြတ်ပြတ်လေးမှာ၊ စားတော့ အဝစား ငါးရာ ထမင်းဆိုင်မှာ၊ ဒါပေမဲ့ ... ဘရိမ်းက သောက်ရမ်းပြေးတယ်၊ တစ်လတည်းနဲ့ အလုပ်သမားခေါင်းဆောင်တန်းဖြစ်တယ်၊ နောက်မကြာပါဘူး ... စင်္ကာပူက စီးပွားရေးသမားတစ်ယောက်နဲ့တွေ့ပြီး ဟိုကိုပါသွားတာ၊ စင်္ကာပူက ဗိုက်စတားဟိုတယ်ကြီးကို အာရှမှာ အကောင်းဆုံး ဆောက်ပြသွားတာ ဒီကောင်"

"ဗျာ ..."

"အဲဒီအချိန်ကတည်းက မြန်မာပြည်ကို ဒီကောင်ပြန်မလာတော့ဘဲ ပျောက်သွားတာ၊ အခု ဒီမှာ ရင်းနှီးမြှုပ်နှံတယ်ဆိုတာလည်း အသေးအမွှားလောက်ပဲ မြှုပ်နှံတာနေမှာ ... ငွေကြောင့်မြှုပ်နှံတာ မဟုတ်ဘဲ တခြားလှမ်းစရာ ခြေလှမ်းတွေရှိနေလို့ ဒီကောင့်နာမည်ပြန်ပေါ်လာတာပဲဖြစ်မယ်"

"သူ ဘယ်လိုပဲလှမ်းလှမ်းပါ ဖေဖေရာ ... ကျွန်တော် လုပ်မယ့်လုပ်ကွက်တွေကပါ သူကသိပ်ပြီး ... ကျွန်တော့်ကို လက်သီးမျက် ပြင်းပြင်းလေးနဲ့ ခပ်ဆတ်ဆတ်လေး ကျွေးကျွေးသွားတာ၊ ကျွန်တော် အရမ်းဒေါပွတယ်၊ ဒီကြားထဲ ဟိုတိုက်စစ်မှူးဆိုတဲ့ ဂျလေဒီကောင်က ပြဿနာ လာရှာတာတစ်မျိုး ..."

သူ့အကြောင်းပါလာပြီမို့ ဖြူ မျက်လုံးလေးကျယ်သွား၏။ ဖြူ့အကျင့်က ကိုယ်စိတ်မဝင်စားတဲ့အကြောင်းအရာတွေမှာ ဝင်ပါတတ်တာမျိုး မရှိခဲ့ပေမယ့် သူ့အကြောင်းဆိုရင်တော့ ဖြူရင်ကလေး



www.burmeseclassic.com

www.burmeseclassic.com


ခုန်ကာ စိတ်ဝင်တစား နားထောင်ဖြစ်သွားခဲ့၏။
"ဟင် ... ဘယ်ကောင်လဲ"
"ကုမ္ပဏီအလုပ်ဆိုက်ထဲကို အလုပ်သမားခေါင်းဆော
ဦးမြတ်အိန္ဒြေထွန်း ခေါ်သွင်းလာတဲ့ကောင်ပေါ့ ဖေဖေရ ...
ကောင်လေ ကျွန်တော့်စားပွဲက လည်ပင်းရှည်ပန်းအိုးလေးထဲမှ
စံတော်ဝင်ပန်းကိုစိုက်ပြီး ကျွန်တော့်ကို စိတ်ချောက်ချားအော
လာလုပ်တာ၊ ကျွန်တော် မေ့ထားတဲ့ စံတော်ဝင်ကို သတိပြန်ရ
အောင် လာလုပ်တာ ... ဒီကောင် ... အဲဒါနဲ့ ဒီကောင်အလုပ်က
ထွက်သွားလို့ ဦးမြတ်အိန္ဒြေထွန်း အိမ်ကိုလိုက်သွားပြီး ဒီကောင့်ကို
ကျွန်တော့်အလုပ်မှာ ပြန်ခန့်လိုက်တယ် ... နောက်နေ့ကစပြီး
ဒီကောင့်ကို ကျွန်တော် လက်စင်ပေးမယ်"
"ဟင် ... ဒီကောင့်ကို မင်းအလုပ်ပြန်ခန့်ခဲ့တယ် ဟုတ်လား"
ကြီးညို ဖတ်လက်စ တရားစာအုပ်ကို ပစ်ချကာ စကားဝိုင်း
ထဲ ဝင်ပါသည်။ ကြီးဝါကလည်း ထိတ်ထိတ်ပျာပျာနှင့် ကိုရီးယား
ဇာတ်လမ်းတွဲဆီမှာ ရောက်နေသည့်အကြည့်ကိုသိမ်းကာ မျက်နှာ
ဒီဘက်ပြန်လှည့်၏။
"ဟွန်း ... ခန့်လိုက်ရတာပေါ့ကြီးညို ... ဒီကောင် ဘာရည်
ရွယ်ချက်နဲ့ ဆိုက်ထဲဝင်လာသလဲဆိုတာ ကျွန်တော် ဖော်ထုတ်ရ
တော့မှာ"
"ဟင့်အင်း ထက်ဖျားယံ ... ဒီကောင့်ကို ဒီအလုပ်ထဲပြန်ခေါ်
သွင်းလိုက်တာ ကြီးညို လက်မခံနိုင်ဘူး ... မင်းမသိတဲ့နောက်ဆက်
တွဲ ပြဿနာတွေရှိနေလို့ ကြီးညိုတို့ ဒီကောင့်ကို အလုပ်ထုတ်
အောင် ဦးမြတ်အိန္ဒြေထွန်းကိုပြောခဲ့တာ၊ အရှင်းဆုံးပြောရရင် ရှုတ်

ရှုတ်ယှက်ယှက် ဇာတ်လမ်းတွေ အဖြစ်မခံနိုင်ဘူး"
ပြောလည်းပြော မျက်စောင်းလေး မသိမသာဝဲလာတာ
လည်း ချစ်ခြင်းဖြူဆီကိုပဲ ဖြစ်နေသည်။ ဘာပဲပြောပြော ကြီးညို
ပြောလိုက်တာ အနှောင့်မလွတ် အသွားမလွတ်နဲ့ ချစ်ခြင်းဖြူ မျက်
စောင်လေးကော့တက်သွားအောင် စိတ်ထဲမှာ မလုံမလဲဖြစ်သွားရ
၏။ ကြီးညို ပြောတာကို ကြီးဝါကလည်း ဝင်ထောက်ခံသည်။
"ဟုတ်တယ် ... ထက်ဖျားယံ၊ ဒီကောင့်ကို အလုပ်ပြန်ခန့်
တာ ကြီးဝါလည်း ကန့်ကွက်တယ်၊ ဘယ်နှယ့်ကွယ် ... ဒီကောင့်မှုံစံ
က လူနေချုံကြား စိတ်နေဘုံဖျားဆိုတဲ့ပုံစံမျိုး ... စကားပြောတာ
လည်း ဂျစ်တစ်တစ်နဲ့ ... လူကြီးတွေကိုတောင် ဒီကောင် မခန့်လေး
စား ပြန်ပြောနေတာ၊ ကြာရင် ... သူ့ကို လက်စင်ပေးတာထက်
ကိုယ့်ကိုပြန်ပေးသွားမှ တစ်အိမ်လုံး နားကားသွားမယ်၊ ငြိမ်းပြီးသား
မီးကိုပြန်ရှို့ရင် ကိုယ့်လက်ကိုယ်ပြန်လောင်မှာ သေချာတယ်"
ဒီလိုကန့်ကွက်နေတာလည်း ကိုကိုက လက်မခံ။
"ကျွန်တော်သိတယ် ... ကြီးညိုနဲ့ကြီးဝါ၊ ကိုယ့်ဘက်က
စိတ်မလုံဘဲနဲ့ အပြင်ထွက်ပြီး ကျွန်တော် ဘယ်တော့မှမတိုက်ဘူး၊
ရက်စည်းနဲ့ဘီလူးစည်း၊ ဘယ်စည်းပေါ်မှာရပ်နေရမလဲဆိုတာ
ကျွန်တော် နားလည်တယ်၊ ကျွန်တော်ကတော့ ကျွန်တော်လုပ်
ရောရှိတာ ဆက်လုပ်မယ် ... မကျေနပ်လို့ မီးရှို့တာ ကောက်ရိုးပုံ
ကို အားနာနေစရာလား ..."
ဘယ်သူ့စကားမှလည်း နားမထောင်။ ဘယ်သူ့ထင်မြင်ချက်
ကိုမှလည်း အလေးမထား။ အတ္တနှင့်မကျေနပ်ခြင်းကို ရောသမမွှေ
ကာ တစ္ဆတ်ထိုး တစ်ဇောက်ကန်း လမ်းစဉ်ကိုပဲ ကိုကိုက အပြော



www.burmeseclassic.com

www.burmeseclassic.com


အသတ်ရွေးချယ်ပြီး သူ့အိပ်ခန်းထဲကို ဝင်သွားသည်။

ဒီတော့မှ ချစ်ခြင်းဖြူကိုပဲ အဒေါ်အပျိုကြီးနှစ်ယောက်က မျက်စောင်းဝင့်ဝင့်ကြီးတွေနှင့် လှမ်းထိုးကာ ...

"ဟွန်း ... ညည်းလေးကြားတယ်နော်၊ ညည်းလေးကိုကို ဘာလုပ်တော့မလဲဆိုတာ ... သူဘာလုပ်လုပ် ရှုတ်နေတဲ့ကြိုးပုံပေါ် ညည်းလေးတက်မထိုင်မိစေနဲ့ ... လွတ်အောင်နေ ကင်းအောင်နေ ဒါပဲ ငါတို့ပြောမယ် ... "

"ကြီးညိုနော် ... ကြီးညိုတို့လူကြီးတွေကြားမှာ ဖြူကဘာ ပြောလို့လဲ ... ဒီမှာ ကိုယ့်ဟာကိုယ် ကိုရီးယားဇာတ်လမ်းတွဲလေး ကြည့်နေတဲ့ဟာကို ... "

"ညည်းလေး မလိမ်နဲ့ ... "

"ဟင့် ... တွေ့လား ... "

"ညည်းလေးကိုကို ဘာပြောလဲဆိုတာ ညည်းလေး နိုးနား ထောင်နေတာလေ ... ပြီးတော့ စိတ်ထဲမှာ ကျလိကျလိဖြစ်နေတာ ငါတို့မသိဘူး အောက်မေ့နေလို့လား"

"အဟင့် ... ကြီးညိုနော် ... တဆိတ်ရှိရင် မသင်္ကာတဲ့မျက် လုံးကြီးတွေနဲ့ပဲ ဖြူ့ကို လာလာကြည့်နေကြတယ်၊ တော်ပြီ ... ကိုရီးယားဇာတ်လမ်းတွဲလည်း မကြည့်တော့ဘူး ... အိပ်တာပဲ ကောင်းတယ် ... "

"ဟဲ့ ... "

ဒါလည်း ညက တစ်ညလုံး ကောင်းကောင်းမအိပ်ခဲ့ရ။

ဖြူ့ကို အလည်မှာထားပြီး ဟိုဘက်တစ်ယောက် ဒီဘက် တစ်ယောက် ယောကျ်ားမကောင်းကြောင်းတရားတွေ တတွတ်

ပြောတာ ... ကြီးညို မောရင် ကြီးဝါဝင်ပြော၊ ကြီးဝါမောရင် ကြီးညိုဝင်ပြောနဲ့ ... နားညည်းလို့ စောင်မြီးချုံအိပ်တော့လည်းမရ။

ခုလည်း အိပ်ရေးမဝလို့ ခေါင်းလေးမူးနောက်နေဆဲ။

တိုက်စစ်မှူးကတော့ ကားကို ရေလောင်းဆေးရင်း မျက် နှာလေးမသိမသာ ဒီဘက်ငေ့ငေ့လာတာတော့ ချစ်ခြင်းဖြူ မြင် သည်။

ပြတင်းပေါက်လေးနားကခွာပြီး စားပွဲမှာ ပြန်ထိုင်တော့ လည်း စိတ်က မငြိမ်။ အောက်က တက်လာသည့် စာရင်းတွေ စစ်မယ်ဆိုပြန်တော့လည်း စာရင်းတွေက စိတ်ထဲမှာမရှိ။

ဘယ်လိုလုပ်မလဲဟင် ...

သူ့ပုံစံလေးကပဲ ဖြူ မျက်ဝန်းလေးထဲမှာ ငေ့ငေ့ဝဲဝဲလေး ထင်နေတော့တာ။ တကယ်ပါပဲ ... ဒီလိုအရုပ်မြင့်မြင့် မျက်နှာ ထားတင်းတင်းနဲ့ ဆံပင်ရှည်တွေ ကျစ်နေအောင် စည်းထားတဲ့လူ တစ်ယောက်ကို ဖြူ ဘာဖြစ်လို့ ဒီလောက်စိတ်ဝင်စားသွားမိသလဲ ဆိုတာ အဖြေရှာကြည့်တော့လည်း ကြည့်လို့မရ။

"မမချစ်ခြင်းဖြူ ... "

ခစ်ခစ်ခေါ်နေတာလည်း ဖြူ မကြား။

"ဟာ ... မမချစ်ခြင်းဖြူ ခစ်ခစ်ခေါ်နေတယ်လေ"

"ဟင် ... အင် ... "

နောက်တစ်ကြိမ် ထပ်ခေါ်တော့မှ ထူးလိုက်မိတာလည်း ယောင်ယောင်အမှားမှား မလှုပ်တလှုပ် ဟန်ကလေးနဲ့ပါ။

"ဒုက္ခပါပဲ ... ခစ်ခစ်ခေါ်နေတာလည်း မမ မကြားဘူး"

"ကြား ... ကြားပါတယ် ခစ်ခစ်ရဲ့ ... "



www.burmeseclassic.com

 www.burmeseclassic.com

"မမချစ်ခြင်းဖြူ ဘာတွေစဉ်းစားနေတာလဲ"

ခစ်ခစ် မယုံလို့ မေးပြီ။

"ဟိုလေ ... "

မဖြေနိုင်တော့ နားရွက်လေးကုတ်ကာ ဖြူ ပြုံးမိသည်။

"ခစ်ခစ် သိပါတယ်နော် ... မမချစ်ခြင်းဖြူ ဘာတွေစဉ်းစား နေသလဲဆိုတာ ... ဟွန်း ... ကိုကြီးတိုက်စစ်မှူး အကြောင်းပဲမို့ လား၊ ဟိုကဖြင့် ဒီဘက်လေးကို တစ်ချက်လေးတောင် လှည့်မကြည့် ဘဲနဲ့ ... မာနကြီးလိုက်တာလည်း လွန်ပါရော ... "

"ခစ်ခစ်နော် ... ဘာတွေလျှောက်ပြောနေတာလဲ"

"ခစ်ခစ်က အမှန်အတိုင်းပြောတာလေ၊ အရပ်မြင့်မြင့်ကြီးနဲ့ မျက်နှာလေး ချောတာမှန်ပေမယ့် မျက်နှာထားကို တအားတင်း ထားတာတော့ ဒီကိုကြီးလွန်တယ် ... မမချစ်ခြင်းဖြူ ဒီအောက်ထပ် ရုံးခန်းထဲမှာ ရှိနေတာကို သိသိကြီးနဲ့ သူနဲ့ဘာမှမပတ်သက်သလို ဒီကိုကြီးလုပ်နေတာ ... "

"သူ ... သူ ... လွတ်လွတ်လပ်လပ်ကလေးပဲ နေပါစေ ခစ်ခစ်ရယ် ... "

"ဟွန်း ... မမချစ်ခြင်းဖြူက စေတနာထားတယ်ပေါ့"

"ဟာ ... ခစ်ခစ်နော် ... "

ဖြူ ပြုံးလိုက်မိတာ ရှက်ပြုံးကလေး ဖြစ်နေပြီလား။

ဒုက္ခပါပဲ ... ဖြူ ဒါတွေအားလုံးဖြစ်နေတာ သူ့ကြောင့်။

...နိုး ( ၁၁ )

"ဒုန်း ... "

"တော်ပြီ ... ခင်ဗျားဆက်မပြောနဲ့တော့ ဦးမောင်မောင်စိုး"

ဒေါသဖြစ်ဖြစ်နှင့် စားပွဲကိုထုကာ ထက်ဖျားယံ ထရပ်သည်။

...စားပွဲကို ဒုန်းခနဲထုတော့ ဦးမောင်မောင်စိုး မျက်တောင်တွေ ...ပုတ်ခတ်ကာ အသက်ရှူလိုက်ဖို့လည်း မေ့သွားသည်။

"ဒီအရှုံးကို ကျွန်တော် လက်မခံနိုင်ဘူး၊ မာစတာပလန်ကြီး ...လုံး ကိုယ့်လက်ထဲရောက်ပြီးမှ ဒီလို ဆုတ်ဖြဲပစ်လိုက်ရတယ် ...တာ ကျွန်တော့်ကုမ္ပဏီကောင်းကောင်း အခွက်ရှဲ့တာ၊ ပြီးတော့ ...၊ ဒီသူဌေးကျွန်း စီမံကိန်း ပရောဂျက်ထဲမှာ ကျွန်တော်တို့လုပ် ...ရထားတာ၊ အစိတ်အပိုင်းတွေ အများကြီးထဲကမှ အစိတ် ...သေးသေးပိစိကွေးလေးတစ်ခု ... ဒါကိုတောင် ကိုယ့်ထက် ...မြို့ပြနဲ့ငွေ ပိုတင်ပြီး၊ ကိုယ့်ကို ဥပဒေစည်းမျဉ်းအရ ဖယ်ထုတ် ...ရတယ်ဆိုတာ ကုမ္ပဏီအချင်းချင်း နားရွက်ကို တံတွေးတက် ...များတာ၊ ကဲ ... ပြောပါဦး ... ဒီလုပ်ကွက်ကို ဘယ်သူဖြောင် ...သွားတာလဲ ... "

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"စည်းရုံးညီ ..."

"ဘာ ... ဘာပြောတယ် ..."

ဒီနာမည် ကြားလိုက်တိုင်း နှလုံးသားတွေကို ဆွဲထုတ်ယူ သလို သွက်သွက်ခါသွားရတာ ဘယ်နှစ်ကြိမ်ရှိခဲ့ပြီလဲ။ ကိုယ်မှာ လည်ပတ်စီးဆင်းနေသည့် သွေးတွေအားလုံး အေးခဲသည်။

ဖြူဖျော့သွားသည့် နှုတ်ခမ်းတွေပေါ်မှာ သွေးရောင်မဲ့သွား ရတာလည်း ဗေဒင်မေးစရာမလို။

အံ့ဩရခြင်း၊ လှိုက်ဖြာရခြင်း၊ ပူလောင်ရခြင်းတို့ကြောင့် တစ် ကိုယ်လုံး တုန်ခါသွားသလို ဒယီးဒယိုင် လဲကျမသွားအောင် ထိန်း လိုက်ရတာကိုက ကိုယ့်ရဲ့အရှုံးကို ကိုယ်ပြန်လက်ခံ အသိအမှတ် ပြုလိုက်ရသလိုမျိုး ဖြစ်သွားသည်။

"ဟာ ... ခင်ဗျားဗျာ"

"ဖြောင်း ..."

အနီးဆုံးမှာရှိသည့် ပလတ်စတစ်အမိုက်ခြင်းက ပေါက်ကွဲ ခြင်းရဲ့ တန်ဆာခံဖြစ်သွားသလို ဖြောင်းခနဲ ပိတ်ကန်လိုက်တာနှင့် အမှိုက်တွေ ပြန့်ကြဲလွင့်စင်ကာ နံရံထောင့်မှာ ချာချာလည်က ရပ်သွားသည်။

"ကျွန်တော် လုံးဝလက်မခံနိုင်ဘူး ဦးမောင်မောင်စိုး ... ဒီကောင့် ကုမ္ပဏီကို ကျွန်တော် စောင့်ကြည့်နေတာကြာပြီ၊ တစ် ခုဖြစ်လိုက်တိုင်း ကျွန်တော် ဒူးထောက်လိုက်ရတာ၊ ဒီမဟာစကြ ဝဠာကုမ္ပဏီက ထက်ဖျားယံဆိုတဲ့ကောင်ကိုပဲ ... တမင်ကြည့် မရလို့ ဖိုက်တာဆိုရင်လည်း ပြတ်ပြတ်သားသားကြေငြာ ..."

"ဟာ ... ဘော့စ် အခုလည်း သူက ပြတ်ပြတ်သားသား





ကြေငြာသွားတယ်လေ"

"ဘယ် ... ဘယ်လို ဦးမောင်မောင်စိုး ... ဘယ်သူက ပြတ် ပြတ်သားသားကြေငြာသွားတာလဲ ... စည်းရုံးညီလား၊ ဒီကောင် ကိုယ်တိုင် ပြောသွားတာလား"

"မဟုတ်ဘူး ... မေသင်းခိုင်ဆိုတဲ့လက်ထောက် မန်နေဂျာ မလေးတစ်ယောက်က ဖုန်းဆက်ကြေငြာသွားတာ၊ မကျေနပ်ရင် ဦးစည်းရုံးညီနဲ့ ဆက်သွယ်ဖြေရှင်းပါတဲ့ ... နစ်နာကြေးလိုချင်ရင် လည်း သူ့ဆီမှာပဲတောင်းတဲ့ ... ဦးစည်းရုံးညီ အခုမြန်မာပြည်ကို ပြန်ရောက်နေပါပြီတဲ့ ..."

"ဟာ ... အဲဒါ ဆက်သွယ်ရမယ့်နေရာနဲ့ ဖုန်းနံပါတ်ကို ခင်ဗျား မတောင်းလိုက်ဘူးလား"

"တောင်းလိုက်ပါတယ် ဘော့စ်ရယ် ... ဒါပေမဲ့ စက်ပိတ် ထားတယ်တဲ့ ..."

"လိပ်စာက ..."

"ကမ္ဘာအေးဘုရားလမ်းမှာ"

"ကျွန်တော် လိုက်သွားမယ်"

စိတ်ကမြန်သလို မခံစားနိုင်တော့တဲ့ ခံစားချက်တွေက လည်း ပေါက်ကွဲတော့မည့် စံနက်တံတစ်စလို ရှူးရှူးရှဲရှဲ ဖြစ်လာ နေရ၏။ ဦးမောင်မောင်စိုးကတော့ ထက်ဖျားယံကိုကြည့်ပြီး မျက် တောင်တွေပဲ တဖျတ်ဖျတ်ခတ်နေလျှက်။ ခုတလော ... ကုမ္ပဏီ ကြီးပွားရေးမှာ အထိနာလာတာတွေ များလာတော့ ... ။

ဟိုလူ့ကြောင့်လား ... ဒီလူ့ကြောင့်လားဆိုတဲ့ သံသယတွေ က ကုမ္ပဏီမှာ ရှိသမျှ လူကြီးတိုင်းကို ဦးနှောက်စားစေတာတော့



www.burmeseclassic.com

www.burmeseclassic.com



အမှန်ပဲဖြစ်သည်။ ဒီသံသယတွေရဲ့ အဓိက ပစ်မှတ်သည် ဦးစည်း
ညီဆိုသည့် ပုဂ္ဂိုလ်တစ်ယောက်ကလွဲရင် တခြားပစ်မှတ် မည်
ထံတွင်မှ မရှိ။

လေလံဆွဲတော့လည်း စည်းရုံးညီ။ လုပ်ပိုင်ခွင့် လျှော
တော့လည်း စည်းရုံးညီ။ ခုလည်း ... သူ့ငွေးကျွန်း စီမံကိန်းတစ်
လက်လွှတ်လိုက် ရပြန်ပြီဆိုတော့ ထက်ဖျားယံ အူနုကျွဲခတ်ရပြီ

သူတစ်ခုပဲ သိချင်တာက ...

စည်းရုံးညီဆိုတာ ဘယ်လိုကောင်မျိုးလဲ။

FMI စီမံကိန်းထဲက အလုပ်ကြမ်းသမားတစ်ယောက်
ဒီလိုအဆင့်မျိုးရောက်အောင် ထိုးဖောက်သိမ်းပိုက်သွားခဲ့တာ
ပုံပြင်တစ်ပုဒ်လို မယုံနိုင်ခဲ့တာမှန်ပေမယ့် အပြင်မှာ တကယ်လ
တွေ့ဖြစ်နေတာက အိပ်မက်မဟုတ်တာ သေချာနေသည်။

"ဘော့စ် လိုက်သွားလည်း သူကတွေ့ခွင့်ပေးမှ ဘော့စ်
လို့ရမှာလေ ဘော့စ်ရဲ့ ... သူ့မှာ အဆင့်ဆင့်ထားတဲ့ လက်ထေ
တွေက တစ်ပုံကြီး ... သူ့ကိုတွေ့ချင်လို့ စောင့်နေကြတဲ့ စီးပွား
လုပ်ငန်းရှင်တွေကလည်း အများကြီး ... တွေ့ခွင့်တောင်းရင်တေ
တွေ့ချင်တဲ့အကြောင်းရာကို စာနဲ့တင်ပြီး လက်မှတ်ထိုးထား
တာ မလွယ်ဘူး ... ကျွန်တော့်လက်ထောက်မန်နေဂျာ မေသင်း
ကို အသေအချာ မေးပြီးပြီ ..."

"တောက် ..."

"ဂျောင်း ... ဒေါင်း ..."

လွှင့်သွားပြန်ပြီ နောက်ထပ် ဖင်ထိုင်ခုံတစ်လုံး။

ဒေါသကြောင့် ဗွေးဗွေးနီသွားရသည့် မျက်နှာတစ်ပြင်လုံး





မရဲသောနေရာမရှိ။ ထိုင်မရ ထမရ ရှူးရှူးရှားရှားနှင့်။ ဒေါသက
ာစ်ကိုယ်လုံးပြန့်သွားတော့ လူက ကယောင်ချောက်ချားနှင့်။
ပြတင်းပေါက်တွေနားကို ဒယီးဒယိုင် ရောက်သွားသည်။

ရောက်သွားကာမှ ပိုဆိုးသွား၏။ ဟိုကောင်လေ တိုက်စစ်
မှူး ... ညီမလေး ချစ်ခြင်းဖြူနဲ့ ရပ်စကားပြောနေတာ။

"ဟာ ..."

ပွက်ပွက်ဆူပြီးသားသွေးကို မီးပုံထဲ သွန်ထည့်လောင်းချပစ်
လိုက်သလို မျက်လုံးတွေပါပြာပြီး အောက်ထပ်ကို ဘယ်လိုဆင်း
သွားခဲ့မှန်းပင် မသိလိုက်တော့ပါ။

"ဟေ့ကောင် ... မင်းဘာလုပ်တာလဲ"

"ဖြောင်း ..."

ဒေါသတွေအားလုံး တိုက်စစ်မှူးပေါ်မှာ စုပုံကျသွားသည်။

ညီမလေး ချစ်ခြင်းဖြူနှင့်ရပ်ကာ စကားပြောနေသည့် တိုက်
စစ်မှူးကို လက်ပြန်လွှဲရိုက်ချပစ်လိုက်သလို ... နောက်ထပ်လည်း
လက်သီးချက်တွေက ဆက်တိုက်ဝင်သွားသည်။ သည်တော့မှ တိုက်
စစ်မှူးကိုယ်လေး တစ်ပတ်လည်ထွက်သွားကာ နောက်ကို ဒယီး
ဒယိုင်ပစ်ကျ၏။ ဒါကိုကြည့်ကာ ချစ်ခြင်းဖြူ ရင်ထိတ်လျှက် ...

"ကိုကို ... မလုပ် ... မလုပ်ပါနဲ့ ..."

နှစ်ယောက်ကြားမှာ ဝင်ရပ်လိုက်ရတာ ချစ်ခြင်းဖြူပါ။

နှုတ်ခမ်းလေးမဲ့ပြီး ပြန်ထလာတာ တိုက်စစ်မှူးပေါ့။

"ဟေ့ကောင် ... မင်းနဲ့ငါ့ညီမ ပတ်သက်စရာလား၊ မင်း
ပြောစမ်း ဟေ့ကောင် ... မင်း ... မင်း တော်တော်ပြဿနာရှာ
တယ်"



www.burmeseclassic.com

www.burmeseclassic.com



“ခင်ဗျား မတရားမပြောနဲ့”

“ဘာပြောတယ် ... ”

“သူက ထမင်းနဲ့ဟင်းတွေလာပေးနေလို့ မစားချင်ဘူးလို့ တာ ပြောနေတာ ... မယုံရင် ဟိုမှာမေးကြည့်လိုက် ... ”

“ဟုတ် ... ဟုတ်တယ်ကိုကို၊ ဒီမှာလည်း ဟင်းတွေ ထမင်းတွေ အများကြီးပိုနေလို့ လာပေးတာ ... သူ ထမင်းချိုင့်ယူလာတာမမြင်လို့ ... ”

“မင်း ... မင်းကို ဘယ်နေရာမှာထားရမှန်းတောင် မသိတော့ဘူး တိုက်စစ်မှူးရာ ... ရေထဲပစ်ချရင်တောင် ရေတွေအားလုံး မီးလောင်သွားမယ့်ကောင် ... သွား ... သွား ... ဟော့ကောင် မင်း လုပ်စရာရှိတာ သွားလုပ်တော့ ... ကဲ လာညီမလေး ... ”

စိတ်ကို ထိန်းချုပ်လိုက်ရပေမယ့် ...

ကိုယ့်ညီမလေး ချစ်ခြင်းဖြူနှင့်မပတ်သက်စေချင်တာကတော့ အမှန်ပင်။

ခုတော့ ... ကြည့်ပါဦး။ ဒေါသနဲ့ လက်ပြန်ရိုက်ပြီး တစ်ချက် ထိုးလိုက်မိတာတောင် ဒီကောင် ... ကိုယ့်ကို ရှူးရှူးရှားရှား ပြု လုပ်မသွားတာက အံ့သြစရာ။

ဘာလဲဟင် ဒီကောင် ...

အလုပ်ရှင်အပေါ်မှာ ရိုကျိုးနာခံတဲ့သဘောလား။

“ကိုကိုရယ် ... ကိုကို ဘာလို့တိုက်စစ်မှူးကို ဒီလော[က်] မုန်းနေရတာလဲဟင်၊ ကိုကို ... မုန်းနေတဲ့တိုက်စစ်မှူးက ညီမလေးကို မခိုးမခန့်ခလေးနဲ့ အရောလာဝင်နေတယ်ထင်နေလို့လား ... မျက်နှာထားမာမာလေးနဲ့ သူနေတတ်သလိုနေနေတာ၊ ညီမလေး





က ထမင်းနဲ့ဟင်း သွားပေးတာတောင် ခေါင်းခါပြီး အပြတ်ငြင်းတယ်၊ ကဲ ... အဲဒါ ကိုကိုသိလား ... ”

“ကိုကို စိတ်ညစ်တယ် ညီမလေးရာ ... ”

“ထိုးခဲ့ပြီးမှတော့ စိတ်ညစ်နေလည်း အလကားပဲကိုကို၊ ကိုကို ထင်နေတာက သံသယတွေနဲ့ ... ကိုကို့ကို ဒုက္ခလာပေးမယ့်လူလို့ထင်နေတာ၊ ကိုကိုတို့က ထွက်သွားဆိုတော့လည်း သူထွက်သွားတယ် ... ကိုကိုက ပြန်လာဆိုတော့လည်း သူပြန်လာတယ်၊ ကဲ ... ကိုကို့ကို ဘယ်မှာဒုက္ခပေးနေလို့လဲ ... ”

ဖြူပြောတော့ ခေါင်းလည်းမခါ၊ ခေါင်းလည်းမညိတ်ဘဲ ဖြူနှင့်ဆန့်ကျင်ဘက်ကိုပဲ ကိုကို မျက်နှာလှည့်သည်။

“သူတကယ်ဆင်းရဲဒုက္ခရောက်နေတာ အရမ်းသိသာနေတဲ့ဥစ္စာကို ကိုကို ဒီလောက်အထိ နှိပ်စက်နေတာ မကောင်းပါဘူး၊ သူ တော်တော်သည်းခံပြီး လှည့်ထွက်သွားတာ ... လူတွေရှေ့မှာ အဆူခံ အပြောခံ အထိုးခံရတာ သူလည်းတော်တော်ရှက်မှာပဲ၊ ဖြူကတော့ သူ့ကို သနားတယ် ... ”

“တော်ပြီ ... ညီမလေး ထပ်မပြောနဲ့တော့”

“ဟာ ... မပြောလို့ရမလား၊ ကိုကို ရင်ထဲက မကျေနပ်တဲ့ အမုန်းစိတ်အခံကြောင့် လူတစ်ယောက်ကို အလကားသက်သက်မဲ့ အနိုင်ကျင့် နှိပ်စက်နေတာ၊ ကိုကို ဘယ်လောက်အထိ နှိပ်စက်နိုင်မလဲ ... ကြာရင် မခံချင်စိတ်တွေ အမုန်းစိတ်တွေနဲ့ နာကြည်းချက်တွေပဲ ပြင်းထန်လာတော့မှာ ... မရှိလို့ ဒုက္ခရောက်လို့ ထမင်းလေး တစ်လုတ်လောက်လေး စားရဖို့ အောက်ကျခံနေတဲ့ လူ[တစ်]ယောက်ကို နှိပ်စက်နေတော့ရော ကိုကို့ကို ဘယ်သူက [illegible]ဆိပ်



www.burmeseclassic.com

www.burmeseclassic.com



ချီးမြှင့်မှာလဲ ... ”

“ဟာ ... ကိုကို နားငြီးနေပြီနော် ညီမလေး”

ဒီလိုပြောနေတာကိုလည်း ထက်ဖျားယံ မခံစားနိုင်။

ညီမလေး ချစ်ခြင်းဖြူ ပြောနေတာ ဒီလောက်သည်းခံန
ထောင်နေတာ။ ပြောရရင် ... သူ့ဘဝမှာ တစ်ယောက်တည်းရှိ
ညီမလေး။ ဒီညီမလေးကို ဘယ်သူထိတာမှလည်း မလိုချင်ဘူး
ဘယ်သူစေ့စေ့ကြည့်တာမှလည်း မကြိုက်ဘူး။ ဒါ ... ထက်ဖျားယံ
ညီမလေးအပေါ်မှာထားတဲ့ သဘောထားပဲ။

“မတတ်နိုင်ဘူးကိုကို ... ကိုကို နားငြီးလည်း ညီမလေး
ပြောရမှာပဲ ... ညီမလေးကတော့ မရှိဆင်းရဲတဲ့လူတွေအပေါ်မှ
ကိုယ်ချင်းစာစိတ်နဲ့သနားတယ် ... ကိုယ်က နောက်ဆုံးပေါ်
ဝတ်ကောင်းစားလှတွေဝတ်ပြီး အကောင်းစားကားကြီးစီးနေ
အချိန်မှာ ဆင်းရဲလို့ ကိုယ့်မှာမရှိလို့ ဒုက္ခရောက်လမ်းလျှောက်နေ
တဲ့လူတွေမြင်ရင် ကိုယ်ချင်းစာစိတ်နဲ့ ဝမ်းနည်းတယ် ... ငွေနဲ့မက
ညီနိုင်ရင်တောင် ညှာတာသနားစိတ်နဲ့ စကားပြောချင်တယ်၊ ကိုယ်
တတ်နိုင်သလောက် ကူညီချင်တယ် ... ဒီစိတ်နဲ့ တိုက်စစ်မှူးကို
ညီမလေး အားပေးနေတာ ... ”

“ဟာ ... ကိုကိုက ညီမလေးကို ဘာပြောနေလို့လဲ”

“ဟာ ... မပြောပေမယ့် ကိုကို့စိတ်ထဲမှာ ဘာတွေဖြစ်နေ
သလဲဆိုတာ ညီမလေးသိတယ်လေ၊ စိတ်ချပါ ... ကိုကို ဘော
ခတ်သတ်မှတ်ထားတဲ့ စည်းတစ်ခုကို ကျော်ဖို့ ညီမလေးမှာ ရည်
ရွယ်ချက် လုံးဝမရှိပါဘူး ... ကူညီတာထက် ပိုသွားရင် ကိုကို ညီ
မလေးကို ကြိုက်သလို အပြစ်ဒဏ်ပေးနိုင်တယ်”





“တကယ်နော် ... ”

တွေ့လား ... အခုမှ မျက်လုံးပြူးကြီးနဲ့ ဖြူ့ဘက်ကို ကိုကို
ပြန်လှည့်လာတာ ဖြူ နှုတ်ခမ်းလေးပွင့်သွားအောင်တော့ ရယ်
လိုက်မိသည်။ တကယ်ပါပဲ ... ကြီးညီုကြီးဝါတင်မက ကိုကိုကပါ
ဒီလို သဝန်တို ချုပ်ချယ်ထားချင်တဲ့ စိတ်တွေနဲ့လေ။

“ညီမလေးရာ ... ဒီကောင့်ပုံစံက ထောင့်မကျိုးလွန်းလို့
ညီမလေးကို ဒီကောင်နဲ့မပတ်သက်စေချင်တာ”

“ဟွန်း ... အဲဒါ ညီမလေးသိပါတယ် ကိုကိုရဲ့”

“ဒီကောင့်ကိုတော့ ကိုကိုမယုံတာ အမှန်ပဲ”

ခုထိလည်း ကိုကို့ရင်ထဲမှာ သံသယစိတ်တွေနဲ့။

“ဘာလဲ ဟေ့ကောင် ... မင်းပြဿနာ ဖြစ်လာပြန်ပြီလား”

ဒီမှာတော့ ထမင်းစားဖို့ တိုက်စစ်မှူးပြန်လာတာ ရီဝေနာ
ကျင်သော မျက်ဝန်းကလေးတွေနဲ့ပါ။ ဒါကိုကြည့်ပြီး ဦးမြတ်အိန္ဒြေ
ထွန်း လှမ်းမေးလိုက်တာပဲဖြစ်သည်။

“ငါ သိတယ်နော် ဟေ့ကောင် ... ”

နှစ်ယောက်စာ ထမင်းချိုင့်လေးကို လက်တွေက ဖွင့်လိုက်
ပေမယ့် မျက်ဝန်းအကြည့်တွေက တိုက်စစ်မှူး မျက်နှာလေးပေါ်ကို
ပဲ ရောက်သွားသည်။

“မင်းကို တွန်းလားထိုးလား လုပ်သွားတာ ... ”

“ဟွန်း ... ရပါတယ်ဦးရာ ... ”

“ရတယ် မလုပ်နဲ့ဟေ့ကောင် ... ဒီဝဋ်ကြွေး ဘယ်တော့က
မှာလည်းဆိုတာပဲ မင်း ငါ့ကိုပြော ... မင်း သည်းခံနေတာ
ငါ မင်းကို နားမလည်နိုင်တော့ဘူး ... ဘော့စ် ထက်ဖျားယံက



www.burmeseclassic.com

www.burmeseclassic.com



မင်းကို သူ့အနားမှာ ထားလိုက်တာလည်း ငါအရမ်းအံ့သြတယ်"

တကယ်လည်း ဒီအချက်ကို ဦးမြတ်အိန္ဒြေထွန်း နားမလည်ခဲ့တာဖြစ်သည်။ သူကြည့်မရလို့တောင် ထိုးလားကြိတ်လား လုပ်မှ သေးတဲ့ဟာကို အနားမှာခေါ်ထားလိုက်စရာလား။

"ငါကတော့ မင်းကို ဘာမှမပြောတော့ဘူး သိလား ဟော့ကောင် ... ငါအခု သတင်းတစ်ခုကြားတာက ဘော့စ်ထက်ဖျား ယံအခြေအနေက တော်တော်ယိုင်နေပြီလို့ သတင်းကြားတယ် ... ဂျင်ဝိုင်းတစ်ခုမှာလည်း သိန်းထောင်ချီရှုံးပြီး ထိုးကြိတ်ကြွေ တောင် ဖြစ်ခဲ့သေးသတဲ့ ... ငါထင်တာကတော့ မင်းကို သူ့အနား မှာ ဘော်ဒီဂတ်တစ်ယောက်လိုခေါ်ထားပြီး သူလိုတာနဲ့ အသုံးချ တော့မယ်ထင်တယ် ... မင်း ကြည့်တော့ ပေါင်းပေ့ါကွာ"

"ဟွန်း ... ဂရုမစိုက်စမ်းပါနဲ့ဦးရာ ... သူ ကျွန်တော့်ကို ဘယ်လောက်နှိပ်စက်နိုင်မလဲဆိုတာ ဦး စောင့်ကြည့်လိုက်လေ"

နှုတ်ခမ်းလေးမဲ့ပြီး ဒီကောင် ပြောလိုက်တာ။

ပြောရင်းနှင့်လည်း ထမင်းကို အားရပါးရ ပလုတ်ပလောင်း စားသည်။ ပြောရရင် ဟိုရက်က ရထားတဲ့ဒဏ်ရာလေးတွေက တော်တော်သက်သာနေပါပြီ။ ခုတော့ မျက်ခုံးတန်းထူထူစိမ်းစိမ်း ကြီးနှစ်ဖက်နဲ့။

မျက်ဝန်းတွေ စိုလက်နေတာက ယောကျ်ားတန်မဲ့ ကော့ နေတဲ့ မျက်တောင်မွေးရှည်ရှည်ကြီးတွေနဲ့ မျက်ဝန်းတွေကို အုပ်မိုး ပေးထားတာက ပြန့်ကားနေတဲ့ ထီးကြီးတစ်လက်လို။

တချို့က ကွယ်ရာမှာ ပြောကြသည်။

"ကိုကြီးတိုက်စစ်မှူးက ချောတယ်နော်"





"ငါက အရပ်မြင့်တာကြီးကို သဘောကျတာ"

"သူ့ပုံစံနဲ့ ဒီလိုအလုပ်မျိုးတွေကို ဘာလို့လာလုပ်နေတာလဲ မသိဘူးနော်"

ပန်းရုံဆိုက်ထဲက အလုပ်သမားကောင်မလေးတွေ တိုက်စစ် မှူးကိုပဲ မသိမသာ ခိုးကြည့်ရင်း ကွယ်ရာမှာ အတင်းပြောနေကြ တာ။ ဒါကိုကြားတော့ မသိချင်ဟန်ဆောင်ကာ ဦးမြတ်အိန္ဒြေ ထွန်း ပြုံးမိသည်။ တကယ်လည်း ဒီကောင့်ပုံစံက လူတွေပြောစရာပဲ။

ညကလည်း အိမ်ရှေ့ခန်း ကွက်လပ်ကလေးမှာ ဒီကောင် အိပ်နေတာ ခွေခွေကလေးပါ။ တော်တော်နဲ့ အိပ်မပျော်သေးလို့။ ရေအိမ်တက်လိုက်၊ ကော်ဖီဖျော်သောက်လိုက်နှင့် ဒီကောင် အိပ် နေတာကို ခပ်လှမ်းလှမ်းလေးကနေ ထိုင်ကြည့်ရင်း ဒီကောင့် အကြောင်းပဲ ဟိုဟိုဒီဒီလေး လျှောက်တွေးနေမိ၏။

ဘယ်ကလာလို့လာမှန်းလည်း မသိ။ မေးတော့လည်း ရေ ရေရာရာမဖြေ။ သူ့ရည်ရွယ်ချက်ကိုလည်း မပြော။

ဘယ်လိုလုပ်မလဲ ...

ကိုယ်ကတော့ ဒီကောင် တကယ်ဒုက္ခရောက်နေတာပဲဆို သည့် အသိကလေးနဲ့ လက်ခံကူညီပေးရတာ။ ခုလည်း ... ဘော့စ် ထက်ဖျားယံက သူ့ညီမလေး ချစ်ခြင်းဖြူနဲ့ အရောဝင်စကားပြော ရမလားဆိုပြီး တွန်းထိုးအော်ငေါက်လွှတ်လိုက်တာလေ။

ဒါကိုလည်း နှုတ်ခမ်းလေးမဲ့ပြီး ပြောနေတာ၊ လုံးဝဂရုမစိုက် ပါဘူးတဲ့။ ဒီကောင် ဒုက္ခခံနေတာ အကြောင်းရှိလို့လား။

www.burmeseclassic.com

www.burmeseclassic.com


## အခန်း ( ၁၂ )

တနင်္ဂနွေ အလုပ်ပိတ်ရက်မို့ ...

ရွှေတိဂုံဘုရားမှာ ဥပုသ်စောင့် ပုတီးစိပ်မယ်ဆိုပြီး ကြီးညို ရော ကြီးဝါပါ မနက်အိပ်ရာထကတည်းက ပြင်ဆင်နေကြတာ။ ထမင်းချိုင့်ထည့်တဲ့လူကထည့် ဆီမီးဖယောင်းတိုင် ပန်း စတာတွေ ပြင်တဲ့လူကပြင် လုပ်နေကြတာ။ တစ်အိမ်လုံး ကြွက်ကြွက်ညံပြီး ချစ်ခြင်းဖြူလည်း အိပ်ရာထဲမှာ ဇိမ်နဲ့မအိပ်နိုင်။

"ချစ်ခြင်းဖြူ ..."

"ဒေါက် ... ဒေါက် ..."

ဖြူ မနိုးသေးလို့ တံခါးလာခေါက်နေတာလည်း တစ်ယောက်ပြီးတစ်ယောက်။ မထမချင်း နိုးကြတော့မယ်ထင်ပါရဲ့။ ဖြူကလည်း ကြီးညိုနဲ့ကြီးဝါ ခုတင်ပေါ်က ထသွားပြီးကတည်းက အိပ်ရာကနေ အိပ်မှုန်စုံမွှားလေးနဲ့ထပြီး တံခါးလော့ခ်ကို ပိတ်ထားလိုက်တာ။ ဟော ... ခုတော့ ...

ခွဲနပဲနဲ့ကို တံခါးလာခေါက်နေကြပြန်ပြီ။

"ဒေါက် ... ဒေါက် ..."

"ချစ်ခြင်းဖြူ ... ညည်းလေး ကြီးဝါတို့နဲ့ဘုရားကို လိုက်မယ် ဆို"

"လိုက်ရင် ထတော့လေ ... ပြင်မှာဆင်မှာ ရေချိုးမှာနဲ့ ခု ...ယ်အချိန်ရှိနေပြီလဲ ... ထ ... ထ အပြင်းမကြီးစမ်းနဲ့"

"ဝါး ..."

ဒီမှာတော့

လက်ကလေးနှစ်ဖက်ဆန့်တန်းကာ သမ်းလို့ကောင်းတုန်း။

"ထပါပြီ ကြီးဝါရဲ့ ..."

"အေး ... ထပြီဆိုလည်း ရေချိုးအလုပြင်ထားလိုက်၊ နောက် ...ရီဝက်ဆို အိမ်ကထွက်တော့မှာ၊ ခစ်ခစ်လည်း ဘုရားလိုက်မလို့ ...ဘက်မှာစောင့်နေပြီ ... ပြင်ထားလိုက်နော်၊ နောက်တစ်ခါ လာ ...နိုးတော့ဘူး"

အော်ပြောရင်း အသံက ဝေးသွားသည်။

ဒါနဲ့ပဲ ... ရေမိုးချိုးကာ အလုကလေးပါ ပြင်လိုက်ရသည်။

"အမလေး ချစ်ခြင်းဖြူရယ် ... ဘုရားမှာ ဥပုသ်စောင့်သွား ...မယ်ဆိုမှ ဒီလက်တစ်လုံးကြီးခါးပြတ်အတိုလေးကို ဝတ်ထားပြန် ...ကွပါပဲ ... ဟိုမှာလေ မနက်အိပ်ရာထကတည်းက ညည်းလေး ...က်ရမယ့်ဝတ်စုံလေးကို မှန်တင်ခုံလေးဘေးမှာ တင်ထားပေးထား ...တဲ့ဟာ ..."

"ဟာ ... ကြီးညိုကလည်း ကြီးညိုထုတ်ပေးထားတဲ့ မြန်မာ ...နံဆန်လက်ရှည်ကြီးကို မဝတ်ချင်လို့ ဒါလေးပဲ ထုတ်ဝတ်တဲ့ဟာ ..."

"မရဘူး ... မရဘူး ... ဘုရားသွားတာ ဒါမျိုးကြီးဝတ်ရ...

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com

ကောင်းပါ့မလား ... ကြီးညိုတို့က ချမ်းသာကြီးတန်ဆောင်းမှာ တစ်နေကုန်နေပြီ၊ ညနေရောက်မှ ပြန်ဆင်းမှာ ... ကျက်သရေရှိ ဒီမြန်မာဆန်ဆန်လက်ရှည်လေးပဲဝတ် ... အဲဒါကြောင့်မို့ ညက တည်းက ညည်းလေးကို ဒုက္ခခံပြီး နှစ်ခွကျစ်ဆံမြီးရှည်လေး တမင် ကျစ်ပေးထားတာ၊ ဒီဝတ်စုံလေးနဲ့ဆို ညည်းလေး ဘယ်လောက် ကျက်သရေရှိသွားမယ်ထင်သလဲ ..."

ကြီးညို တတွတ်တွတ်ပြောနေတာ။ ဝတ်စုံမလဲမချင်း အနားက မခွာ။ အိမ်ကထွက်တော့ မနက်ကိုးနာရီ ထိုးနေပါပြီ။

ဒီကြားထဲ လမ်းမှာကားတွေက ပိတ်ကြပ်ညှပ်နေလို့ ဘုရား ကို တော်တော်နဲ့မရောက်။ ဖြစ်ချင်တော့ ကန်တော်ကြီးစောင်း ကားပတ်လမ်းတစ်နေရာမှာ နောက်ကားက ဖြူတို့ကားနောက် ပိုင်းကို ဒိုင်းခနဲဝင်တိုက်တာ တစ်စီးလုံး ထိတ်လန့်သွားကြရပါ အထိ။

တိုက်ပြီးသွားချိန်မှာ ဖြူ လှည့်ကြည့်လိုက်တော့ ဖြူတို့ရဲ့ အိမ်စီးဆလွန်းကားလေးကို နောက်က ဝင်တိုက်တာ။ တကယ့်ကို ဝင်းလက်တောက်ပြောင်နေတဲ့ နောက်ဆုံးပေါ် အကောင်းစား ကားကြီး။

"ဒါ ... ခင်ဗျားတို့မှားတာ ..."

ဖြူတို့ဒရိုင်ဘာ ဦးမောင်တင့်က ကားအောက်ကို ဆင်း ကြည့်ကာ ပြဿနာဖြေရှင်းဖို့ ကြိုးစားသည်။ ဒါကို ... ဟိုဘက်က ဆင်းလာတာ ကုမ္ပဏီဝန်ထမ်းဝတ်စုံလေးကို ဆင်တူလေးဝတ်ထား သည့် မိန်းကလေးနှစ်ယောက်။

"ဟုတ်တယ် ... ကျွန်မတို့မှားတာ တောင်းပန်တယ်"





"ဟာ ... ဒီလိုတောင်းပန်လို့ရမလားဗျ။ ကျွန်တော်တို့ကား ...င်ရမယ့်ကုန်ကျစရိတ်ကိုလည်း ခင်ဗျားတို့တွက်ကြည့်လိုက်ဦး၊ ...ာက်မီးခွက်နှစ်ဖက်စလုံး ကွဲတယ်၊ နောက်ဘန်ဘာကြေသွား ...ယ် ... နောက်ဖုံး ချိုင့်ဝင်သွားတယ် ..."

ကြီးညိုနဲ့ကြီးဝါဆင်းတော့ ချစ်ခြင်းဖြူပါ လိုက်ဆင်းသည်။ ...ကယ်လည်း ကားလေးက နောက်ပိုင်းတစ်ခုလုံး တွန့်လိမ်ကြေမွ ...းသည်။

"အို ... တော်တော်ထိသွားတာပဲ"

အားလုံးအကြည့်တွေက အနက်ရောင်ဝမ်းဆက်လေးနှင့် ...သိုင်းဒေါက်မြင့်လေးကို စီးကာ ကားပေါ်ကဆင်းလာသည့် ဖြူ့ ...ကိုပဲ ရောက်လာ၏။ ဒါကို အသားဖြူဖြူ မျက်နှာဝိုင်းဝိုင်းနှင့် ...ဏီဝန်ထမ်း ဝတ်စုံလေးဝတ်ထားသည့် အစ်မက ဖြူ့ရှေ့အထိ ...ာက်အောင် တန်းခနဲ မတ်မတ်လျှောက်လာကာ ...

"ဟုတ်ပါတယ် ညီမလေး ... ဒီကားက မမတို့ကုမ္ပဏီဘော့စ် ...ယ်တိုင်မောင်းလာတဲ့ကားပါ ... ပျက်စီးသမျှတွေအားလုံးကို ...ည်း သူတာဝန်ယူတယ် ပြောပါတယ် ... ဒီမှာ ကုမ္ပဏီလိပ်စာ ...လေးပါ၊ ပြင်တာ စိတ်တိုင်းမကျလို့ အသစ်တစ်စီး လျော်ပေး ...ယ်ဆိုရင်လည်း အဆင်သင့်ပါပဲလို့ ကုမ္ပဏီ ဘော့စ်ကပြောပါတယ် ...ဏီမှာ လာတောင်းပါတဲ့ ..."

"အို ... ဘယ်ကုမ္ပဏီလဲဟင် ... ချမ်းသာလိုက်တာ ကြည့် ... ..."

သူတို့ကားကြီးမောင်းထွက်သွားတော့မှ ပေးသွားတဲ့ကုမ္ပဏီ ...စာကဒ်လေးကို ကြည့်လိုက်တော့ ...


www.burmeseclassic.com

www.burmeseclassic.com


"ဆိုးလ် ကုမ္ပဏီတဲ့ ..."

"ဆိုးလ် ဟုတ်လား ... ပိုင်ရှင်နာမည်က ..."

"ဦးစည်းရုံးညီတဲ့"

"ဘုရားရေ ..."

ဒီအကြောင်း ထက်ဖျားယံဆီ ချက်ချင်းဖုန်းဆက်ပြောလိုက်

တော့ ...

"ဘာ ... ဘာပြောတယ် ကြီးညို ... စည်းရုံးညီ ... စည်းရုံး ညီကိုယ်တိုင် မောင်းလာတဲ့ကားနဲ့ တိုက်မိသွားတာ ဟုတ်လား"

"ဟုတ်တယ် ယံလေးရေ ... သူမောင်းလာတဲ့အကောင် စားကြီး မောင်းထွက်သွားတော့မှ ပေးသွားတဲ့ကုမ္ပဏီလိပ်စာကဒ် လေးကိုကြည့်ရင်းနဲ့ သိလိုက်တာ၊ အဲဒါ ... အဲဒါ အံ့သြလွန်းလို့ ယံ လေးကို ကြီးညိုကြီးတို့ ချက်ချင်းဖုန်းဆက်ပြောတာ ... ကားပြ တာ စိတ်တိုင်းကျရင်တောင် ကားအသစ်တစ်စီးဝယ်ပေးမတဲ့၊ ယံလေး တွေ့ချင်နေတဲ့စည်းရုံးညီ ဘယ်လောက်ချမ်းသာလည်း တာ အဲဒါပဲ ကြည့်တော့ ..."

"သူ့ကို သေသေချာချာတွေ့လိုက်လား ဘယ်လိုပုံစံလဲ"

"ကားမောင်းထွက်သွားမှ ရိပ်ခနဲတွေ့လိုက်တာလေ အသားလေးဖြူတာနဲ့ မျက်မှန်အမည်းကြီးတပ်ထားတာပဲ ... သ ထားကြည့်လိုက်မိတာ၊ ကားတစ်စီးလုံးကလည်း အမည်းရောင်မှ ကြီးတွေ ကပ်ထားတာဆိုတော့ သိပ်မသည်းကွဲလိုက်ဘူး ... ငယ် တော့ငယ်သေးတယ်၊ အများဆုံးရှိလည်း ယံလေးနဲ့ရွယ်တူလော ပေါ့"

ဘုရားပေါ်ရောက်တော့လည်း ပြောမိတာ ဒီအကြောင်း



"မမချစ်ခြင်းဖြူ ..."

"ဟင် ... ဘာလဲ ခစ်ခစ် ..."

"Soul ကုမ္ပဏီက ဦးစည်းရုံးညီက တော်တော်ချမ်းသာတာ နော်"

"ဘာလဲ ခစ်ခစ် ... ကားအသစ်တစ်စီးပြန်ဝယ်ပေးမယ်ဆို လို့ ခစ်ခစ် ... ဒီလူ့ကို စိတ်ဝင်စားသွားတာလား၊ ဟွန်း ... မမချစ် ခြင်းဖြူကတော့ ဒီလို အထက်စီးကနေ အကြောနဲ့ငွေနဲ့ပေါက်ပြေ ရှင်းသွားတာ မကျေနပ်ပါဘူး ... တကယ်ဆို သူဘယ်လောက်ပဲ ချမ်းသာ ချမ်းသာ ထိခိုက်နစ်နာသွားတဲ့ ကာယကံရှင်တွေကို သူ ကိုယ်တိုင်ဆင်းပြီးတော့ တလေးတစား တောင်းပန်ရမှာ ..."

"ဟာ ... ဘာပဲဖြစ်ဖြစ်လေ ဒီလိုကားအသစ်တစ်စီးပြန်ဝယ် ပေးဖို့ ကတိပေးသွားတယ်ဆိုတာ နည်းနည်းနောနောအခွင့်အရေး မဟုတ်တဲ့ဟာကို ကြီးညိုကလည်း မဟာစကြာဝဠာကုမ္ပဏီ လိပ်စာကဒ် ပြန်ပေးလိုက်တာ ... ဆင်းလာတဲ့ မန်နေဂျာမလေး နစ်ယောက်တောင် ကဒ်လေးကိုကြည့်ပြီး ဟာခနဲ ဖြစ်သွားသေး တယ်"

"ဟွန်း ... ဖြစ်မှာပေါ့ ကိုကို့ကုမ္ပဏီနဲ့ အဲဒီ Soul ကုမ္ပဏီက ပြိုင်အဆိုင် ရန်ဖက်ကုမ္ပဏီတွေလေ စစ်စစ်ရဲ့ ..."

"ဟင် ... ဟုတ်လား ..."

ခစ်ခစ် မျက်လုံးကလေးဝိုင်းလို့။ မွေးနံထောင့်ရှာ ဘုရား နေတွေထိုးရင်း ဘုရားကိုတစ်ပတ်ပတ်ခဲ့တဲ့အချိန်ထိ ဟိုအကြောင်း ပြောလိုက် ဒီအကြောင်းပြောလိုက်နဲ့ နှစ်ယောက်သား လျှောက်

www.burmeseclassic.com

www.burmeseclassic.com



လာကြတာ ကြီးညီနဲ့ကြီးဝါကတော့ ဘုရားဆွမ်းကပ်မယ်ဆိုပြ
ချမ်းသာကြီးတန်ဆောင်းထဲမှာ ကျန်ခဲ့ကြတာလေ။

ခုမှပဲ လွတ်လွတ်လပ်လပ်ကလေး လျှောက်ခွင့်ရလို့ ချစ်
ခြင်းဖြူ ပျော်နေသည်။ သေချာတာက ချစ်ခြင်းဖြူရဲ့ ရင်ထဲမှာရှိနေ
တာက စည်းရုံးညီ ချမ်းသာတာတွေ မဟုတ်ပါ။ အမှန်အတိုင်းဝန်ခံ
ရမယ်ဆိုရင် ဒီလို ခပ်ကြောကြော ခပ်ရင့်ရင့်လူတစ်ယောက်ကို ဘာ
အထင်ကြီးနေစရာလိုသလဲ။

ဘုရားပေါ်ရောက်မှ ဖြူ သတိရလိုက်တာ တိုက်စစ်မှူးဆိုတဲ့
လူတစ်ယောက်ကိုပါပဲ။ ဒါကိုလည်း ဖြူ ကိုယ်တိုင် အံ့ဩလို့မဆုံး
နိုင်။ မနေ့က ထမင်းနဲ့ဟင်းသွားပေးတုန်းကလည်း ဖြူ စိတ်တို
လိုက်တာ မပြောပါနဲ့တော့။

"အို ... ရှင် ... ရှင် မာနမကြီးနဲ့နော် တိုက်စစ်မှူး ... ကျွန်မ
စားနေရင်းနဲ့ မျိုမကျလို့ ရှင့်အတွက် တမင်ချန်ထားထာကို လာပေး
တာ၊ ရှင် အပြင်မှာ ထွက်ဝယ်စားနေရင် ပိုက်ဆံအပိုကုန်မှာစိုးလို့"

"အဲဒါ ... ငါ့အတွက် စိတ်မပူနဲ့"

"ဘာပြောတယ် ... "

ချိုင့်လေးဆွဲပြီးလာပေးနေတဲ့ ဖြူကိုတောင် လှည့်မကြည့်
တော့ဘဲ ခေါင်းလေးခါငြင်းနေတာ။ ဘယ်လောက်အသည်းယား
ကောင်းသလဲဆိုတာ အဲဒါပဲကြည့်။ ကိုယ်ကတော့ သူ့ကို စတွေ့
ကတည်းက စေတနာတွေထားလိုက်ရတာ။ ဆံပင်ရှည်လေးတွေကို
နောက်မှာတင်းတင်းလေးစုချည်ထားပြီး ကိုယ်လုံးလေးကလည်း
ယောကျ်ားပီပီသသ တောင့်တောင့်တင်းတင်းကလေးနဲ့ ဘယ်သူ့
ကိုမှ ဂရုမစိုက်သလို အမြဲမာနေတတ်သည့် မျက်နှာထားတင်းတင်း





လေးကို ဖြူက သဘောကျနေခဲ့တာလေ။ ဒါကိုတောင် ... သူက
အရေးမထားတော့ဘဲ။ ဖြူ့ကိုတွေ့လိုက်တာနဲ့ ခေါင်းကလေးငုံ့ချ
ပစ်ပြီးတော့ မျက်နှာလေးလွှဲလွှဲသွားတာ ဖြူ သူ့ကို မကျေနပ်တာ
လည်း ဒါကိုပဲ မကျေနပ်တာပါ။

"ငါ ... ငါ ဘယ်သူကျွေးတာမှ အလကား မစားချင်လို့
မင်းကို ပြောနေတာ ... မင်းစေတနာကို စော်ကားနေတာ မဟုတ်
ဘူး"

"အဲဒါ ... ကျွန်မ မကျေနပ်ဘူး"

"ဟင် ... ဘာကို မကျေနပ်တာလဲ"

"ကျွန်မကို မပတ်သက်ချင်သလိုလို အရောမဝင်ချင်သလိုလို
လုပ်နေတဲ့ ရှင့်အမူအရာတွေနဲ့ အေးစက်စက်တုန့်ပြန်မှုတွေကို
မကျေနပ်တာ"

"ငါက နှလုံးသားမရှိတဲ့အကောင် ... "

"ဘာ ... ဘာပြောတယ်ရှင့် ... "

ဖြူ မျက်စောင်းလေး သူ့ဆီဝဲသွားရတာလည်း အဲဒီလို
ပြောမျိုးတွေကြောင့်။

ကြည့်ဦးလေ ... သူပြောလိုက်တာက ...

ငါက နှလုံးသားမရှိတဲ့အကောင်တဲ့။ ဟွန်း ... ဖြူကတော့
ယုံပါဘူး။ နှလုံးသားမရှိတဲ့လူတစ်ယောက်က ဘာမဟုတ်တဲ့
ပန်းလေး တစ်ပွင့်ကို ဘောင်းဘီနောက်အိတ်လေးထဲ ထိုးထည့်ပြီး
လျှောက်သွားနေမလား။

"ဟွန်း ... ငါပြောတာ ရှင်းရှင်းလေးပြောလိုက်တာလေ။
တိုက်စစ်မှူးဆိုတဲ့ကောင် လမ်းပေါ်ကိုတက်လာကတည်းက ချစ်



www.burmeseclassic.com

www.burmeseclassic.com



တတ်တဲ့နှလုံးသားတွေကို ပလက်ဖောင်းဘေးမှာ စုပုံချထား
တော့မှ တက်လာတာ၊ ငါသိမ်းပိုက်ယူရမယ့်အောင်ပွဲတွေထဲမ
နှလုံးသားနဲ့လဲမှရမယ့် အောင်ပွဲတွေကို ငါမလိုချင်လို့ ရှင်းတ
နော်၊ ဒီအချိန်မှာ ဘယ်သူက ငါ့ကို အနိုင်ယူမလဲ ... ဘယ်သူ
ငါ့အသားတွေကို နာကျင်အောင်လုပ်မလဲ ... ငါ ပြုံးပြုံးလေးန
နှုတ်ခမ်းလေး မဲ့ပြီး ရင်ဆိုင်ပေးဆပ်သွားမယ်၊ အေး ... ငါပြန်
ပြီဆိုရင်တော့ ဘွာခတ်တောင်းပန်ဖို့ မစဉ်းစားနဲ့ ... ငါက ပြော
လည်းပြတ်တယ် ... လုပ်ရင်လည်းရင့်တယ်၊ မင်း ... ထမင်းချို
တော့ ပြန်ယူသွားလိုက်ပါ ... ဆောရီး ... ငါတောင်းပန်တယ်"

"ဟင် ... "

အဲဒီအချိန်မှာပဲ ကိုကိုဆင်းလာပြီး သူ့ကို လက်ပြန်ရိုက်
သွားတာ။ ဒါလည်း ကိုကို့ကို လက်တုန့်မပြန်ဘဲ ကားရေဆေးနေ
နေရာလေးကိုပဲ ချာခနဲ လှည့်ထွက်သွားတာလေ။ ဒါဟာ ရှင်ပြေ
နေတဲ့ ပေးဆပ်မှုတွေလား။

"ဟွန်း ... ဟင်း ... "

တွေးမိတော့မှ နှုတ်ခမ်းလေးမဲ့ကာ ဖြူတစ်ယောက်တည်
ပြုံးလိုက်မိသည်။

"မမချစ်ခြင်းဖြူရေ ... ဟိုမှာ ... ဟိုမှာ ဘယ်သူလဲဆို
ကြည့်လိုက်ပါဦး ... "

"ဟင် ... ဘယ်သူလဲဟဲ့၊ ဘယ်သူ့ကိုတွေ့လို့လဲ ... "

"ဟိုမှာလေ ကိုကြီးတိုက်စစ်မှူး ... "

"ဘုရားရေ ... ကြည့်စမ်း ... "

ဒီနေ့မှ တိုက်တိုက်ဆိုင်ဆိုင် ဦးမြတ်အိမ်ရှေ့ထွန်း မပါ





ဘုရားပေါ်ကို တိုက်စစ်မှူးတစ်ယောက်တည်း တက်လာတာ မရမ်း
စေ့ရောင် ချည်ပုဆိုးကွက်စိပ်လေးကို ရှုပ်အင်္ကျီကော်လံပြတ်အဖြူ
လေးနဲ့ တွဲဝတ်လို့။

ဘယ်ဆိုးလို့လဲ ... လူတောင်မှားသွားတယ် ကြည့်စမ်း။

သူကတော့ ဖြူတို့နှစ်ယောက်လျှောက်လာတာကို မြင်
လား၊ မမြင်သလားတော့မသိပါ။ မတ်တတ်လေးရပ်ရင်း လက်
ပ်လေးချီကာ ရွှေတိဂုံစေတီကြီးကို မော့ဖူးနေတာလေ။

ဖြူကတော့ မမြင်ရကောင်းလားဆိုပြီးတော့ သူ့ရှေ့တည့်
တည့်ကို လျှောက်သွားလိုက်တာ နှုတ်ခမ်းမဲ့မဲ့လေးနဲ့ပဲပေါ့။

"ရှင် ... ရှင် ... ကျွန်မတို့နှစ်ယောက်ကို မမြင်ချင်ဟန်
ဆောင်နေတာလားဟင် တိုက်စစ်မှူး ... ရှင် သိသိကြီးနဲ့ မျက်နှာ
လေးလှည့်သွားတာ ကျွန်မ မြင်တယ်"

သည်တော့မှ သူမျက်လုံးလေး ပွင့်လာကာ ...

"ဟာ ... မင်း ဘယ်သူ့ကိုပြောနေတာလဲ"

"ဘာ ... ဘာပြောတယ် ... "

"မင်း လူမှားနေပြီ ... ကိုယ် တိုက်စစ်မှူး မဟုတ်ဘူး"

"ဟုတ် ... ဟုတ်တယ် မမချစ်ခြင်းဖြူ၊ ခစ်ခစ်တို့ လူမှား
မှားပြီ ... သူက ဆံပင်တိုတယ်လေ၊ နောက်မှာ ဆံပင်လေးကိုကျစ်
နေအောင် စည်းထားတာလေးမှ မရှိတာ၊ ဒါပေမဲ့ ... မျက်နှာလေး
ကိုကြီးတိုက်စစ်မှူးနဲ့ တော်တော်တူတယ်၊ ညီအစ်ကိုဆိုရင်
ကိုင်းယုံမှာ သေချာတယ်"

"ဟုတ် ... ဟုတ်တယ်နော် ခစ်ခစ် ... "

ဖြူတို့ လူမှားသွားတာကိုပဲ သူပြုံးကြည့်နေကာ။ တော်



www.burmeseclassic.com

www.burmeseclassic.com



တော်စွဲမက်ဖို့ကောင်းတဲ့ ယောကျ်ားတစ်ယောက်ရဲ့ အပြုံးဆို... တော့ ဖြူ ချက်ချင်းပဲ လက်ခံထားလိုက်မိသည်။

ဒါဆို ... တိုက်စစ်မှူး ပြုံးရင်ရော ...

ဒီလိုပဲ ရှင်းသန့်ပြီးတော့ အပြစ်ကင်းနေမှာလား။

"ဟွန်း ... မင်းတို့က ကိုယ့်ကိုလူမှားပြီး လာနှုတ်ဆက်... မှန်ပေမယ့် ကိုယ်ကတော့ မင်းတို့နှစ်ယောက်ကို သိပါတယ် စောစောက ကန်တော်ကြီးပတ်လမ်းမှာ မင်းတို့စီးလာတဲ့ကား... နောက်ကားတစ်စီးက ဝင်တိုက်တယ်လေ ... အဲဒါ လျော်ကြေး... ပါ့မယ်ဆိုပြီး မောင်းထွက်သွားတာ ကိုယ်ပါပဲ ..."

"ဘုရားရေ ... ဒါ ... ဒါဆို ရှင်က ..."

"ကိုယ်က စည်းရုံးညီပါ ..."

"စည်းရုံးညီ ..."

တစ်ကိုယ်လုံးအေးခဲသွားမတတ် ရင်ထဲမှာ ပဲ့တင်ရိုက်... သွားတဲ့နာမည်လေ။ သို့သော် ... ဒီနာမည်ကြောင့်တော့ ဖြူ နှု... ခမ်းလေးက အလိုလိုနေရင်း မဲ့သွားခဲ့သည်။

"ဟွန်း ... သေချာပါတယ်၊ ရှင်မှန်းသိရင် ကျွန်မတို့ ရှင့်... ဘယ်လိုအကြောင်းပြချက်မျိုးနဲ့မှ နှုတ်ဆက်ဖြစ်မှာ မဟုတ်ဘူး၊ ... ခစ်ခစ် သွားမယ် ..."

ဖြူ့ကို ရိုင်းတယ်ပဲပြောပြော လူမှုရေးညံ့တယ်ပဲထင်... ဖြူ လှည့်ထွက်လာခဲ့တာ နာကျင်စွာလေးနဲ့ပါပဲ။ ပြောရရင် ကိုကို ကုမ္ပဏီကို ဒုက္ခပေးနေတဲ့လူ။ ကိုကို့ကုမ္ပဏီပျက်စီးရာ ပျက်... ကြောင်းအတွက် ကြံရွယ်လှုပ်ရှားနေတဲ့လူ။

ဒါကို ဖြူက ဝမ်းပန်းတသာ ဧည့်ခံနှုတ်ဆက်နေစရာ ...





သလား။

"မမချစ်ခြင်းဖြူရယ် ... သူ့နာမည်လေးသိတာနဲ့ နှုတ်ခမ်းလေးမဲ့ပြီး ဘာလို့ခပ်ပြတ်ပြတ်လှည့်ထွက်လာခဲ့ရတာလဲ၊ တကယ်ပါပဲ ... အားနာဖို့တောင် ကောင်းတယ် ..."

တော်တော်ဝေးဝေးကို ရောက်သွားတဲ့အထိလည်း ဖြူ နှုတ်ခမ်း စူတင်းထားတာလေးကို ဖြေချမပစ်နိုင်သေးပါ။

"ခစ်ခစ် ... နင့်ပါးစပ်ကိုပိတ်ထားစမ်း ... ကိုကို့ကုမ္ပဏီရဲ့ ရန်သူတစ်ယောက်ကို အပြုံးနဲ့ငါက ဆက်ဆံမယ်ထင်နေသလား၊ ချစ်ခြင်းဖြူဆိုတာ အမုန်းကိုလက်ခံထားသလို အချစ်ကိုလည်း နားမလည်ချင်ဟန်ဆောင်နေမှာ မဟုတ်ဘူး ... သေချာတာက စည်းရုံးညီဆိုတဲ့လူတစ်ယောက်ဟာ ဘယ်တော့မှ ချစ်ခြင်းဖြူရဲ့မိတ်ဆွေ မဖြစ်နိုင်တာ သေချာတယ်"

"ဟော ... တွေ့လား ... မမချစ်ခြင်းဖြူ စိတ်တိုနေတာ၊ မျက်နှာလေးတောင်ရဲနေပြီ၊ တကယ်ပါပဲ ... မမချစ်ခြင်းဖြူရယ်၊ ဟား ဟား ... ဒါကြောင့်မို့ ... ကြီးညိုနဲ့ကြီးဝါက မမချစ်ခြင်းဖြူကို အမြဲပြောနေတာ ... တို့တူမလေးက ကလေးစိတ်မကုန်သေးဘူးတဲ့"

"ခစ်ခစ်နော်"

ခစ်ခစ်ကို မျက်စောင်းလေး ထိုးလိုက်မိတာလည်း စိတ်တိုတိုလေးနဲ့။ စည်းရုံးညီတဲ့။

တိုက်စစ်မှူးနဲ့ဘာလို့ တစ်ပုံစံတည်း တူနေရတာလဲဟင်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၃ )

"ဦးထက်ဖျားယံ ... ဟုတ်ပါတယ်နော်"

"ဟာ ... ဟုတ်ပါတယ်၊ အခု ဖုန်းပြောနေတာ ဘယ်သူလဲ"

"ကျွန်တော် စည်းရုံးညီပါ ..."

"ဘာ ... ဘယ်လို စည်းရုံးညီ ဟုတ်လား ... မင်း ... မင်း"

စည်းရုံးညီဆိုသည့် နာမည်လေးကို ကြားလိုက်တာနှင့် ထက်ဖျားယံကိုယ်ထဲက သွေးတွေဆူပွက်သွားသည်။ ပြောနေသည့် ဖုန်း ဟန်းဆက်လေးကိုလည်း တင်းကြပ်နေအောင် နားမှာဖိကပ်ထားလိုက်မိ၏။

ဖြူသောမျက်နှာပေါ်က သွေးရောင်တွေအားလုံးကိုလည်း စည်းရုံးညီဆိုသည့် နာမည်လေးက ဆွဲချသွားသည်။

"ဟွန်း ... ဒီမှာ စည်းရုံးညီ၊ အိမ်က ကားကို မင်းတိုက်သွားပြီးကတည်းက မင်းနဲ့တိုက်ရိုက်ပြောလို့ရမယ့် ဖုန်းကို ကိုယ်ဆက်တိုက်ခေါ်နေတာ၊ လူကြီးမင်းနဲ့ချည်းပဲတိုးနေလို့ ... ကိုယ် ဒီမှာ ဒေါ်ပွပြီးတော့ ပေါက်ကွဲနေတာ"

ထက်ဖျားယံက တမင်တကာ ကိုယ်နဲ့မင်းနဲ့ ခိုင်းနှိုင်းသုံးဖွဲ့





ပြီးတော့ ခပ်နှိမ်နှိမ်လေး အထက်စီးကနေ ပြောလိုက်တာပဲဖြစ်သည်။

ဒီကောင် ဘယ်လောက်ပဲနိုင်ငံတကာလှည့်ပြီး ချမ်းသာနေပါစေ ထက်ဖျားယံကို အမှိုက်ခြင်းထဲရောက်အောင် ပစ်ထည့်နေတာ အောက်ကျခံ ကျွတ်ကြဲနေစရာလား။

မင်းလည်း စည်းရုံးညီ ...

ငါလည်း ထက်ဖျားယံ ...

ချမ်းသာတာခြင်း မယှဉ်နိုင်ရင်တောင် ကျန်တာတွေအားလုံး ယှဉ်လို့ရတယ်။ မင်းရှုံးသွားရင် မင်းဒူးထောက် ကိုယ်ရှုံးသွားရင် ကိုယ်ဒူးထောက်မယ်။

ကိုယ်က အဲလို ပြတ်သားတယ်လေ စည်းရုံးညီ။

"ခင်ဗျားလေသံက တကယ်မာတယ်နော် ဦးထက်ဖျားယံ"

"ဟေ့ကောင် စည်းရုံးညီ ... မင်းဘာမှ အပိုစကားတွေ ပြောမနေနဲ့၊ မဟာစကြာဝဠာရဲ့ ထက်ဖျားယံဆိုတာ ကုမ္ပဏီလောကမှာ အစဉ်အလာနဲ့ သမိုင်းနဲ့ဖြတ်သန်းလာတာ၊ ဒါကိုပဲ ကိုယ့်ကုမ္ပဏီရဲ့ ရှယ်ယာခွင့်တွေ အကြိမ်ကြိမ်အခါခါ ဆုံးရှုံးသွားအောင် ခါးလည်ကနေ မင်းဖြတ်ဖြတ်ရိုက်ချနေတာ ဘာသဘောလဲ ..."

ထက်ဖျားယံ ခပ်ပြတ်ပြတ်ပဲ မေးသည်။

ဒါကိုလည်း စည်းရုံးညီက နှုတ်ခမ်းလေးတွန့်ကွေးပြီးတော့ နားထောင်၏။ သူ ဖုန်းရပ်ပြောနေတဲ့နေရာက သူနေထိုင်ရာ ခြံဝင်းကျယ်ကြီးတစ်ခုရဲ့ မြက်ခင်းအဆုံးထိပ်နေရာက လှပသောတောင်ထန်းပင်ကြီးအောက်မှာမို့ ကြားနေရသည့် ဖုန်းသံကလည်း ကြည်လင်ပြတ်သားလွန်းနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့လက်ထောက် မန်နေဂျာမလေး မေသင်းခိုင်နှင့် စိုးမ
တို့နှစ်ယောက်ကတော့ ခပ်လှမ်းလှမ်းကလေးမှာ လက်ကလေ
ကိုယ်စီပိုက်ရပ်ရင်း သူ့ဆရာပေးလာမည့် အမိန့်သံတစ်ခုကိုပဲ နားစွ
ကာ စောင့်ဆိုင်းလျှက်။

"အဲဒါ ... ကျွန်တော် စီးပွားရေးလုပ်နေတာလေ ဦးထက်
ဖျားယံ ..."

"ဟာ ... စီးပွားရေးလုပ်တာဆိုလည်း ကျင့်ဝတ်ဘော
စည်းကမ်းနဲ့အညီ မင်းလုပ်သင့်တယ်လေ၊ ပြီးတော့ ... ဒီခေတ်မှ
လုပ်စရာ စီးပွားရေးတွေက အများကြီး ... ဒါကို ဖြတ်လုပ်တယ်ဆို
တော့ ငါ့ကုမ္ပဏီရဲ့ ထိခိုက်နစ်နာမှုတွေ ..."

"ဆောရီး ဦးထက်ဖျားယံ ... လွန်သွားပြီးတဲ့ကိစ္စတွေအာ
လုံးအတွက် ... ကျွန်တော် တောင်းပန်တယ်၊ ကျွန်တော် အမှ
အတိုင်း ဝန်ခံရမယ်ဆိုရင် စည်းရုံးညီဆိုတာ လိုချင်တာရှိလာရ
မရ ရအောင် ယူတတ်တဲ့လူစားမျိုးဆိုတာ ဦးထက်ဖျားယံကို အသိ
ပေးချင်တယ် ... ဒီနေ့မနက်ကလည်း မမျှော်လင့်ဘဲ ကန်ကော်ကြ
ပတ်လမ်းတစ်နေရာမှာ ကားအက်စီးဒင့်တစ်ခု ဖြစ်သွားတယ်၊ အဲ
အတွက် ဦးထက်ဖျားယံကျေနပ်တဲ့အထိပြန်လျော်ပေးဖို့ ကျွန်တော်
ဘက်က အဆင်သင့်ပဲ ..."

"ရတယ် ... စည်းရုံးညီ ... မင်းချမ်းသာတယ်ဆိုပြီး အပေ
စီးက နေရာတက်ယူဖို့ လုံးဝမစဉ်းစားနဲ့ ... ကိုယ့်ကားကို ကိုယ်ပြ
နိုင်တယ်၊ အသစ်တစ်စီး ဝယ်စီးဖို့လည်း အခက်အခဲမရှိဘူးဆိုတ
မင်းယုံထား ..."

ဒီလိုကြောတာတော့ ထက်ဖျားယံ မခံနိုင်ပါ။

ဖိုးလပြည့်စာပေ



သူ့မှာ မာနရှိသလို ...

ကိုယ့်မာနကလည်း အထွတ်အထိပ်မှာ နေရာယူပြီးသား။

"ကဲပါ ... ဦးထက်ဖျားယံ၊ အဲဒီကိစ္စက ဘယ်လိုရှင်းရှင်း
ရှင်းလို့ရတာ ကျွန်တော်သိတယ် ... ကျွန်တော်ဆက်လိုက်တာ အဲဒီ
ကိစ္စထက် အရေးကြီးတဲ့ကိစ္စတစ်ခုပေါ်လာလို့ ဦးထက်ဖျားယံဆီ
ကို ကျွန်တော် စဆက်လိုက်တာ ..."

"ဟွာင် ... ဘာကိစ္စလဲ ..."

"ချစ်ခြင်းဖြူကိစ္စ ..."

"ဘာ ... ဘာပြောတယ်"

"ချစ်ခြင်းဖြူလေ ... ကားအက်စီးဒင့်ဖြစ်တုန်းက ကားပေါ်
ကဆင်းလာတဲ့ကောင်မလေး ... မြန်မာဆန်ဆန် ဝမ်းဆက်လေးကို
အရမ်းကျက်သရေရှိနေအောင် ဝတ်ထားတယ် ... နောက်တစ်ကြိမ်
ထပ်ပြီးတော့လည်း ဘုရားပေါ်မှာ ဆုံခဲ့တယ်"

"မင်း ... မင်း စကားကို ဝေ့လည်ကြောင်ပတ်လျှောက်ပြော
မနေနဲ့ ... မင်းအခုပြောနေတဲ့ ချစ်ခြင်းဖြူဆိုတာ ကိုယ့်ရဲ့အချစ်ဆုံး
ညီမ ..."

"အဲဒါကို သိထားလို့ ကျွန်တော် ဆက်လိုက်တာလေ
ဦးထက်ဖျားယံ ... ကျွန်တော် အပွင့်လင်းဆုံးပြောမယ်၊ ဦးထက်
ဖျားယံတို့ဘက်က ခွင့်ပြုမယ်ဆိုရင် ချစ်ခြင်းဖြူကို မိသားဖသားပီပီ
ကျွန်တော် လာတောင်းပါရစေ"

"ဘာ ... ဘာပြောတယ်"

ထက်ဖျားယံ ဇွေ့ဇွေ့ခုန်ရပြီ။

ဦးထက်ဖျားယံတို့ဘက်က ခွင့်ပြုမယ်ဆိုရင် ချစ်ခြင်းဖြူကို

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com

မိသားဖသားပီပီ ကျွန်တော် လာတောင်းပါရစေတဲ့။

ဒါဟာ ကိုယ့်ပါးတွေကို ဖြန်းခနဲ ပိတ်ရိုက်ချပစ်လိုက်သလို တစ်ကိုယ်လုံး ထုပူသွားရတဲ့အဖြစ်က ဘာနဲ့မှ မလဲနိုင်အောင်ဘဲ ဖြစ်သည်။

"ကျွန်တော် ချစ်ခြင်းဖြူကို လိုချင်တယ် ... "

"ဟော့ကောင် စည်းရုံးညီ ... မင်း မရိုင်းနဲ့ ... "

ဒေါသကြောင့် အော်ပစ်လိုက်ရတာလည်း တစ်ကိုယ်လုံး သွက်သွက်ခါသွားအောင်ပဲ ဖြစ်သည်။ ဒီဘက်မှာ ဒီလိုတွေပေါက်ကွဲနေရပေမယ့် စည်းရုံးညီကတော့ အေးဆေးပါ။

လိုချင်တာကို လိုချင်တယ်လို့ပြောတာ ရိုင်းသလား။

တစ်ခုပဲခက်နေတာက သူက ပြောင်ပြောတတ်တာ။ ဖွဲ့ဖွဲ့နွဲ့နွဲ့ပြောနေရမှာကိုလည်း သူဘယ်လိုမှ စိတ်မရှည်နိုင်။

"ဟာ ... အဲဒါ ကျွန်တော် ရိုင်းတာမဟုတ်ဘူးလေ ဦးထက်ဖျားယံ ... ကျွန်တော့်ရင်ထဲမှာ မမျှော်လင့်ဘဲ ပေါက်ဖွားရှင်သန်လာရတဲ့ ခံစားချက်တစ်ခုရှိသွားလို့ ပွင့်ပွင့်လင်းလင်းပဲ တောင်းဆိုလိုက်တာပါ ... ကျွန်တော့်ရဲ့တောင်းဆိုမှုကို သဘောတူလိုက်လျှောပေးမယ်ဆိုရင် Soul ကုမ္ပဏီနဲ့ မဟာစကြာဝဠာဟာ တစ်သားတည်းပေါင်းစည်းလို့ ရသွားမယ်"

"မလိုက် ... မလိုက်လျှောရင်ကော ... "

"မီးဟုန်းဟုန်းတောက်သွားမယ့် ပြိုင်ဆိုင်မှုတွေကို ခင်ဗျား လက်တွေ့ရင်ဆိုင်လာရမှာ ဗေဒင်မေးစရာတောင် မလိုတော့ဘူးလို့ပဲ ကျွန်တော်ပြောချင်တယ် ... ဟွန်း ... မဟာစကြာဝဠာရဲ့အခြေအနေကို ဦးထက်ဖျားယံက မပြောပေမယ့် ကျွန်တော်သိပါတယ် ...





ကျွန်တော် လက်ဖဝါးပေါ်တင်ပြီးတော့ လှည့်နေစရာမလိုအောင် အပြတ်အသတ်ကျဆုံးတော့မယ်ဆိုတာ ကျွန်တော် ပြောပါရစေ"

"မင်း ... မင်းက ငါ့ကုမ္ပဏီရဲ့အခြေအနေကို ဒီအထိတောင် သိနေပြီ ဟုတ်လား ... ပြောစမ်း စည်းရုံးညီ ... ငါ့ကိုတိုက်ခိုက်ဖို့ မြန်မာပြည်ထဲကို မင်းပြန်ဝင်လာတာလား၊ ငါ့ကုမ္ပဏီကို အရှုံးတွေနဲ့ ဒူးထောက်ကျဆုံးသွားအောင် လေးမြှားတွေကိုင်ပြီး တရစပ်ပစ်နေတော့မှာလား"

"ဟား ... ဟား ... ဒါကတော့ ဦးထက်ဖျားယံရယ်၊ ငြိမ်းချမ်းမှုဆိုတာ အပေးအယူနဲ့ စေ့စပ်ကမ်းလှမ်းမှုတွေအောက်မှာပဲ ရှင်သန်နိုးထလာတတ်တာမျိုးပါ ... ကျွန်တော် ချစ်ခြင်းဖြူကို လက်ထပ်ချင်တယ်၊ လက်ထပ်ခွင့်ရတာနဲ့ အရာအားလုံး အေးချမ်းသွားမယ် ... ဒါပါပဲ ... အဲဒီအဖြေကိုရဖို့ နှစ်ပတ်အချိန်ပေးမယ်၊ ကဲ ... ဘယ်လိုလဲ ... "

"မင်း ... မင်း ... "

"နှစ်ပတ်နည်းရင် တစ်လဗျာ ... "

"တောက် ... "

စိတ်တိုတိုနှင့်တက်ခေါက်ပြီး ဖုန်းကိုပိတ်ချပစ်လိုက်တာ ထက်ဖျားယံပါပဲ။ ဒါကို ဦးမောင်မောင်စိုးက တစ်ချိန်လုံးစောင့်ကြည့်အကဲခတ်နေတာလေ။ ဘော့စ် ဒေါပွနေတာ ဆတ်ဆတ်ခါနာပြီး ပြောနေတာ ... နောက်ဆုံး တက်တစ်ချက်ခေါက်ပြီး ဖုန်းပိတ်ချလိုက်မိသည်အထိ ဘော့စ်နှင့်အနီးဆုံးမှာ တစ်ယောက်တည်း ရပ်နေခဲ့တာဖြစ်သည်။

"ဟွန်း ... စည်းရုံးညီ ဘာပြောသွားလို့ ဘော့စ် ဒီလော



www.burmeseclassic.com

www.burmeseclassic.com


ထိ ဒေါကန်သွားရတာလဲ"

"ချစ်ခြင်းဖြူနဲ့ လက်ထပ်ခွင့်ပေးရမယ်တဲ့ ..."

"ဘယ် ... ဘယ်လို ဘော့စ် ..."

"ကျွန်တော့်ကို အကြပ်ကိုင် တောင်းဆိုသွားတာ"

"ဘော့စ်ရာ ..."

ဦးမောင်မောင်စိုးကိုယ်တိုင်လည်း ဘော့စ်နဲ့ စည်းရုံးညီ ဖုန်းထဲမှာ အတိအကျပြောနေတာကို ကြားခဲ့တာပဲ။ ဘော့စ် ဒီလောက်ပြောလိုက်ပြီဆို ဦးမောင်မောင်စိုး သဘောပေါက်ရတော့မှာပေါ့။

ထက်ဖျားယံကတော့ ဒီကိစ္စကို ကြီးညိုနှင့်ကြီးဝါဆီ ချက်ချင်း ဖုန်းထပ်ဆက်ပြီး အသိပေးလိုက်တော့ ...

"ဘုရားရေ ... စည်းရုံးညီက ချစ်ခြင်းဖြူလေးကို လက်ထပ်ခွင့်တောင်းတယ်၊ ဟုတ်လား ... အဲဒါ ... အဲဒါ ... ကားအက်စီးဒင့်ဖြစ်တဲ့နေ့က မမျှော်လင့်ဘဲ အိမ်က တူမလေးကို စည်းရုံးညီတွေ့သွားတာ"

ဒီကိစ္စက ခြံထဲမှာ စက်ရပ်သတင်းတစ်ပုဒ်လို အရေးတကြီးဖြစ်သွားခဲ့၏။ ကြီးညိုလည်း ပျာယာခတ်၊ ကြီးဝါလည်း ခြေမကိုင်မိလက်မကိုင်မိဖြစ်ကာ ညစာစားဖို့ပြင်နေရင်း ဇွန်းတွေ ပန်းကန်တွေပါ လွှတ်ကျရတဲ့အထိ စိတ်တွေ လှုပ်ရှားကုန်ကြသည်။

"အဲဒါလေ ... အဲဒါ ... စည်းရုံးညီကိုယ်တိုင်က ညည်းလေးကိုကိုကို စောစောကပဲ ဖုန်းဆက်ပြီးတောင်းဆိုသွားတယ်တဲ့၊ အဲဒါ ဘယ်လိုလုပ်ကြမလဲဟင် ... ထက်ဖျားယံလည်း ဒေါလည်းပွ စိတ်ဓာတ်လည်းကျ ဖြစ်သွားတယ်"

ဒီသတင်းကိုကြားကြားချင်း ဖြူ နှုတ်ခမ်းလေးကွေးကာ



...က်နှာလေးကိုပါ မဲ့ထားလိုက်မိ၏။ အချစ်ဆိုတာ ငွေကြေး ဂုဏ်...ကြွယ်ဝမှုတွေနဲ့ တစ်ဖက်သတ် သိမ်းပိုက်ယူလို့ရစတမ်းလား ...ည်းရုံးညီရယ်။

ဖြူ နှုတ်ခမ်းလေးမဲ့ကာ ထပ်ပြုံးတော့ ကြီးဝါ မျက်တောင် ...ကော့ကာ မျက်လုံးကြီးပါ ပြူးလျှက်။

"အို ... ညည်းလေးက ပြုံးတယ်ဟုတ်လား ... ပြောစမ်း၊ ...ပြောစမ်း ... ညည်းလေး ဘာကိုသဘောကျပြီး ပြုံးတာလဲ၊ ကြီးဝါ... မလိမ်နဲ့နော် ... ညည်းလေး မှန်မှန်ဖြေစမ်း"

ကြီးဝါ မျက်နှာပျက်ပျက်နှင့် မေးသည်။

"ဟွန်း ... သဘောကျလို့ပြုံးတာ မဟုတ်ပါဘူးကြီးဝါရဲ့"

"ကဲ ... ဒါဖြင့် ဘာလဲ ..."

"မုန်းလို့ပြုံးတာ"

"အမလေး ... ဒီလောက် ချမ်းသာတဲ့သူဌေးကျတော့ မုန်းလို့...တာတဲ့ ... တော်တော်တရားကျဖို့ ကောင်းတဲ့ကလေး၊ ဗိုက်...က်လေးကိုတောင် တအားလိမ်ဆွဲပစ်လိုက်ချင်ပြီနော် ... ဟင်း...င်း ..."

ကြီးဝါ အားမလိုအားမရလေးဖြစ်ကာ အံကလေးကြိတ်ပြော...က်ပေမယ့် ဖြူကတော့ သိတယ်မို့လား။ အိမ်နေအဝတ်အစား...းဝတ်ထားတာတောင် အပေါ်မှာ လက်တစ်လုံးကြိုး အင်္ကျီ...ဖြူလေးကို အနားတွန့် စကဒ်ဖားဖားလေးနှင့် တွဲဝတ်ထားတာမို့...ယ်လုံးလေးက တင်းကြွနေတာ။ မြင်လိုက်တာနှင့် အသည်းယား...လေးဖြစ်နေတာက သိသာနေ၏။

မနက်ပိုင်းက ပြင်ထားဆင်ထားတဲ့ မိတ်ကပ်လေးက မျက်...



www.burmeseclassic.com

www.burmeseclassic.com

နာပေါ်မှာ မပြေသေးဘဲ ဒီအတိုင်းလေးရှိနေဆဲဖြစ်တာမို့ ပါးပြ
လေးနှစ်ဖက်စလုံးက နုဖတ်စိုရဲနေကာ မျက်တောင်နှင့်မျက်
အလယ်မှာ တလက်လက်လေး တောက်နေသည့် ငွေမှုန်အစ
အပြောက်လေးတွေကပါ မျက်ဝန်းတွေပေါ်မှာ အရည်လက်
သည်။

ပြောရရင် ... ချစ်ခြင်းဖြူရဲ့ပုံစံလေးဟာ သူ့ဒွေးစည်းရုံး
သဘောကျမယ်ဆိုလည်း ကျချင်စရာပါပဲ။ မျက်နှာထားလေး
စွဲမက်ဖွယ်ကောင်းအောင် ဝင်းနှစ်နေသည့်အပြင် ကိုယ်လုံးလေး
ပါ တင်းကြွဝင်းဝါနေတာမို့ ဒါလေးကိုပဲ တသသ တငေးငေးဖြစ်လ
ခဲ့ရသည်။ ကြီးညိုနှင့်ကြီးဝါ သည်တစ်ခါတော့ သတင်းကြားလိုက်
ကတည်းက အယောင်ယောင်အမှားမှားနှင့် သည်တူမလေးကို ပေ
စားလိုက်ရမှာလည်း နမြောလို့မဆုံး။ အပြတ်ငြင်းလိုက်ပြန်ရင်လည်
ကိုယ့်ကုမ္ပဏီရဲ့အခြေအနေက မီးတောက်မီးလျှံတွေအောက်မှ
ဝါးမြိုခံလိုက်ရတော့မယ့် အနေအထားမျိုး။

"ဟွန်း ... ဖြူ တကယ်မုန်းလို့ တကယ်ပြောတာနော် ကြီးဝါ
မနက်ကလည်း ဘုရားပေါ်မှာ စည်းရုံးညီဆိုတဲ့လူကို ဖြူတို့တွေ့
လိုက်ရသေးတယ်"

"အို ... ဘုရားပေါ်မှာ မောင်စည်းရုံးညီနဲ့တွေ့လိုက်သေး
တယ် ဟုတ်လား ... နေပါဦး ... နေပါဦး ... စည်းရုံးညီနဲ့တွေ့လိုက်
သေးတယ်ပြောရအောင် ညည်းလေးက စည်းရုံးညီကိုသိလို့လား
စည်းရုံးညီကို အပြင်မှာမြင်ဖူးလို့လား ... တိုက်မိတဲ့ကားထဲမှ
ပါသွားတာကိုမြင်လိုက်ရတာလည်း မှန်အမည်းကြီးတွေကြားမှ
ရိုးတိုးရိပ်တိတ်လေးပဲ မြင်လိုက်ရတာလေ။





"ဘုရားပေါ်မှာ လူမှားနှုတ်ဆက်လိုက်မိလို့ သိလိုက်တာပေါ့
ဝါရဲ့ ..."

"ဟင် ... ဘယ်သူနဲ့မှားပြီး နှုတ်ဆက်လိုက်မိတာလဲ"

"တိုက် ... တိုက်စစ်မှူးနဲ့ ..."

"ဘုရားရေ ..."

ကြီးဝါ ရင်ဘတ်ဖိနေတာ တကယ့်ကို မျက်လုံးပြူး မျက်
ပြူးလေးနဲ့ပါ။

"သူ ... သူက တိုက်စစ်မှူးနဲ့ ... ကိုယ်လုံးကိုယ်ပေါက်ရော
နာပေါက်ကပါ တော်တော်လေး ချွတ်စွတ်တူနေတာက အံ့သြ
ကောင်းတာ ကြီးဝါ ... အဲဒါနဲ့ လူမှားပြီး နှုတ်ဆက်လိုက်မိတာနဲ့
ဖြူ ဘုရားပေါ်မှာ စကားပြောဖြစ်သွားတာ"

"အဲဒါ ... အဲဒါ ... ညည်းလေး ငါတို့ကိုပြန်မပြောဘဲ ဘာဖြစ်
ဖိထားတာလဲ"

"ဟာ ... အဲဒါ ကြီးညိုတို့ကြီးဝါတို့ တဖြစ်တောက်တောက်
ပြောနေမှာကြောက်လို့ တမင်မပြောဘဲ နေလိုက်တာလေ
ရဲ့"

"ဟွန်း ... ခုတော့ သွားပြီပေါ့"

ကြီးဝါစကားက အရင်းမရှိ အဖျားမရှိ။

ညခန်းထဲမှာ ရှုတ်ပွနေသည့် သတင်းစာတွေ ဂျာနယ်တွေ
ကောက်သိမ်းကာ စာအုပ်စင်ဗီရိုထဲ ပစ်ထည့်ရင်း ဖြူ့ဘက်ကို
တစ်ခေါက်ပြန်လျှောက်လာတာ လက်ထဲမှာ ကြက်မွေး
စည်းလေးကိုင်လို့ပါ။

လမ်းလျှောက်ရင်း ဖြူ့ကိုမကြည့်ဘဲ နှုတ်တိုက်ရွတ်ချသွား



www.burmeseclassic.com

www.burmeseclassic.com

တာ အရင်ပြောနေကြ ခါတ်ပြားဟောင်းတွေထဲကပဲ ဖြစ်နေသ
"ယောက်ျားဆိုတာ ဒါပဲလေ ... ဒါကြောင့်မို့ ညည်းလေး
အစကတည်းက ငါတို့တဖွဖွသတိပေးခဲ့တာ၊ ငါတို့ရဲ့ တူမလေး
ရောင်းကုန်ပစ္စည်းမဟုတ်တာ မှန်ပေမယ့် ပိုက်ဆံချမ်းသာတဲ့ရ
ငွေပေးဝယ်သလိုဝယ်ချင်တာ၊ အခု ... ညည်းလေးလက်တွေ့
နေရပြီမို့လား၊ တစ်ရက်တည်းတွေ့လိုက်တာနဲ့ လက်ထပ်ပါ
ခွင့်တောင်းတာ၊ ငွေကြေးစည်းစိမ်တွေကို နောက်ခံထားပြီး အ
အဝါတွေနဲ့ တူမလေးကို လာဝယ်တာ ... ဒါကို လက်သင့်
ဖြစ်မလား"

ပြောရင်း ... ဆက်တီခုံလေးပေါ်က ဖုန်တွေ အမှိုက်စ
တွေကိုပါ ကြီးဝါ လှည်းချသွားသည်။ ကြီးညိုကပါ အနားရော
လာတော့ ပိုဆိုးသွား၏။

"အေး ... ငွေနဲ့ဝယ်တာမှန်ပေမယ့် တန်ဖိုးမရှိရင် ငွေနဲ့
ဖို့နေနေသာသာ အလကား ပေးရင်တောင် ဘယ်သူမှ ယူမှာမ
ဘူး၊ ဒါကြောင့်မို့ ... ဟိုးအစကတည်းက ညည်းလေးကို ငါတို့
သတိပေးခဲ့တာ ... မိန်းကလေးဆိုတာ တန်ဖိုးရှိအောင်
ယောက်ျားတွေကလည်း တန်ဖိုးထားတာ၊ ဟော ... ခုပဲ
နိုင်ငံတကာလှည့်လာတဲ့ စည်းရုံးညီဆိုတာ ချမ်းသာတာ ပို
တာတွေ လက်ညှိုးထိုးလို့တောင် မလွဲဘူး၊ ကိုယ့်ကုမ္ပဏီကို
ရောက်အောင် ခါးလယ်က ဖြတ်ဖြတ်ရိုက်သွားတာ မှန်ပေ
ကိုယ့်အိတ်ထဲရောက်သွားရင် ကိုယ်ပြန်ရိုက်လို့ရတဲ့ ဖားတစ်
သူက ဖြစ်သွားမှာ ... အဲဒီအတွက် ငါတို့မိသားစုတွေ စုပေါ်





င်သင့်ရင် တိုင်ပင်ရမယ်၊ အခွင့်အရေးတစ်ခုကို လွယ်လွယ်နဲ့လက်
တ်ခံလိုက်ရမလားဆိုတာ စဉ်းစားပြီးတော့မှ စုပေါင်းအဖြေရှာ
င့်ရင်လည်း ရှာရမယ်"

ကြီးညို ပြောတာ ချိန်ချိန်ဆဆလေးနဲ့ပါ။

ယူပါလို့လည်းမပြော မယူပါနဲ့လို့ ကန့်ကွက်တာလည်း
ဟုတ်။ ခြံစည်းရိုးပေါ် ခွထိုင်ပြီး သူ့ရင်ထဲကဆန္ဒကို ထုတ်ပြော
ိုက်တာပဲဖြစ်သည်။ ဒါကို ... ကြီးဝါက မျက်ခုံးတန်းနှစ်ဖက်စလုံး
ို့တက်သွားအောင်ပင့်လျှက်။

"အို ... မမညိုကလဲ ... စည်းရုံးညီ ဘယ်လောက်ချမ်းသာ
မ်းသာ ကိုယ့်တူမလေးကို အရုပ်ကလေးဝယ်သလိုလာဝယ်တာ
က်မခံနိုင်ပါဘူး"

"ဟဲ့ ... ဝါ ... မိန်းကလေးဆိုတာ အရွယ်လေးရောက်လာ
ို့ သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့်ရတဲ့ သဘောတရားကို ငါလက်ခံ
င်တာမှန်ပေမယ့် ဈေးကောင်းရတဲ့အချိန် ထုတ်ရောင်းလိုက်တာ
း မဟုတ်ဘဲနဲ့ အောက်တန်းစား ကလေကချေက ဒီပန်းလေးကို
လစ်သုတ် ခိုးပန်သွားမယ်ဆိုရင်တော့ ရင်ကွဲပက်လက်နဲ့ ထိုင်ငို
တာကလွဲရင် ငါတို့ ဘာလုပ်နိုင်မှာလဲ"

"ဟွန်း ... "

ချစ်ခြင်းဖြူ ဒါကိုတော့ နှုတ်ခမ်းလေးမဲ့ရင်း အသံတိတ်လေး
န့်ကွက်မိသည်။ ကြီးညို နှုတ်ဖျားက ထွက်ကျလာသည့် အောက်
န်းစား ကလေကချေဆိုသည့် အသုံးအနှုန်းလေးက ဘယ်သူ့ကို
ည်ရွယ်ပြီးတော့မှ တမင်ချိန်ပစ်လိုက်တယ်ဆိုတာ ဖြူ မသိဘဲနေ
လား။


www.burmeseclassic.com

www.burmeseclassic.com



ဖြူ့ကို မျက်စောင်းလေးဝှေကာ ကြည့်သွားခြင်းနှင့် ကြီးညို စကားဟာ ဘယ်သူ့ကို ပစ်မှတ်ထားလိုက်တယ်ဆို ထင်ရှားနေကာပဲ။ ကိုက်စစ်မှုးလေ ... သူပဲပေါ့ ...

"ဟင် ... ဒါလည်း ဟုတ်တာယ်နော် မမညို ..."

"ဟုတ်တယ်နော် ... လုပ်မနေနဲ့လေ ဝါ ... ဒီလို အပျက်မျိုးတွေက ရှေ့မှာ မရေမတွက်နိုင်အောင်ဖြစ်ခဲ့ပြီးသား။ စာရွာလည်ဆိုတာ မှန်ပေမယ့် ရွာမလည်အောင် ထိန်းချုပ်ထား ရင် ပိုမကောင်းဘူးလား ... ကံကြမ္မာက ဖူးစာရှင်ကို ရွေးတာ ဖူးစာရှင်က ကံကြမ္မာကို ရွေးမယ်ဆိုရင်ရော ဘဝ ဘယ်လောက် အဆင့်မြင့်သွားမယ်ထင်သလဲ ..."

"ဝါ ... ဝါပြောတာက ..."

"မှန်တယ် ... တို့တူမလေးကို အရုပ်ကလေးဝယ်သလို တာ ... ငါမငြင်းဘူး ... ဒါပေမဲ့ ... ဝယ်တဲ့သူက သိပ်ကိုမြတ် လွန်းလို့ဝယ်တာဆိုရင်ရော ဘယ်လိုလုပ်မလဲ"

"ဟွန်း ..."

ဖြူ နှုတ်ခမ်းလေး တွန့်သွားရပြန်ပြီ။

ဘယ်သူတွေ ဘာပြောပြော ဖြူကတော့ လက်မခံနိုင်ပါ

ဖြူ့ရဲ့နှလုံးသားဆန္ဒမပါဘဲ ဘယ်သူမှ ဖြူ့ကို ချယ်လှယ် ကိုင်ခွင့် မပေးနိုင်ဘူး။ စည်းရုံးညီတဲ့ ...

သူ့ကို ကျောက်ခဲသလဲဝယ်သလို ... ဝယ်လို့ရမယ်ထင် သလား။ ဝေးပါသေးရဲ့ ... ။

အခန်း ( ၁၄ )

"ဖြောင်း ... ဖောင်း ..."

တိုက်အမြင့် တံခါးဘေးမှာချထားသည့် လတ်စတစ်အမိုက် ပုံးကလေးကို တအားကျုံးကန်ပစ်ရင်း ကိုက်ထဲဝင်လာတာ ထက် ဖျားယံပဲဖြစ်သည်။ ဒေါသကြောင့် ပ ကင် ပ ကင် ဆ လ ာ သ ာ သ း တ ိ ့ က မ်ကိုပြန်ရောက်သည့်အချိန်မှာလည်း မငြိမ်း။ အပြန်တစ်လမ်းလုံး ကားပေါ်မှာ တက်တစ်ခေါက်ခေါက်နှင့် စကားတွေ ပေါက်ပန်းကြဲ သလို ကြဲလာတာကို သည်းခံနားထောင်ပေးလာရတာက ဦးမောင် မောင်စိုးပဲဖြစ်သည်။

"ဟဲ့ ... ဘယ်သူလဲ ... ဝုန်းဒိုင်းကြဲပြန်လာတာ"

ထက်ဖျားယံရဲ့မေမေ ဒေါ်မိုးသီတာက ဧည့်ခန်းမှာ ပုတီး စိပ်ရင်း အပြင်က ဆူဆူညံညံအသံတွေနှင့် ဝင်လာသည့် ခပ်ကြမ်း ကြမ်းခြေသံတွေကြောင့် လည်တိုင်လေးစောင်းကာ နောက်ပြန် လှည့်ကြည့်ရင်း မေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးထက်လူမင်းက သတင်းစာကို အဖတ်မပျက်ဘဲ မျက်[illegible] လေးဝေ့ကာ တစ်ချက်လေးပဲ လှည့်ကြည့်၏။

"တောက် ... လုံးဝ မကျေနပ်ဘူး"

"ဟဲ့ ... သား ... ထက်ဖျားယံ ... "

တောက်ခေါက်သံ အကျယ်ကြီးကြားလိုက်ရပြီးမှ တစ်[illegible] တည်းဝင်လာသည့် ထက်ဖျားယံကြောင့် လက်ထဲက စိတ်ပုတီး[illegible] လွှတ်ကျရတော့မလို ဖြစ်သွားသည်။

"မင်း ... မင်း ... ဘာဖြစ်လာတာလဲ မေမေ့ကိုပြော[illegible]

"စည်းရုံးညီဆိုတဲ့ကောင်ပေါ့ မေမေ ... "

"စည်းရုံးညီ ... "

နာမည်လေးကို နှုတ်က သံယောင်လိုက်မိသည်။

"တောက် ... တော်တော်ကြီးကျယ်တဲ့ကောင်၊ ဒီကော[illegible] တွေ့မလို့၊ သူ့ကုမ္ပဏီကိုလိုက်သွားတာ တွေ့ခွင့်မရလို့ ပြန်လာ[illegible] တယ် ... စောင့်နေတဲ့လူတွေကလည်း အများကြီး၊ တွေ့ချင်[illegible] တစ်ပတ်ကြိုတင် ခွင့်ပြုချက်တောင်းရမယ်ဆိုလို့ ဒေါပွပြီး ကျွန်[illegible] ပြန်လာတာ"

"မင်း ... မင်းက ဘာလို့တွေ့ချင်တာလဲ ... "

ဒေါ်မိုးသီတာ ပုတီးကို လက်ကမချဘဲ လှမ်းမေးမိသ[illegible]

"ဒီကောင်နဲ့မျက်နှာချင်းဆိုင် ရှင်းရမှာတွေက အများကြီး[illegible] နေပြီလေ မေမေ ... ဒီကောင် ဖုန်းထဲကနေ ကျွန်တော့်ကို [illegible] ကယောက်ကယက်ဖြစ်အောင် ခြိမ်းခြောက်အကြပ်ကိုင်တာတွေ[illegible] အရမ်းလွန်လာလို့ ကျွန်တော် လိုက်သွားပြီး ပေါ်တင်တွေ့ဖို့ [illegible] စားတာ"





ဒီလိုပြောသံကြားလိုက်တော့ ဦးထက်လူမင်း မနေနိုင်ပါ။

"ဘာလဲ ထက်ဖျားယံ ... မင်းညီမလေး ချစ်ခြင်းဖြူကို လက်ထပ်ခွင့်တောင်းနေတဲ့ကိစ္စကို မင်းပြောနေတာလား"

ဦးထက်လူမင်းက အကြည့်ကို သတင်းစာဆီက မရွှေ့ဘဲ မေးလိုက်တာဆိုပေမယ့် ထက်ဖျားယံကတော့ မျက်နှာတစ်ခုလုံး ပုဖွန်ဆီရောင်သန်းသွားကာ လွတ်နေသည့် ထိုင်ခုံမှာ ခြေပစ်လက်ပစ် ဝင်ထိုင်ချပစ်၏။

"ဒီကောင် တော်တော်ရိုင်းတဲ့ကောင်"

ဆံပင်တွေကြားထဲ လက်ချောင်းတွေကိုသွင်းကာ ထက်ဖျားယံဆွဲဖွပစ်သည်။ ပြီးတော့မှ ... ဖေဖေ့ကို ပေစောင်းစောင်းလေး ပြန်လှည့်ကြည့်၏။

ဦးထက်လူမင်းက ပြုံးရင်း ...

"အရွယ်ရောက်ပြီးသား မိန်းကလေး တစ်ယောက်ကို မေတ္တာသက်ဝင်ချစ်ခင်မိသွားလို့ မိသားဖသားပီပီ တောင်ရမ်းခွင့် ကမ်းလှမ်းတာ ... ဒါကို ရိုင်းတယ်ခေါ်မလား ... ဖေဖေကတော့ မောင်စည်းရုံး နင်တို့အဲလိုမသတ်မှတ်ချင်ဘူး"

ဦးထက်လူမင်းက သတင်းစာအဖတ်မပျက်ဘဲ သူ့မှတ်ချက် ကို ပွင့်ပွင့်လင်းလင်းပဲ ပြောသည်။

"ဟင် ... ဒါဆို ဖေဖေက သူ့ကို ဘယ်လိုသတ်မှတ်ထားလို့ လဲ"

"ဒီကောင် တကယ်တော်တယ် ... "

ဝေ့လား ... ထက်ဖျားယံမကြိုက်တာ ဖေဖေရဲ့ဒီလိုသတ် မှတ်မှုတွေကြောင့် ကိုယ့်သားရဲ့ကုမ္ပဏီကို အသည်းအသန် လိုက်



www.burmeseclassic.com

www.burmeseclassic.com



ဖိုက်နေတာတောင် ဖေဖေ ဒီလိုချီးကျူးနေတာ အံ့ဩဖို့တော
ကောင်းမနေဘူးလား။

"ဟွန်း ... ဒီကောင့်ကိုပဲ ဖေဖေ အတင်ကြီးနေသိလာ
ကျွန်တော်ကတော့ ဒီကောင့်လုပ်ရှားပြောဆိုနေတာတွေအားလုံ
ဘာတစ်ခုမှ အယုံအကြည်မရှိလို့ ပြတ်ပြတ်သားသား ကန့်ကွ
တယ်"

"ဟင် ... မင်းက ဘာကိုမယုံတာလဲ"

"ကျွန်တော် မယုံတာ ဒီကောင်လုပ်ရပ်တွေပဲဖေဖေ ...
ဖေဖေ စဉ်းစားကြည့် ... မဟာစကြာဝဠာရဲ့ လှုပ်ရှားမှုမှန်သမျှ
အရှုံးတွေနဲ့ဒေဝါလီခံသွားအောင် နောက်ကွယ်ကနေ လက်သီးချ
ပြင်းပြင်းလေးနဲ့လိုက်သိပ်နေတာလည်း ဒီကောင်ပဲ ... ဒီကော
ကြောင့် ကျွန်တော့်ကုမ္ပဏီ ဒီကာလတွေမှာ အထိနာသွားတ
ကိုယ် စားရမယ့်ထမင်းလုတ်ကိုလည်း ဒီကောင်ပဲပုတ်ချ၊ ဒီကော
ပဲဖြတ်လု၊ ကြာတော့ ... ကျွန်တော် ခံနိုင်မလား၊ အခွင့်အရေးလေ
ရအောင် ဟိုပေးရ ဒီကမ်းရ လုပ်ခဲ့ရတဲ့ကုန်ကျစရိတ်တွေ ကျွန်တေ
ရင်းခဲ့ရတာ သောက်သောက်လဲပဲ ... ပန်းဝင်တော့မယ်ဆို
ဒီကောင်က ကျော်ကျော်တက်သွားလို့ ကျွန်တော်ကျန်ခဲ့ရတ
ဘယ်နှစ်ကြိမ် ရှိသွားပြီလဲ ... "

"ဒီလိုလုပ်တာ ဒါအရည်အချင်းပဲလေ ... သူ့ကုမ္ပဏီအကျိ
အမြတ်ရဖို့ သူကလည်း သူ့ပြေးလမ်းနဲ့သူ ကျော်တက်သွားတာ၊
တစ်ပွဲမှာ ကိုယ်ရှုံးသွားရင် နောက်တစ်ပွဲမှာ ဘယ်လိုအနိုင်ပြန်ယူ
မလဲဆိုတာ မင်းဘက်က အကောင်းဆုံးပြင်ဆင်ထားသင့်တာလေ၊
ဒီလိုမလုပ်ဘဲ ဒေါပွတက်ခေါက်နေရုံနဲ့ မင်းကုမ္ပဏီ အောင်မြ





မလား"

ပြောသင့်တာပြောဖို့ ဦးထက်လူမင်းက ရည်ရွယ်ပြီးသားပါ။
ဘာပဲပြောပြော ကိုယ်က အရွယ်ရလာလို့ အောင်မြင်နေ
သည့်ကုမ္ပဏီတစ်ခုကို သားခြေသားလက်ဖြစ်အောင် စိတ်ချယုံ
ကြည်စွာ လွှဲထားခဲ့ပါလျက်နှင့်။ အကျိုးအမြတ်တွေ တက်မလာဘဲ
ဆုံးရှုံးခဲ့ရတယ်ဆိုတာ ဒီကောင့်ခြေလှမ်းတွေ မှားနေခဲ့လို့ပဲ ဖြစ်မှာ
ပေါ့။

ကုမ္ပဏီပိုင်ရှင် မိတ်ဆွေဟောင်းတွေကတော့ ဦးထက်လူ
မင်းကို မတွေ့နဲ့ တွေ့လိုက်ပြီဆိုတာနှင့် ...

"ကိုထက်နော် ... ခင်ဗျားသား ထက်ဖျားယံကို ထိန်းဦး"

"ကြိုတ်ပိုင်းတွေကို အမြဲသွားနေတာ ... "

"ရှုံးတာလည်း ခွက်ခွက်လန်ပဲတဲ့ ... "

စသည်ဖြင့် သတိပေးတာလိုလို စေတနာထားတာလိုလို
အမြဲပြောနေကြပေမယ့် ဦးထက်လူမင်းကတော့ ...

"ဘယ်တတ်နိုင်မလဲဗျာ ... ကိုယ်က ဆင်စီးပြီးမြင်းရံတဲ့ဘဝ
ကို ရောက်စေချင်လို့ အမြင့်ကိုတင်ထားခဲ့တာ ... သူအသုံးမကျလို့
ဆင်နင်း မြင်းကန်ခံရတော့လည်း ခံပေါ့၊ ကျုပ်ကတော့ တာဝန်
ကျေပြီ"

အပူရုပ်ကို ဟန်လုပ်ပြီးကာ မသိမသာ အကဲခတ်စောင့်
ကြည့်နေချိန်မှာ အိမ်ကိုပြန်လာတိုင်း ယစ်ရွှေရည်နံ့ကလေးတသင်း
သင်းနဲ့ မအေလုပ်သူက ကြိတ်ထိန်းကြိတ်ဆူနေတာလည်း ဦးထက်
လူမင်း မကြားဟန် မသိဟန် ဆောင်ခဲ့ရသည်။

"မင်း ... မင်း တော်တော်ခြေလှမ်းပျက်နေပြီနော် ထက်



www.burmeseclassic.com

www.burmeseclassic.com



ဖျားယံ ... စံတော်ဝင် ဆုံးပြီးကတည်းက မင်းကို မေမေစောင့် ကြည့်နေတာ၊ မင်း ... ဒီလိုသောက်သောက်စားစားနဲ့ ဘယ်နေ့ အထိ ဆက်သွားနေမှာလဲ”

“မေမေနော် ... မေမေ ... စကားပြောရင် စံတော်ဝင့် အကြောင်းကို ထည့်မပြောနဲ့ ... ကျွန်တော် ဒီနာမည်ကို မကြားချင် ဘူး”

“ဟဲ့ ... မကြားချင်လို့ ရမလား”

ဒေါ်မိုးသီတာ မျက်တောင်တွေ ကော့ပျံကပ်ကာ မျက်လုံး တွေပါ ပြူးလာရလျှက်။ မပြောမဖြစ်လို့ ပြောနေရပေမယ့် သားကို မနိုင်တာလည်း ဒေါ်မိုးသီတာ သိသည်။ ဘယ်တော့မဆို စံတော်ဝင့် နာမည်ပါလာပြီဆိုတာနဲ့ ထက်ဖျားယံ မျက်နှာပျက်တော့မယ်ဆို တာလည်း နားလည်ပြီးသား။

“မပြောနဲ့မေမေ ... ဒီလို အဆင့်မရှိတဲ့ မိန်းမတစ်ယောက် ကို စကားထဲမှာ ထည့်ပြောနေစရာအကြောင်း ဘာမှမရှိတော့ဘူး”

ဒါကို ထက်ဖျားယံကလည်း ခေါင်းခါငြင်းသည်။

“ဒီမှာ စံတော်ဝင်သေမှ အဆင့်မရှိတာတွေ အဆင့်ရှိတာ တွေ မင်းဘာမှလာမပြောနဲ့ ... ယူတုန်းက မင်းပဲကြိုက်လို့ခေါ်လာ ခဲ့တာ၊ သူဘာလုပ်တယ် ဘာကိုင်တယ် သိသိကြီးနဲ့ ...”

စားသောက်ဆိုင်မှာသီချင်းဆိုတဲ့ကောင်မလေးတစ်ယောက် ကိုပဲ အဆင့်မရှိပါဘူးလို့ ဒီကောင်က သတ်မှတ်ချင်နေတာ။

ဒါကိုတော့ ... ယောက္ခမဖြစ်တဲ့ ဒေါ်မိုးသီတာက လက်မခံ နိုင်ခဲ့တာဖြစ်သည်။ မိန်းကလေးတစ်ယောက်ဟာ သူ့ဘဝရပ်တည် မှုအတွက် အောင်မြင်မှုတွေရအောင် ဆိုသင့်လို့ဆိုခဲ့တာပဲ။





ဒါကို ယူပြီးမှ ဟိုယောက်ျားနဲ့တွဲဝံ့သလေး ဒီယောက်ျားနဲ့ တွဲခဲ့သလေး အပြစ်ပုံချနေလို့ ရမလား။

ယောက္ခမပေမယ့် တစ်အိမ်လုံးနဲ့တစ်ယောက် ဖြစ်ခဲ့တာကို တော့ ဒေါ်မိုးသီတာ ဒီနေ့အထိ မမေ့နိုင်ခဲ့သေးပါ။

ချွေးမလေး စံတော်ဝင်မှန်တာသိပေမယ့် ချွေးမလေးဘက် က မရပ်နိုင်ခဲ့တာက ဒေါ်မိုးသီတာရဲ့အမှား။ နေရာတကာ အဆင့် အတန်းခွဲခြားတတ်တဲ့ ညီနဲ့ဝါတို့ရဲ့ နှိပ်စက်မှုတွေအောက်မှာ စံတော်ဝင်လေးရဲ့ဘဝက အသက်သေရတဲ့အထိ ပျက်စီးသွားခဲ့ရတာ ကိုလည်း ဒီနေ့အထိ မမေ့နိုင်ခဲ့တာ ဒေါ်မိုးသီတာပဲဖြစ်သည်။

သားက မကောင်းတော့ ပိုဆိုးသည်။

ပြီးခဲ့တာ ပြီးခဲ့ပေမယ့် ကိုယ့်ကိုယ်ကိုယ် ကြိုးဆွဲချသတ်သေ ခဲ့ရတဲ့အထိ ဖြစ်ခဲ့တာတွေကိုတော့ ဒေါ်မိုးသီတာ နှလုံးသားထဲက ဖယ်ထုတ်ပစ်လို့ မရနိုင်သေးဘဲ ဒီနေ့အထိ မျက်ဝန်းထဲ စွဲထင်နေ တာက ရေစိုအဝတ်ကလေးနဲ့ ဧည့်ခန်းအလည်မှာ ကြမ်းတိုက်နေရ ရှာတဲ့ စံတော်ဝင်ရဲ့ အရိပ်ကလေးပဲလေ။

“တော်ပြီ မေမေရာ ... မေမေနဲ့ပြောရတာ အာရုံတွေလည်း နှောက်တယ် ... စိတ်လည်းညစ်တယ်”

ဒါကို ဦးထက်လူမင်း ဝင်မပြောဘဲဝင်မပါဘဲ သိသိကြီးနဲ့ မျက်စိပိတ် နားပိတ်နေခဲ့တာ ဘယ်နှစ်ကြိမ် ရှိခဲ့ပြီလဲ။ ဒီနေ့တော့ ခြံထဲမှာ ကားထိုးရပ်ဆင်းလာကတည်းက ဟိုဟာပိတ်ကန် ဒီဟာ ပိတ်ကန်နဲ့ သားထက်ဖျားယံ ဧည့်ခန်းထဲရောက်လာလို့ မပြော မဖြစ် ပြောနေရတာ။

ဒီအတိုင်း မသိချင်ဟန်ဆောင် ဆက်လှတ်ထားလိုက်တော့မည်



www.burmeseclassic.com

www.burmeseclassic.com

အခြေအနေက ပိုဆိုးတော့မည်။ ခုတော့ ပင့်သက်ကိုရှိုက်ရင်း ဖတ်လက်စ သတင်းစာကိုပါ ရှေ့က စားပွဲပေါ်ပစ်ချကာ ဦးထက်လူမင်း ထရပ်သည်။

"ဖေဖေ မင်းကို နောက်ဆုံးတစ်ခုပဲပြောမယ်သား … အရည်အချင်းဆိုတာ အောင်မြင်မှုဘယ်လောက်ရှိသလဲဆိုတဲ့အပေါ်မှာ တိုင်းတာဆုံးဖြတ်ရတာ၊ မင်းရဲ့ကုမ္ပဏီ အလုပ်တွေအပေါ်မှာ ဖေဖေ ဝင်မပါတော့တာမှန်ပေမယ့် ဖြစ်ပျက်နေတဲ့အခြေအနေတွေအားလုံးကို ဖေဖေသိတယ် … ခုတလော စည်းရုံးညီနဲ့ပတ်သက်နေတာတွေလည်း ဖေဖေ ကြားနေရတယ်၊ စည်းရုံးညီ မမှားပါဘူး၊ ဒီသူငယ် ပွင့်ပွင့်လင်းလင်းနဲ့ ဖွင့်ပြောတောင်းဆိုလာတာကိုလည်း ဖေဖေ သဘောကျတယ် … ပေးစားသင့်ရင် ပေးစားမယ်ဆိုတဲ့ ဆုံးဖြတ်ချက်ကိုလည်း ဖေဖေချဖို့ အဆင်သင့်ပြင်ထားတယ် … ဖြစ်နိုင်ရင် စည်းရုံးညီကို ဖေဖေ တွေ့ချင်တယ်"

ဒါကိုတော့ ဦးထက်လူမင်း အပြတ်သားဆုံးပြောခဲ့တာပဲဖြစ်သည်။ ပြောပေမယ့် … ခေါင်းကို အဆက်မပြတ် ခါနေတာ ထက်ဖျားယံလေ။

ငွေတွေအောင်မြင်မှု အရှိန်အဝါတွေကိုပြပြီး စည်းရုံးညီဆိုတဲ့ ကောင်က ကိုယ့်ညီမလေးကို အထက်စီးကနေ သိမ်းချင်နေတာ။ မေတ္တာဆိုတာ ဘယ်မှာလဲ … ညီမလေး ချစ်ခြင်းဖြူကို ချစ်ပါတယ်ဆိုတဲ့ သက်သေကိုရော ဒီကောင် ဘယ်လိုပြမှာလဲ။

ထက်ဖျားယံ ခေါင်းခါရင်း မျက်နှာလေးကို မဲ့ထားသည်။

ဖြစ်နိုင်တာက ရိုးသားမှုမရှိသော ရည်ရွယ်ချက်တစ်ခုနဲ့ ဒီကောင့်ဘက်က ဆက်သွယ်ကမ်းလှမ်းလာတာပဲ နေမှာပါ။ ဒါကို





…ဖေ မသိလို့ ဒီကောင့်ကို နာမည်အရှိန်နဲ့ လေးစားနေတာပဲ …နေမှာပေါ့။

ပြီးတော့လည်း ဒီကောင့်လုပ်ရပ်က မသင်္ကာစရာတွေတစ်ပုံ …ကြီး။ ကိုယ့်ကုမ္ပဏီကို ပြောင်ကျကျ ဝင်တိုက်ခိုက်နေတာလည်း …ကောင်။ ကိုယ့်ညီမလေးကို တစ်ရက်ထဲတွေ့ပြီး လက်ထပ်ခွင့် …တောင်းခဲ့တာလည်း ဒီကောင်။

ကဲ … ဒါ ဘာသဘောတွေလဲ။

ကိုယ့်ကို ပညာသားပါပါနဲ့ ထောင်ချောက်ထဲဆွဲသွင်းပြီး …ကြပ်ကိုင်ဖို့ ကြိုးစားနေတာဆိုရင်ရော ဖေဖေ ဘယ်လိုသတ်မှတ် …က်ပေးမလဲ။ စဉ်းစားရင်း ရင်ထဲမှာ တနုံ့နုံ့ဖြစ်လာသည်။ ဖေဖေ …ငှ့်မေမေရှေ့မှာ ထိုင်နေရတာလည်း စိတ်တွေက ဟိုရောက်ဒီ …ရောက်နှင့် ဂဏှာမငြိမ် ဖြစ်လာ၏။

နောက်ဆုံး စိတ်ညစ်လာတော့ သူ ထရပ်သည်။

"နေဦး ထက်ဖျားယံ … မင်းမသွားနဲ့ … "

ဖေဖေ ဒီလို လက်ကာတားတော့မယ်ဆိုတာ သူကလည်း …မြင်ပြီးသား။

"မင်းအခု ကြုံလာတဲ့နောက်ဆုံးအခြေအနေကို ဖေဖေ သိ…သေးတယ်၊ စောစောက မင်းပြောလိုက်တဲ့စကားထဲမှာပါတဲ့ …ည်းရုံးညီကို တွေ့ခွင့်မရခဲ့ဘူးဆိုတာ သူ့ကုမ္ပဏီကရော … ဘယ် …လောက်ခန်းနားနေလို့လဲ … "

"ဟွန်း … ကျွန်တော့်ထက် အပြတ်အသတ်သာတယ်၊ …မှာအေးဘုရားလမ်းပေါ်က ပေနှစ်ရာပတ်လည်လောက်ရှိတဲ့ မြေ…ထဲမှာ ဖွင့်ထားတာ ဝန်ထမ်းအင်အားလည်းများတယ်၊ စည်းရုံး…



www.burmeseclassic.com

www.burmeseclassic.com

ညီနဲ့တွေ့ခွင့်ရဖို့ ကိုယ့်ရှေ့မှာ တန်းစီစောင့်နေတဲ့ ဧည့်သည်တွေက လည်း တစ်ပုံကြီး ... မျက်နှာအငယ်မခံနိုင်တော့လို့ မတွေ့ဘဲပြန် လာခဲ့တာ ... "

ကိုယ်ဖြစ်လာတာ ဒါပဲမို့ အမှန်အတိုင်းပဲ ထက်ဖျားယံ ပြော လိုက်သည်။ ဒါကို ... ဦးထက်လူမင်းက ခေါင်းတညိတ်ညိတ်နှင့်ပဲ ပြုံးကာ ...

"အေးလေ ... လူချင်းတွေ့ခွင့်မရလည်း မင်းဆီကိုတော့ သူ အားတာနဲ့ဖုန်းဆက်မှာသေချာတယ် ... ဒီတစ်ခါဆက်ရင် မင်း ကောင်းကောင်းမွန်မွန် ပြန်ပြောလိုက်၊ ညီမလေးကိစ္စကို ပြောချင် ရင် ဖေဖေ့ဆီကိုပဲ ဆက်သွယ်ပါလို့ ... "

သူကြားသလို မကြားသလိုလုပ်ကာ အပေါ်ထပ်ကိုပဲ ပြေး တက်လာခဲ့မိတော့၏။

"ဟဲ့ ... တူလေး ထက်ဖျားယံ ပြန်လာပြီလား"

ကြီးညိုက ဘုရားခန်းအဝမှာ သောက်တော်ရေ ဇန်းကလေး ကိုင်လို့ ကြီးဝါက ကြီးညိုနောက်မှာ ဘုရားပန်းစည်းကြီးနဲ့။

"စိတ်ညစ်တယ် ဒေါ်ကြီးညိုရာ ... "

"ဟဲ့ ... ဟဲ့ ... "

အခန်းထဲပြေးဝင်သွားတာလည်း အဒေါ်နှစ်ယောက်စလုံး ကို ပခုံးချင်းတိုက်သွားတော့မယ့်အတိုင်း ကြီးညိုရော ကြီးဝါပါ မျက် လုံးပြူး မျက်ဆန်ပြူးနှင့် ကမန်းကတန်း ရှောင်ပေးလိုက်ရ၏။

"ဟဲ့ ... ဝါ ... တူလေး ဘာဖြစ်လာလည်းမသိဘူး လိုက် မေးစမ်း"

" ဗ ... ဘာဖြစ်ရမှာလဲ ... ထုံးစံအတိုင်း တစ်ယောက်





ယောက်ကို ဒေါပွလာတာပဲနေမှာပေါ့"

"ရော့ ... ဒါ ဘုရားသောက်တော်ရေ နင်ပဲကပ်လိုက်တော့"

"ဟင် ... "

တွေ့လား ...

မမညို အဖြစ်သည်းပြန်ပြီ။

သောက်တော်ရေ ဇန်းကြီးပေးပြီး ထက်ဖျားယံအခန်းထဲ ဝင်လိုက်သွားသည်။ ဒါကို မျက်ခုံးတွန့်တွန့်လေးနှင့်ကြည့်ရင်း နှုတ် ခမ်းမဲ့မဲ့လေးနှင့်ပဲ ကြီးဝါ ကျန်ခဲ့သည်။

"ထက်ဖျား ... မင်းဘာဖြစ်လာတာလဲ"

ခုတင်အောက်မှာ ထက်ဖျားယံထိုင်နေတာ ရဲတွတ်တွတ် မျက်နှာကလေးနှင့်ပါ။ ကြီးညို ဝင်လာတာကိုမြင်တော့ အကြည့် တွေကို နံရံတစ်ဖက်ဆီ ရွှေ့ပစ်မိ၏။

"ဟိုကောင်လေ ... "

"ဟင် ... ဘယ်ကောင်လဲ"

"စည်းရုံးညီဆိုတဲ့ကောင် ... "

"ဖုန်းဆက်သွားပြန်ပြီလား"

"မမေးနဲ့ ကြီးညိုရာ ... ဒီကောင် ... ဒီကောင် ကျွန်တော့် ကိုတွေကို တမင်ဆွပေးနေလား မသိဘူး"

"အို ... ဘာဖြစ်လို့လဲ"

"သွားတွေ့တော့လည်း အတွေ့မခံဘူးလေ ... "

"အဟင်း ... ဟင်း ... "

ထက်ဖျားယံရဲ့ စူတင်းတင်းမျက်နှာလေးကိုကြည့်ကာ ကြီးညို ရယ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com

"သူ့စကားနဲ့သူ မျက်နှာပူလို့နေမှာပါ ထက်ဖျားရယ် ... အတွေ့မခံတာနဲ့ဘဲ ဒီလောက် စိတ်တိုဒေါပွနေစရာ လိုသလား"

"ဟာ ... မပွလို့ရမလား ကြီးညိုရ ... ဒီကောင် လုပ်နေ... အပေါက်က ကျွန်တော့်ကို ဖုန်းထဲကနေ တမင်ရိသလိုဖြစ်နေ... ဒါကို မခံစားနိုင်လို့ လိုက်သွားတော့ သူလက်ထောက်မန်နေဂျာ... တွေက အတွေ့မခံဘူးလေ ... ဘယ်လောက်အသည်းယား... ကောင်းသလဲဆိုတာ ကြီးညိုပဲ စဉ်းစားကြည့် ... ဒေါပွပြီး သူ... သွားတဲ့ ဖုန်းကိုပြန်ဆက်တော့လည်း စက်ပိတ်ထားတယ်တဲ့၊ ... ဘယ်လိုလုပ်မလဲ ... "

"ဒါ ... ဒါဆို သူ့ကုမ္ပဏီကို မင်းရောက်သွားတယ်ပေါ့"

"ရောက်သွားတာပေါ့ ကြီးညိုရာ ... ရောက်သွားတော့... လည်း တာဝတိံသာက သိကြားမင်းကို တွေ့ခွင့်တောင်းတာက... လွယ်လိမ့်ဦးမယ် ... ဟွန်း ... တော်တော်ကိန်းခန်းကြီးတဲ့ကော... ဧည့်သည်အတွေ့ခံတာတောင် တစ်ပတ်မှာ နှစ်ယောက်ပဲအတွေ့... တာတဲ့"

"အို ... ဟုတ်လား ... "

"ဒီကောင့်မှာ ရည်ရွယ်ချက်တစ်ခုခုရှိနေတာ ကျွန်တော်... နေတယ် ... ကျွန်တော့်ကုမ္ပဏီကိုပဲ သူ့ရဲ့ပစ်မှတ်တစ်ခုထဲမှာ... ပြီး ဖိုက်နေတာ ကျွန်တော် နားလည်တယ် ... ဒီကြားထဲမှာ... ချစ်ခြင်းဖြူကို ဒီကောင်က ... "

သူ မကျေနပ်တာလည်း အဲဒါ ...

သူ သည်းမခံနိုင်တာလည်း အဲဒါ ...

ဒီတိုက်ပွဲထဲမှာ ချစ်ခြင်းဖြူကို ဆွဲထည့်နေစရာလိုသလား...

ဖိုးလပြည့်စာပေ



"ကြီး ... ကြီးညို ပြောမယ်နော် ... ထက်ဖျား၊ ကြီးညိုတို့လည်း မောင်စည်းရုံးညီအကြောင်းကို နီးစပ်ရာအသိုင်းအဝိုင်းတွေဆီကနေ စုံစမ်းကြည့်တော့ မောင်စည်းရုံးညီဟာ ဆင်းရဲတဲ့ဘဝကနေ ချမ်းသာတဲ့ဘဝကို တက်လှမ်းလာခဲ့တာလည်း မှန်တယ် ... လက်ရှိအခြေအနေမှာ မိဘတွေမရှိသလို ညီအစ်ကိုမောင်နှမတွေရှိတာကိုလည်း သတင်းမကြားရဘူးတဲ့၊ ချစ်ခြင်းဖြူနဲ့လက်ထပ်ခွင့်သာ တကယ်အတည်ဖြစ်သွားမယ်ဆိုရင် ညီမလေး ချစ်ခြင်းဖြူပဲ ပိုင်ဘက်မရှိအောင် စားသွားမှာ ... ဒါကို ရန်လိုစိတ်နဲ့ တောင်တောင်အီအီတွေ မင်းလျှောက်စဉ်းစားမနေနဲ့ ... ကြီးညို မင်းကို ဒါပဲပြောမယ် ... ကြီးညိုတို့က အခြေအနေတွေအားလုံးကို စောင့်ကြည့်နေတာ ကြီးညိုသိတယ် ... တစ်နေ့နေ့မှာ မောင်စည်းရုံးညီကိုယ်တိုင် ဒီခြံထဲကို လိုက်လာပြီး ချစ်ခြင်းဖြူကို တရားဝင်လာတောင်းတော့မယ်ဆိုတာ ... "

"ဟင် ... ဒါကို ကြီးညို ဘယ်လိုလုပ်သိနေလဲ ... "

"မနက်ကပဲ ချစ်ခြင်းဖြူဆီကို မောင်စည်းရုံးညီကိုယ်တိုင်ဖုန်းဆက်သွားတယ်လေ"

"ဘာ ... ဘာပြောတယ် ကြီးညို ... "

"ချစ်ခြင်းဖြူ လက်မခံလည်း မိဘတွေဆီမှာ လာတောင်းပြီ မရရအောင် လက်ထပ်ယူမယ်တဲ့"

"ဟာကွာ ... ကြည့်စမ်း ... "

ဒီကောင် တော်တော်လွန်နေပြီ။

ဒီကောင် တော်တော်ခြေလှမ်းသွက်နေပြီ။

ကိုယ့်ကိုလည်း ဖိအားပေး ... ညီမလေးကိုလည်း တိုက်စစ်

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဆင်။

တယ်ဟုတ်ပါလား စည်းရုံးညီ ...
မင်းလိုချင်တာ နှစ်ကျပ်ကွက်လား။
ငါ မင်းကို အရှုံးပေးလိုက်ရတော့မှာလား။

ဒေါသကြောင့် ပူလောင်ခြင်းတွေက ထက်ဖျားယံ တစ်ကိုယ်လုံးမှာ ပျံ့နှံ့စီးဆင်းလျှက်။

BURMESE CLASSIC .com

အခန်း ( ၁၅ )

"ဟာ ... ဦးဦးတိုက်စစ်မှူး ပြန်လာပြီဟေ့"

"ဟေး ... ဝေး ... "

"ဦးဦးတိုက်စစ်မှူး ပြန်လာပြီကွ ... "

ခနော်ခနဲ့ အိမ်ကြိုအိမ်ကြား ကွက်လပ်ကလေးတွေမှာ ပြေးဆော့နေသည့် ကလေးတစ်သိုက်က တိုက်စစ်မှူးကိုမြင်လိုက်တာ ငှ် ဝမ်းသာအားရ ခုံနိပေါက်ပြေးထွက်လာတာ အနည်းဆုံးလေးးခြောက်ယောက်လောက်တော့ ရှိမည်။

"ဦးဦးရေ ... ဦးဦး ဘယ်သွားနေတာလဲဗျ"

သူ့လက်မောင်းတစ်ဖက်ကို မမှီမကမ်းအရပ်ကလေးနှင့် ကိုက်ဆွဲဖို့ ကြိုးစားနေတာ။ ဖန်ကတုံးဆိုသည့် အသက်ဆယ့်နှစ်နှစ်သားအရွယ်ကောင်လေးပေါ့။ သူက ဒီကလေးအုပ်ထဲမှာ အသက်အကြီးဆုံးလေ။

"ကျွန်တော် ... ကျွန်တော်တို့က ဦးဦးပြန်မလာလို့ ညတိုင်းမျှော်နေတာ ဦးဦး မရှိလို့ မုန့်လည်းမစားရဘူး၊ ဗီဒီယိုရုံလည်း မသွားရဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ ... ဟုတ်လား ..."

"ဟုတ်တယ်နော် ဦးဦး ... အခုရော အေးသီတာတို့စား လမ်းကနေ ဦးဦး မုန့်တွေဝယ်မလာဘူးလား"

ဆံရစ်ဝိုင်း ဆံပင်လေးတခါခါနှင့် အေးသီတာဆိုသည့် ကောင်မလေးကလည်း အနောက်ကနေ အပြေးလိုက်လာပြီး မျက်နှာလေးမော့ကြည့်ကာ မေးသည်။

"ဟာ ... ဝယ်လာတယ်လေ ..."

မုန့်တွေကို ဘောင်းဘီရှည် ဘေးအိတ်ထဲကနေ ဆွဲထုတ်ကာ ယူပေးလိုက်တော့ ...

"ဟာ ... ပျော်စရာကြီးဟေ့ ..."

"အေးသီတာ နင်တစ်ယောက်တည်း မယူနဲ့နော်"

"ငါတို့ကိုလည်း ခွဲပေးဦးလေ ... အေးသီတာရဲ့"

အေးသီတာဘေးမှာ ကလေးအုပ်က ချက်ချင်းဝိုင်းသွား သည်။

တိုက်စစ်မှူးကပြုံးရင်း အိမ်ကလေးပေါ်ကိုပဲ တံခါးဖွင့်က တက်လာခဲ့၏။

BURMESE CLASSIC .com

"ဦးဦး ... တိုက်စစ်မှူး ..."

"ဟေ ... ဘာလဲကွ ..."

ဖန်ကတုံးက သူ့အနားက မခွာပါ။

"ဒီအိမ်ကလေးကို ပြန်မလာဘဲ ဦးဦးထွက်သွားတာ ဆယ် ရက်တောင်ကျော်နေလို့ ကျွန်တော်တို့က ဦးဦးကို နေ့တိုင်းမျှော် နေတာ ... ဦးဦး ဘယ်တွေလျှောက်သွားနေတာလဲ ... ဦးဦးအရမ် မုန်းတဲ့ သူဌေးကြီးတစ်ယောက်ကို လက်စားချေမလို့သွားတာ





ရ ... အဲဒီသူဌေးကြီး ဦးထက်ဖျားယံကို ဦးဦးတွေ့ခဲ့ပြီလား"

ဖန်ကတုံးလေးက မေးတော့ တိုက်စစ်မှူးက နှုတ်ခမ်းလေး ကာပဲ ပြုံးမိသည်။

"ဟွန်း ... တွေ့တာပေါ့ကွာ ..."

"ဟင် ... တွေ့တော့ မမစံတော်ဝင်အတွက် ဦးဦးလက်စား ချေခဲ့ပြီပေါ့"

ဖန်ကတုံးအနောက်က တစ်ကောက်ကောက်လိုက်ပြီးမေး နေတာ သိချင်စိတ်လေး ပြင်းပြစွာနဲ့ပါ။ သူကတော့ အရင်ဆုံး တံ ကျက်စည်းလေးဆွဲယူကာ ထနိမိုး ထရံကာ သစ်သားပျဉ်ခင်းအိမ် လေးရဲ့ ကြမ်းပြင်တွေကို လှဲကျင်းပစ်မိသည်။

ဖန်ကတုံးလေး မေးနေတာကို သူဘယ်လိုဖြေရမလဲ။

အဖြေကိုရှာရင်း သူတစ်ယောက်တည်း တွေးနေမိတာက ကြာကြီး။

"ဦးဦး တိုက်စစ်မှူးတစ်ယောက်တည်း ငိုင်ပြီး ဘာတွေစဉ်း းနေတာလဲဗျ ... ကျွန်တော် မေးနေတာပြန်ဖြေဦးလေ"

"ဖြေမှာပေါ့ ဖန်ကတုံးလေးရာ ... မင်းနားလည်အောင် ယ်လိုရှင်းပြရမလဲဆိုတာ ငါစဉ်းစားနေလို့ပါ"

"ကျွန်တော်ကတော့ ဟိုအရမ်းရက်စက်တဲ့ ဦးထက်ဖျားယံ တဲ့လူကြီးကို ဦးဦးတိုက်စစ်မှူး အနိုင်ရပြီး ပြန်လာပါစေလို့ပဲ နေ့ ိုင်းဆုတောင်းနေရတာ၊ သူက ... ဒီအိမ်ကလေးပေါ်မှာ မမစံ တော်ဝင်ကို ရက်ရက်စက်စက် နှိပ်စက်သွားတာလေ ... မမစံတော် ဝင်ကိုလည်း ကျွန်တော် ဘယ်တော့မှ မမေ့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ... ငါသိပါတယ် ဖန်ကတုံးလေးရာ"

သူ ဖျတ်ခနဲ မော့ကြည့်လိုက်မိတာ နံရံလေးပေါ်မှာ ချိ
ဆွဲထားသည့် ညီမလေး စံတော်ဝင်ရဲ့ဓါတ်ပုံဟောင်းကလေးကိုပါ

ဓါတ်ပုံကလေးထဲမှာ ခေတ်မှီသပ်ရပ်သော အဝတ်အစ
အဆင်အပြင်ကလေးနှင့် ဆံပင်ရှည်ကြီးတွေကို ရင်ညွန့်ကလေး
မှာ ဆွဲဖြန့်ချထားသည့် ညီမလေးစံတော်ဝင်က စွဲမက်ဖွယ်အပြုံး
ကလေးတစ်ခုနှင့် ကိုယ့်ကိုပဲ ပြုံးပြနေခဲ့သလိုလို။

ပြောရမယ်ဆိုရင် ဒီအိမ်ကလေးဟာ ညီမလေးစံတော်ဝ
ကိုယ့်ကိုယ်ကိုယ် ဆွဲကြိုးချသတ်သေသွားခဲ့သည့် အိမ်ကလေးပါ
သူ ညီမလေးကို ပြန်လိုက်ရှာရင်း ဒီအိမ်ကလေးကို ရောက်လာ
တော့ ညီမလေးက ကြေမွသောနှလုံးသားတွေနှင့် လူ့လောကကြီး
ထဲကနေ နှုတ်ဆက်ထွက်ခွာသွားခဲ့ပြီလေ။

ဒါကို အတွင်းသိ အဆင်းသိ ဖြစ်နေသည့် ဖန်ကတုံး
ညီမလေး စံတော်ဝင်ကို တမ်းတမ်းတတလေး ပြန်ပြောနေတော့
သူ့နှလုံးသားထဲမှာပင် နာလာခဲ့ရ၏။

"ကျွန်တော်ကတော့ မမစံတော်ဝင် လက်ထပ်ယူခဲ့တဲ့
ဦးထက်ဖျားယံဆိုတဲ့ လူကြီးကို အရမ်းမုန်းတယ် ... ဦးဦးတိုက်စ
မှူးရာ ... မမစံတော်ဝင်ကိုလည်း ဒီအိမ်ကလေးထဲမှာ အမြဲတ
နှိပ်စက်ရိုက်နှက်ပြီးတော့မှ ပြန်ပြန်ထွက်သွားတာ၊ အဲဒါလေ ...
မမစံတော်ဝင်က သူ့ငွေးသားကို ယူထားပြီးတော့ မကြီးထက်ထ
တို့ကို အပ်ချုပ်ဆိုင်ကလေးမှာ စီးကွင့်လေးထိုးပြီးတော့ ထမင်း
စားရတယ်ဗျ ... အဲဒါ ဦးဦး သိရဲ့လား ... "

"မေ့လိုက်တော့လေ ဖန်ကတုံး ... ဒါတွေ ခုချိန်မှာ ပြန်ပြ





နေတော့ရော ရင်နာတာတစ်ခုကလွဲရင် အပိုဆုတွေ ဘာထပ်ရနိုင်
စရာရှိတော့လို့လဲ ... အခု ... ငါ မင်းကိုပြောပြချင်တာက မင်းသိပ်
မုန်းတဲ့ ဦးထက်ဖျားယံကို ငါတွေ့ခဲ့ပြီ"

"ဗျာ ... ဦးထက်ဖျားယံဆိုတဲ့လူကြီးကို ဦးဦးတိုက်စစ်မှူး
တွေ့ခဲ့ပြီ ဟုတ်လား ... "

ဖန်ကတုံးလေး မျက်တောင်တွေ စင်းကော့လျှက်။

အသက်ရှူဖို့ကိုပင် မေ့သွားခဲ့သည့်အလား သူ့ကိုပဲ ငေးစိုက်
ကြည့်နေခဲ့၏။

"ဟွန်း ... တွေ့ခဲ့ပြီပေါ့ ဖန်ကတုံးလေးရာ ... သူ့ကို လက်
စားချေချင်လို့ သူပိုင်တဲ့ကုမ္ပဏီက တာဝန်ခံဆောက်နေတဲ့ ရုပ်ပါမား
ကတ်အဆောက်အဦကြီးထဲမှာ အုတ်ထမ်း ဘိလပ်မြေထမ်းဘဝနဲ့
ငါအလုပ်ဝင်လုပ်နေလို့ မင်းတို့ရှိနေတဲ့ ဒီအိမ်ကလေးကို ငါပြန်မလာ
နိုင်ခဲ့တာ"

"ဒါ ... ဒါဆို ... အဲဒီ ဦးထက်ဖျားယံကို ဦးဦးတိုက်စစ်မှူးက
ဘယ်လိုလက်စားချေမှာလဲ ... သူကရော ဦးဦးတိုက်စစ်မှူးကို မမ
စံတော်ဝင်နဲ့ကွဲကွာနေတဲ့ အစ်ကိုတစ်ယောက်ဆိုတာ မသိသေးဘူး
လား"

"မသိသေးလို့ပေါ့ကွ ... "

"သူ့မှာ ... သူ့မှာ အရမ်းချောတဲ့ ညီမလေးတစ်ယောက်ရှိ
တယ်လို့ မမစံတော်ဝင်က ကျွန်တော်တို့ကို ပြောသွားတာ၊ ကျွန်
တော်မှတ်မိတယ် ... အဲဒီညီမလေးကိုရော အခု ဦးဦးတိုက်စစ်မှူး
တွေ့ခဲ့ပြီလားဟင် ... "

ဒါကိုတော့ သူ ပြုံးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ … ဦးဦးတိုက်စစ်မှူးနော် … ကျွန်တော်မေးတာနဲ့ ဦးဦးတိုက်စစ်မှူး ဘာလို့ နှုတ်ခမ်းလေးမဲ့ပြီး ပြုံးသွားရတာလဲ"

ဖန်ကတုံးလေးက ကလေးပေမယ့် လည်သည်။

"ငါ … ငါ မင်းပြောတဲ့ကောင်မလေးကို မရရအောင် သိမ်းပိုက်ယူပြီး ဒီအိမ်ကလေးကို ပြန်ခေါ်လာခဲ့မယ်လေ … ဒါကို တွေးမိလို့ ငါ နှုတ်ခမ်းလေးမဲ့ပြီး ပြုံးလိုက်တာ …"

"ဗျာ … ဒါဆို အဲဒီမမကို ဦးဦးတိုက်စစ်မှူးက ချစ်လို့လား"

"ချစ်တာ မချစ်တာထက် သူ့အစ်ကို ထက်ဖျားယံရဲ့အသည်းနှလုံးတွေ မီးဟုန်းဟုန်းတောက်သွားအောင် ဦးထက်ဖျားယံရဲ့ အချစ်ဆုံးညီမလေးကို ငါရအောင်ခိုးပြေးလာခဲ့မှာ … ဒီကိုရောက်တာနဲ့ ငါ့ညီမလေးစံတော်ပင်ခံစားခဲ့ရသလို သူ့ညီမလေး ခံစားရအောင် ငါပြန်လုပ်ပြမယ် … မင်း စောင့်ကြည့်လိုက် …"

"ဗျာ …"

သူဒီလိုပြောတော့လည်း ဖန်ကတုံးလေးက မျက်လုံးလေး ကလယ်ကလယ်နဲ့။

"ဒါ … ဒါဆို အပြစ်မရှိတဲ့ ဒီမမကို ဦးဦးတိုက်စစ်မှူးက ပြန်လက်စားချေမယ့်သဘောပေါ့ … ဒီလိုလုပ်ရင် ဦးဦးတိုက်စစ်မှူး မတရားလုပ်သလိုဖြစ်သွားမှာပေါ့ … မလုပ်ပါနဲ့၊ အဲလိုလုပ်မယ်ဆိုရင် ကျွန်တော် သဘောမတူ …"

"ဟိတ်ကောင် …"

သူ ပိတ်အော်ပစ်လိုက်တာ ဖန်ကတုံးလေးတောင် ဆတ်ခနဲ လန့်တုန်သွား၏။

"မင်း … မင်းပြောစမ်း၊ ငါ့ညီမလေး စံတော်ဝင်ကို ဒီကောင်





ထက်ဖျားယံက ဖျက်စီးခဲ့တာလေ … ဒါကို ငါကလည်း ထက်ဖျားယံကို လက်စားချေဖို့ ဒီကောင်မလေးကို လက်မထပ်ရင် ဘယ်သူ့ကို သွားလက်ထပ်ရမလဲ"

"ကျွန်တော် … ကျွန်တော် မသိလို့ပြောမိတာပါ၊ ဦးဦးတိုက်စစ်မှူးရာ …"

"ဒီရည်ရွယ်ချက်တွေရှိလို့ အဲဒီဆောက်လုပ်ရေးလုပ်ငန်းခွင်ကြီးထဲမှာ ငါအလုပ်ဝင်ခဲ့တာ၊ ထက်ဖျားယံက မသက်သာတဲ့မျက်လုံးတွေနဲ့ ငါ့ကိုစောင့်ကြည့်နေခဲ့တာ မှန်ပေမယ့် ငါပစ်ထားတဲ့မျှားတွေ၊ သူ့ညီမလေး ချစ်ခြင်းဖြူရဲ့နှလုံးသားထဲမှာ မသိမသာ စိုက်ဝင်နေပြီဆိုတာ ငါသိတယ် … မကြာခင် ဒါကို ငါအကောင်အထည်ဖော်တော့မှာ … အရေးကြီးတာ ချစ်ခြင်းဖြူဆိုတဲ့ကောင်မလေးကို လက်ဆွဲခေါ်လာရင် မင်းပါးစပ်ကို ပိတ်ထား"

"အဲဒီ … အဲဒီ မမချစ်ခြင်းဖြူက လှလားဟင် ဦးဦးတိုက်စစ်မှူး …"

"လှတာပေါ့ကွ"

"သနားပါကယ် … ဦးဦးတိုက်စစ်မှူးရာ …"

ဖန်ကတုံးလေးက မရဲတရဲပြောရင်း သူ့လက်ထဲက တံမြက်စည်းလေးကို ဆွဲလုယူသည်။ ပြီးတော့ … တစ်ခန်းလုံးမှာရှိသမျှ အမှိုက်တွေစင်သွားအောင် သူကပဲ တစ်ခန်းလုံးအနှံ့ လိုက်လှဲနေ၏။

ပြောရမယ်ဆို ဒီမြို့ပြင် ဆင်းရဲသားရပ်ကွက်ထဲက အိမ်ကလေးကို တိုက်စစ်မှူးပြန်လာတာ ပြင်ဆင်စရာရှိတာတွေ ကြိုတင်ပြင်ဆင်ထားနိုင်အောင်လို့ပါ … အိမ်ကလေးကတော့ ဆင်းရဲသား



www.burmeseclassic.com

www.burmeseclassic.com



ရပ်ကွက်ထဲက အိမ်ကလေးတွေရဲ့ထုံးစံအတိုင်း ခနော်နီခနော်နဲ့ အိမ်ကလေးပါပဲ။

အမိုးက မလုံသလို အခင်းနဲ့အကာတွေက ကျိုးတဲ့နေရာကျိုး ပေါက်တဲ့နေရာပေါက်နဲ့။ ပြောရရင် ... ကြယ်မြင် လမြင်အိမ်ကလေး မဟုတ်သည့်တိုင် အိမ်တွေက တစ်အိမ်နှင့်တစ်အိမ် နီးကပ်ကြပ်ညပ်စွာ ထောက်ထားရလေတော့ ခြေရင်းဘက် အိမ်ကအသံတွေကရော ခေါင်းရင်းဘက်အိမ်က အသံတွေကပါ ဆောင့်ဆောင့်တိုးဝင်လာနေတာ ဘယ်အိမ်မှာ ဘာဖြစ်နေတယ်ဆိုတာ သတင်းလိုက်မေးနေစရာမလို။

အတိအကျ အကုန်ကြားနေရ၏။

"ဦးဦးတိုက်စစ်မှူးရေ ... ဦးဦးတိုက်စစ်မှူး ... "

"ဟင် ... "

ပြေးလွှားသံ အော်သံ ဟစ်သံတွေနှင့် ကလေးတစ်အုပ် အိမ်ပေါ်ပြေးတက်လာကြ၏။ သူ ဖျတ်ခနဲ အိမ်ဝကိုလှည့်ကြည့်လိုက်တော့ ချမ်းချမ်းလေးဆိုသည့် ပါးကွက်ကြားလေးနှစ်ဖက်နဲ့ကောင်မလေးက ထိပ်ဆုံးက။

"ဘာဖြစ်လာတာလဲဟင် ချမ်းချမ်းလေး ... "

"ဦးဦးတိုက်စစ်မှူး ပြန်လာရင် အရမ်းချောတဲ့ မမတစ်ယောက်ကို ခေါ်လာခဲ့မယ်ဆိုတာ ချမ်းချမ်းလေးကို ခေါင်းလေးပုတ်ပြီး ဦးဦးတိုက်စစ်မှူး ပြောသွားတာလေ ... အဲဒါ ပါလာပြီလားဆိုတာ ချမ်းချမ်းလေး လာကြည့်တာ"

"ဟွန့် ... "





နှုတ်ခမ်းလေးမဲ့ပြီး သူထပ်ပြုံးလိုက်မိရပြန်ပြီ။

သူ ဒီအိမ်လေးကနေ ထွက်မသွားခင် နောက်ဆုံးပြောသွားခဲ့တဲ့စကားလေးကို ချမ်းချမ်းလေးက အသေမှတ်ထားတာပဲ။

"ခေါ်လာမှာပေါ့ ချမ်းချမ်းလေးရာ၊ ခုတော့ ... ခဏစောင့်ဦးနော် ချမ်းချမ်းလေး ... ဟုတ်ပြီလား ... အခု ဦးဦးတိုက်စစ်မှူး ပြန်လာတာ အိမ်ကလေးကို ခဏကြည့်ချင်လို့ပြန်လာတာ၊ နောက်တစ်ခါကျမှ ချမ်းချမ်းလေးတွေ့ချင်တဲ့မမကို မရရအောင် လက်ဆွဲပြီးတော့ ဦးဦးတိုက်စစ်မှူး အတင်းခေါ်လာခဲ့မယ်"

"ချောချောလေးနဲ့မျက်လုံးဝိုင်းဝိုင်းလေးပဲ ခေါ်လာနော်၊ မချောရင် ချမ်းချမ်းလေးတို့က ချစ်မှာမဟုတ်ဘူး ... အနားလည်းမကပ်ဘူး၊ စကားလည်း မပြောဘူး"

"ဟဲ့ ... ကလေးတွေ ... "

"ဟာ ... ဒေါ်ကြီးစံ ... "

နောက်ကနေ ထပ်တက်လာတာ ခြေရင်းအိမ်က ဒေါ်ကြီးစံပါ။

ဆင်းရဲလို့သာ အဝတ်အစားလေးနွမ်းနေပေမယ့် တကယ်စိတ်ထားကောင်းတဲ့ ဒေါ်ကြီးစံလေ။ သူ ထွက်သွားခဲ့ချိန်မှာ ဒီအိမ်ကလေးကို စောင့်ရှောက်ထိန်းသိမ်းထားဖို့ ဒေါ်ကြီးစံကိုပဲ သူအပ်ထားခဲ့ရတာပါ။

"ဟဲ့ ကလေးတွေ လမ်းမှာ လွတ်လွတ်လပ်လပ်ဆင်းဆော့ကြစမ်း ... ဘယ်နှယ့်ကလေးတွေမှန်းလည်းမသိဘူး၊ တိုက်စစ်မှူး ပြန်လာတာနဲ့ပဲ အနားက မခွာကြတော့ဘူး"

အော်လိုက်တော့မှ လျှာကလေးတွေကိုယ်စီထုတ်ပြ



www.burmeseclassic.com

www.burmeseclassic.com



လမ်းပေါ်ရောက်အောင် အားလုံးပြေးဆင်းသွားကြသည်။

သည်တော့မှ ကြီးစံက တိုက်စစ်မှူး မျက်နှာလေးကို စိုက်ကြည့်ကာ။

"ဘယ် ... ဘယ်လိုလဲဟင် တိုက်စစ်မှူး ... ထက်ဖျားယံတို့ အရိုင်းအစိုင်းကောင်ကို မင်းတွေ့လာခဲ့ပြီလား၊ ကြီးစံ ... ဒါကို သိချင်လို့ မင်းဆီကို ချက်ချင်းပြေးလာတာ"

မခံစားနိုင်ခဲ့သူတွေထဲမှာ ကြီးစံက ထိပ်ဆုံးကပေါ့။

ဒီကောင်နှိပ်စက်အနိုင်ကျင့်နေတာ မခံနိုင်တော့လို့ သိပ်ကိုချစ်ဖို့ကောင်းတဲ့ စံတော်ဝင်လေး ဒီအိမ်မှာပဲ သေခဲ့ရတာလေ။

ပြန်တွေးမိရင်တောင် ဒီနေ့အထိ ကြီးစံ ရင်နာနေရဆဲ။

"တွေ့ခဲ့ပါတယ် ကြီးစံ ..."

"သူ ... သူကတော့ သူဌေးသား ကုမ္ပဏီပိုင်ရှင်ကြီးဆိုပြီး ကောင်းစားနေမှာပေါ့ ... ပြောပါဦး ... စံတော်ဝင်လေးကိုတော့ ဒီကောင် သတိရသေးရဲ့လား"

သိချင်စိတ်ကလေးနှင့် ကြီးစံက မေးမိသည်။

ယူကာစတုန်းကတော့ စံတော်ဝင်လေး ကုမ္ပဏီပိုင်ရှင် သူဌေးသားလေးနဲ့ ညားသွားတယ်ဆိုပြီး ကြီးစံတို့မှာ ပျော်လိုက်ရတာ။

နောက်တော့ ... ဘယ်ဟုတ်ပါ့မလဲ။

ထက်ဖျားယံနဲ့ သူ့အဒေါ်အပျိုကြီးတွေက စင်တင်တေးဂီတနဲ့စားသောက်ဆိုင်မှာတွဲပြီး သီချင်းလိုက်ဆိုနေတဲ့ကောင်မလေးပြီး အထင်သေး အမြင်သေးနဲ့ ဝိုင်းနှိမ်ပြီး အိမ်ဖော်မသာသာအဆင့် နှိပ်စက်ကြလို့တဲ့။





အထုတ်ကလေးတွဲပြီး စံတော်ဝင်အိမ်ပေါ်ကဆင်းလာတော့ ထက်ဖျားယံကနောက်က လိုက်လာပြီး ပြဿနာရှာ ရိုက်နှက်သေးတာ။ ကြီးစံတို့ အိမ်နားနီးချင်းတွေ ဝင်ဆွဲဝင်တားရတဲ့အထိ ထက်ဖျားယံ မိုက်ရိုင်းတာက ကမ်းကုန်နေခဲ့သည်။

"အို ... မောင်ထက်ဖျားယံ ... မရိုက်နဲ့ မရိုက်နဲ့ ... ကြီးစံတို့ တောင်းပန်ပါတယ်မောင်ထက်ဖျားယံရယ် ... မင်းနောက်ကွယ်မှာ တစိမ်းတရံစာ ယောကျာ်းလေးတွေနဲ့ ရှုတ်ရှုတ်ယှက်ယှက်ပတ်ပတ်သက်သက်လည်း စံတော်ဝင်လေးက မလုပ်ပါဘူး ... အခုအလုပ်ကပြန်လာတာ နောက်ကျနေတာလည်း မကြီးထက်ထက်တို့ အပ်ချုပ်ဆိုင်မှာ ဖောက်သည်တွေအရမ်းကျနေလို့ အပြန်နောက်ကျနေတာပါကွယ်"

တားသင့်တာလည်း တား ...

ဆွဲသင့်တာလည်းဆွဲနှင့် စံတော်ဝင်လေးကတော့ အခန်းထောင့်နံရံလေးမှာ ကျောကပ်မှီရင်း တရှုံ့ရှုံ့လေးငိုနေခဲ့ရသည်က ပြန်တွေးမိရင်တောင် ဒါတွေအားလုံးဟာ မနေ့တစ်နေ့ကလိုပါပဲ။

ကြီးစံမျက်ဝန်းလေးထဲမှာ အမြဲမြင်နေမိတာက ...

မျက်တောင်ကြီးတွေက ကော့နက်ရှည်သွယ်ပြီးတော့ ကြည် တောက်သန့်စင်နေသည့် မျက်ဝန်းပြာကြီးတွေနှင့် တကယ့်ကို ကြည့်လိုက်တိုင်း ကျက်သရေရှိနေခဲ့သည့် စံတော်ဝင်လေးရဲ့ ပုံရိပ်လေးကိုပါပဲ။

"ဒီကောင်သတိရတာ မရတာက အရေးမကြီးပါဘူး ကြီးစံ၊ ... ကျွန်တော့်ညီမလေးကိုထားခဲ့ပြီး အဝေးကိုရောက်သွားခဲ့တဲ့အခါ



www.burmeseclassic.com

www.burmeseclassic.com



မှာ ဒီအဖြစ်ဆိုးကြီးနဲ့ ညီမလေး ကြုံလိုက်ရတာကိုပဲ တွေးမိတိုင်း ကျွန်တော် ရင်နာနေတာပါ"

"အခု ထက်ဖျားယံကိုတွေ့ခဲ့ပြီဆိုတော့ မင်းဘာဆက်လုပ်မှာလဲ"

"ကျွန်တော် လက်စားချေမယ် ..."

"ဟင် ... လက်စားချေမယ် ဟုတ်လား ..."

တိုက်စစ်မှူး ပြောတော့ ကြီးစံရင်ထဲမှာ ထိတ်သွားသည်။

"တိုက်စစ်မှူးရယ် ... မင်းလက်စားချေမယ့် ထက်ဖျားယံက တအားချမ်းသာနေတာလေ ... သူ့အနားကိုရောက်အောင် တိုးကပ်သွားဖို့ဆိုတာ လွယ်ရဲ့လားဆိုတာ မင်းစဉ်းစားကြည့်ပါဦး"

"ဘာလဲ ကြီးစံ ... ကြီးစံတို့ကပါ ကျွန်တော့်ကို လမ်းပေါ်မှာ လျှောက်သွားနေတဲ့ကောင်လေး တစ်ယောက်ဆိုပြီး အထင်သေးချင်နေတာလား"

"အို ... ကြီးစံပြောတာ ဒီလိုသဘောမျိုးနဲ့ပြောခဲ့တာမဟုတ်ပါဘူး တိုက်စစ်မှူးရယ် ... ကြီးစံတို့ကလည်း စံတော်ဝင်မဆုံးခင် ပြောသွားခဲ့တဲ့စကားအတိုင်း သူ့မှာ တိုက်စစ်မှူးဆိုတဲ့ အစ်ကိုတစ်ယောက်ရှိတယ် ... အဲဒီအစ်ကိုကို ဦးလေးက မွေးစားမယ်ဆိုပြီးခေါ်သွားတာ၊ ဘယ်ရောက်လို့ ရောက်သွားမှန်းမသိတော့ဘူးဆိုလို့ မင်းရောက်လာမယ့်အချိန်ကို ကြီးစံတို့က မျှော်နေခဲ့တာပါ ... မင်းကို အထင်သေးလို့ပြောခဲ့တာ မဟုတ်ပါဘူး၊ အခုလည်း ထင်မှတ်မထားတဲ့အချိန်မှာ ဒီအိမ်ကလေးကို မင်းပြန်ရောက်လာတယ်၊ ညီမလေး စံတော်ဝင်အဖြစ်ကို ကြားရတော့ နံရံတွေလက်





းနဲ့ထိုး တံခါးတွေပိတ်ကန်နဲ့ ထက်ဖျားယံကိုရှာမယ်ဆိုပြီး ဒီအိမ်လေးကနေ မင်းပြန်ထွက်သွားခဲ့တယ် ... မင်းအကြောင်းကိုသိဆိုလို့ ဒီလောက်ပဲ ကြီးစံတို့က သိထားခဲ့တာပါ"

"ဟွန်း ... ထားလိုက်ပါတော့ ကြီးစံရာ"

သူ နှုတ်ခမ်းလေးမဲ့ကာပဲ ညီမလေး စံတော်ဝင်ရဲ့ဓါတ်ပုံလေးကို မော့ကြည့်လိုက်မိသည်။ တကယ်လည်း ဒီညီမလေးနဲ့ မိဘပါးကို သူစွန့်ခွာထားခဲ့မိတာလေ။ ဆင်းရဲခြင်းဆိုတာကို မခံစားတော့လို့ မြို့ပေါ်ကိုသူတက်သွားခဲ့သည်။ ကြုံရာကျပမ်း အလုပ်ကို သူလုပ်ခဲ့သည်။

ဒါတွေလုပ်နေရင်း အဖေနဲ့အမေ ရှေ့ဆင့်နောက်ဆင့်ဆုံးတာကို သူသိခဲ့ရ၏။ နယ်ကိုလိုက်သွားတော့ ညီမလေးကို ပိုက်ချမ်းသာသည့် မိန်းမကြီးတစ်ယောက်က ရန်ကုန်မှာအလုပ်သွင်းမယ်ဆိုပြီး ခေါ်သွားတာပဲ သူနောက်ဆုံးသိလိုက်ရသည်။

အခု ... လိုက်ရှာတော့ ...

ညီမလေး စံတော်ဝင်ကိုတွေ့လိုက်ရတာ ဒီနံရံပေါ်ကနောက်ဆုံးဓါတ်ပုံလေး။ ကြီးစံတို့လို ပတ်ဝန်းကျင် အိမ်နီးနားချင်းပြောစကားအရ ညီမလေးစံတော်ဝင် စင်တင်စားသောက်ဆိုင်က ဂီတဝိုင်းတွေမှာ သီချင်းတွေလိုက်ဆိုခဲ့ရသတဲ့။ မူးရူးနေတဲ့ ကာစားယစ်မူးသူတွေကြားထဲမှာ မိမဲ့ဖမဲ့ တစ်ကောင်ကြွက်လေးအဖြစ်နဲ့ သူ့ဘဝလေးကို သူရုန်းကန်တည်ဆောက်ခဲ့ရသတဲ့။

ဒါကိုပဲ အတင်းပန်းကုံးတွေ တက်စွပ်၊ အတင်းဘောက်ဆူးပေးနဲ့ ထက်ဖျားယံက ညီမလေးဘဝကို ဖျက်ဆီးခဲ့တာတဲ့လေ။ လေး နောက်ဆုံးထားခဲ့တဲ့ ဒိုင်ယာရီစာအုပ်လေးက ညီမလေး



www.burmeseclassic.com

www.burmeseclassic.com



ရင်ဆိုင်သွားခဲ့ရတဲ့ဘဝကို ပြောပြသွားခဲ့တာ။

ဒီစာအုပ်လေးကိုလည်း ကြီးစံပေးလို့ သူဖတ်ခွင့်ရခဲ့တာပါ။ ပိုဆိုးတာက ... ကိုကြီးဆိုတဲ့ စကားလေးကိုသုံးပြီး ညီမလေးက သူ့ကို တိုင်တည်တမ်းတပြီး ဒိုင်ယာရီလေးကို ရေးသွားခဲ့တာလေ။

အခေါက်ခေါက်အခါခါ အထပ်ထပ် သူပြန်ဖတ်ခဲ့ရလို့ စာသားလေးတွေကိုလည်း သူ့ခေါင်းထဲမှာ စွဲမြဲအလွတ်ရလို့ပင် နေခဲ့ပါပြီ။

ကိုကြီးရယ် ...

ဒီနေ့လေ ကိုကြီးကိုသတိရလို့ ရွှေတိဂုံဘုရားကို ညီမလေး တစ်ယောက်တည်းသွားပြီး ကိုကြီးအတွက် ပန်းရေချမ်း ဆီမီးကပ်ပြီး ဘုရားရှေ့မှာ ညီမလေးဆုတောင်းခဲ့ပါတယ်။ ဘဝဆက်တိုင်း ဆက်တိုင်း မောင်နှမနှစ်ယောက် ကွဲကွာနေရတဲ့အဖြစ်မျိုးကို ဘယ်တော့မှ မရောက်ရပါစေနဲ့လို့လည်း ညီမလေး ဆုတောင်းမိတယ်။ ဖြစ်နိုင်ရင် ညီမလေးဆီကို ကိုကြီး အမြန်ဆုံးပြန်လာခဲ့ပါ။

ကိုကြီးပြန်လာရင် စားသောက်ဆိုင်တွေမှာ သီချင်းလိုက်ဆိုရတဲ့အလုပ်ကို ညီမလေး မလုပ်တော့ဘူးနော် ကိုကြီးတဲ့။

ညီမလေး လက်ရေးလေးနဲ့ ကြေကြေကွဲကွဲရေးသွားခဲ့တဲ့ စာသားလေးတွေမို့ ဖတ်နေရင်းနဲ့ အသက်ရှူရပ်သွားလုနီးပါးအထိ သူ ခံစားခဲ့ရတာလေ။

ကိုကြီးရယ် ...

ဒီနေ့လေ ... ဦးထက်ဖျားယံဆိုတဲ့ ကုမ္ပဏီပိုင်ရှင်သူဌေးသားတစ်ယောက်က ညီမလေး သီချင်းဆိုနေတာကိုမြင်သွားပြီး ပန်းကုံးတွေ သရဖူတွေ အများကြီးဆုချတာ။ ညီမလေးလက်ကို အတင်း





ပွဲပြီးတော့လည်း သူ့စားပွဲမှာဝင်ထိုင်ခိုင်းတယ်။ သူတို့ပေးတဲ့ ပိုက်ဆံတွေကိုလည်း ညီမလေး မမက်ပါဘူးနော် ကိုကြီး။ ညီမလေး ပိုက်ဆံရှာနေတာ ဖေနဲ့မေအတွက် ရည်စူးပြီး ဘုန်းကြီးငါးပါးကို ဝါဆိုသင်္ကန်းလေးကပ်ချင်လို့ ညီမလေး ရှာနေတာပါ။

မဟုတ်တာတော့ ညီမလေး ဘယ်တော့မှ မလုပ်ပါဘူး ကိုကြီးရယ် ...

ညီမလေးကို ယုံပါနော် ကိုကြီး ...

ထက်ဖျားယံက ဒီလိုပန်းကုံးတွေစွပ် ဘောက်ဆူးတွေချပြီး ညီမလေးကို စည်းရုံးဖျက်ဆီးသွားခဲ့တာ။ မလွှဲသာလို့ လက်ထပ်ခဲ့တာတောင် မင်္ဂလာဆောင်အခမ်းအနားတွေ ကြီးကြီးကျယ်ကျယ်မလုပ်တော့ဘဲ ရုံးတက်လက်မှတ်ထိုးရုံအဆင့်လေးလောက် ပေါင်းခဲ့တာလေ။

ညီမလေးအဖြစ်က ဘယ်လောက်နာကြည်းဖို့ ကောင်းခဲ့လဲ။

"အခု ... အခုရော ဒီအိမ်ကလေးကို မင်းပြန်လာတာ ခဏလာတာလား ..."

ကြီးစံ မေးမိသည်။

"ဟုတ်တယ် ကြီးစံ ... မကြာခင်မှာ သိပ်လှတဲ့ကောင်လေးတစ်ယောက်ကို အိမ်ပေါ်ရောက်အောင် ကျွန်တော် ခေါ်လာတော့မှာ ..."

"ဟင် ... ဘယ်သူလဲ"

"ထက်ဖျားယံရဲ့အချစ်ဆုံးညီမ ချစ်ခြင်းဖြူဆိုတဲ့ကောင်မ



www.burmeseclassic.com

www.burmeseclassic.com



မလေးတစ်ယောက်ကို ..."

"ဘုရားရေ ... ဒါဆို ... မင်း ..."

"ညီမလေး စံတော်ဝင် ခံစားသွားရတဲ့ ခံစားချက်တွေနဲ့ ညီမျှသွားအောင်လို့ ထက်ဖျားယံကို ကျွန်တော် လက်စင်ပေးတော့မှာ"

ကြီးစံ ရင်ဘတ်ကလေးဖိကာ ဘုရားကိုပဲ တမိသည်။

ချစ်ခြင်းဖြူတဲ့။

ထက်ဖျားယံရဲ့ အချစ်ဆုံး ညီမလေးတဲ့။

ဒီကောင်မလေးကို တိုက်စစ်မှူးက ခေါ်လာတော့မယ်တဲ့လေ။

ပိတ်ကားပေါ်မှာ ဘာတွေထပ်ဖြစ်လာမလဲဆိုတာ ကြီးစံ စောင့်ကြည့်ရတော့မှာပဲ။

ကြီးစံသိချင်တာက တိုက်စစ်မှူးဟာ ဘယ်လိုလူစားတစ်ယောက်လည်းဆိုတာ။

ဒီလောက် အသားလေးဝင်းနှစ်နေတာတောင် ...

လမ်းပေါ်မှာလျှောက်သွားနေရတဲ့ ...

ဒုက္ခရောက်နေတဲ့ ကောင်လေးတစ်ယောက်တဲ့လား။

စိတ်ရှုပ်ရှုပ်နှင့် ခေါင်းကလေးကိုပဲ ကြီးစံ ကုတ်နေမိသည်။

## အခန်း ( ၁၆ )

"ဟာ ... ဟော့ကောင် ... မင်း ... မင်းလက်ထဲက"

မြင်လိုက်ရတဲ့ မြင်ကွင်းကိုကြည့်ပြီး ဦးမြတ်အိန္ဒြေထွန်း မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်သွားရသလို စိတ်ထဲမှာပါ အထိတ်ထိတ် အလန့်လန့်လေးဖြစ်သွားလိုက်ရ၏။

ဘယ်သူဖြစ်ရမှာလဲ ... တိုက်စစ်မှူးဆိုတဲ့ကောင်လေး။

ဟိုတစ်ခါ ပြဿနာအကြီးအကျယ် ဖြစ်ထားဖူးသည့် စံတော်ဝင်ပန်းကလေးကို လေထဲမြှောက်လိုက် ပြန်ဖမ်းလိုက်လုပ်ရင်း သူ့ရှေ့တည့်တည့်ကို တစ်လှမ်းချင်း လျှောက်လာတာလေ။

ဒီကောင့်ကိုကြည့်ရင်း ရင်တွေတလှပ်လှပ်တုန်လာသလို ခေါင်းတွေလည်း ပူလောင်ခြောက်ကပ်ကာ လည်ချောင်းထဲမှာ ရှတတဖြစ်လာသည်။

"ဘာဖြစ်လို့လဲ ... ဦးရာ ... ဒီပန်းလေးကို ရုတ်တရက်မြင်လိုက်လို့ ဦးသရဲခြောက်သလို ဖြစ်သွားလို့လား"

လေထဲရောက်သွားသည့် စံတော်ဝင်ပန်းကလေးကို လေထဲ ပြန်ဆွဲဖမ်းရင်း နှုတ်ခမ်းထောင့်ချိုးလေးမဲ့ကာ တိုက်စစ်မှူးပြန်



www.burmeseclassic.com

www.burmeseclassic.com



မေးသည်။ တွေ့လား ... မေးနေတာက အရာရာကို ဂရုမစိုက်သ
မျက်နှာထားကလေးနှင့်။

ဦးမြတ်အိမ်ငြွေထွန်း စိတ်ပျက်လက်ပျက် ခေါင်းကလေး
၏။

"မင်း ... မင်း ... ဒီပန်းကလေးနဲ့ ပြဿနာရှာဖို့ လုံးဝမ
စားနဲ့ တိုက်စစ်မှူး ... ပြောစမ်း ဟေ့ကောင် ... ဒီပန်းကလေး
ဆိုက်ထဲရောက်အောင် မင်းဘာလို့ယူလာတာလဲ"

"ဦးရာ ... ဒီပန်းကလေးကိုတွေ့တာနဲ့ ဦးတုန်လှုပ်မနေ
ပါနဲ့ဗျာ ... ဟိုတုန်းက ဦးကိုပြောခဲ့သလိုပဲ ဒီပန်းကလေး
ကျွန်တော့်ဘဝရဲ့ အဆုံးမဲ့မျှော်လင့်ချက် ပန်းကလေးဆိုတာ
အခု ... ဒီပန်းကလေးကိုသတိရလို့ ကျွန်တော် ပြန်ယူလာတာ
ဘယ်သူ့ကိုမှ ကျွန်တော်ပြဿနာ မရှာပါဘူး၊ ဦး ဘာမှစိတ်ပူမ
နဲ့"

လေထဲမှာ ဖမ်းယူလိုက်သည့်ပန်းကလေးကို တစ်ချက်
ရှိုက်ကာ ဘောင်းဘီနောက်အိတ်လေးထဲကိုပဲ တိုက်စစ်မှူး
ထည့်သည်။ ဒါကိုကြည့်ပြီး ... မျက်မှောင်တွန့်တွန့်ကလေး
ဦးမြတ်အိမ်ငြွေထွန်း နှုတ်ခမ်းမဲ့၏။

မနေ့ကလည်း ဒီကောင် တစ်နေကုန် အပြင်ထွက်လျှော
လည်နေလို့ ကိုယ့်မှာတော့ စိတ်ပူပြီးမျှော်လိုက်ရတာ။ ပြန်ရော
လာတော့လည်း မိုးက တော်တော်ချုပ်နေပြီ။ မေးတော့လ
လမ်းပေါ်မှာခင်ခဲ့တဲ့ သူငယ်ချင်းတစ်ယောက်ကို သွားရှာနေတ
တဲ့။

"အေး ... ပြဿနာမရှာရင်လည်း ပြီးရော ... ပြီး





နောက်မှ ဆူညံပူညံတွေ ငါမကြားချင်ဘူး၊ ဒီတစ်ခါဖြစ်ရင် မင်းလည်း
ထွက် ငါလည်းပြုတ် ... အဲဒါ အေးရော ... "

"ဦးရာ ... ဦး ဘာမှစိတ်ပူမနေစမ်းပါနဲ့၊ ဦးဒုက္ခရောက်ရင်
ဦးကို ကျွန်တော် ပစ်မထားပါဘူးဗျ"

"အောင်မလေး ကျေးဇူးရှင် ... နေစရာမရှိလို့တောင် ငါ့
အိမ်ပေါ်ခေါ်တင်ထားရတဲ့ မင်းလိုကောင်က ငါ့ကို ထမင်းလေးနပ်
မှန်အောင် မင်းက ရှာကျွေးနိုင်မှာတဲ့လား ... စိတ်ကူးယဉ်မနေနဲ့
ဟေ့ကောင် ... ဟိုမှာ မင်းကို ဦးမောင်မောင်စိုး လှမ်းကြည့်နေပြီ၊
သွား ... သွား ... ကိုယ့်အလုပ်ကိုယ်သွားလုပ်တော့"

သူ့တာဝန်က ရုံးအဆောက်အဦတွေရှိတဲ့ဘက်ကို သွားရဖို့
ဦးမြတ်အိမ်ငြွေထွန်းကို လက်ပြနှုတ်ဆက်ခဲ့ပြီး ဒီဘက်ကိုပဲ သူတစ်
ယောက်တည်း ဆက်လျှောက်လာခဲ့၏။ ကြည့်လိုက်တော့ ဦးမောင်
မောင်စိုးက ရုံးခန်းအပြင်ဘက် ဝရံတာမှာ လက်ပိုက်ရပ်လျက် သူ့ကို
မြင်တော့ စကားမပြောချင်သလို မျက်နှာလွှဲသွားသည်။

"ကိုကြီးတိုက်စစ်မှူးရေ ... ကိုကြီးတိုက်စစ်မှူး ... "

"ဟင် ... "

ဒီဘက်ရုံးခန်းနားမရောက်ခင် အခန်းအပြင်ဘက်ကို ပြေး
ထွက်လာပြီး သူ့ကိုအသည်းအသန် လှမ်းအော်ခေါ်နေတာ ခစ်ခစ်
တဲ့ ကောင်မလေးပဲဖြစ်သည်။

"ဒီကို ခဏလောက်မြန်မြန်လာပါဦး ... မြန်မြန် ... "

ဘာဖြစ်နေမှန်းမသိလို့ သူအပြေးအလွှား သွားကြည့်တော့
မြင်းဖြူက ပြတင်းပေါက်ဘေးက ကြမ်းပြင်မှာ ခွေခွေလေး



www.burmeseclassic.com

www.burmeseclassic.com



ကျနေသည်။

"လုပ် ... လုပ်ပါဦး ကိုကြီးတိုက်စစ်မှူး ... ဒီပြတင်းပေါ

လေးမှာရပ်ဖို့ လမ်းလျှောက်သွားရင်း ခွေခေါက်ပြီးတော့ လဲ

သွားတာ"

"ဆေးခန်းတစ်ခုခုကို မြန်မြန်သွားမှဖြစ်မယ် ... ကဲ ..."

မထူးစိတ်ပိုက်ကာ ချစ်ခြင်းဖြူရဲ့ ကိုယ်လုံးအိအိလေး

ဗွေ့ခနဲ ကောက်ပွေ့ချီပစ်လိုက်တာ ချစ်ခြင်းဖြူရဲ့ ကိုယ်သင်းနံ့

မွှေးလေးက နှာခေါင်းဝမှာ သင်းခနဲစွဲသွားသည်။

"ကား ... ကား ရှိတယ် ... ကိုကြီးတိုက်စစ်မှူး ကို

ကားမောင်းတတ်လား"

ခစ်ခစ်ကလည်း သူ့နောက်မှာ။ ထပ်ကြပ်မကွာ ပါ

သည်။ အရင်ဆုံး အနီးဆုံးမှာ ရပ်ထားသည့်ကားတစ်စီးရဲ့ ရှေ့

ထဲကို ချစ်ခြင်းဖြူရဲ့ကိုယ်လုံးလေးကို ပွေ့တင်သည်။ ခစ်ခစ်

နောက်ခန်းထဲပြေးထိုင်ကာ ချစ်ခြင်းဖြူရဲ့ကိုယ်လုံးလေး လဲ

မသွားအောင် နောက်ကနေ ပွေ့ဖက်ကာ ထိန်းချုပ်ပေးထား

ဒရိုင်ဘာခန်းမှာ ဝင်ထိုင်ပြီး ကားစက်နှိုးလိုက်တာ သူ

"အို ... ကိုကြီးတိုက်စစ်မှူးက ကားမောင်းတတ်

ဟုတ်လား ... မောင်း ... မောင်း မြန်မြန်မောင်းပါ ကိုကြီး

အဟင့် ... ဟင့် ..."

ခစ်ခစ် အံ့ဩနေသလို ပြောလိုက်တာလည်း ငိုသံပါ

လေးနဲ့။

"မမချစ်ခြင်းဖြူ ... မမ သတိရရဲ့လား၊ မမဘေးမှာ ခစ်

လည်းရှိတယ် ... ကိုကြီးတိုက်စစ်မှူးလည်း ရှိတယ်"

ဖိုးလပြည့်စာပေ



"ဟင်း ... ဟင်း ..."

သူ ဘယ်သူ့ကိုမှလည်း မခေါ်နိုင်ပါ။ ဟိုလူဒီလူ ပါအောင်

လည်း မစောင့်နိုင်တော့ပါ။ အရေးကြီးတာ အနီးဆုံးဆေးခန်းတစ်ခု

ခုကိုရောက်သွားဖို့ပဲ ဖြစ်သည်။ သေချာတာက ရွှေဂုံတိုင်လမ်းမပေါ်

မှာရှိသည့် အက်အက်စီဆေးခန်း။

သူ့ကားကို ဝေါခနဲ အရှိန်မြင့် မောင်းထွက်လာခဲ့တာ ဆိုက်

ထဲကလူတွေအားလုံး ဘယ်သူ့ကိုမှလည်း လှည့်မကြည့်နိုင်။

"မမ သတိရပြီလား ... မမ သတိရပြီလား"

ချစ်ခြင်းဖြူ ရုတ်တရက် မဖြေနိုင်ပါ။

လူသံတွေ ကားဟွန်းတီးသံတွေ ဝေါခနဲ ဝေါခနဲ ဖြတ်

မောင်းသွားသည့် ကားစက်သံတွေကြားနေရပေမယ့် မျက်လုံးလေး

ကို မဖွင့်နိုင်သေးဘဲ ဒီအတိုင်းမှိန်းနေလိုက်မိတာ ... ခေါင်းထဲမှာ

တရိပ်ရိပ်မူးနေတယ် ထင်လို့ပါ။

ကားထိုင်ခုံနောက်မှီလေးမှာ ခေါင်းကလေးကို ငဲ့စောင်း

ရင်း မျက်လုံးလေးမှိတ်ကာ လိုက်ပါလာခဲ့သလို ကိုကြီးတိုက်စစ်မှူး

လည်းရှိတယ်ဆိုတဲ့ ခစ်ခစ် စကားသံလေးကိုလည်း အသိစိတ်မှာ

ကြားနေမိသည်။

"ဟင်း ... ဟင်း ..."

တကယ်အသိပြန်ဝင်လာတာက ဆေးခန်းရောက်တော့မှ

အသိပြန်ဝင်လာတာ။

"စိုးရိမ်စရာ မရှိပါဘူး ... သွေးပေါင်ကျပြီး သတိလစ်ချင်

သလို ဖြစ်သွားတာပါ ... ဒရစ်ချိတ်ပြီး ခဏလောက်အနားယူလိုက်

ရင် ကောင်းသွားပါလိမ့်မယ်"

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



တာဝန်ကျ ဆရာဝန်က စမ်းသပ်တာတွေ သွေးပေါင်ချိန်တာတွေလုပ်ပြီး လိုအပ်တာတွေ လုပ်ပေးလိုက်တော့ ချစ်ခြင်းဖြူလျော့ရဲရဲ မျက်နှာကလေးနှင့် မျက်တောင်တွေက ပြန်ပွင့်လာသည်။

"အို ... ရှင် ... ရှင် လိုက်လာတယ်"

တိုက်စစ်မှူးကိုမြင်တော့ ချစ်ခြင်းဖြူ အထိတ်တလန့်လေးနှင့် အံ့ဩသွား၏။ နှုတ်ခမ်းလေးဝိုင်းဟသွားကာ မျက်တောင်ကော့ကော့လေးတွေကို တဖျတ်ဖျတ်ပုတ်ရင်း ပေးမိသည်။ တိုက်စစ်မှူးကလည်း ဒီနေ့မှ ထူးထူးဆန်းဆန်း တီရှပ်အနက်ရောင်လက်တိုလေးကို ဂျင်းဘောင်းဘီအနွမ်းကလေးနှင့် တွဲကာဝတ်ထားလျှက်။

"ဟုတ်တယ်လေ ... မင်းသတိလစ်လဲကျသွားတယ်ဆိုလို့ အနီးဆုံးဆေးခန်းကြီးတစ်ခုကို ငါခေါ်လာတာ၊ မင်းသက်သာပြီဆိုလိုက်ပို့ရကျိုးနပ်လို့ ငါကျေနပ်တယ်"

"ဟုတ် ... ဟုတ်တယ် မမချစ်ခြင်းဖြူ ... ခစ်ခစ်လည်း ဘာလုပ်ရမှန်းမသိလို့ အပြင်ကိုပြေးထွက်ခေါ်တော့ ကိုကြီးတိုက်စစ်မှူး ရောက်လာတယ်လေ ... အဲဒါ လဲနေတဲ့ မမချစ်ခြင်းဖြူကို ကိုကြီးတိုက်စစ်မှူးကပဲ ကောက်ပွေ့ပြီးတော့ ကားပေါ်တင်၊ သူပဲ ကားမောင်း ..."

"ဟင် ... ရှင်က ကားမောင်းတတ်တယ်"

"ဟာ ... အဲဒါ နည်းနည်းပါးပါးလောက်ပါ ..."

သူမျက်နှာပျက်ပျက်ကလေးနှင့် ခေါင်းကလေးငုံ့ချလိုက်တာကိုကြည့်ပြီး ချစ်ခြင်းဖြူ နှုတ်ခမ်းလေး ပွင့်သွားရုံ ရယ်လိုက်မိသည်။ ဒါတော့ ... ရှင်ဘယ်ဆိုးလို့လဲဟင် တိုက်စစ်မှူး။ ကားကို ကျွမ်းကျွမ်းကျင်ကျင်ကလေး မောင်းတတ်နေပါလျှက်နှင့် ဒီဆောက်လုပ်





ရေး လုပ်ငန်းခွင်ကြီးထဲကိုဝင်ပြီး အုတ်သယ် ဘိလပ်မြေအိတ်ထမ်းအကြမ်းသမားဘဝကို ရှင်က ခံယူထားတယ်ဆိုတော့ လျှို့ဝှက်ထားတဲ့အကြောင်းကိစ္စတစ်ခု ရှင့်နှလုံးသားထဲမှာ ရှိနေလို့ပဲ နေမှာပေါ့။

ကျွန်မ မသိချင်ပါဘူး။

ရှင့်ဘဝရဲ့ နောက်ကြောင်းရာဇဝင်တွေလည်း ကျွန်မ စိတ်မဝင်စားဘူး။ အဲ ... တစ်ခုတော့ရှိတယ်။ ရှင်ဟာ စည်းရုံးညီဆိုတဲ့သူနဲ့ တထေရာတည်းခွဲမရအောင် တူနေတာကိုတော့ စိတ်ဝင်စားတယ်။

အဲဒါ ဘာဖြစ်လို့လဲ ...

ကြာတာက ...

ဆင်းရဲတာနဲ့ ချမ်းသာတာပဲကွာနေတာ။

အမှန်အတိုင်းဝန်ခံရရင် ကျွန်မ ညက တစ်ညလုံး မအိပ်ခဲ့ရလို့ သွေးပေါင်တွေကျပြီး ရုတ်တရက် သတိလစ်လဲကျသွားခဲ့ရတာပါ။ ဒါဟာလည်း ... ညက စည်းရုံးညီကိုယ်တိုင် သူ့ကုမ္ပဏီက လူကြီးတွေပါခေါ်လာပြီး ဖေဖေနဲ့မေမေဆီမှာ လက်ထပ်ခွင့်လာတောင်းတာကို ဖေဖေရောမေမေပါ သဘောတူလက်ခံလိုက်တဲ့ကိစ္စကြီးတစ်ခု မထင်မှတ်ဘဲ ဖြစ်သွားခဲ့တာလေ။

ကျွန်မ စိတ်တွေအရမ်းညစ်ပြီး တစ်ညလုံးမအိပ်ဘဲ ငိုနေခဲ့တာ။

သူ့ကိုမြင်တော့ ကြီးညီုရောကြီးဝါပါ မျက်လုံးပြူးလို့။ တိုက်စစ်မှူးဆိုတဲ့ကောင်နဲ့ တစ်ပုံစံတည်းတူနေလို့



www.burmeseclassic.com

www.burmeseclassic.com



ကွာတာဆိုလို့ ဆံပင်ရှည်တာနဲ့တိုတာပဲ ကွာတာ။

"အံ့သြတယ် ... အံ့သြတယ် ... စည်းရုံးညီနဲ့တိုက်စစ်မှု မျက်နှာပေါက်ကျတာ မျက်ခုံး မျက်လုံးကောင်းတာကအစ တပေ ရာတည်းတူနေလို့ အရမ်းအံ့သြတာ၊ လောကကြီးမှာ လူတူမရှ နာမည်တူမရှားရှိတယ်ဆိုတာ ဒီလောက်တောင်ပဲလားဟင် ... ဒါ ... တိုက်ဆိုင်တာတော့ လုံးဝမဖြစ်နိုင်ဘူး"

ကြီးညိုပြောတာကိုတော့ ကြီးဝါက အလုံးစုံလက်မခံခဲ့ပါ။

"ဟာ ... မမညိုကလည်း သူဌေးနဲ့ဆင်းရဲသား လမ်းပေါ်က **အစုတ်အပြတ်ကောင်ကို နှိုင်းစရာလား** ... စည်းရုံးညီက ဆံပင်လေး ကို ဘေးနှစ်ဖက်အပြောင်သိမ်းပြီး ညှပ်ထားတာ၊ ဘယ်လောက် ကြည့်လို့ကောင်းသလဲ ... ဂျင်းတဲလ်မန်းစတိုင်လ်ဆိုတာ ဒါမျိုး ဟိုတစ်ယောက်က ဆံပင်က ရှည်ရှည် ... လူက ညှင်းသိုးသိုး မျက်နှာထားက တွေ့သမျှလူ အကုန်ထိုးမယ် ရိုက်မယ်ဆိုတဲ့ လူမိုက်လိုမျက်နှာထားမျိုး"

ညက စည်းရုံးညီပြန်သွားတော့မှ ဝေဖန်လိုက်ကြတာလည်း တစ်ယောက်တစ်ပေါက်။ ချစ်ခြင်းဖြူကိုလည်း အတင်းနားချသည်။

"ညည်းလေးကို ငါတို့နှမြောပေမယ့် ဘာမှမတတ်နိုင်တော့ ဘူးနော် ချစ်ခြင်းဖြူလေး ... မောင်စည်းရုံးညီကလည်း ငြင်းစရာ ဘာအကြောင်းမှမရှိတော့ ... လက်ထပ်ဖို့ကိစ္စကို ငါတို့ တစ်မိသားစု လုံး လက်ခံလိုက်ရပြီ"

ဒါနဲ့ပဲ ... ချစ်ခြင်းဖြူ ဝမ်းနည်းစိတ်ထိနိုက်ပြီး တစ်ညလုံး မအိပ်ဘဲ ငိုနေခဲ့မိတာ။ ခုတော့ ... ဆေးခန်းကို အရေးပေါ်ရောက်





သွားရတဲ့အထိ ဖြစ်သွားခဲ့ရပြီပေါ့။ သူကတော့ ... ခုထိ ဖြူ့ရှေ့မှာ ခေါင်းကလေးငုံ့လို့ရပ်နေဆဲပါ။

တစ်ချက်တစ်ချက်မှာတော့ မျက်တောင်လေးပင့်ကော့ကာ မသိမသာလေး လှမ်းကြည့်တတ်သေးရဲ့။

ဖြူ ရင်ခုန်နေတာ သူက ဖြူ့ကို ပွေ့ချီခေါ်လာတယ်ဆိုလို့ ပါ။ ဒါတော့ ... ပြတ်ပြတ်သားသားနဲ့ သူသတ္တိရှိသားပဲ။

"ကျွန်မ ... ကျွန်မ ... ရှင့်ကို ကျေးဇူးတင်တယ်နော် တိုက် စစ်မှူး ..."

"မလိုပါဘူး"

သူ ယတိပြတ်ငြင်းကာ နှုတ်ခမ်းလေးကိုမဲ့ရင်း မျက်နှာလေး ကို ဆန့်ကျင်ဘက်ဖြစ်အောင် လှည့်သွားသည်။ ဘာပဲပြောပြော ဒီလိုပြောရမယ့်တာဝန် ဖြူ့မှာရှိနေတာလေ။ ဖြူမပြောလို့ ဖြစ် မလား။ တော်ကြာ ... ဒီလိုမတန်မရာ ပွေ့ချီလိုက်ပို့ရကောင်း မလားဆိုပြီး ကိုကိုက အပြစ်မရှိအပြစ်ရှာ နှိပ်စက်နေဦးမှာ။

ခုတောင် ... ဖြူဒီလိုဖြစ်သွားတာ ကိုကို မသိသေးလို့။

ကြီးညိုနဲ့ကြီးဝါ သိရင်လည်း စိတ်ပူနေမှာ သေချာသည်။

"ရှင် ... ရှင် ... ကျွန်မကိုဆက်ဆံတာ တစိမ်းတွေလိုပဲ"

"ငါက ဒီလိုပဲနေတတ်လို့ပါ ချစ်ခြင်းဖြူ ..."

သူ ဖြူ့ကိုမကြည့်ဘဲ ပြန်ဖြေနေတာ ခေါင်းကလေးငုံ့လို့ပါ။

"ရှင် ... အဲလိုမနေပါနဲ့"

"ဘာပြောတယ် ..."

ဖြူ ဒီလိုပြောလိုက်မှ သူနဲ့ဖြူ အကြည့်ချင်းဆုံသွားသည်။ တကယ်ဆို ဖြူပြောတာရှင်းရှင်းလေးပါ။ သူနဲ့ဖြူ စတွေ့



www.burmeseclassic.com

www.burmeseclassic.com



နေ့ကတည်းက လမ်းပေါ်မှာ မိုက်မိုက်ကန်းကန်းပုံစံလေးနဲ့ ကျ
လည်သွားလာနေရတဲ့ သူ့ဘဝလေးကို ဖြူကစပြီး စိတ်ဝင်စားခဲ့ရ
တာလေ။

ဆောက်လုပ်ရေးလုပ်ငန်းခွင်ကြီးထဲကို သူရောက်လာတော့
လည်း ကိုကို့ရဲ့ အထိုးအရိုက်ကိုခံရလို့ သူ့ကိုပြုစုကာကွယ်ပေးခဲ့ရ
တာလည်း ဖြူပါပဲ။ ဘာပဲပြောပြော ... ဖြူ့ရဲ့သံယောဇဉ်လေးကို
တော့ ရှင် အသိအမှတ်ပြုသင့်တာပေါ့။

"ကျွန်မပြောတာကို ရှင်တစ်မျိုးမထင်နဲ့လေ တိုက်စစ်မှူး၊
ကျွန်မဘဝမှာ ယောကျ်ားလေးတစ်ယောက်ကို အနီးကပ်ဆုံး ရင်း
ရင်းနှီးနှီးလေး ဆက်ဆံဖူးတာဆိုလို့ ရှင်တစ်ယောက်ပဲရှိတယ်၊ သူ
များတွေက ရှင့်ကိုဘယ်လောက်ပဲ အထင်သေးနိမ့်ချနေပါစေ
ကျွန်မကတော့ ရှင့်ကို အထင်မသေးနိုင်တာ အမှန်ပဲ"

"ဟင် ... အဲဒါ ဘာဖြစ်လို့လဲ"

"ရှင့်မှာ လျှို့ဝှက်ချက်တစ်ခုခုရှိနေတာ ကျွန်မ သိတယ်"

"ဟွန်း ... "

ဒါကိုတော့ သူနှုတ်ခမ်းလေးမဲ့ကာ ပြုံးမိသည်။

"အဲဒါ ... မင်းစိတ်ထဲက ထင်နေလို့ပါ ချစ်ခြင်းဖြူ"

"ရှင် ... မလိမ်နဲ့ ... "

ဖြူ ... သူ့မျက်ဝန်းလေးတွေကို စေ့စေ့ကြည့်ကာ ပြောမိ၏။

တကယ်ဆို ဖြူပြောတာကို သူခေါင်းလေးငုံ့ပြီး အသာတ
ကြည် ငြိမ်နေလိုက်ရမှာလေ။ အားလုံးကလည်း ဒီသံသယနဲ့ သူ့ကို
စောင့်ကြည့်နေကြတာ။ ဒီအထဲမှာအဆိုးဆုံးက ဖြူ့အဒေါ် အပျိုကြီး
နှစ်ယောက်နဲ့ ဖြူ့ကိုကိုက အဆိုးဆုံးပေါ့။





သူ့စံတော်ဝင်ပန်းလေးတစ်ပွင့်ကို ကိုကို့ရုံးခန်းမှာ ထား
သွားတဲ့နေ့ကစပြီး သူဘာလဲ ... သူ့နောက်ကွယ်မှာ ဘာလျှို့ဝှက်
ချက်တွေရှိနေသလဲဆိုပြီး ကြီးညိုရယ် ကြီးဝါရယ် ကိုကိုရယ် ဒီသုံး
ယောက်စလုံးက တစ်ချက်ကလေးမှအလွတ်မပေးဘဲ မျက်လုံး
ဒေါက်ထောက်ကြည့်နေကြတာ ဖြူက အသိဆုံးပါ။

ဖြူကတော့ ရိုးရိုးရှင်းရှင်းကလေးပဲ။

သူ့ကို သံသယနဲ့မကြည့်မိအောင်လည်း ဖြူ သတိထားခဲ့
သည်။ သူ့ကို ဘယ်သူတွေက ဘယ်လိုပဲပြောပြော ဘယ်လိုပဲကန့်
ကွက်ကန့်ကွက် ဖြူမျက်ဝန်းလေးထဲမှာ အမြဲလိုလိုမြင်နေရတတ်
သည့် သူ့ပုံစံလေးကိုတော့ ဖြူသဘောကျခဲ့မိတာ အမှန်ပဲဖြစ်၏။

"အို ... ငါ ဘယ်မှာလိမ်လို့လဲ"

ဖြူပြောတာကို သူငြင်းလိုက်ပေမယ့် ဖြူကတော့ ဒါကို
လက်မခံနိုင်ပါ။

"ဟွန်း ... ရှင်လိမ်နေတာ ကျွန်မသိလို့ပြောနေတာလေ၊
တိုက်စစ်မှူး ... အခုလည်း ရှင့်ဘောင်းဘီနောက်အိတ်လေးထဲမှာ
ကျွန်မကိုကို အရမ်းမုန်းတဲ့ စံတော်ဝင်ပန်းလေးတစ်ပွင့်က ပါလာခဲ့
ပြန်ပြီလေ ... "

"ဘာ ... ဘာပြောတယ်"

သူ အယောင်ယောင်အမှားမှားနဲ့ပဲ ဘောင်းဘီနောက်အိတ်
လေးထဲက စံတော်ဝင်ပန်းကလေးကို ဆွဲထုတ်လိုက်မိရပြန်ပြီ။

သူကလည်း သတိမေ့ပြီး သူမရဲ့ခုတင်လေးဘေးမှာ ကျော
ခိုင်းရပ်လိုက်မိတာလေ။ ဒီလိုရပ်လိုက်တော့မှ စံတော်ဝင်ပန်းလေး



www.burmeseclassic.com

www.burmeseclassic.com

လေးကို သူမ တွေ့သွားခဲ့တာပဲနေမှာပေါ့။

"ရှင် ... ရှင် ဘာသဘောနဲ့ ဒီပန်းကလေးကို တမြတ်တနိုး ယူယူလာခဲ့တာလဲဟင် တိုက်စစ်မှူး ... ဒါဟာ ရှင့်ရဲ့သိုသိပ်လွှမ်းတဲ့ လျှို့ဝှက်ချက်တစ်ခု မဟုတ်ဘူးလို့ ရှင် ... ကျွန်မကို ခေါင်းခါငြင်းဦးမလား"

"ဒီမှာ ..."

သူ အပြတ်သားဆုံးပဲ မျက်နှာလေးကို သူမနဲ့မျက်နှာချင်းဆိုင်ဖြစ်သွားအောင် လှည့်ပစ်လိုက်ပြီ။

"ဒီပန်းကလေးကို ငါယူလာတာ မင်းကိုပေးမယ်ဆိုတဲ့ ရည်ရွယ်ချက်လေးတစ်ခုနဲ့ ငါယူလာတာ ..."

"ရှင် ..."

"ဒီရည်ရွယ်ချက်ကလွဲရင် တခြားရည်ရွယ်ချက် ငါ့မှာမရှိဘူး"

"အို ... ဒါ ... ဒါဆို ရှင်က ... ကျွန်မကို ..."

"ဟုတ်တယ် ... ဒီဆောက်လုပ်ရေးလုပ်ငန်းခွင်ကြီးနားကို ငါရောက်လာတဲ့တစ်နေ့မှာ မထင်မှတ်ဘဲ ကားပေါ်ပါသွားတဲ့မင်းကို ငါစပြီးတော့ တွေ့လိုက်ရတယ်၊ ကြည့်လိုက်တော့ ... အဲဒီကားလေးက ဆောက်လုပ်ရေးလုပ်ငန်းခွင်ကြီးထဲကို ဝင်သွားတယ်၊ အဲဒါ ငါ မင်းကို သဘောကျသွားလို့ ... ဒီမှာ အလုပ်ဝင်ခဲ့တာ၊ ဒီပန်းလေးက မင်းကိုပေးမယ်လို့ ရည်စူးပြီးတော့မှ ငါယူလာခဲ့တဲ့ပန်း ..."

"ဘုရားရေ ..."

"ရော့ ... ဒီမှာ မင်းတစ်ခါတည်း ယူလိုက် ..."

"ဟင် ..."





ဖြူကလည်း လက်ကမ်းပေးလိုက်မိပြီ။

မထူးတော့ဘူးလေ ... ဒီအချိန်ကိုရောက်နေပြီဆိုမှတော့ ရည်ရွယ်ချက်တွေအောင်မြင်အောင် အရှိန်မြှင့်ရတော့မှာပေါ့။

"ဒီ ... ဒီပန်းလေးကို ရှင်ယူလာတာ ကျွန်မကိုပေးမယ်လို့ ရည်စူးပြီးတော့မှ ရှင်ယူလာခဲ့တာ မဟုတ်လား"

"ဟုတ်တယ်လေ ... အဲဒါ ငါမင်းကို ချစ်လို့ ..."

"ရှင် ..."

သူတို့နှစ်ယောက်ရှေ့ကို ရောက်နေတဲ့ခစ်ခစ်က မျက်နှာကို ...ယ်လိုထားရမှန်းလည်း မသိတော့ပါ။ တိုက်တိုက်ဆိုင်ဆိုင် ဒီနေ့မှ ...ကြီးတိုက်စစ်မှူးက မမချစ်ခြင်းဖြူကို ချစ်တယ်ဆိုပြီးတော့ ဖွင့်...ပြောနေတာလေ။

မထူးတော့ပါဘူးဆိုပြီး ခစ်ခစ်ရှောင်ပေးလိုက်တာ မျက်နှာ...ှ အရမ်းပူရလွန်းလို့ပါ။ အခန်းအပြင်ဘက်ကိုပဲ နှုတ်ခမ်းလေးမဲ့... ခစ်ခစ် ထွက်လာခဲ့မိသည်။ လူနာခုတင်လေးနားမှာ ကျန်ခဲ့တာ ...ကြီးတိုက်စစ်မှူးနဲ့ မမချစ်ခြင်းဖြူ။

နှစ်ယောက်သား ရင်တွေခုန်နေတာ။

တစ်ယောက်မျက်နှာလည်း တစ်ယောက်က မကြည့်ရဲပါ။

တိုက်စစ်မှူးကတော့ ခပ်တည်တည်မျက်နှာထားလေးနှင့်ပဲ ...ခြင်းဖြူဘက်ကို လှည့်သည်။

သူမကို ချစ်တယ်လို့ပြောလိုက်စဉ်မှာ ရင်ခုန်သွားသလိုလေး ...သွားတာ မှန်ပေမယ့် ညီမလေး စံတော်ဝင်ရဲ့အပြစ်ကင်းသည့် ...ျက်နှာလေးကို မြင်လိုက်ရပြန်တော့လည်း ရင်ထဲမှာ နာကျင်သွား...ကတွေက ရင်ခုန်သံတွေနှင့်အပြိုင် ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com


တကယ်ဆို ... ညီမလေး စံတော်ဝင်ကို သူဘယ်တော့မှ မေ့လို့မရခဲ့တာလေ။ ဒါကြောင့်မို့ ... ပြင်းပြစွာ လက်စားချေချင်နေသည့်စိတ်က ရှေ့ကိုတက်လာစဉ်မှာ သူ့နှုတ်ခမ်းလေး အလိုလို ကွေးညွတ်သွားတာက ဘယ်လိုမှ အံ့သြနေစရာအကြောင်းလည်း မရှိတော့ပါချေ။

ခုချိန်မှာတော့ သူ့အရဲ့ဖွန့်ကာ ကမ်းပေးလိုက်သည့် စံတော်ဝင်ပန်းကလေးက ချစ်ခြင်းဖြူရဲ့ လက်ထဲမှာ။

သူမက ပန်းကလေးကို လက်ထဲကိုင်ရင်း ရီဝေစွာ ငေးစိုက်ကြည့်နေသည်။

"ဟင် ... "

ဒီလိုကြည့်နေရင်း မျက်ရည်စက်လေးတွေ ပြည့်အိုင်ပြုတ်ကျလာတော့ သူ ရုတ်တရက် အံ့သြသွားသည်။ ဘာဖြစ်တာလဲဟင်။ မင်း ဘာဖြစ်လို့ ဒီလိုမျက်ရည်တွေကျလာရတာလဲ။ သူ နားမလည်ပါ။

နားမလည်တော့ ချစ်ခြင်းဖြူကို မေးမိသည်။

"မင်း ... မင်း ... ဒီပန်းကလေးကို စိုက်ကြည့်ပြီးတော့ ဘာလို့မျက်ရည်တွေ ကျလာတာလဲ ချစ်ခြင်းဖြူ ... ဒီမျက်ရည်တွေနဲ့ ငါတောင်းဆိုလိုက်တဲ့အချစ်ကို ငြင်းပယ်နေတာလား၊ ဒါမှမဟုတ် မင်းမှာ လက်ထပ်ရမယ့်သူရှိနေပြီဆိုတဲ့ အဓိပ္ပာယ်လား"

"ကျွန်မ ... ကျွန်မ ရှင်မေးတာကို ဘယ်လိုဖြေရမလဲဟင် တိုက်စစ်မှူး ... "

"ရတယ် ချစ်ခြင်းဖြူ ... မင်း ကြိုက်သလိုဖြေလို့ရတယ် သိလား"

"ဟုတ်တယ် ... ကျွန်မမှာ မလွှဲသာမရှောင်သာ လက်ထပ်ရတော့မယ့် လူတစ်ယောက်ရှိနေပြီ ... "

"ဘာ ... ဘာပြောတယ်"

"ဒါပေမဲ့ အဲဒီလူကို ကျွန်မ မချစ်ဘူး ... "

"ဟွန်း ... "

တိုက်စစ်မှူး နှုတ်ခမ်းလေးမဲ့ပြီး ကိုယ်ကို လှည့်ပစ်သည်။

"ကျွန်မချစ်တာ ဒီစံတော်ဝင်ပန်းကလေးကို ... " .

"ဘယ်လို"

"မမချစ်ခြင်းဖြူရေ ... မမချစ်ခြင်းဖြူ ... "

"ဟဲ့ ... ဟဲ့ ခစ်ခစ် ... ဘာဖြစ်လာတာလဲ"

ခစ်ခစ် အခန်းထဲကို ပြေးဝင်လာတာ အမောတကောလေးပါ။

"ကိုကိုထက်ဖျားယံရော ကြီးညိုနဲ့ကြီးဝါပါ ဒီကိုလိုက်လာပြီ၊ အခုပဲ ... ခစ်ခစ် ဖုန်းကို ဆက်သွားတယ်"

"ဟင် ... ပြဿနာပဲ ... "

သူမအနားမှာ တစ်အိမ်လုံးကမုန်းနေတဲ့ တိုက်စစ်မှူးကရှိနေတာမို့လား။

"ဒီလိုလုပ်လေ ချစ်ခြင်းဖြူ ... ပြဿနာရှိနေတာချင်းအတူတူ ဒီပြဿနာကို စိတ်ညစ်ခံပြီး ဘာလို့ရင်ဆိုင်နေတော့မှာလဲ၊ မင်းကိုတကယ်ချစ်တယ်ဆိုရင် ငါခေါ်တဲ့နောက်ကို မင်းလိုက်ဖို့ပဲ ရှိတယ်"

"ရှင် ... ရှင့်မှာ ကျွန်မကိုခေါ်ရဲတဲ့သတ္တိ ရှိလို့လား"



www.burmeseclassic.com

www.burmeseclassic.com

"မယုံရင် စမ်းကြည့်လိုက်လေ ... ငါနာမည်တိုက်စစ်မှူး"

"လိုက်မယ်လေ ... ဘာဖြစ်လဲ ... ကဲ ..."

"ဟင်း ..."

ရုတ်တရက်ကြောက်ပြီး မျက်လုံးလေးဝိုင်းသွားတာ ခစ်ခစ်။

"မမ ... မမချစ်ခြင်းဖြူ ..."

"မချစ်မနှစ်သက်သူတစ်ယောက်ကို မျက်ရည်ပေါက်ပေါက်ကျပြီး လက်ထပ်လိုက်ရတာထက်စာရင် ချစ်တဲ့သူတစ်ယောက်ရဲ့ ရင်ခွင်ထဲမှာ မျက်ရည်ကျရတာက ပိုပြီးအဓိပ္ပာယ်ရှိမယ်ထင်လို့ ... ဆုံးဖြတ်ချက်ကို မမချစ်ခြင်းဖြူ ချလိုက်ရတာပါ ခစ်ခစ် ... ကိုကိုနဲ့ ကြီးညိုကြီးဝါလာရင် နင်ပဲ ဖြစ်ကြောင်းရယ်ကုန်စင်ကို ပြောပြလိုက်တော့ ... ရော့ ဒီမှာ ... ဆေးကုသစရိတ်ကျသမျှ ပိုက်ဆံကို နင်ပဲ ရှင်းပေးလိုက်ပါ ... မမချစ်ခြင်းဖြူ သူခေါ်တဲ့နောက်ကိုပဲ လိုက်သွားတော့မယ် ..."

"အဟင့် ... မမရယ် ... ဒုက္ခပါပဲ"

ဒီတစ်ခါ မျက်ရည်ကျရတာ ခစ်ခစ်ပါ။

တိုက်စစ်မှူးကတော့ မျက်နှာလေးမဲ့ရင်း ပြုံးလိုက်တာ နှုတ်ခမ်းလေးကပါ မဲ့လို့။

အခန်း ( ၁၇ )

"ဘာ ... ဘာပြောတယ် ခစ်ခစ် ... တိုက်စစ်မှူးဆိုတဲ့ကောင်က ညီမလေးချစ်ခြင်းဖြူကိုခေါ်ပြီး ထွက်သွားပြီ ဟုတ်လား"

"ဟုတ် ခစ်ခစ် ... အခုမှ နင်ကြောက်မနေနဲ့ ... ကိုကိုထက်များယ်မေးနေတာကို သတ္တိရှိရှိနဲ့ နင်အမှန်အတိုင်းဖြေစမ်း ... ဒီအတိုင်း ရိုးရိုးခေါ်သွားတာလား၊ ငါတို့ကို ဆန့်ကျင်ပြီးခိုးရာလိုက်သွားတာလား"

"ခိုး ... ခိုးရာလိုက်သွားတာ"

"ဘာပြောတယ် ..."

ကြီးညို ရင်ဘတ်ဖိလိုက်ရပြီ။

"မတန်မရာမှန်းတဲ့ကောင် ... လမ်းပေါ်ကလာတဲ့ ကလေကချေ အလုပ်ကြမ်းသမားက ငါတို့တူမ နုနုထွတ်ထွတ်လေးကို ခိုလုပ်သွားလို့ရမလား"

ကြီးဝါ ဈွေ့ဈွေ့ခုန်နေတာ မျက်နှာလေးကပင် ရဲတွတ်နေလို့ပါ။ ခစ်ခစ်ကတော့ အဆူခံရမှာကြောက်ပြီး မျက်ရည်တွေက အလုံးလိုက်ပေါက်ပေါက် ကျလာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ပြောစမ်း ခစ်ခစ် ... သူတို့ဘယ်ကိုသွားမယ်ပြောသွားလဲ"

"အဟင့် ... ဟင့် ..."

"ဟဲ့ ... ပြောလေ ..."

ကြီးဝါ ထပ်အော်တော့မှ မျက်ရည်လေးသုတ်ပြီး ခစ်ခစ် ပြောရသည်။

"ခစ်ခစ် ... ခစ်ခစ် ပြောရမှာလည်းကြောက်ပါတယ် ကြီးဝါ ရယ် ... ကိုကြီး ... ကိုကြီးတိုက်စစ်မှူးက မမချစ်ခြင်းဖြူကို တကယ်ချစ်တာလည်း မဟုတ်ဘဲနဲ့ ချစ်တယ်ပြောပြီး အတင်းမှ ခေါ်သွားလို့ မမချစ်ခြင်းဖြူပါသွားတာ ... အဲဒါ ... အဲဒါ ... မမချစ် ခြင်းဖြူကလည်း ခစ်ခစ်ကိုမှာသွားတယ်၊ မချစ်မနှစ်သက်သူတစ် ယောက်ကို လက်ထပ်မယူချင်လို့ ကိုကြီးတိုက်စစ်မှူးခေါ်ရာ နောက်ကို သူလိုက်သွားတာတဲ့"

"ဘုရား ... ဘုရား ..."

မျက်လုံးပြူးပြူးကြီးတွေနှင့် ရင်ဘတ်ဖိပြီး ဘုရားတနေတာ ကြီးညိုနှင့်ကြီးဝါ နှစ်ယောက်စလုံးပါ။ ထက်ဖျားယံကိုယ်တိုင်ပါ လျှင် တက်ခေါက် နှုတ်ခမ်းကိုက် လက်သီးဆုပ်ရုံကလွဲလို့ ဘာမှ မတတ်နိုင်။

သေချာတာကတော့ ...

ဒီကောင်မျိုးနဲ့သူ ဘယ်လိုမှ သဘောမတူနိုင်တာဘဲဖြစ် သည်။

ပြောရရင် ဒီကောင် ကုမ္ပဏီလုပ်ငန်းခွင်ကြီးထဲကို ဝင်လာ တာ ဒီရည်ရွယ်ချက်တွေနှင့်လား။ သူကလည်း ဒီအချက်ကို မပြ နိုင်ကောင်းဘူးထင်လို့ မေ့လျော့ထားခဲ့မိ၏။





"ဘယ်လိုလုပ်မလဲ ကြီးညို ..."

သူ ကြီးညိုကိုပဲ လှည့်ကာ မေးမိသည်။

"ဟဲ့ ... ဘာလုပ်ရမလဲဆိုတော့ သူတို့နှစ်ယောက်ကို မတွေ့ တွေ့အောင်ရှာပြီးတော့ အချိန်မီလိုက်ခွဲရမယ်လေ၊ ဒီလိုကောင်စား မျိုးရဲ့လက်ထဲမှာ ငါတို့တူမလေးကို ရေတိမ်အနစ်မခံနိုင်ဘူး၊ ဒီ ကောင်လေးအကြောင်းကိုသိတာ ဦးမြတ်အိမ်ရွှေထွန်းပဲ ... သူ ဘယ် ကိုခိုးပြေးသွားသလဲဆိုတာ ဦးမြတ်အိမ်ရွှေထွန်း သိကိုသိရမယ်၊ လာ ထက်ဖျားယံ ... ဦးမြတ်အိမ်ရွှေထွန်းကို သွားမေးမယ်"

ဦးမြတ်အိမ်ရွှေထွန်းဆီရောက်သွားလို့ အကျိုးအကြောင်း ပြောလိုက်တော့ ...

"ဗျာ ... တိုက်စစ်မှူးက ချစ်ခြင်းဖြူကို အတင်းလက်ဆွဲ ပြီးတော့ ခေါ်သွားတယ် ဟုတ်လား ..."

ဦးမြတ်အိမ်ရွှေထွန်း ခေါင်းမီးတောက်ရပြီ။

"ဒုက္ခပါပဲဗျာ ... ကျွန်တော် ... ကျွန်တော် သိလိုက်တာက ချစ်ခြင်းဖြူ ... ရုတ်တရက် မူးလဲသွားလို့ ဆေးခန်းပြဖို့ခေါ်သွား တာပဲ သိလိုက်တာ"

"ရှင် ... မညာနဲ့နော် ဦးမြတ်အိမ်ရွှေထွန်း ... ဒီကောင်နဲ့ပတ် သက်နေသမျှ ကိစ္စတွေအားလုံး ရှင်သိကိုသိရမယ်"

"ဗျာ ..."

ကြီးဝါ တပ်အပ်သေချာပေါက်စွပ်စွဲပြောနေတော့ ဦးမြတ် အိမ်ရွှေထွန်း ဖြေရှင်းရခက်နေ၏။ ပြောရရင် ဒီကောင့်ကိုသိခဲ့တာ လည်း အလုပ်ထဲကိုခေါ်သွင်းလာတဲ့နေ့ကမှ စသိခဲ့တာလေ။



www.burmeseclassic.com

www.burmeseclassic.com



ကောင့်ရဲ့အတွင်းကျကျ ခံစားချက်တွေကိုလည်း ကိုယ်ကအပေါ် ယံသဘောလေးလောက်သာ သိခဲ့ရတာဖြစ်သည်။

"ကျွန်တော် ... ကျွန်တော် ... တကယ်မသိလို့ မသိဘူး ပြောလိုက်တာပါဗျာ"

"မယုံဘူး ... ရှင်ပြောနေတာလည်း ကျွန်မတို့လက်မခံနိုင် ဘူး"

ကြီးညိုကလည်း မျက်နှာထားမာမာနဲ့။

"ယုံပါဗျာ ... ကျွန်တော် တကယ်မသိခဲ့တာပါ"

"ဟာ ... မသိလို့ရမလား ... မသိလို့ရမလား ... ဦးမြတ်အိ န္ဒြေထွန်းရဲ့ ... ဒီကောင့်ကိုခေါ်လာတုန်းက ဒီကောင့်အတွက် အ စအရာရာ တာဝန်ယူပါတယ်ဆိုပြီး ခင်ဗျားပဲခေါ်လာခဲ့တာလေ အခု ဒီကောင်က မတန်မရာတက်မှန်းပြီး အားလုံးကို ဂရုမစိုက်တဲ့ အပေါက်မျိုး ချိုးသွားပြီဆိုတော့ ဒီပြဿနာကို ခင်ဗျားပဲတာဝန်ယူ ဖြေရှင်းတော့ပေါ့ ..."

"ကျွန်တော် ... ကျွန်တော် ဘယ်လိုတာဝန်ယူဖြေရှင်းရမှာ လဲ ဦးမောင်မောင်စိုးရာ ..."

"ဟာ ... မဖြေရှင်းနိုင်ရင်လည်း ဒီကောင့်အကြောင်းတွေ ခင်ဗျားသိသမျှ အကုန်ဖောက်သည်ချလေ၊ ကျွန်တော် စိတ်ထဲထင် နေတာက ဒီကောင် တကယ်မချစ်ဘဲ ခိုးပြေးသွားတာ ဒီကောင့်မှာ လျှို့ဝှက်ထားတဲ့ ခံစားချက်တွေ ရှိတယ်လို့ ကျွန်တော်ထင်တယ်"

"ဟုတ်တယ် ... ဦးမောင်မောင်စိုး၊ ဒါကိုတော့ ခင်ဗျားပြော တာ ကျွန်တော်ထောက်ခံတယ်"

ဘာပဲပြောပြော တွယ်ကပ်ထားမရတဲ့အလုပ်ကလေး၊





တော့ ဦးမြတ်အိန္ဒြေထွန်း အပြတ်မခံနိုင်ပါ။ ဒါကြောင့်မို့ ... ကိုယ် သိထားသလောက်တော့ အားလုံးကို အသိပေးပြောပြလိုက်တော့ မည်။

"ဒီလိုဗျာ ... ဦးမောင်မောင်စိုး ... ဒီကောင့်ကို ကျွန်တော် ခေါ်လာတာလည်း ကျွန်တော်မငြင်းဘူး၊ ကျွန်တော်က လမ်းပေါ် မှာ ဒီကောင်ဒုက္ခရောက်နေလို့ ရိုးရိုးသားသား ကူညီချင်တဲ့စိတ်တစ် ခုပဲရှိခဲ့တာ ... အခုတော့ ဒီကောင်နဲ့ပတ်သက်ပြီး ကျွန်တော် သိ ထားရသလောက်ပြောရရင် ဒီကောင့်မှာ ခင်ဗျားပြောသလို ဘယ်သူ မှမသိအောင် လျှို့ဝှက်ထားတဲ့ ခံစားချက်တစ်ခုရှိနေတာ ကျွန်တော် သိနေသလိုပဲ ..."

"ဟင် ... ဘယ်လိုလျှို့ဝှက်ချက်လဲ"

ဒါကိုတော့ ထက်ဖျားယံက အထိတ်တလန့်လေး မေးလိုက် တာပဲဖြစ်သည်။

"စံတော်ဝင်ပန်းလေးတစ်ပွင့်ကို လေထဲမြှောက်လိုက် ပြန် ဖမ်းလိုက်လုပ်ပြီး နှုတ်ခမ်းလေးမဲ့မဲ့သွားတတ်တဲ့ ဒီကောင့်ရင်ထဲက ခံစားချက်ကို ကျွန်တော့်စိတ်ထဲမှာ အလိုလိုသိနေသလို ခံစားနေရ တာ ... ကျွန်တော် ဘယ်လိုရှင်းပြရရင် ကောင်းမလဲ ..."

"ဘာ ... ဘာပြောတယ် ဦးမြတ်အိန္ဒြေထွန်း ... စံတော်ဝင် ပန်းလေးတစ်ပွင့်ကို လေထဲမြှောက်လိုက် ပြန်ဖမ်းလိုက်လုပ်ပြီး ဒီကောင့် နှုတ်ခမ်းလေးက မဲ့မဲ့သွားတယ် ဟုတ်လား ... ပြီးတော့ ပြီးတော့ ... ဒီကောင် ဒီပန်းလေးနဲ့ပတ်သက်ပြီး ခင်ဗျားကို ဒီကောင် ဘာတွေပြောသွားသေးလဲ"

"ပြောတာပေါ့ ... ဘော့စ်ရာ ... ဒီကောင်ပြောတာက ဟို



www.burmeseclassic.com

www.burmeseclassic.com



တုန်းက အမှတ်တမဲ့လေးနဲ့ နားမလည်ခဲ့တာမှန်ပေမယ့် ခုတော့ တဖြည်းဖြည်းနဲ့ နားလည်လာသလိုပဲ”

“ဟင် … ဒီကောင် ဘာပြောလို့လဲ …”

“ဒီစံတော်ဝင်ပန်းလေးဟာ သူ့ဘဝရဲ့အဆုံးမဲ့ မျှော်လင့်ချက် ပန်းကလေးတဲ့ … ဒီပန်းလေးနဲ့ပတ်သက်ပြီး ခံစားချက်တွေရှိနေ လို့ ဒီလောကကြီးထဲမှာ သူဆက်ပြီးတော့ ရှင်သန်နေရတာတဲ့၊ ဒါကို ဘော့စ်လဲ စဉ်းစားကြည့် … ဒီစကားတွေကို နာနာကြည် ကြည်းလေးနဲ့ နှင့်နှင့်သည်းသည်းကလေး ဒီကောင်ပြောခဲ့တာ၊ ဒီကောင့်ရင်ထဲမှာ ဘယ်သူ့မှ မရှိအောင်ဖွက်ထားတဲ့ လျှို့ဝှက်ချက် ပဲ”

“ကြားတယ်နော် ဘော့စ် …”

ဦးမောင်မောင်စိုးက နှုတ်ခမ်းလေးမဲ့ကာပြုံးရင်း ဘော့စ် ထက်ဖျားယံကို အဓိပ္ပာယ်ပါပါလေး လှမ်းကြည့်သည်။

“ဒါကြောင့်မို့ … ဒီကောင် ဒီတိုက်ကြီးထဲကို စဝင်လာက တည်းက ကျွန်တော်မသင်္ကာဖြစ်နေတာ၊ သေချာတာက နာကြည် ချက်တွေအညှိုးအတေးတွေ လက်စားချေလိုမှုတွေနဲ့ ဒီကောင်ဝ လာတာ၊ ဘော့စ်သိပါတယ် … စံတော်ဝင်ပန်းကလေးကို ဘော့စ် စားပွဲက ပန်းအိုးလေးထဲမှာထိုးစိုက်ပြီး ဒီကောင် ခပ်မိုက်မိုက် ခေါ်လိုက်တာလေ … အဲဒါ … ဘော့စ်တစ်ခါက ပြောခဲ့ဖူး စံတော်ဝင့်မှာ မိဘနဲ့ညီမလေးကိုထားခဲ့ပြီး အစတစ်ခုရှာလို့ အောင် ပျောက်သွားတဲ့အစ်ကိုတစ်ယောက်ရှိခဲ့တယ်ဆိုတာ … ဒီအစ်ကိုပြန်ပေါ်လာပြီး ဘော့စ်ကို လက်စားချေဖို့ ရည်ရွယ်ချက် နဲ့ ချစ်ခြင်းဖြူကို အယုံသွင်း ခိုးပြေးသွားတာဆိုရင် ဘယ်လို





မလဲ”

“ဘုရား … ဘုရား …”

ကြီးညိုရော ကြီးဝါပါ ရင်ဘတ်ကလေးကိုယ်စီဖိကာ ဘုရား တလျှက်။

“ဖြစ်နိုင်တယ် ဦးမောင်မောင်စိုး … ခင်ဗျားပြောတဲ့အချက် က လုံးဝဖြစ်နိုင်တယ်”

ဦးမြတ်အိန္ဒြေထွန်း ခေါင်းငိုက်စိုက်ကျသွားသည်။

စံတော်ဝင်တဲ့ …

စံတော်ဝင်မှာ အစ်ကိုတစ်ယောက်ရှိခဲ့တယ်ဆိုတဲ့စကားက ဘာကိုရည်ရွယ်ပြောလိုက်မှန်း ဦးမြတ်အိန္ဒြေထွန်း ရုတ်တရက် နား မလည်နိုင်ပါချေ။ သူတစ်ခုပဲ ဘော့စ်ထက်ဖျားယံနှင့်ပတ်သက်ပြီး ကြားဖူးနားဝရှိထားခဲ့တာက စားသောက်ဆိုင် စင်တင်တေးဂီတ ဝိုင်းတွေမှာ ဦချင်းလိုက်ဆို ဖျော်ဖြေရတဲ့ကောင်မလေးတစ်ယောက် ကို လက်ထပ်ခဲ့ဖူးတယ်ဆိုသည့် အချက်ပဲဖြစ်သည်။

လက်ထပ်ပြီးခါမှ မတူညီတဲ့အသိုင်းအဝိုင်းတွေကြားမှာ ခေါင်းမဖော်ရဲအောင် အနိုင်ခံ အနှိပ်စက်ခံခဲ့ရတဲ့အကြောင်း … နောက်ဆုံးမှာ အဲဒီကောင်မလေး ဆင်းရဲတဲ့သူတို့ရဲ့ အိမ်ကလေးကို ပြန်သွားပြီး ကိုယ့်ကိုယ်ကိုယ် ကြိုးဆွဲချသတ်သေသွားတဲ့အကြောင်း ဒါတွေကိုတော့ … ဟုတ်လား မဟုတ်လားမသိရဘဲ အရပ်စကား လိုလို ပါးစပ်စကားလိုလိုနဲ့ပဲ ဦးမြတ်အိန္ဒြေထွန်း သိထားခဲ့ရတာပါ။

အခု သူတို့ရည်ရွယ်ပြောနေတဲ့ စံတော်ဝင်ဆိုတာ အဲဒီမိန်း ကလေးလား။



www.burmeseclassic.com

www.burmeseclassic.com



"တောက် ... တော်တော်မိုက်ရိုင်းတဲ့ကောင်"

ထက်ဖျားယံ လက်သီးကို ကျစ်နေအောင် ဆုပ်သည်။

"ညီမလေးရာ ... မင်းမို့ ဒီလိုကောင်မျိုးကို ..."

"ဝုန်း ..."

ရပ်ထားသည့်ကားတံခါးကိုပဲ ဝုန်းခနဲနေအောင် ထက်ဖျားယံ ပိတ်ဆောင့်ကန်ပစ်သည်။ သေချာတာက ထက်ဖျားယံ မခံစားနိုင်တော့လောက်အောင် မျက်နှာတွေ ရဲတွတ်နီမြန်းလျက်။

"ကဲ ... ခင်ဗျားပဲပြောတော့ ... ဦးမြတ်အိန္ဒြေထွန်း၊ ခင်ဗျားကောင် ... အခုဘယ်မှာရှိမယ်လို့ ခင်ဗျားထင်သလဲ ..."

"ဒီကောင် ... ဒီကောင် အဝေးကိုထွက်သွားတော့မှာ"

"ခင်ဗျား မလိမ်နဲ့ ... ဦးမြတ်အိန္ဒြေထွန်း ..."

"ကျွန်တော် ... ကျွန်တော် ဘော့စ်ကိုမလိမ်ရဲပါဘူး ဘော့စ်ရယ် ... အခု ကျွန်တော်အိမ်မှာ လက်ခံထားတယ်ဆိုတာလည်း အနိုက်အတန့်သဘောမျိုးလေးနဲ့ ယာယီနေရာလေးပေးထားတာပါ၊ ဒီကောင် ... အဝေးကြီးကို ခေါ်မသွားရင်တောင် ဒီကောင် ကျင်လည်ကျက်စားဖူးတဲ့နေရာတစ်ခုကို ခေါ်သွားတာပဲဖြစ်ရမယ်"

"အဲဒါ ... ဘယ်နေရာဖြစ်နိုင်သလဲ ..."

"ဒီကောင် တစ်ခါတော့ကျွန်တော့်ကို ပြောဖူးတယ်၊ ရွှေပြည်သာဘက်မှာ သူနေခဲ့ဖူးတယ်တဲ့ ..."

"ရွှေပြည်သာ ... ဟုတ်လား ..."

ကြီးညိုနဲ့ကြီးဝါ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေကြတာ မျက်တောင်ခပ်ဖို့ကိုပင် သတိမေ့နေခဲ့သည့်အလား။

"မင်း ... မင်းသဘောပေါက်တယ်နော် ထက်ဖျားယံ ...





ဦးမြတ်အိန္ဒြေထွန်း ပြောတဲ့ ရွှေပြည်သာဆိုတာ ဖြစ်နိုင်တယ်၊ တို့ခြံထဲကနေ စံတော်ဝင်ဆင်းသွားတုန်းက ရွှေပြည်သာကိုပဲ ... မင်းလိုက်ခဲ့ရတာလေ၊ အားလုံးတွက်ထားသလို ဒီကောင်သာ စံတော်ဝင်ရဲ့အစ်ကိုဆိုရင် ရွှေပြည်သာကလွဲရင် တခြားဘယ်နေရာကိုမှ ခေါ်သွားစရာ အကြောင်းမရှိတော့ဘူး"

"အဟင့် ... မိုက်လိုက်တာ တူမလေးရယ် ... အဟင့် ဟင့် ဟင့် ..."

ကြီးဝါ စိတ်မထိန်းနိုင်တော့လို့ တဟင့်ဟင့်လေးနဲ့ရှိုက်ငိုခဲ့ပြီ။

"သေချာပါတယ် ဘော့စ်ရယ် ... ဒီကောင် စံတော်ဝင်ရဲ့အစ်ကိုဆိုတာ သေချာတယ် ... စံတော်ဝင်နဲ့ပတ်သက်ပြီး နာကြည်းချက်တွေနဲ့ လက်စားချေချင်လို့ ကျွန်တော်တို့ ကုမ္ပဏီထဲကိုဝင်လာတာ"

"အဟင့် ... ခုလောက်ဆို တို့တူမလေးကို ဒီကောင် ..."

"ဟဲ့ ... ဝါဝါ သတိထားလေ ဒုက္ခပါပဲ ..."

ဦးမြတ်အိန္ဒြေထွန်းကတော့ အခုမှ အခြေအနေတွေအားလုံးကို သဘောပေါက်နားလည်လိုက်ပါပြီ။ ကြည့်လိုက်တိုင်း ... နာကြည်းရိပ်ဝေနေတဲ့ မျက်ဝန်းကလေးတွေနဲ့ နှုတ်ခမ်းလေးမဲ့မဲ့ပြီး ပြုံးနေတတ်တဲ့ တိုက်စစ်မှူး။

ခုတော့ ... ဒီကောင်ပွဲကြမ်းသွားပြီပေါ့။

"ကဲ ... ခင်ဗျားပါ ကားပေါ်တက်လိုက်ဗျာ ဦးမြတ်အိန္ဒြေထွန်း ... ဒီကောင်နဲ့ အပြတ်ရှင်းရမယ့်ကိစ္စမှာ ခင်ဗျားပါတော့ ပိုကောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



တကယ်တမ်းရွှေပြည်သာကို သွားရှာတော့လည်း တိုက်စစ်မှူးရဲ့အရိပ်အယောင်လေးကိုပင် မတွေ့ခဲ့ရပါ။

ထက်ဖျားယံ ဒေါပွလို့မဆုံး။

ထိုအချိန်မှာ တိုက်စစ်မှူးနဲ့ချစ်ခြင်းဖြူတို့နှစ်ယောက်က လှော်ကားဘူတာနားက ခပ်စုတ်စုတ် ထမင်းဆိုင်လေးထဲမှာ။

"ဟွန်း ... ထမင်းမစားဘဲ မင်းငါ့ကို ဘာလို့စိုက်ကြည့်နေတာလဲ ချစ်ခြင်းဖြူ ... ငါ့နှလုံးသားထဲမှာရှိနေတဲ့စကားတွေကို မျက်လုံးထဲကနေ ထိုးဖောက်စိုက်ကြည့်ပြီး ဘာသာပြန်ဖို့ မင်းကြိုးစားနေတာလား"

"ဟုတ်တယ် ... ရှင် ဘာကိုရည်ရွယ်ပြီးလှုပ်ရှားနေသလဲဆိုတာသိချင်လို့ ကျွန်မ ရှင့်မျက်လုံးတွေကို စိုက်ကြည့်နေတာ၊ အမှ ရှင် ... ကျွန်မကိုခေါ်လာတယ်၊ အနီးဆုံးတရားရုံးမှာ နှစ်ဦးသဘောတူ လက်မှတ်ထိုးတယ်၊ ပြီးတော့ ... ကျွန်မတစ်သက်နဲ့တစ်ကိုယ် တစ်ခါမှ မစီးဘူးတဲ့မြို့ပတ်ရထားကြီးစီးပြီး ဒီနေရာရောက်အောင် ရှင်ခေါ်လာတယ်"

"အဲဒါ ဘာဖြစ်လဲ ..."

"ကျွန်မ ရယ်ချင်တယ်"

"ဘာပြောတယ် ..."

တိုက်စစ်မှူးစိတ်တွေ လှုပ်ရှားသွားတာ ထိန်းထားလို့မရ

"ရှင်လုပ်နေသမျှတွေအားလုံးကို ကျွန်မခံနိုင်ရည်ရှိတယ်ဆို ရှင် ရှင်ယုံမလားဟင် တိုက်စစ်မှူး ... ဒီလို ခနော်ခနဲ့ထမင်း ဆိုင်ကလေးကို ရှင်ရအောင်ခေါ်လာတာမျိုး"

ချစ်ခြင်းဖြူက ထမင်းဆိုင်ကလေးကို မျက်လုံးလေးဖျ





ခနဲ့ဝေ့ကာကြည့်ရင်း အပြုံးတွန့်တွန့်ကလေးနှင့် တမင်ပြောလိုက်တာဖြစ်သည်။

"ဒါ ... ဒီပတ်ဝန်းကျင်မှာရှိသမျှ ထမင်းဆိုင်တွေထဲမှာ အကောင်းဆုံးထမင်းဆိုင်ပဲ၊ ဘာလဲဟင် ချစ်ခြင်းဖြူ ဒီလိုဆိုင်မျိုးမှာ ထမင်းဝင်စားလိုက်ရတဲ့အတွက် မင်းဘဝမှာ အရှမ်းသိမ်ငယ်သွားလို့လား"

"ဟင့်အင်း ... ကျွန်မ အဲလိုမထင်ပါဘူး"

"ကဲ ... ဒါဆို ဘာဖြစ်လဲပြော ... ငါက လမ်းပေါ်ကကောင်မို့လို့ ဒီလိုဆိုင်မျိုးမှာဝင်စားရလည်း ထမင်းမြိန်တယ် ... ရှင်းပါတယ် ငါးပိရည်ခွက်ကလေးနဲ့ တို့စရာပန်းကန်လေးကိုပဲ ငါဒူးထောက်ခဲ့တာ၊ ဘယ်လိုချမ်းသာတဲ့ကောင်မျိုးကိုမှ ဒူးမထောက်ချင်လို့"

သူက ရင်ထဲမှာရှိတဲ့စကားကို အပြတ်ပဲပြောချသည်။

"အဲဒါ ... ရှင့်မာနပဲလေ တိုက်စစ်မှူး ... ဒီအတွက်ကိုတော့ ပြောစရာစကား ကျွန်မရင်ထဲမှာ မရှိပါဘူး"

"မရှိရင် ဗိုက်ပြည့်သွားအောင် တစ်ခါတည်းစားလိုက်၊ ရော့ ဒီမှာ ချဉ်ပေါင်ကြော် ... ဒါက ပုဇွန်ငါးပိချက် ... ဒီမှာ ကြက်သား"

ပြောရင်း ... တိုက်စစ်မှူးက ဟင်းပန်းကန်တွေကို သူမ ရှေ့ရောက်အောင် ထိုးပေးသည်။ ဖြူကြည့်လိုက်တော့ နံချာချာ ထမင်းဆိုင်လေးတွေရဲ့ ထုံးစံအတိုင်း အနားပဲ့ပန်းကန်ဟောင်းကလေးနှင့်ဖြစ်သလို ထည့်ထားသည့် ဟင်းခွက်တွေက သန့်ရှင်းသပ်ရပ်မှုလည်းမရှိ။

ဆိုင်ရှင်မိန်းမက ခနော်ခနဲ့ဆိုင်ကလေးရဲ့နောက်ဖက်မှာ မိန်ရင်လျှားဝတ်လျက် တကျိကျိငိုနေသော ကလေးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com

ကို စောင်အပေါင်းပုခက်ထဲမှာ လွဲသိပ်နေသည်။ ပုခက်ဘေးက မြေပြင်ထက်မှာတော့ အင်္ကျီအစုတ် ဘောင်းဘီအစုတ်ကလေးနှင့် ကလေးတစ်ယောက်က ဂေါ်လီလုံးလေးတွေနှင့် ဆော့နေတာကို မြင်နေရ၏။

ဖြူ သက်ပြင်းရှိုက်မိသည်။

"စားလေ ချစ်ခြင်းဖြူ ..."

သူ ထပ်ပြောတော့မှ စတီးလ်ဇွန်းကလေးကို ဖြူလှမ်းကိုင်ကာ ...

"ရှင်လည်း စားလေ ..."

သူ နှုတ်ခမ်းလေးမဲ့ပြီးပြုံးသွားတာ။ ဖြူ့ကိုလှောင်နေတာလား။ တကယ်တမ်းစားတော့လည်း ဖြူစားလို့မဝင်ပါ။ သူကတော့ ဖြူ့ရှေ့မှာ မြိန်ရေယှက်ရေ ပလုတ်ပလောင်း စားပြလျှက်။

ရေတ်သီးစပ်ပြီး သူ ရှူးရှူးရှဲရှဲဖြစ်နေတာကိုတော့ ဖြူရယ်ချင်ပါသည်။ လမ်းပေါ်မှာပေပေတေတေ နေလာခဲ့သူတစ်ယောက်က ငရုတ်သီးလေးစပ်တာတောင် မခံနိုင်တော့ဘူးတဲ့လား။

"ဟာ ... ချစ်ခြင်းဖြူ မင်းတော်ပြီလား ..."

"ရတယ် ... ကျွန်မ ဗိုက်ပြည့်နေလို့ ..."

သူ မကျေနပ်ပါ။

ဖြူ့ကို နှုတ်ခမ်းလေးမဲ့ကြည့်သည်။

"ဟွန်း ... နောက်မှ ဗိုက်ဆာတယ်လို့ မင်းမပြောနဲ့နော်၊ ငါတို့နှစ်ယောက် အခုသွားရမယ့် အိမ်ကလေးနားမှာ သွားရည်ယို ရောင်းတဲ့ မုန့်ဆိုင်လေးပဲရှိတယ် ... ဗိုက်ဆာလာမှ ပဲမုန့်ကိုရေ မျှောချနေရဦးမယ်"





"ကျွန်မ ခံနိုင်တယ်"

"သေချာတယ်နော်"

"ဒီမှာ ..."

ဖြူက မျက်တောင်ရှည်တွေ ပင့်ကော့ကာ ဖျတ်ခနဲမော့ကြည့်သည်။ သူက မဲ့ထားလက်စ နှုတ်ခမ်းလေးကို ဖြုတ်ချမပစ်သေးဘဲ ဖြူ့ကိုပြန်မော့ကြည့်၏။ အကြည့်ချင်းဆုံသွားတော့ သူကပဲ မျက်လွှာကို ကပျာကယာ ပြန်သိမ်းသည်။

"ရှင်ခေါ်တဲ့နောက်ကို လိုက်လာတယ်ဆိုကတည်းက ရင်ဆိုင်ရဲတဲ့သတ္တိတွေရှိလို့ လိုက်လာတာ၊ ရှင်နဲ့ပတ်သက်ပြီး အမြဲရင်ခုန်နေခဲ့ရတဲ့အတွက်လည်း ကျွန်မကိုယ်ကျွန်မ အံ့သြတယ် ... အဲဒါ ရှင်ပဲ ကံကောင်းတာလား ... ကျွန်မပဲ ကံဆိုးတာလား"

"အဟွန်း ... အဲဒါ မင်းကံဆိုးတာပဲဖြစ်မှာ"

"ဘယ်လို တိုက်စစ်မှူး ..."

"ငါက လမ်းပေါ်မှာ ခြေသလုံးအိမ်တိုင် လျှောက်သွားနေတဲ့ကောင် ..."

"အဲဒါ ... ကျွန်မ သိတယ်လေ ... ဘာဖြစ်လို့လဲ ..."

"ဒုက္ခဆင်းရဲခြင်းတွေက အဖော်အပေါင်းတွေနဲ့ စုဝေးပြီးတော့ မင်းဆီကို မကြာခင် ရောက်လာတော့မှာ"

"ဟင် ..."

ဖြူ မျက်နှာလေး ပထမဆုံးအကြိမ် နည်းနည်းလေးတော့ ပျက်သွားသည်။

ဒုက္ခဆင်းရဲခြင်းတွေက အဖော်အပေါင်းတွေနဲ့စုဝေးပြီး မင်းဆီကို မကြာခင် ရောက်လာတော့မယ်တဲ့။ ဒါကို ဘယ်လိုရင်ဆိုင်ရမယ်


www.burmeseclassic.com

www.burmeseclassic.com



ချက်တွေနဲ့ ရှင်ပြောလိုက်တာလည်းဟင် တိုက်စစ်မှူး။

ကျွန်မ နားမလည်တာတော့ အမှန်ပဲ။

မထူးစိတ်ပိုက်ပြီး ရှင့်နောက်ကို ကျွန်မ လိုက်ခဲ့တာမှန်ပေ မယ့် ကျွန်မ နှလုံးသားတွေက ရှင်တစ်ယောက်တည်းကိုပဲ ပေးအပ်ဖို့ ရည်ရွယ်ချက်တွေ အများကြီးနဲ့ ကျွန်မလိုက်ခဲ့တာပါ။ ဒုက္ခဆင်းရဲ ခြင်းတွေကို မကြုံဖူးခဲ့ပေမယ့် နားလည်တယ်။

ရှင် မပူပါနဲ့ ...

ရှင့်နောက်ကို ချစ်ခြင်းဖြူ လိုက်ရဲတယ်။

ရှင် ဘယ်အထိ ခေါ်မလဲ ...

"ရှင် ... ရှင် ဘာပြောလိုက်တာလဲဟင် တိုက်စစ်မှူး ... ရှင်ပြောတဲ့ ဒုက္ခဆင်းရဲခြင်းဆိုတာ ဘာလဲ ... "

တစ်သျှူးလေးထုတ်ကာ နှုတ်ခမ်းလေးကို တို့သုတ်ရင်း ဖြူ ဟန်မပျက်လေးမေးတော့ ဆိုင်အပြင်ဘက်လမ်းမကြီးကို သူခပ်ငေ ငေးလေး ကြည့်ကာ ...

"တော်ပြီ ချစ်ခြင်းဖြူ ... အဲဒါတွေ မင်းဘာမှမမေးနဲ့တော့ အခု မင်းဟာ တရားဝင်လက်ထပ်ခြင်းတစ်ခုနဲ့အတူ တိုက်စစ်မှူးဆို တဲ့ကောင်ရဲ့ မယားတစ်ယောက်ဖြစ်သွားပြီလို့ပဲ ... မင်းခံယူထား လိုက်တော့ ... ကဲ ... ဒီမှာဗျို့ ဘယ်လောက်ကျလဲ ... ရှင်းမယ်"

သူ ဆိုင်ရှင်မိန်းမကို ခပ်ကျယ်ကျယ်အော်မေးလိုက်သ ဘောင်းဘီနောက်အိတ်လေးထဲက ခပ်နွမ်းနွမ်းငွေစက္ကူလေး ရွက်ကို ဆွဲထုတ်လိုက်တာလည်း မြင်လိုက်ရ၏။

သူ ထရပ်တော့ ဖြူပါ ထရပ်လိုက်ရပြီ။

ငွေရှင်းပြီးတာနဲ့ သူက ဆိုင်ပြင်ကို ချာခနဲ လှည့်ထွက်သည်

ဖိုးလပြည့်စာပေ



သူနောက်ကို ခြေလှမ်းကြဲကလေးနဲ့ မပြေးရုံတမယ်လေး လိုက်ခဲ့ရတာဖြူပါ။ သူ ဘယ်အထိသွားမလဲ။ ဖြူ့ဘက်က သူခေါ် ရာနောက်ကို လိုက်သွားဖို့ အဆင်သင့်ပါ။

ဖြူ လက်မထပ်နိုင်တာ။

သိပ်ကိုမှ တည်တင်းလွန်းတဲ့ စည်းရုံးညီဆိုတဲ့ လူတစ် ယောက်ကိုပါပဲ။ ချမ်းသာတဲ့အရှိန်တွေပြပြီး ငွေစက္ကူတွေနဲ့ ပုံအော လှယ်ချင်လို့ရမလား။

ခုလောက်ဆို ...

ကိုကိုထက်ဖျားယံတို့ ကြီးညိုတို့ ကြီးဝါတို့ ရန်ကုန်တစ်မြို့ လုံးကို မြေလှန်ပြီး လိုက်ရှာနေလောက်ပြီပေ့ါ။

တွေးရင်း ခေါင်းထဲမှာ မိုက်ခနဲ တစ်ချက်ဖြစ်သွားပေမယ့် ခြေလှမ်းကလေးတွေက သူ့နောက်မှာ ထပ်ကြပ်မကွာ။

ဖြူ ရင်တွေခုန်ကာ တစ်ကိုယ်လုံးအေးစက်လျှက်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၉ )

"ဟေး ... ဦးဦးတိုက်စစ်မှူး ပြန်လာပြီကွ"

"ဟယ် ... ဦးဦးတိုက်စစ်မှူးခေါ်လာတဲ့မမက ချောလိုက်တာ"

"ဆံပင်ရှည်ရှည်လေးနဲ့ အသားလေးက အိစက်နေတာပဲ"

"ဟေး ... ဟေး ..."

"ဒါမှ တို့ရဲ့ဦးဦးတိုက်စစ်မှူးကွ ..."

"ဟေး ..."

ကြည့်စမ်း ...

သူ့ကိုမြင်တာနဲ့ ပြေးထွက်လာတဲ့ကလေးတစ်အုပ်က နည်းတာမှမဟုတ်တာ။ လမ်းထဲက ဘုစုခရုကလေးတွေမှ တစ်ပုံကြီး ကလေးတွေက တိုက်စစ်မှူးလက်ကို ဝမ်းသာအားရပြေးဆွဲနှုတ်ဆက်နေကြတာမှန်ပေမယ့် ဖြူ့ကိုကျတော့ မဝံ့မရဲမျက်လုံးကလေးတွေနဲ့ ခပ်စွာစွာလေးကနေ ငေးကြည့်နေကြတာ။

"ရော့ ... ဒီမှာ အားလုံးညီတူမျှတူ မုန့်ဝယ်စားကြနော် ... ဦးဦးနောက်ကို မလိုက်ခဲ့ကြနဲ့ ... ဒီမမက အရမ်းရှက်တတ်တယ်





သိလား"

"ဒါ ... ဒါ ... ဦးဦးမိန်းမလား ... ဒီမမကို ဦးဦးခိုးပြေးလာတာလား"

"ဟုတ်တယ်လေ ... ချမ်းချမ်းလေးရဲ့ ဘာဖြစ်လို့လဲ"

"စောစောက နောက်ဆုံးပေါ်အကောင်းစားကားကြီးနဲ့ ဦးဦးတိုက်စစ်မှူးတို့နှစ်ယောက်ကို လူတွေအများကြီး လာရှာသွားသေးတယ်"

"ဟင် ... ဟုတ်လား ..."

"အဲဒါ မတွေ့လို့ပြန်သွားတယ်"

ဒီလောက်ဆို တိုက်စစ်မှူး သိလိုက်ပြီပေါ့။

ထက်ဖျားယံ မွှေနေပြီဆိုတာ။

သူ တစ်ခုပဲ အံ့သြသွားတာက ဒီနေရာကိုမှ ဆိုက်ဆိုက်မြိုက်မြိုက် ထက်ဖျားယံလိုက်လာတာ။ သေချာတာက စံတော်ဝင်ပန်းလေးတစ်ပွင့်နဲ့ပတ်သက်ပြီး သဲလွန်စတွေ သံသယတွေနဲ့ ဒီနေရာကိုလိုက်လာတာပဲ နေမှာပေါ့"

"ဟွန်း ... မင်းကြွားတယ်နော် ချစ်ခြင်းဖြူ ... တို့နှစ်ယောက်ကိုလာရှာတာ မင်းအစ်ကိုထက်ဖျားယံမဟုတ်ရင် ဘယ်သူဖြစ်နိုင်မလဲ"

"ဘုရားရေ ... ကိုကိုထက်ဖျားယံက ရှင်နေတဲ့နေရာကို ဘယ်လိုလုပ်သိပြီး လာရှာနိုင်တာလဲ"

"သူ့နည်းသူ့ဟန်နဲ့ သိသွားလို့နေမှာပေါ့ ... ပြောရရင် ဒီနေရာကို ဦးမြတ်အိမ်ခြွေထွန်းတောင် မသိဘူး ... လာပါ ... အဲဒါ ပြရော်ဘာလမ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ..."

အိမ်ကလေးတစ်လုံးရှေ့မှာ တိုက်စစ်မှူး ခြေစုံရပ်ပစ်လိုက် တော့မှ ထိုအိမ်ကလေးကို မျက်ဝန်းဖျော့ဖျော့လေးနှင့် ဖြူမျက် တောင်လေးကော့ကာ ကြည့်လိုက်မိသည်။

ကြပ်ညှပ်နေအောင် ဆောက်ထားသည့် ခနော်ခနဲ့ အိမ်ပျေ ကြားက သွပ်မိုးပျဉ်ကာ အိမ်ကလေး။ သော့ခတ်ထားတာမဟုတ် ပေမယ့် သံကြိုးလေးနှင့် တွဲချည်ထားတာမို့ တိုက်စစ်မှူး ဆွဲဖြုတ် တော့ အလွယ်တကူလေးပဲ ပြုတ်သွားသည်။

"လာလေ ချစ်ခြင်းဖြူ ..."

"ဒါ ... ဒါ ရှင်နေခဲ့တဲ့အိမ်လား"

"ဟုတ်တယ် ..."

"ရှင် ... ရှင် ... ကျွန်မတို့ဆီကို ထွက်လာတာ ဒီအိမ်ကလေး ကနေ ထွက်လာတာပေါ့"

"အဲဒါလည်း အမှန်ပဲ ..."

"မီးရှိလား ..."

"မရှိလို့ မီးစက်မောင်းတဲ့အိမ်ကနေ တစ်ညတစ်ရာပေးပြီး သုံးနေတယ်၊ ညဆယ့်တစ်နာရီအထိပဲ ... ကျန်တဲ့အချိန် ဖယောင်း တိုင်ထွန်းပေါ့ ... ဘာလဲ မီးမရှိရင် မင်းကမနေတတ်လို့လား"

"မေးကြည့်တာပါ"

"မေးမကြည့်နဲ့ ... ဒီအိမ် ဒီရပ်ကွက်အကြောင်း မင်း သိ အောင် ငါအကုန်ပြောပြမယ် ... ဒီရပ်ကွက်ထဲမှာနေတဲ့လူမှန်သမျှ တစ်ရာမှာအယောက်ကိုးဆယ်လောက်က ဆင်းရဲတယ်၊ ဘုရား ကလေးတွေ တစ်ပုံကြီးမွေးထားပြီးတော့ ကြို့သလိုစား၊ ကျသလို





နေကြတယ် ... မနက်မိုးလင်းလို့ အိပ်ယာကထပြီဆိုတာနဲ့ တစ်နေ့ စာအတွက်ပဲ သူတို့ဖြေရှင်းနိုင်ကြတယ်၊ နောက်တစ်နေ့စာအတွက် က နောက်တစ်နေ့ကျမှပဲ သူတို့စဉ်းစားတယ် ... တီဗွီတွေ အောက် စက်တွေမရှိဘူး ... ကြည့်ချင်ရင် ရပ်ကွက်ထိပ် ဗီဒီယိုရုံကိုပြေး ... ဒါပဲ ..."

"ဒါ ... ဒါဆို သူတို့တော်တော်ဆင်းရဲတာပေါ့"

"အခုပဲ မင်းလျှောက်ဝင်လာတာ အမြင်ပဲလေ ... ငါ့နောက် ကို ပြေးလိုက်လာတဲ့ ဘယ်ကလေးက အဝတ်အစားကောင်း ကောင်း ဝတ်နိုင်လို့လဲ ..."

"ကျွန်မ ... ကျွန်မ တွေ့တယ်လေ တိုက်စစ်မှူး ..."

"နောက်ဆိုရင် ငါတို့နှစ်ယောက်က မွေးလာတဲ့ကလေး တောင် အဲဒီအုပ်စုထဲမှာ ရောဆော့ချင်ဆော့နေရမှာ"

"ရှင် ..."

ကဲ ... တွေ့လား ... သူပြောလိုက်တာပဲကြည့်။

ငါတို့နှစ်ယောက်က မွေးလာတဲ့ကလေးတောင် အဲဒီအုပ်စု ထဲမှာ ရောဆော့ချင်ဆော့နေရမှာတဲ့။ ဆော့စရာလား ... ဖြူက ရော အဲလိုဘဝမျိုးကို အရောက်ခံမယ်ထင်နေသလား။ ဖြူ နှုတ်ခမ်း လေးမဲ့ရင်း ပြုံးမိသည်။

ပြုံးရင်း တစ်အိမ်လုံးကိုလည်း မျက်တောင်လေးပုတ်ကာ ပုတ်ကာနှင့် ဖြူလိုက်ကြည့်နေမိ၏။ ကြမ်းကပေါက် အကာကမလုံ နှင့် ဟိုဘက်အိမ်က စကားပြောသံတွေရော ဒီဘက်အိမ်က ကလေး ငိုသံတွေပါ အတိုင်းသားကြားနေရတဲ့နေရာ။



www.burmeseclassic.com

www.burmeseclassic.com



ဘာပဲဖြစ်ဖြစ်ပါ ...

ဖြူက သေသေချာချာဆုံးဖြတ်ပြီးမှ သူ့နောက်လိုက်လာ

တာပဲ။

ဖြစ်ချင်တာဖြစ် ရင်ဆိုင်ဖို့လည်း ဖြူသံမိဋ္ဌာန်ချပြီးသား။

ဖြူ အိမ်ကလေးကို လှျောက်ကြည့်ရင်း တစ်နေရာရောက်တော့ ဖြူတစ်ကိုယ်လုံး အေးစက်သွားအောင် နံရံမှာချိတ်ဆွဲထားသည့် ဓါတ်ပုံလေးတစ်ပုံက ဖြူ့ကို ပါးစပ်အဟောင်းသား ဖြစ်သွားစေခဲ့၏။

ဖြူကလည်း ဘာရယ်မဟုတ်ဘဲ အမှတ်တမဲ့လေးနဲ့ ဒီဓါတ်ပုံထဲက မျက်နှာလေးကို မြင်ဖူးပါတယ်ဆိုပြီး ကြည့်လိုက်တာ။

"ဘုရား ... ဘုရား ..."

မမစံတော်ဝင်လေ။

ကိုကိုထက်ဖျားယံကြောင့် ကိုယ့်ကိုယ်ကိုယ် ဆွဲကြိုးချသတ်သေသွားခဲ့တဲ့ မမစံတော်ဝင်ရဲ့ ဓါတ်ပုံလေးက ဘာဖြစ်လို့ တိုက်စစ်မှူးနေတဲ့ အိမ်ကလေးရဲ့နံရံမှာ အခန့်သားရောက်နေခဲ့ရတာလဲ။

ဖြူ ချက်ချင်းပဲ သတိရကာ သူ့ဘက်ကို ဖျတ်ခနဲလှည့်သည်။

သူက ဖြူ့မျက်လုံးတွေကို မကြည့်ဘဲ မျက်နှာကို မဆီမဆိုင်လမ်းမဘက် ချက်ချင်းလှည့်ပစ်၏။ ဒီလိုလှည့်တော့ နောက်မှာစည်းထားသည့် ဆံပင်ရှည်တွေပါ ဖျတ်ခနဲ လေထဲဝဲသွားသည်။

ဖြူ ပြန်လှျောက်လာတာ သူ့ရှေ့တည့်တည့်ကိုပါ။

ဖြူ့ရင်ထဲမှာ ပြောင်းဆန်နေအောင် လှုပ်ရှားသွားရတဲ့ ခံစားချက်တွေက နှုတ်ခမ်းဖျားတွေဆီ ချက်ချင်းလိုက်တက်လာ၏။

"ရှင် ... ရှင် ... ကျွန်မကို မလိမ်နဲ့နော်· တိုက်စစ်မှူး ...





ရှင့်ကို အပြတ်သားဆုံးတစ်ခုပဲ ကျွန်မ မေးမယ် ... ဟိုနံရံမှာ ချိတ်ထားတဲ့ဓါတ်ပုံက ကိုကိုထက်ဖျားယံလက်ထပ်ယူခဲ့တဲ့ မမစံတော်ဝင်ရဲ့ ဓါတ်ပုံလား"

"ဟွန်း ..."

မျက်နှာလေးမော့ကာ နှုတ်ခမ်းလေးကိုပါ တစ်ပြိုင်နက်တည်း တိုက်စစ်မှူးမဲ့သည်။ ပြီးတော့ ... နံရံမှာ ကိုယ်တစ်စောင်းမှီကာ ခပ်မိုက်မိုက် စတိုင်လ်လေးနှင့် လက်နှစ်ဖက်ကိုပါ ပိုက်ပစ်လိုက်သေး၏။

"ဟုတ်တယ်လေ ... အဲဒါ ... ငါ့ရဲ့တစ်ဦးတည်းသော အချစ်ဆုံးညီမလေး စံတော်ဝင်"

"ဘာ ... ဘာပြောတယ်"

"မင်းအစ်ကို ထက်ဖျားယံကြောင့် ဒီအိမ်မှာပဲငါ့ညီမလေးဆုံးခဲ့ရတာ ... ဟွန်း ... ထပ်ပြောမယ် ... အဲဒီကိစ္စကိုမကျေနပ်လို့ ထက်ဖျားယံရဲ့အချစ်ဆုံးညီမ မင်းကို ငါပြန်လက်ထပ်ယူလိုက်တာ"

"ဘုရားရေ ..."

ဖြူ့တစ်ကိုယ်လုံးကို အရက်စက်ဆုံးပိတ်ရိုက်ချလိုက်သလို ခံစားလိုက်ရပြီ။ သူဒီလိုပြောလိုက်စဉ်မှာ မျက်တောင်ခတ်ဖို့ သတိမရနိုင်အောင် ဖြူ ငေးကြောင်လျှက်။

"ရှင် ... ရှင်က မမစံတော်ဝင်ရဲ့အစ်ကို ဟုတ်လားဟင် တိုက်စစ်မှူး ... ဒါဆို ရှင်က ကျွန်မကို ..."

"ဟွန်း ... ငါပြောတာ ရှင်းရှင်းလေးပဲပြောလိုက်တာလေ ချစ်ခြင်းဖြူ ... မင်းအစ်ကို ထက်ဖျားယံကို မကျေနပ်လို့ လက်စားချေဖို့ ငါလိုက်လာတာ ... မင်းကို လက်ထပ်လိုက်တာလည်း ချစ်



www.burmeseclassic.com

www.burmeseclassic.com



လို့မဟုတ်ဘူး ... မုန်းလို့ ...”

တိုက်စစ်မှူးက ရင်ထဲရှိတာကို အားမနာတမ်း ပြော...
သည်။

“ရှင် ... ရှင်က ... ကျွန်မကို မုန်းတယ်”

ဖြူ အသက်မရှူနိုင်တော့ပါ။

“ဟား ... ဟား ...”

“အို ... ကြည့်စမ်း ...”

ဖြူ၊ တစ်ကိုယ်လုံး အင်အားမဲ့သွားသလို ခံစားလိုက်ရပြီ။

သူက လှောင်ပြောင်ရိပ်တွေနဲ့ ဖြူ့ကို စိုက်ကြည့်ကာ ရယ်မောနေခဲ့ပြီလေ။ ဖြူ ဘာတတ်နိုင်တော့မှာလဲ ... သူ့ကို သနားစိတ်တွေနဲ့ ရင်ထဲကနေ နှစ်နှစ်ကာကာ ချစ်ခဲ့မိတာ ဖြူ့ရဲ့အမှား။

ခုတော့ ... သူ့နောက်ကို လိုက်ခဲ့မိတာ ထောင်ချောက်တစ်ခုထဲတိုးဝင်လိုက်မိသလို ဖြူဖြစ်သွားခဲ့ရပြီပေါ့။

ဖြူ နောက်မဆုတ်ပါဘူး။

ဒီလိုမျိုးဖြစ်ခဲ့တာကိုတော့ ဖြူဝမ်းအနည်းဆုံးပဲ။

ရှင် ... ကျွန်မကို ဘယ်လိုလက်စားချေမှာလဲဟင် တိုက်စစ်မှူး။

မမစံတော်ဝင် ခံစားခဲ့ရသလို ကျွန်မကိုလည်း ထပ်တူထပ်မျှ ခံစားသွားရအောင် ရှင်က အရက်စက်ဆုံး ကျွန်မကို တုန့်ပြန်တော့မယ်ပေါ့။

ရှင် ... ဟားတိုက်ရယ်နေတာကိုကြည့်ပြီး ကျွန်မ အရမ်း ... ချင်နေပြီလေ တိုက်စစ်မှူးရဲ့ ...

“ဟား ... ဟား ... ဘာလဲဟင် ချစ်ခြင်းဖြူ ... ငါ ဒီလိုပြော...





လိုက်လို့ ဒီအိမ်ကလေးထဲကနေ မင်းပြန်ပြေးချင်နေပြီလား”

“ရှင် ... ရှင် ... မရက်စက်ပါနဲ့ ...”

“ဟား ... ဟား ...”

ဖြူ ငေးကြောင်ကြောင်မျက်လုံးကလေးတွေနှင့်ပဲ သူ့ကို ငေးစိုက်ကြည့်နေမိသည်။ သူက စကားထပ်မပြောတော့ဘဲ အခန်းထဲဝင်ကာ ဖျာကြမ်းလေးနှင့်စောင်တွေ ခေါင်းအုံးတွေ ထုတ်ယူလာကာ ဘုရားစင်ရှေ့မှာပဲ အိပ်ရာခင်းသည်။

“ရှင် ... ဘာလုပ်တာလဲ”

ဖြူ နားမလည်လို့ မေးမိသည်။

“မချစ်ဘဲ ... လက်ထပ်ယူလာတဲ့ မိန်းမတစ်ယောက်ကို လက်ဖျားလေးနဲ့တောင်တို့ဖို့ အစီအစဉ် ငါ့မှာမရှိလို့ ... ဒီအပြင်မှာပဲ ငါထွက်အိပ်မှာ ... မင်းကတော့ အခန်းထဲမှာပဲ အိပ်ပါ ...”

“ရှင် ...”

ဘယ်ဆိုးလို့လဲ ...

“ဦးဦးတိုက်စစ်မှူးရေ ...”

“ဟင် ... ချမ်းချမ်းလေး ... လာလေ ... အိမ်ပေါ်တက်ခဲ့လေ”

“ဒီမှာ မေမေကြီးက အကြော်တွေပို့ခိုင်းလိုက်လို့ ...”

“အို ... ဟုတ်လား ...”

အကြော်ပန်းကန်လေးကိုင်ပြီး ချမ်းချမ်းလေးက အိမ်ပေါ်တက်လာသည်။ ချစ်ခြင်းဖြူကိုလည်း မရဲတရဲလေးလှမ်းကြည့်ကာ ချမ်းချမ်းလေး ပြုံးပြ၏။



www.burmeseclassic.com

www.burmeseclassic.com



"လာပါဦး ချမ်းချမ်းလေးရဲ့ …"

"ဟုတ် …"

အနားမှာ ကြုံ့ကြုံ့လေး လာထိုင်သည်။

"နာမည်လေးက ချမ်းချမ်းလေးတဲ့လားဟင်"

"ဟုတ် … မမ …"

"ကြည့်ပါဦး … မျက်လုံးဝိုင်းဝိုင်းလေးနဲ့ ချစ်စရာလေး"

ချမ်းချမ်းလေးက ပြုံးပြီး မျက်တောင်ရှည်ကြီးတွေပင့်ကာ မော့ကြည့်၏။ အင်္ကျီအဝတ်အစားလေးက နွမ်းနွမ်းဟောင်းဟောင်းလေးဝတ်ထားတာမှန်ပေမယ့် အသားလေးဖြူပြီး နှုတ်ခမ်းလေးရဲနေတာက ချစ်ဖို့ကောင်းနေသလိုပင်။

"စားလေကွာ … ဒါ မင်းပါလာတာကိုသိလို့ ခေါင်းရင်းအိမ်က ကြီးစံပို့ခိုင်းလိုက်တာပဲနေမှာ"

ချမ်းချမ်းလေး ကျေနပ်အောင် အကြော်လေးတစ်ခုကို ယူစားပြလိုက်၏။

"မမက နာမည်ဘယ်လိုခေါ်လဲဟင်"

"ချစ်ခြင်းဖြူတဲ့ …"

"ဟာ … အရမ်းချစ်ဖို့ကောင်းတဲ့နာမည်လေး၊ မမက ရုပ်လည်းချောတယ် နာမည်လေးကလည်းလှတယ် …"

"ကဲ … ချစ်ခြင်းဖြူ … ချမ်းချမ်းလေးနဲ့ မင်းစကားပြောနေလိုက်ဦး၊ ငါ တိုင်ကီတစ်လုံးစာ ရေပြေးထမ်းလိုက်ဦးမယ်"

ပြောလည်းပြော အိမ်ရှေ့အခန်းထောင့်က ရေပုံးနှင့်ထမ်းပိုးကိုယူကာ လမ်းမပေါ် သူဆင်းသွားသည်။





"ချမ်းချမ်းလေး …"

"ရှင် … မမ …"

"ညကျရင် မမနဲ့လာအိပ်ပါလားဟင်"

"ဟင် … မမနားမှာ ဦးဦးတိုက်စစ်မှူးရှိတယ်လေ"

"သူက မမနဲ့မအိပ်ဘူးတဲ့ ချမ်းချမ်းလေးရဲ့ …"

"အို … မမကို ဦးဦးတိုက်စစ်မှူးက ခိုးပြေးလာတာမဟုတ်ဘူးလား"

"ချမ်းချမ်းလေးရယ် … သူက မမစံတော်ဝင်ရဲ့အစ်ကိုဆိုတော့ မမကိုလက်စားချေနှိပ်စက်ချင်လို့ ခိုးပြေးလာတာတဲ့ …"

"ဟင် … မမကို ဦးဦးတိုက်စစ်မှူးက ဒီလိုပဲပြောသလား"

ချမ်းချမ်းလေး ပြန်မေးနေတာ အံ့သြနေတဲ့လေသံကလေးနဲ့။

"ပြောတယ်လေ … ဒီအိမ်ကလေးပေါ်ကိုရောက်မှ သူ့ရင်ထဲက ခံစားချက်ကို မကွယ်မဝှက်ဘဲပြောတာ၊ မမက ကိုထက်ဖျားယံရဲ့ညီမလေ …"

"အဟင်း … ဟုတ်တယ် မမ … ဦးဦးတိုက်စစ်မှူးက ဦးဦးထက်ဖျားယံကို အရမ်းမုန်းနေတာ၊ သူ့ညီမလေး စံတော်ဝင်ကို လက်ထပ်ယူပြီးမှ အနိုင်ကျင့်နှိပ်စက်ခဲ့လို့တဲ့ … မမစံတော်ဝင်ကလည်း အရမ်းသနားဖို့ကောင်းတယ် … သူ့ငွေနဲ့ညှာတာတောင် ဒီကိုပြန်လာပြီး စက်လည်းချုပ်ရတယ်၊ တိုက်ဆောက်တဲ့နေရာမှာလည်း အုတ်တွေသယ်ရတယ်၊ အဲဒါ … ဦးဦးထက်ဖျားယံရောက်လာရင်လည်း အပြစ်မရှိ အပြစ်ရှာပြီး မမစံတော်ဝင်ကိုရိုက်တယ်၊ ဒါကြောင့်မို့ … မမစံတော်ဝင်က စိတ်ညစ်ပြီး ကိုယ့်ကိုယ်ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



သတ်သေသွားတာလေ မမရဲ့ … ဟိုနံရံမှာတောင် မမစာတော်ဝင်ရဲ့ ဓါတ်ပုံလေးအမှတ်တရ ချိတ်ထားသေးတယ်”

“မမတွေ့ပါတယ် ချမ်းချမ်းလေးရယ် … ”

ဖြူ … ခေါင်းလေးငိုက်စိုက်ချကာ ပင့်သက်လေးကိုပါ ရှိုက်မိ၏။

“အဲဒါ … မမစိတ်မကောင်းဖြစ်နေသလားဟင် … ”

“စိတ်မကောင်းဖြစ်တာထက် သူကျေနပ်တဲ့အထိ ပေးဆပ်ဖို့ပဲ မမဆုံးဖြတ်လိုက်ပြီလေ … သူထားရာမှာနေမယ်၊ သူနှိပ်စက်ရင်လည်း မမခံလိုက်တော့မယ် … ”

“ဦးဦးတိုက်စစ်မှူးက သဘောကောင်းပါတယ်မမရဲ့”

ချမ်းချမ်းလေးက သနားတဲ့မျက်လုံးလေးတွေနဲ့ ဖြူ့ကိုပဲ စိုက်ကြည့်နေသည်။

ပြီးတော့လည်း မျက်တောင်လေးပုတ်ခတ် ပုတ်ခတ်နဲ့။

“အားမငယ်နဲ့နော် မမ … မမကို စိတ်နာနာနဲ့ ခိုးပြေးလာတာမှန်ပေမယ့် ဦးဦးတိုက်စစ်မှူးက နှိပ်စက်မှာတော့ မဟုတ်ပါဘူး၊ အခုတောင် မမချိုးစရာရေမရှိမှာစိုးလို့ သူကိုယ်တိုင်သွားထမ်းနေတာ မမတွေ့တယ်မို့လား … ပြီးရင်လည်း သူကိုယ်တိုင် မမစားချင်တာကို ချက်ကျွေးနေဦးမှာ … ”

“ဟွန်း … မမကတော့ မထင်ပေါင် … ”

ဖြူ နှုတ်ခမ်းလေးမဲ့ပြီး ပြောမိသည်။

သူရေထမ်းပြီးလို့ အိမ်ပေါ်တက်လာတော့မှ ချမ်းချမ်းလေးက နှုတ်ဆက်ပြီး ပြန်သွားသည်။

“ဦးဦးတိုက်စစ်မှူးနော် … ဒီမမချောချောလေးကို ခိုးပြေး





လာပြီးမှ အနိုင်မယူရဘူးနော် … ဒီမမက အရမ်းသနားဖို့ကောင်းလို့ ချမ်းချမ်းလေးက ပြောတာ၊ အဲဒါ … ဒီမမကို ဦးဦးတိုက်စစ်မှူး ငိုအောင်မလုပ်ပါနဲ့ … ”

အိမ်ပေါ်က အဆင်းမှာ လူကြီးလေးတစ်ယောက်လိုလည်း ချမ်းချမ်းလေးက မှာသွားခဲ့သေး၏။

“မင်း … ချမ်းချမ်းလေးကို ဘာတွေပြောလိုက်သေးလဲ”

“ရှင့်အကြောင်းတွေ ပြောလိုက်တာပေါ့”

“ဟွန်း … ချမ်းချမ်းလေးက ငါလက်စားချေချင်တဲ့ကောင်မလေးတစ်ယောက်ကို ခေါ်လာတော့မယ်ဆိုတာ အစကတည်းက ကြိုသိပြီးသား … ”

“ရှင့်နာကြည်းချက်က တော်တော်ပြင်းထန်နေတာပဲ”

“ငါ့ရည်ရွယ်ချက်က မင်းအစ်ကို ထက်ဖျားယံရဲ့နားရွက်ကို ကံတွေးတက်ဆွတ်ချင်တာ၊ ကဲပါကွာ … ဒါတွေပြောနေလည်းအပိုပဲ … အရေးကြီးတာ ငါတို့နှစ်ယောက် ရှေ့ဆက်ဘယ်လိုစခန်းသွားရမလဲဆိုတာပဲ အရေးကြီးတယ် … အခု ငါဆင်းရဲနေတာလည်း မင်းအမြင်ပဲ … ငါဆင်းရဲရင် မင်းလည်းဆင်းရဲမယ် ဒါပဲ … ဟိုမှာတွေ့လား … ငါပိုင်ဆိုင်တဲ့အဝတ်အစားဆိုလို့ ဟိုတန်းပေါ်မှာလှန်းထားတဲ့ ဘောင်းဘီရှည်နဲ့တီရှပ်ဟောင်းလေး နှစ်စုံပဲရှိတာ၊ မင်းကလည်း အစတ်တစ်ထည်ကိုယ်တစ်ခုနဲ့ လိုက်လာတာဆိုတော့ မင်းအတွက် သတိရပြီး အဝတ်အစား လပေးရောင်းတဲ့ ဒေါ်မြင့်ကြီးကို မင်းထိပ်ရေစက်အိမ်မှာတွေ့လို့ ငါခေါ်ထားတယ် … သူက မင်းကြိုက်နေကျ အထည်အကောင်းစားတွေရောင်းတာတော့ မဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com

လက်လုပ်လက်စား လူတန်းစားတွေ ဈေးသက်သက်သာသာနဲ့ဝတ်နိုင်တဲ့ အထည်လေးတွေပဲရောင်းတာ၊ သူလာရင် မင်းကြည့်လိုက်ပေါ့၊ လောလောဆယ် ... ရေမိုးချိုးဖို့တောင် အဝတ်အစားအပိုမပါတာ၊ ငါသတိရလို့ခေါ်လာတာ ... သူက အပေါင်ဆုံးအထည်ပောင်းလည်းရောင်းတယ်၊ ဝယ်တာတော့ မင်းကြိုက်တာပဲဝယ်ပါ၊ ငါဖဲရိုက် လို့နိုင်တဲ့နေ့ကျရင် ဒီအကြွေးတွေအားလုံး ငါဆပ်ပေးမယ်"

"ဘာ ... ဘာပြောတယ် တိုက်စစ်မှူး ... ရှင် ... ရှင်က ဖဲရိုက်တယ် ဟုတ်လား ..."

ဖြူ အထိတ်တလန့်လေးနဲ့ မျက်နှာလေးပါ ပျက်သွားရပြီ။

"ဘာလဲ ချစ်ခြင်းဖြူ ... ငါဖဲရိုက်တယ်ဆိုလို့ မင်းအရမ်းအံ့သြသွားတာလား၊ ဟွန်း ... လမ်းပေါ်မှာ တစ်ကိုယ်တော်ပေတေလေလွင့်လာတဲ့ကောင်က ဖဲမရိုက်တတ်ပဲနေပါ့မလား၊ တစ်လုံး နှစ်လုံး သုံးလုံး ငါအကုန်လုပ်တယ် ... ပိုက်ဆံမရှိလို့ စိတ်အရမ်းညစ်လာရင် လူပါရိုက်ပြီးလုတယ်ကွာ ... ရှင်းရော ..."

"ဘုရားရေ ..."

ဖြူ ဘုရားတရင်း မျက်လုံးလေးပါ ဝိုင်းစက်သွားသည်။

ပြောနေတာလည်း သူက ခပ်တည်တည်လေးနဲ့ပြောနေတာပါ။ ဖြူလှမ်းကြည့်လိုက်တော့လည်း သူ့ကိုယ်သူ မလုံသလိုလေးနှင့် မျက်နှာကို ဖျာခနဲ လှည့်ပစ်သည်။ လှည့်ပစ်ပြီးတော့လည်း အိမ်နောက်ဖေးခန်းထဲ ဆက်လျှောက်ဝင်သွား၏။

ပြန်ထွက်လာတော့ သူ့လက်ထဲမှာ တံမြက်စည်းတစ်ချောင်းပါလာသည်။ သည်တော့မှ ဖြူ သတိထားလိုက်မိတာ ကြမ်းပြင်မှာ ကြမ်းရှရှ ဖုန်တွေရှိနေခဲ့တာ။





"ပေးပါ ... ရှင် မလုပ်နဲ့ ... ကျွန်မပဲ လုပ်မယ်"

မထူးတော့တဲ့ဇာတ်လမ်းတစ်ပုဒ်ကို ဖြူ ဒီလိုမှရင်မဆိုင်ရင် ဘယ်လိုရင်ဆိုင်မလဲ။ သူ့ဟာသူလက်စားချေရုံမကလို့ ရိုက်ပဲသတ်သတ် သူဟာ တရားရုံးမှာ နှစ်ဦးသဘောတူ လက်ထပ်ခဲ့တဲ့ တရားဝင် ယောက်ျားဖြစ်နေပြီလေ။

"အေး ... လုပ်ပြီးရင်လည်း ကြမ်းပါဆက်တိုက်"

"ဘာပြောတယ်"

"ဒီမှာ ... မင်း ငါ့ကို ဘာမှပြန်မော့မကြည့်နဲ့၊ ဒါ ... အိမ်ထောင်သည်မိန်းမတစ်ယောက် လုပ်ရမယ့်တာဝန်ပဲ ... ကြမ်းတိုက်ဝတ်လျှော် ထမင်းချက် မင်းအိမ်မှာနေသလို ဘော်ကြော့နေလို့ ရဘူး ... ဆင်စီးပြီး မြင်းရံခဲ့တဲ့ဘဝဟောင်းကို မေ့ပစ်လိုက်"

"ဟွန်း ... ရတယ် တိုက်စစ်မှူး ... ကျွန်မက ချစ်ခြင်းဖြူပါ ရှင့်ကို ယုံကြည်လို့ ဆုံးဖြတ်ချက်ချပြီး လိုက်ခဲ့မိတဲ့ ကျွန်မရဲ့ခြေလှမ်းတွေဟာ ဘယ်တော့မှ နောင်တတွေ ဖြစ်မသွားစေရဘူး"

ဖြူ အပြတ်ပဲ ပြောချသည်။

ဒါကို နှုတ်ခမ်းလေးမဲ့ပြီး သူက ရယ်၏။

ဖြူ တံမြက်စည်းလှဲနေစဉ်မှာ သူ ဖြူ့ကို မသိမသာ ခိုးခိုးကြည့်နေတာလည်း ဖြူမြင်နေရသည်။ ဒါပေမဲ့ ... ဖြူ မသိချင်ဟန်ဆောင်လိုက်ပါသည်။ နောက်တော့ အိမ်ရှေ့ရေတိုင်ကီလေးနားမှာ သူတဗွမ်းဗွမ်းနဲ့ ရေချိုးနေသံ ကြားလိုက်ရ၏။

နောက်တော့ ... မိန်းမကြီးတစ်ယောက်ကို နှုတ်ဆက်နေသံ။

"ဘယ်လိုဖြစ်တာလဲ ... တိုက်စစ်မှူးရဲ့ ... ကောင်မလေး



www.burmeseclassic.com

www.burmeseclassic.com

ချောချောတစ်ယောက်ကို မင်းခိုးပြေးလာတယ်ဆို ... "

"ဟုတ်တယ်လေ ဒေါ်ကြီးစံ ... "

"ကလေးတွေကပြောနေတာ အရမ်းချစ်စရာကောင်းလို့ကဲ့"

"ဒေါ်ကြီးစံ သိပါတယ်ဗျာ ... "

"အေး ... သိတယ် ... သိတယ် ... မင်း မဟုတ်တာတွေ တော့ လျှောက်မလုပ်နဲ့ ကိုယ်က ယောက်ျား ... ပြီးတော့လည်း ဟိုက လိုက်လာတာ ... မင်းကို အရမ်းချစ်လို့ လိုက်လာတာပဲနေ မှာ ... ဒေါ်ကြီးစံပြောတာ မင်းသဘောပေါက်တယ်မို့လား"

"ပေါက်ပါတယ် ဒေါ်ကြီးစံရဲ့ ... "

"အေး ... ပေါက်ရင်လည်းပြီးရော ... ပြီးရော ... "

တွေ့လား ...

ရပ်ကွက်ကတောင် ဒီလိုပြောသွားတာ။

ဖြူ မသိမသာ ခိုးနားထောင်ရင်း နှုတ်ခမ်းလေးကို မဲ့ထား မိသည်။

ခုလောက်ဆို ... ဖြူတို့တစ်အိမ်သားလုံး ဖြူ့အတွက် သောကမီးတွေ ဘယ်လောက်တောင် လောင်နေလိုက်ရှာမလဲ။

ဒီရပ်ကွက် ဒီလမ်းထဲအထိ အတိအကျလာရှာသွားတယ်ဆို တော့ တိုက်စစ်မှူးဆိုတာ မမစံတော်ဝင်ရဲ့အစ်ကိုတစ်ယောက်မှ သူတို့အားလုံး မျက်လုံးပြူး မျက်ဆံပြူးနဲ့ သိသွားလောက်ပြီပေါ့

ကြီးညိုရော ကြီးဝါပါ ဘယ်လောက်ရင်ထိတ်သွားမလဲ တာ ကိုကိုထက်ဖျားယံဆိုလျှင် တိုက်စစ်မှူးကို အမုန်းကြိတ်ပစ်နေ နေမှာ အသေအချာပဲ။ ဖြူကတော့ ဖြစ်သမျှအကြောင်းတွေအား လုံးကို အကောင်းလို့ပဲ သဘောပိုက်ပြီး သူလှုပ်ရှားမှုတွေကိုပဲ မတ





မလှုပ် စောင့်ကြည့်နေလိုက်တော့မည်။

ဟော ... ရေချိုးပြီးလို့ သူအိမ်ပေါ်ပြန်တက်လာပြီ။

ဖြူ့ကို တစ်ချက်လေးဝေ့ကြည့်ပြီးတော့ နောက်ဖေးခန်းထဲ တန်းဝင်သွားသည်။ ဖြူ တံမြက်စည်းကိုပစ်ချပြီး သူ့နောက်ကို လိုက် ဝင်သွားတော့ ...

"ဟင် ... မင်းဘာလာလုပ်တာလဲ"

"မီးဖိုခန်းကို လာကြည့်တာ"

"ဘာလုပ်မလို့လဲ ... "

"ရေနွေးတစ်အိုးတည်ပြီး ကော်ဖီဖျော်သောက်မလို့"

"အောင်မလေးကွာ ... ကြီးကျယ်လိုက်တာ ဟွန်း ... "

နှုတ်ခမ်းလေးမဲ့ပြီး တိုက်စစ်မှူး ပြုံးလိုက်တာ ခပ်လှောင် လှောင်အရိပ်ကလေးနဲ့ပါ။

"ဒါပေ့ါလေ ... ကုမ္ပဏီပိုင်ရှင်သူဌေးသမီးက လမ်းပေါ်က ကောင် ဆင်းရဲသားနဲ့ညားတယ်ဆိုတော့ ကော်ဖီပူပူလေးတော့ ကမ်းတလာမှာပေါ့ ... ရတယ် မပူနဲ့ လမ်းထိပ်မှာ ပါဆယ်ထွက် ဝယ်ပေးမယ်"

"ဟင် ... ရှင်ကိုယ်တိုင်ထွက်ဝယ်မလို့လား"

"မီးဖိုမှာ မီးသွေးလည်းမရှိဘူး ... ချက်ပြုတ်ရမယ့်အိုးတွေ ခွက်တွေလည်း အဆင်သင့်မဖြစ်သေးဘူး၊ ဒီညတော့ ဖြစ်သလိုပဲ လိုတာတွေအားလုံး မနက်ကျမှပဲ ဈေးထဲမှာသွားဝယ်မယ်"

"မောင်လေးရေ ... မောင်လေး တိုက်စစ်မှူး ... "

"ဟော ... အထည်ရောင်းတဲ့ ဒေါ်မြင့်ကြီးလာပြီထင်တယ်



www.burmeseclassic.com

www.burmeseclassic.com

သူလာတာအတော်ပဲ ... မင်းအထည်ဝယ်နေတုန်း ငါကော်ဖီ
အဆာပြေစားစရာတွေ ထွက်ဝယ်လိုက်ဦးမယ်၊ ဟွန်း ... ငါအပြ
သွားနေတယ်ဆိုပြီး အလစ်မှာထွက်ပြေးဖို့တော့ မင်းမစဉ်းစား
နော် ... လက်ထပ်စာချုပ်ကိုင်ပြီး ဘယ်သူနဲ့မှ ငါမကွဲချင်ဘူး"

သူအဝတ်အစားကောက်လဲကာ ထွက်သွားသည်။

ကျန်ခဲ့တာ ဒေါ်မြင့်နဲ့ချစ်ခြင်းဖြူ နှစ်ယောက်တည်း။

"မောင်လေး ... မောင်လေးတိုက်စစ်မှူးနောက်ကို ညီ
မလေးက လိုက်ပြေးလာတာဆို ..."

"ဟင် ... ဒီသတင်းက တစ်ရပ်ကွက်လုံး ပျံ့နေပြီလား"

"အမလေး ... ညီမလေးတို့စုံတွဲ ဝင်လာကတည်းက တစ်
ရပ်ကွက်လုံးက အမျိုးမျိုးဝေဖန်ပြောနေကြတာ ..."

"ဟင် ... ဘာတွေပြောနေကြတာလဲ"

ပစ်ချထားတဲ့ အဝတ်အစားတွေကိုပင် ဖြန့်မကြည့်နိုင်။

"ညီမလေးကို သနားလို့တဲ့"

"ဩော် ... ဒေါ်မြင့်ရယ် ... ဒါကတော့ ..."

"ဒါကတော့ မလဲနဲ့လေ ညီမလေး ... လူတွေပြောနေတုန်း
က မယုံတစ်ဝက် ယုံတစ်ဝက်နဲ့ နားထောင်လိုက်ရတာ မှန်ပေမယ့်
အခု ညီမလေးကိုတွေ့လိုက်တော့မှ သူတို့ပြောတာ ဟုတ်ပါလား
တာ ဒေါ်မြင့်သိလိုက်တယ် ... ကြည့်ပါဦး အသားလေးကအစ
စက်ပြီး ညီမလေးက ချောလိုက်တာ ..."

ဒေါ်မြင့် တအံ့တသြလေးကြည့်ကာ ချီးမွမ်းလို့မဆုံး။

"လူတွေပြောတာ ညီမလေးက စံတော်ဝင်နဲ့ညားတဲ့ ထ





ဖျားယံညီမလေးဆို ... အညိုးနဲ့နှိပ်စက်ဖို့ တိုက်စစ်မှူးက လက်ထပ်
ယူခဲ့တာလို့ ရပ်ကွက်ထဲကလူတွေက ပြောနေကြတယ်"

"အို ... လူတွေက အဲလောက်တောင်ပြောတယ်"

ဖြူ မျက်တောင်လေးတွေ ပင့်ကော့လျှက် ...

"ပြောတာပေါ့ ညီမလေးရယ် ... စံတော်ဝင်ဆိုတာ ဒီ
ရပ်ကွက်မှာ နာမည်ကြီးလေ ... သူသေသွားတုန်းကဆိုရင် လမ်းထဲ
မှာ လူတွေအများကြီးအုံခဲ့ပြီး ဝိုင်းကြည့်နေကြတာ၊ တက်တခေါက်
ခေါက်နဲ့ ... ယူထားပြီး နှိပ်စက်တဲ့ ထက်ဖျားယံဆိုတဲ့ကောင်လေး
ကိုပဲ ဒေါသဖြစ်နေကြတာ၊ အဲဒီတုန်းက တိုက်စစ်မှူးကို မမြင်ဖူး
ကြဘူးလေ၊ စံတော်ဝင်မှာ အစ်ကိုတစ်ယောက်ရှိတာလဲ ဘယ်သူမှ
မသိခဲ့ကြဘူး ... အဲဒါ လွန်ခဲ့တဲ့လေးငါးလကမှ ဒီအိမ်လေးကို တိုက်
စစ်မှူး ပြန်ရောက်လာတာ"

"ဟင် ... သူက အခုမှ ဘယ်ကရောက်လာတာလဲ"

"အဲဒါလည်း ဘယ်သူမှမသိကြဘူး၊ ရောက်လာတာလည်း
ညီမသတင်းကို စုံစမ်းရင်းရောက်လာတာလေ၊ ရောက်လာပြီး
တော့ ဒီအိမ်မှာ တစ်လလောက်နေသွားသေးတယ် ... အားလုံး
ပြောကြတာကတော့ တိုက်စစ်မှူးက အလုပ်မရှိ အကိုင်မရှိ လမ်း
ပေါ်မှာ ပေပေတေတေ လျှောက်သွားနေတာဆို ..."

ဒေါ်မြင့်က သူသိတာလည်းပြော စပ်လည်းစပ်စုနဲ့။

"အဲဒါတောင် ညီမလေးနဲ့ ဘယ်လိုတွေ့လာတာလဲ"

"ဒီလိုပါပဲ ဒေါ်မြင့်ရယ် ... ဖြူ သူ့နောက်ကိုလိုက်လာတာ
ည်း မချစ်မနှစ်သက်သူတစ်ယောက်ကို လက်ထပ်မယူချင်လို့
င်ရာဖြစ် သူ့ကိုပဲ ရွေးချယ်လိုက်တယ်ဆိုတဲ့သဘောပါပဲ ... ဒီ


www.burmeseclassic.com

www.burmeseclassic.com



ရောက်တော့မှ ဟိုနံရံမှာကပ်ထားတဲ့ မမစံတော်ဝင်ရဲ့ဓါတ်ပုံလေး ကိုမြင်ပြီး သူနဲ့မမစံတော်ဝင် မောင်နှမအရင်းတော်တာကို သိခဲ့ရတာပါ … ဒါကိုမှ လက်စားချေနှိပ်စက်ချင်တယ်ဆိုလည်း ဖြူခံလိုက်တော့မယ်လို့ပဲ ဆုံးဖြတ်ထားလိုက်တယ်"

"ညီမလေးနာမည်က …"

"ချစ်ခြင်းဖြူပါ ဒေါ်မြင့် …"

"ချစ်စရာလေးကွယ် …"

ဒေါ်မြင့်က စိတ်မကောင်းဖြစ်ဟန်လေးနှင့် ပင့်သက်လေးချကာ ဖြူ့မျက်နှာလေးကိုပဲ အကြာကြီးစိုက်ကြည့်နေသည်။

ဖြူ ဝတ်ထားလိုက်တာလဲ ဈေးခပ်လတ်လတ် ချည်ချောပွင့်ရိုက်ထမီလေးသုံးထည်နှင့် ရိုးရိုးယဉ်ယဉ် ရယ်ဒီမိတ်အင်္ကျီလေးသုံးထည်ရယ်ပါပဲ။

ဘာပဲပြောပြော …

ဖြူ ရင်ဆိုင်ရတော့မှာလေ။

ဖြူ ဒီနေရာကနေ ထွက်ပြေးသွားဖို့ အစီအစဉ်လည်းမရှိပါဘူး။

ဘာကြောင့်လဲဆိုတော့ …

မျက်နှာထားတင်းတင်းလေးနဲ့ ခပ်စူးစူးလေးစိုက်ကြည့်တတ်တဲ့ ရှင့်မျက်ဝန်းတွေကို ကျွန်မ သဘောကျတယ်လေ တိုက်စစ်မှူး။

ကဲ … ရှင်ဘယ်လောက်ထိ ကျွန်မကို လက်စားချေနိုင်မလဲ။

အခန်း ( ၁၉ )

"ရော့ … ဒီမှာ မင်းအတွက်လိုတာတွေ"

"ဟင် … ဘာတွေလဲ …"

မနက်အစော အိပ်ရာထကတည်းက သူထွက်သွားလို့ ဖြူတစ်ယောက်တည်း အိမ်ရှေ့လှေကားရင်းလေးမှာ ငုတ်တုတ်လေးထိုင်စောင့်နေခဲ့တာ။

ပြန်လာတော့ …

သူ့လက်ထဲပါလာတာ ပစ္စည်းတွေက မနိုင်မနင်း။

"အို … အိုးခွက်ပန်းကန်တွေ ရှင်အကုန်လုံးဝယ်လာတယ်"

"ဟွန်း … ခုလောလောဆယ် မင်းနဲ့ငါ မကွဲမချင်းပေါင်းရမှာလေ"

ဘာစကားလဲဟင် … သူပြောလိုက်တာ …

မင်းနဲ့ငါ မကွဲမချင်း ပေါင်းရဦးမှာတဲ့။

ဒါဆို နှိပ်စက်ပြရုံသက်သက်လေးပေါင်းဖို့ ရှင် ကျွန်မကိုခေါ်လာတာပေါ့။ ညကလည်း ဖြူတစ်ယောက်တည်း အခန်းထဲမှာ အိပ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကြားထဲ ကြွက်တွေ ဖားတွေ အခန်းထဲဝင်လာလို့ ခုတ… လေးပေါ်မှာ ငုတ်တုတ်လေး ထထိုင်ကာ ကြောက်ပြီး မျက်ရည်… လေး ဝဲလာရတဲ့အထိ။

ဒါပေမဲ့ ... သူ့ကို ဖြူ မနာနိုင်ပါ။

ပါးစပ်ကသာ လက်စားချေရက်စက်မယ်ပြောပြီး ဖြူအိပ်… မယ့်ခြင်ထောင်ကအစ သူပဲသပ်သပ်ရပ်ရပ်ကလေး ခင်းပေးထော… ပေးသွားခဲ့တာ။ ခြင်ထောင်ဘေးမှာလည်း မီးခြစ်ဖယောင်းတိုင်… လက်နှိပ်ဓါတ်မီးကအစ စားစရာမုန့်တချို့ကိုပါ အဆင်သင့်ချထား… ပေးသွားခဲ့သေး၏။

ဟော ... မနက်လင်းတော့လည်း အိမ်ရှေ့ရေတိုင်ကီလေး… ဘေးမှာ ဆပ်ပြာခွက်နှင့်မျက်နှာသုတ်ပုဝါလေးက ဖြူ့ကို အဆင်… သင့်စောင့်ကြိုလို့။

ဖြူက ဒါနဲ့ပဲ ရေပါတစ်ဝ လောင်းချိုးလိုက်သည်။

ခုတော့ ... ချမ်းချမ်းလေးယူလာပေးသည့် သနပ်ခါးပါ… ကွက်ကြားလေး လိမ်းလို့ပေါ့။ ဒါကိုပဲ ... သူက အကြာကြီးစိုက်… ကြည့်ပြီး ထုံစံအတိုင်း နှုတ်ခမ်းလေးကပါ မဲ့သွားလိုက်သေးရဲ့။

"ရှင် ... ရှင် ဘာစကားပြောတာလဲဟင် တိုက်စစ်မှူး၊ ချစ်… လို့ ယုံကြည်လို့လိုက်လာခဲ့တဲ့ မိန်းကလေးတစ်ယောက်ကို ရှင်… ဘယ်လိုဒဏ်ရာဒဏ်ချက်တွေပေးပြီး ကွဲချင်သေးလို့လဲ ... ကျွန်မ… စက်ရုပ်မဟုတ်ဘူး"

"မင်းနဲ့ငါ အဲဒါတွေ မဆွေးနွေးချင်သေးဘူး ... ခုလောလော… ဆယ် မင်းလုပ်ရမှာက ဟိုမှာတွေ့လား ... ကြွပ်ကြွပ်အိတ်နဲ့တစ်… လုံး ငါဝယ်လာတဲ့ ဟင်းချက်စရာတွေ အဲဒါတွေအားလုံး ချက်တတ်… မတတ်တတ် မင်းချက်ရမယ် ... ဒီနေ့ အိမ်မှာဝိုင်းကောင်းမှာ"





"ဘာ ... ဘာဝိုင်းလဲ ..."

"အရက်ဝိုင်းနဲ့ ဖဲဝိုင်း ..."

"ဘုရားရေ ..."

ဖြူ ရင်ထိတ်လိုက်ရပြန်ပြီ။

"ရှင် ... ရှင် ... ဒါတွေကို ဘာသဘောနဲ့ ..."

"အဲဒါ ... ငါတစ်သက်လုံး လုပ်လာတဲ့အလုပ်တွေလေ"

"ရှင် တကယ်ပြောတာ ..."

ဖြူ မယုံနိုင်ပါ။

မယုံတော့ မျက်တောင်ရှည်ကြီးတွေပါ ပင့်ကော့လျှက်။

"ဒီမှာ ... ငါ့မှာ မင်းကိုလိမ်နေစရာ ဘာအကြောင်းမှမရှိဘူး၊ ညီမလေးကို အဒေါ်အိမ်မှာအပ်ထားခဲ့ပြီး အဝေးကိုငါထွက်သွားခဲ့တယ် ... ငါနေချင်သလိုနေခဲ့တယ်၊ ငါပေါင်းချင်တဲ့သူတွေနဲ့ပေါင်းခဲ့တယ်၊ နောက်ဆုံးကျတော့ ထိုင်း ငါးဖမ်းစက်လှေနဲ့ပါသွားပြီး ကြိုသလို ကျသလို ထင်ရာစိုင်းလာခဲ့တာ၊ အခု မြန်မာပြည်ထဲကိုပြန်လာပြီး ငါ့ညီမလေးသတင်းကို စုံစမ်းတော့မှ ဒီအဖြစ်ဆိုးတွေအားလုံးကိုငါသိခဲ့တာ၊ ခုတော့ ... မင်းအစ်ကို ထက်ဖျားယံကို ငါအရမ်းမုန်းသလို မင်းရဲ့အဒေါ်နှစ်ယောက်ကိုလည်း ငါအသည်းနာတယ်၊ ဒါကြောင့်မို့ ... ထက်ဖျားယံရှိတဲ့နေရာကို ငါလိုက်လာပြီး မင်းကိုပါအောင်ဆွဲထုတ်ခဲ့တာ"

"ကျွန်မ သွေးပျက်နေတာကို ရှင်က ... တစိမ့်စိမ့်လေးနဲ့ အရသာခံကြည့်နေချင်တဲ့ သဘောလား"

"မင်းကြိုက်သလိုထင်နိုင်တယ် ... မင်းကြိုက်အဆိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ဝေဖန်ရှုံ့ချနိုင်တယ်၊ မင်းမှာ အပြစ်မရှိတာကို ငါသိပေမယ့် ဒီဇာတ်လမ်းထဲ မင်းကို ကန့်ဆန့်ခံတစ်ယောက်လို ဆွဲထည့်လိုက်ရတာကိုတော့ ငါစိတ်မကောင်းပါဘူး၊ တစ်ခုတော့ရှိတယ် ... ပေးဆပ်မှုတိုင်းမှာ ညီမျှတဲ့တုန့်ပြန်မှု ကစ်ခုတော့ ရှိတယ်"

"ရှင် ဘာကိုပြောချင်တာလဲ ... "

"တစ်နေ့နေ့မှာ ငါ့အချစ်တွေအားလုံးကို မင်းတစ်ယောက်တည်းသိမ်းပိုက်ခွင့် ... "

"ဟွန်း ... ကျွန်မက ဒါကို မျှော်လင့်နေမယ်လို့ ရှင်ထင်သလား"

သူကပါ နှုတ်ခမ်းလေး လိုက်မဲ့ကာ ...

"ဒါက မင်းရွေးချယ်ရမယ့်အပိုင်းပဲလေ ချစ်ခြင်းဖြူ ... အဲဒီအချိန်ကြရင် ငါက မင်းပေးသမျှအမိန့်တွေကို နာခံရတဲ့သူဖြစ်ချင်ဖြစ်နေမှာ၊ ကဲပါ ... စကားမများနဲ့ ငါဝယ်လာတဲ့ ဟင်းချက်စရာတွေကို မင်းချက်တတ်သလိုချက် ... ကြက်ဥမွှေကြော်ကတော့ ဒီနေ့အတွက်အမြည်းပေါ့ ... "

သူဖြစ်ချင်တာ သူပြောချင်တာတွေ နှုတ်အတင်းပြောပြီး လမ်းမပေါ်မှာဆိုက်ကားပေါ်က ဒီအတိုင်းချထားခဲ့သည့် မီးသွေးအိတ်ကို သူသွားသယ်သည်။ ဟင်းချက်ဖို့ပြင်တော့လည်း ရေကအစ မီးဖိုထဲရောက်အောင် သူကခပ်ပေး၏။ ပြီးတော့ ... မီးဖိုလေးကိုပါ ဝိုင်းပြီးတော့ မီးမွှေးပေးလိုက်သေးသည်။

"ဒီ ကြက်သားတွေက ဘယ်လိုချက်ရမှာလဲ ... "

"ကြက်ဝွေးတောက်ဟင်းချို အရည်သောက်ကလေး ချက်လိုက်လေ၊ မင်းတစ်ယောက်တည်း မချက်တတ်ရင် ခြေရင်းအိမ်မှာ





ပုံပုံဆိုတဲ့ကောင်မလေး တစ်ယောက်ရှိသေးတယ် ... သူ့ကို ငါခေါ်ပေးမယ်"

"ခေါ်ပေါ့ ... ကျွန်မ မချက်တတ်လို့ပြောတာ"

"ဟွန်း ... သိပါတယ်၊ ကုမ္ပဏီပိုင်ရှင် သူဌေးသမီးဆိုတော့ ဒီလောက်တော့ ကိန်းခန်းကြီးရဦးမှာပေါ့"

"ရှင် ... မရှိနဲ့နော်"

ပုံပုံရောက်လာတော့မှ အဆင်ပြေသွားသည်။

"မမချစ်ခြင်းဖြူ ဘာမှမလုပ်နဲ့ ထိုင်နေသိလား ... ပုံ့အကုန်လုံးလုပ်ပေးမယ်၊ ဒီနေ့ မေမေ ဈေးမသွားလို့ ပုံ့ကအားနေတာ"

"ပုံ့ ကျောင်းနေလား ... "

"ဟင့်အင်း ... ကိုးတန်းနဲ့ထွက်လိုက်တာ"

"ဘာဖြစ်လို့လဲ ... "

"ဖေဖေက ဟိုင်းဝေးအိပ်စ်ပရက်ကားမောင်းရင်း အမြန်လမ်းမှာ ကားမှောက်လို့ ဆုံးသွားတယ်လေ၊ အဲဒါနဲ့ ကျောင်းထွက်ပြီး အမေ့အလုပ်တွေဝိုင်းကူနေရတာ ... မမချစ်ခြင်းဖြူကို ကိုကြီးတိုက်စစ်မှူးခေါ်လာတာမြင်သားပဲ ... မြင်ပြီးတော့ မမချစ်ခြင်းဖြူကိုသနားနေတာ၊ ကိုကြီးတိုက်စစ်မှူးက မမချစ်ခြင်းဖြူကို လက်စားချေပြီးနှိပ်စက်တော့မှာ၊ ခုတောင် ... အိမ်ရှေ့မှာ ဘယ်ကလူတွေလည်းမသိဘူး ရောက်နေပြီလေ ... "

"ဟင် ... ဘယ်ကလူတွေလဲ"

"ဖဲသမားတွေလို့ထင်တာပဲ ... မျက်နှာနီစပ်စပ်တွေနဲ့ လူ[illegible]မောင်းတွေမှာလည်း ဆေးမှင်ကြောင်တွေအားလုံး ထိုးထား[illegible]"

"သူ ... သူ ... အရင်က ဒီမှာဖဲရိုက်သလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ ... ဟိုတုန်းက မရိုက်ပါဘူးမမရဲ့"

"အခုမှ ဘာစိတ်ကူးပေါက်သွားလဲ ... "

"အဲဒါတော့ ပုံ့လည်း မသိဘူးလေ မမ ... ပုံ့သိတာ တစ်ခါတလေ ဒီအိမ်လေးကို ကိုကြီးတိုက်စစ်မှူး ပြန်လာတယ်၊ သူ့ညီမလေး စံကော်ဝင်ကိုသတိရပြီး တစ်ယောက်တည်း မျက်ရည်ကျရင်ကျနေတာ၊ သူအရမ်းချစ်တဲ့ညီမလေးတဲ့ ... ဒီညီမလေးကို ရက်စက်သွားတဲ့ အသိုင်းအဝိုင်းတွေကို လက်စင်ပေးရမှာ ကျေနပ်မယ်ဆိုပြီး တဖွဖွပြောနေခဲ့တာ၊ ပြီးရင် ... နံရံတွေကို လက်သီးနဲ့ထိုး တံခါးရွက်တွေကို ပိတ်ကန်နဲ့ တစ်ရပ်ကွက်လုံး ဒီအကြောင်းကိုသိနေလို့ မမပါလာတော့ အားလုံးက ရင်တထိတ်ထိတ်နဲ့ မမတို့နှစ်ယောက် ဘာတွေဆက်ဖြစ်လာမလဲဆိုတာ စောင့်ကြည့်နေကြတာ ... "

"ဟွန်း ... ဘာဖြစ်ရမှာလဲ ... "

ဖြူက နှုတ်ခမ်းလေးမဲ့ပြီး ဂရုမစိုက်သလို လေသံလေးနဲ့ပြောတော့ ပုံ့က ဆံပင်တိုလေး ပခုံးပေါ်မှာ ခါသွားအောင် ဖျတ်ခနဲလှည့်ကြည့်သည်။

"ဟင် ... ကိုကြီးတိုက်စစ်မှူး ရက်စက်ရင် မမပဲ မျက်ရည်ကျရမှာလေ ... မမ မကြောက်ဘူးလား ... ခုတောင် လူစိမ်းတွေခေါ်လာပြီး အရက်ဝိုင်း ဖဲဝိုင်းထောင်ကြဦးမှာ"

"အို ... မမကို ပြဿနာရှာကြည့်စမ်းပါလား"

ဖြူ ဒီလို မခံချင်စိတ်လေးနဲ့ပြောတော့ ပုံ့က ဟင်းခနဲ ပင့်သက်လေးချကာ ...

"သူတို့က ယောကျ်ားလေးတွေလေ မမ ... သူတို့အနိုင်ယူရင် ပုံ့တို့မိန်းကလေးတွေက မျက်ရည်လေးသုတ်ပြီး ငိုနေရမှာ၊ ပုံ့





ဖေဖေဆိုရင် အရက်တွေမူးပြီး ပြန်လာတာနဲ့ မေမေ့ကို အပြစ်မရှိအပြစ်ရှာပြီး ရိုက်တယ် ... အိမ်ပေါ်ကလည်း ခဏခဏ ဆင်းနိုင်းတယ်၊ မမကို အဲလိုရိုက်ပြီးဆင်းနိုင်းရင် ပုံ့တို့အိမ်ဘက်ကို ပြေးလာနော်"

ပုံ့က တကယ်စိတ်ပူလို့မှာနေခဲ့တာ ဖြစ်သည်။

ပုံ့ပြောသလို ဖြစ်မလာဘူးလို့လဲ ဖြူက အတတ်မသိနိုင်။ သို့သော် ... ဖြူ့စိတ်ထဲမှာ တစ်ခုပဲသိသလိုလိုဖြစ်နေတာက သူက ဖြူ့ကိုရက်စက်ချင်ဟန်ဆောင်နေခဲ့တာများလား။

"ပုံ့ရယ် ... ဘာတွေပဲဖြစ်လာ ဖြစ်လာ မမက ဖြစ်လာမယ့်ဟာတွေအားလုံးကို စိတ်ထဲက ကြိုတွက်ပြီးသားပါ၊ မမအစ်ကိုထက်ဖျားယံနဲ့ မမအဒေါ်တွေက သူ့ညီမလေး စံတော်ဝင်ကို ဘယ်လိုခွဲခြားဆက်ဆံပြီး ရက်စက်ခဲ့တယ်ဆိုတာ မမက အသိဆုံးလေ၊ ဒီအထဲမှာ မမမပါခဲ့ပေမယ့် ဒီဝဋ်ကြွေးကို ပြန်ပေးဆပ်ရမယ်ဆိုတာမမနားလည်တယ် ... သူကျေနပ်အောင် မမအနှိပ်စက်ခံမယ်၊ မမအသက်ပါ ပေးရဦးမလား ... ဟွန်း ... အဲဒါလည်းရတယ်၊ ဖြစ်တယ်"

ဖြူ ရင်နာနာနှင့်ပဲ အဲဒီစကားတွေကို ပြောမိသည်။

"မိန်းမရေ မိန်းမ ... ချစ်ခြင်းဖြူ ... "

"ဟင် ... "

တိုက်စစ်မှူးဆီက လာတဲ့အသံ။

ပြီးတော့လည်း ခေါ်လိုက်သံက လေးနေသည်။

"ကိုကြီးတိုက်စစ်မှူး ခေါ်နေပြီမမ ... သွားလိုက်ဦး ... သွားလိုက်ဦး ... ဟိုမှာ အရက်တွေဝိုင်းဖွဲ့သောက်ပြီး မူးနေကြပြီထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com


ဖြူ ထွက်လာခဲ့ရပေမယ့် ရင်တထိတ်ထိတ်နဲ့။

ကြည့်လိုက်တော့ အိမ်ရှေ့ခန်းကြမ်းပြင်မှာ ပုလင်းတွေခွက်တွေ ထောင်ထားတာက မြင်မကောင်း။

အရက်နံ့တွေ တထောင်းထောင်းထနေတာက ပိုဆိုးသည်။

"ရှင် ... ရှင် ကျွန်မကို ခေါ်နေတာလား"

"ဟ ... မင်းကို မခေါ်လို့ ဘယ်သူ့ကိုခေါ်ရမှာလဲ၊ ဒါ ... ငါ လမ်းပေါ်မှာ ပေါင်းခဲ့တဲ့ ငါ့ရဲ့ဘော်ဒါဘောကျက်တွေ၊ မင်းနဲ့ငါ အပေါင်းအသင်းတွေကို မိတ်ဆက်ပေးချင်လို့ ခေါ်လိုက်တာ"

"အေ့ ... ဒါ မင်းမိန်းမလား တိုက်စစ်မှူး ..."

"မိုက်လည်းမိုက်တယ် ... လန်းလည်းလန်းတယ်ကွာ ... ဟား ... ဟား ..."

"မင်းလိုကောင် ဒါမျိုးရတာ အရမ်းတန်တယ်ဟေ့ ..."

"ဟား ... ဟား ..."

ရယ်ကြမောကြနဲ့။

နေတာထိုင်တာ ပြောတာဆိုတာတွေလည်း တစ်ယောက်မှ အဆင့်အတန်းမရှိ။ အသားတွေက နီစပ်စပ်။ မျက်နှာပေါ်မှာ အမှ အပိန့်တွေ ဗလပွနှင့်။ ဆံပင်တွေ ဘုတ်သိုက် ဖရိုဖရဲဖြစ်နေတာ လည်း အားလုံးတိုင်ပင်ထားတဲ့အတိုင်း။

ကြမ်းပြင်မှာ လဲအိပ်သူအိပ်။

နံရံထောင့်မှာ ခြေပစ်လက်ပစ် မှီထိုင်တဲ့သူကထိုင်နဲ့။

သူတို့ကိုကြည့်ပြီး ဖြူ ငိုချင်လာသည်။

ဘာတတ်နိုင်မှာလဲ ...

ဝဋ်ကြွေးရှိသမျှ ဖြူ ခံရတော့မှာပေါ့။



"မင်း ... မင်း မျက်နှာပျက်မသွားနဲ့နော် ချစ်ခြင်းဖြူ ဒီဘော်ဒါတွေအားလုံးက ငါ့ရဲ့အသက်တမျှ အရေးကြီးတဲ့ ရဲဖော်ရဲဖက် ရိုက်ဖော်ရိုက်ဖက်တွေကွ နားလည်လား ... ထောင်ထဲကို အိမ်ဦးနဲ့ ကြမ်းပြင်လို ဝင်လိုက်ထွက်လိုက်လုပ်နေတဲ့ကောင်တွေ၊ အခု ငါ မိန်းမခိုးလာတဲ့သတင်းကြားလို့ လာအားပေးကြတာ ... သောက်မယ်စားမယ်၊ ပြီးတာနဲ့ အသေအလဲ ရှမ်းကိုးမြီးဆွဲမယ် ဒါပဲ ..."

ဖြူ သူ့မျက်နှာလေးကို ငေးကြည့်လိုက်မိတာ ခံစားချက်ပြင်းပြင်းလေးနဲ့ ငေးကြည့်လိုက်တာပါ။ တကယ်ပါ ... သူဟာ ဒီလောက်အထိ ဆိုးသွမ်းပေတေနေလိမ့်မယ်လို့ ဖြူ လုံးဝထင်မထားခဲ့တာပါ။

ဝမ်းနည်းလာတော့ မျက်တောင်လေးကို ဖြူ မပုတ်ရဲ။

ပုတ်လိုက်တာနဲ့ မျက်ရည်စက်လေးက ပေါက်ခနဲပြုတ်ကျရတော့မည်။

"ရှင် ... ရှင် ကြိုက်သလိုနေပါနော် တိုက်စစ်မှူး၊ ကျွန်မကြောင့် ရှင်ပျော်စေရမယ် ... ရှင်တို့သူငယ်ချင်းတွေ စားဖို့အတွက်လည်း အမြည်းတွေက အဆင်သင့်ဖြစ်နေပြီ၊ အခုပဲ ကျွန်မတောင်းပန်ချင်တာက ရှင် အရက်မသောက်ပါနဲ့ ..."

"ဘာပြောတယ် ..."

"ကျွန်မ ငိုမိတော့မယ် ..."

"ဟား ... ဟား ..."

သူ ဖြူ့ကိုကြည့်ကာ ဟက်ဟက်ပက်ပက် ရယ်ချသည်။

သူ့ရယ်သံတွေထဲမှ လှောင်ရယ်သံတွေကအပြည့်။ မျက်နှာ နီစပ်စပ်နှင့်ပုဂ္ဂိုလ်တွေကလည်း ပြုံးစိစိလေးတွေနှင့် ဖြူ့ကိုပဲ ကြည့်



www.burmeseclassic.com

www.burmeseclassic.com

ကြည့်နေကြသည်။ ဖြူမျက်နှာမထားတတ်တော့ ခေါင်းကလေးကို ငုံ့ထားရသည်။

"မင်း ... မင်းကွာ ... ငါလိုကောင်မျိုးတစ်ယောက်နောက်ကို လိုက်လာခဲ့ပြီးမှ အရက်သောက်တာကိုပဲ တားချင်နေရသေးတယ်လို့ ... "

"ကျွန်မ တောင်းပန်တာပါ ... မရရင်တော့ ရှင့်သဘောပဲ"

"ငါလုံးဝ လက်မခံနိုင်ဘူး"

သူက ခပ်မာမာပဲငြင်းပြီး အမြည်းပါ ယူခိုင်းသည်။

"ကဲ ... အမြည်းတွေချကွာ ... "

"ပိုင်လှချည်လား တိုက်စစ်မှူးရာ ... "

"မယားနေစ ကြောင်သေမှဆိုတာ အဲဒါမျိုးကို ပြောတာထင်တယ်ကွ ... "

"ဟော့ကောင် တိုက်စစ်မှူးကိုယူထားမှတော့ နောက်ဆိုအရက်ပါထွက်ဝယ်ပေးရတော့မှာကွ ... ဒီကောင်က မူးလာရင်လည်း သွေးအရမ်းဆိုးတာ ... တိုက်စစ်မှူးကိုယူတဲ့မိန်းမ အရိုက်မခံရရင် ကံကောင်းပဲ ... "

"ကြာတယ်ကွာ ထည့် ... ထည့် ... "

"သောက်ကွာ ... "

အမြည်းတွေစုံသွားတော့ ဖဲလည်းရိုက် သောက်လည်းသောက်နဲ့ သူတို့ကိုယ် လွတ်လပ်ရေးပဲ ရနေသလိုလို။

"မမ ... "

"ဟင် ... ဘာလဲ ပုံ့ပုံ့ ... "





"ကိုကြီးတိုက်စစ်မှူးပါ အရက်တွေသောက်နေတာလား"

ပုံ့ပုံ့က မျက်တောင်လေးကော့ကာ အိမ်ရှေ့ခန်းကို လှမ်းကြည့်ရင်း မေးသည်။

"မပြောချင်တော့ပါဘူး ပုံ့ပုံ့ရယ် ... "

"အရင်တုန်းက ကိုကြီးတိုက်စစ်မှူး အရက်မသောက်ပါဘူးခုမှ ဘာလို့သောက်နေတာလဲ ... "

ပုံ့ပုံ့က နားမလည်နိုင်သလို ဖြစ်နေတဲ့မျက်နှာထားမျိုးလေး ဒူးလေးထောက်ထိုင်ကာ အိမ်ရှေ့ကိုပဲ လှမ်းကြည့်နေသည်။

"မိန်းမရေ ... ချစ်ခြင်းဖြူ ... "

"ဟော့ ... "

"ဟာ ... မမကို ကိုကြီးတိုက်စစ်မှူး ခေါ်နေပြန်ပြီ"

"ဒီမှာ အမြည်းကုန်နေလို့ ထပ်ချပါဦးကွ"

"တောက် ... တော်ကော်အလိုက်မသိတဲ့ မိန်းမ ... "

"ငါ အခုလာပြီ ... "

"ဟင် ... "

ဒယီးဒယိုင်လေးနဲ့နောက်ဖေးခန်းထဲဝင်လာတာ တိုက်စစ်မှူးဖြစ်နေသည်။ သို့သော် ... ဖြူကတော့ လှည့်မကြည့်ပါ။ ဖြူလောက်ကံဆိုးလိမ့်မယ်ဆိုတာ ဘယ်တုန်းက တွက်ထားခဲ့ဖူးလို့လဲ။

မျက်ရည်ကတော့ အခုချက်ချင်းပဲ ပူခနဲ ဝဲတက်လာခဲ့ပြီ။

"ဟင် ဒီချောင်လေးထဲမှာထိုင်ပြီး မင်းဘာလုပ်နေတာလဲချစ်ခြင်းဖြူ ... ငိုနေတာလား၊ အားအားလျားလျား မျက်ရည်တွေလကားသွန်ချနေတာလား ... လာစမ်း ... မင်းအခု ... ထ



www.burmeseclassic.com

www.burmeseclassic.com



"အား ..."

မညာမတာ လက်မောင်းကနေ အတင်းဆွဲကိုင်ကာ မတော့ အသားတွေနာသွားလို့ ဖြူ အားခနဲတောင် အော်လိုက်ရသည်။

ပြီးတော့ အိမ်ရှေ့ခန်းရောက်အောင် ခပ်ကြမ်းကြမ်းဆွဲခေါ် ချသွားလို့ ဒယီးဒယိုင်လေးဖြစ်ကာ ဆံပင်တွေပါ ဖရိုဖရဲလေးနှင့် ဖြူပါသွားခဲ့ရ၏။

"အို ... တိုက်စစ်မှူးနော် ... ရှင် ... ရှင် ... လူစိမ်းတွေရှေ့ မှာ ကျွန်မကို ... ကျွန်မကို အနိုင်မကျင့်ပါနဲ့၊ အဟင့် ... ကျွန်မ တောင်းပန်ပါတယ် ..."

"ငါက ငိုတာကို မကြိုက်တာ ..."

"အား ..."

ဖြူ နှာဖူးစပ်လေးက ဆံပင်တွေကို သူတအားဆွဲချလိုက်ပြန် ပြီ။

ဖြူ အခုမှ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာသည်။

"ဟာ ... ဟော့ကောင် မင်းဘာလုပ်တာလဲ"

"ဝုန်း ..."

"ဒုန်း ..."

ဒီမြင်ကွင်းကိုမြင်ပြီး အိမ်ပေါ်ကို အသည်းအသန်ပြေးတက် လာတာ ထက်ဖျားယံပါ။ ထက်ဖျားယံနောက်မှာတော့ အခေါ် အပျိုကြီးနှစ်ယောက်နဲ့ ဦးမြတ်အိန္ဒြေထွန်း၊ ပြီးတော့ ... ဦးမော မောင်စိုးရယ်လေ။

"ငါ့ညီမကို မင်းအခုလွှတ်လိုက်စမ်း တိုက်စစ်မှူး ... မင်း မယုတ်မာနဲ့၊ ငါမသက်သာလို့ ဒီနေရာကို နောက်တစ်ခေါက်ပြန်လာ





ရာတာ"

ထက်ဖျားယံက အသားသွေ့ တဆတ်ဆတ်တုန်နေသလို မြင်နေရတဲ့ မြင်ကွင်းတွေအားလုံးကိုကြည့်ပြီး ညီမလေးချစ်ခြင်းဖြူ အတွက် အသည်းပျက်သွားသလိုတောင် ခံစားလိုက်ရသည်။

မြင်ကွင်းက သူလုံးဝမျှော်လင့်မထားခဲ့တဲ့ မြင်ကွင်း။

ပိုဆိုးတာက အရက်ဝိုင်း ဖဲဝိုင်းဘေးမှာ ညီမလေးချစ်ခြင်းဖြူ က တဟင့်ဟင့်လေးနှင့် ရှိုက်ငိုလို့။

"ဟွန်း ... ခင်ဗျားဖြစ်ချင်တာကိုပဲ ကျွန်တော့်ကိုပြောပါ ကိုထက်ဖျားယံ ... ဒီအိမ်ပေါ်မှာလာပြီးတော့ ငါပိုက်ဆံချမ်းသာ ပါတယ်ဆိုတဲ့ အထာမျိုးနဲ့ ကျွန်တော့်ကို အနိုင်ကျင့်ဖို့တော့ ခင်ဗျား လုံးဝမစဉ်းစားနဲ့"

"မင်းအကြံအစည်တွေ ဒါအကုန်ပဲလား တိုက်စစ်မှူး၊ ငါ့ညီ မလေးကို မရ,ရအောင် လက်ထပ်ယူပြီးတော့မှ ဒီလိုအဆင့် အတန်းမရှိတဲ့ဘဝထဲကို အတင်းဆွဲခေါ်ဖို့ မင်းယုတ်ယုတ်မာမာ ကြံစည်ခဲ့တာလား"

"သမီးလေး ချစ်ခြင်းဖြူ ..."

"အဟင့် ..."

သမီးလေးချစ်ခြင်းဖြူကိုကြည့်ကာ ကြီးညိုရော ကြီးဝါပါ မျက်ရည် မဆည်နိုင်။ ဦးမြတ်အိန္ဒြေထွန်းကတော့ မြင်နေရသည့် မြင်ကွင်းတွေအားလုံးကို မယုံနိုင်တော့သည့်အလား ကြက်သေ သေ ကာ ငေးမောလျက်။

"မောင် ... မောင်တိုက်စစ်မှူးရယ် ... အန်တီတို့ ဒေါ်...



www.burmeseclassic.com

www.burmeseclassic.com



ပန်ပါတယ်၊ ချစ်ခြင်းဖြူလေးကို မနှိပ်စက်ပါနဲ့၊ အန်တီတို့တူမလေး ကို အန်တီတို့လက်ထဲ ပြန်ထည့်ပေးလိုက်ပါ ... အဟင့် ဟင့် ..."

ကြီးညို ...

သမီးလေး ချစ်ခြင်းဖြူကိုကြည့်ကာ ရင်နာလို့မဆုံး။

မနေ့ကမှ ကြွေရုပ်ကလေးလို သန့်စင်ကြည်လင်နေသည့် ဒီသမီးလေးက ဒီနေ့တော့ ဆံပင်ဘုတ်သိုက် မျက်ထောင့်နီ ကလေ ကချေတွေကြားထဲမှာ။

ပြီးတော့လည်း ... ဒီသမီးလေးကို တစ်အိမ်လုံး အရက်နံ့ တွေ ထောင်းထောင်းထနေသည့် တိုက်စစ်မှူးက နောက်ဖေးခန်း ထဲကနေ ဒလကြမ်းဆွဲခေါ်လာတာ သူမတို့အိမ်ပေါ်အတက်မှာ တိုက်တိုက်ဆိုင်ဆိုင် မြင်ဖြစ်အောင် မြင်လိုက်ရသေးသည်။ ဒါ ... ချစ်ခြင်းဖြူကို ရည်ရွယ်ချက်ရှိရှိနဲ့ နှိပ်စက်နေတာလား။

ပိုဆိုးတာက ...

သမီးလေးက ကလေကချေ ရုပ်တွေပေါက်နေသည့် အရက် သမား ဖဲသမားတွေရဲ့အလည်မှာ။ ဒါကြောင့်မို့ ... ကြီးညိုရော ကြီးဝါပါ သမီးလေးကိုကြည့်ပြီး မျက်ရည်ကျခဲ့ရတာပါ။

"ဟွန်း ... ဒီအချိန်ရောက်မှ ဒီစကားတွေ ခင်ဗျားတို့လာ ပြောလည်း အပိုပဲ ... ကျွန်တော်နဲ့ချစ်ခြင်းဖြူက တရားရုံးမှာ နှစ်ဦး သဘောတူ တရားဝင်လက်ထပ်လာခဲ့ပြီးသား၊ ရှင်းအောင်ထပ်ပြော ရမယ်ဆိုရင် ကျွန်တော်က လမ်းပေါ်က ကလေကချေ",

"မင်း ... မင်း ..."

ထက်ဖျားယံ လက်သီးဆုပ်လျှက် အံကိုပါ ကြိတ်ထားသည်။





"ဒါပေမဲ့ ... အဲဒီကလေကချေကောင်ဆီမှာ စံတော်ဝင်ဆို တဲ့ညီမလေးတစ်ယောက်ရှိခဲ့ဖူးတယ်လေဗျာ ... အဲဒီညီမလေးကို စင်တင်တေးဂီတ စားသောက်ဆိုင်ပွဲတွေမှာ ပန်းကုံးတွေအတင်း လက်စွပ် ဆုတော်ငွေဘောက်ဆူးတွေချပြီး ဘဝကို ဖျက်စီးခဲ့တာ ဘယ်သူလဲ ..."

"ဟေ့ကောင် ... မင်းအခုမျ ဒါတွေလာပြန်ပြောမနေနဲ့"

ထက်ဖျားယံ ဆတ်ဆတ်ထိမခံ ပြန်အော်သည်။

"ဟာ ... မပြောလို့ရမလား ကိုထက်ဖျားယံ ... ခင်ဗျား ကြောင့် ကျွန်တော့်ညီမလေး စံတော်ဝင် မျက်ရည်စက်လက် ကျပြီး မှ လောကကြီးထဲက ထွက်သွားရတာ၊ အဲဒါ ... ခင်ဗျား တရားခံ၊ မိဘက အဆင်မပြေလို့ မိဘက ဆင်းရဲဒုက္ခရောက်နေလို့ မိဘကို ကျွေးချင်တဲ့စိတ် ပေးချင်တဲ့စိတ်နဲ့ မလွှဲမရှောင်သာ ဘီယာဆိုင် အရက်ဆိုင်တွေမှာ သီချင်းလိုက်ဆိုနေရတဲ့ အပြစ်မဲ့တဲ့ ရိုးသားတဲ့ မိန်းကလေးတွေ အများကြီးရှိနေတာ ခင်ဗျားနားမလည်ဘူးလား၊ ဒါကိုပဲ မရရအောင် ငွေထုပ်နဲ့ပေါက်ပြီး အတင်းလိုက်၊ မမြင်ကွယ်ရာ ကိုခေါ်သွားပြီး ဖျက်စီး ... ဖျက်စီးလို့ကိုယ်ဝန်ရလာတော့မှ ယူချင် သလို မယူချင်သလိုနဲ့ ညီမလေးကို ခင်ဗျားအိမ်ခေါ်သွားခဲ့တာ၊ ပြီး တော့မှ ... ညီမလေးကို ကိုယ်ဝန်ပျက်ကျအောင် နှိပ်စက်ခဲ့တာ လည်း ခင်ဗျား ..."

တိုက်စစ်မှူးက တစ်ခုချင်းပြောပြီး တစ်ချက်ချင်း စွဲချက် တင်သည်။ ချစ်ခြင်းဖြူကို ဆွဲကိုင်ထားသည့် လက်ကိုလည်း တိုက် စစ်မှူးက ဖြုတ်ချမပစ်သေးပါ။

"ဒီအိမ်လေးကိုရောက်အောင် မောင်းထုတ်ခဲ့တာ ခင်ဗျားပဲ



www.burmeseclassic.com

www.burmeseclassic.com



လေ ကိုထက်ဖျားယံရဲ့ ... ပြီးတော့ ... ဒီအိမ်ပေါ်မှာပဲ ကျွန်တော့် ညီမလေး အဖေသဆိုးနဲ့သေခဲ့ရတယ်၊ ကဲ ... ခင်ဗျားပဲပြောပါဦး၊ ဒါတွေအားလုံးကို တိုက်စစ်မှူးဆိုတဲ့ကောင်က လွယ်လွယ်လေးနဲ့ မေ့သွားလိမ့်မယ်လို့ ခင်ဗျားထင်နေသလား ... မမေ့နိုင်လို့ ချစ်ခြင်းဖြူကို ဒီနေရာရောက်အောင် ကျွန်တော် လက်ဆွဲခေါ်လာခဲ့တာ၊ ကလေကချေနဲ့ လက်ထပ်ထားတဲ့ မိန်းမတစ်ယောက်က ဒီလို အရက်ဝိုင်းတွေ ဖဲဝိုင်းတွေမှာပဲ ဘဝတစ်လျှောက်လုံး ရှင်သန်စေရမယ်၊ ကျန်တာတွေ ခင်ဗျား ဘာမှ ကျွန်တော့်ကိုလာမပြောနဲ့"

"ဒါ ... ဒါက ဒီလိုရှိပါတယ် တိုက်စစ်မှူးရာ ... "

"ဦးနော် ... ဒီကိစ္စမှာ ဦးဝင်မပါနဲ့ ... "

ဦးမြတ်အိန္ဒြေထွန်း ငြိမ်နေလို့ မရတော့လို့ ဝင်ပါလိုက်ရတာပါ။ ဘယ်ဘက်ကမှ မလိုက်ဘဲ အမှန်တရားဘက်မှာ ရပ်နေခဲ့ချင်တာမှန်ပေမယ့် ချစ်ခြင်းဖြူဆိုတာ အပြစ်မဲ့သူလေးတစ်ယောက်ရယ်ပါ။

ပြီးတော့လည်း ဆိုက်ထဲကို ဒီကောင်အလုပ်ဝင်လာကတည်းက ချစ်ခြင်းဖြူကိုယ်တိုင်က ဒီကောင့်ကို ညာတာသနားစိတ်လေးနဲ့ အစစအရာရာ ဖေးမကူညီပေးခဲ့တာလေ။

ဒါကို ဒီကောင် ရက်စက်ချင်နေလို့ ရမလား။

ဦးမြတ်အိန္ဒြေထွန်း ဒါကို တားရမှာပဲ။

"အေး ... မင်းက ဝင်မပါနဲ့ဆိုလည်း ငါကပါရမှာပဲ တိုက်စစ်မှူး ... ချစ်ခြင်းဖြူ မင်းနောက်ကို လိုက်သွားတယ်ဆိုတာ သူမချစ် မနှစ်သက်သူ တစ်ယောက်ကို လက်မထပ်ချင်လို့ မင်းနောက်ကို လိုက်သွားတာ ... ဒါကို အခွင့်အရေးတစ်ခုလိုလုပ်ပြီး ချစ်ခြင်းဖြူကို မင်းမရက်စက်ချင်နဲ့ ... "





"ဟုတ်ပါတယ် ဦးပြောတာ ကျွန်တော်သဘောပေါက်တယ် ဒါပေမဲ့ ... "

တိုက်စစ်မှူးက သူပြောတာကို လက်မခံ။

မျက်နှာလေးမော့ကာ ခေါင်းကလေး ဖျတ်ခနဲခါငြင်းတော့ ပခုံးပေါ်မှာ စည်းထားတဲ့ဆံပင်တွေကပါ ဘယ်ညာလေးလှုပ်ကာ ယိမ်းထိုးသွားသည်။

"ဟော့ကောင် တိုက်စစ်မှူး ... "

ဒီတစ်ခါ ထပ်ပြီးတော့ ဝင်ပါလာတာ ဦးမောင်မောင်စိုးပဲ ဖြစ်သည်။

"မင်းဘယ်သူ့မျက်နှာကိုမှ ထောက်ချင်ထောက် မထောက်ချင်နေ ... ဦးမြတ်အိန္ဒြေထွန်း မျက်နှာကိုတော့ မင်းထောက်သင့်တယ်လို့ ထင်တယ် ... မင်းကို ခေါ်လာခဲ့တဲ့အပြစ်နဲ့ ချစ်ခြင်းဖြူကို ငါတို့လက်ထဲ ပြန်မအပ်ရင် သူ့ကို အလုပ်ထုတ်ရတော့မယ်"

"ဟွန်း ... အဲဒါ ကျွန်တော် ဂရုစိုက်နေမယ် ထင်လို့လား"

"ဟော့ကောင် ... မင်းဘာမှအပိုတွေပြောမနေနဲ့၊ မင်းလို လမ်းပေါ်လျှောက်သွားနေတဲ့ ကလေကချေ တစ်ယောက်က ဦးမြတ်အိန္ဒြေထွန်း အလုပ်ပြုတ်သွားရင် တာဝန်ယူကျွေးထားနိုင်လို့လား၊ မင်းအဆင့်က ဘာအဆင့်လည်းဆိုတာ ကိုယ့်ဟာကိုယ် သဘောပေါက်"

"ဟုတ်တယ် ဦးမောင်မောင်စိုး ... ခင်ဗျားပြောသလိုပဲ ကျွန်တော်က လမ်းပေါ်က ကလေကချေကောင် ... "



www.burmeseclassic.com

www.burmeseclassic.com



"အေး … အဲဒါသိရင် ချစ်ခြင်းဖြူကို ငါတို့ပြန်ခေါ်သွားမယ်"

"ညီမလေး လာ … လာ … ကိုကို့ဆီကို အခုလာ … "

အချေအတင်စကားတွေများရင်း ချစ်ခြင်းဖြူကို ထက်ဖျား ယံက ပြန်ခေါ်နေပြီ။

"ဟင့်အင်း … ကိုကို … ညီမလေး ပြန်မလိုက်တော့ပါဘူး"

"ဘာ … ဘာပြောတယ် ညီမလေး … "

"ညီမလေးဘဝနဲ့ညီမလေးပဲ ရှိပါစေတော့ ကိုကိုရယ်"

"အဟင့် … ဟင့် … ဟင့် … "

"ကဲ … ခင်ဗျားတို့အားလုံး ကြားတယ်နော်"

တိုက်စစ်မှူးက မျက်နှာကိုမော့လျက်။

"ချစ်ခြင်းဖြူ … သမီးလေး … "

"နင် … နင် တော်တော်မိုက်တယ် ချစ်ခြင်းဖြူ … "

ထက်ဖျားယံက မယုံနိုင်လောက်အောင်ဖြစ်ပြီး အသားတွေ တဆတ်ဆတ်တုန်လို့ပါ။ တောက်ခေါက်လက်သီးဆုပ်လိုက်မိတာ လည်း ဘယ်နှစ်ကြိမ်မြောက်မှန်းမသိ။

အဖြေကတော့ ရှင်းသွားခဲ့ပါပြီ။

ချစ်ခြင်းဖြူ ပြန်မလိုက်တော့ဘူးဆိုလည်း ရင်နာစွာနဲ့ပဲ ညီမလေးကို ထားခဲ့ရတော့မှာပဲပေါ့။

"ဟွန်း … ဦးကိုတော့ ကျွန်တော် အားနာပါတယ်"

တိုက်စစ်မှူးကတော့ ဘယ်သူ့ကိုမှ ဂရုမစိုက်သလို မျက်နှာ ထားလေးနဲ့ပါ။

"ကျွန်တော့်ရင်ထဲက နာကျင်မှုတွေ မပျက်ပျယ်သရွေ့ ကိုထက်ဖျားယံနဲ့ ဒီအဒေါ်နှစ်ယောက်ကို ခံစားချက်တွေ တစ်ခုပြီး တစ်ခု ကျွန်တော် ပေးနေဦးမှာပါ … ဒါကိုမှ မခံနိုင်လို့ ဒီအိမ်က တုတ်တန်းမှာ ညီမလေးစ်တော်ဝင်လို ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင် ပစ်မယ်ဆိုလည်း ဒါဟာ ချစ်ခြင်းဖြူရဲ့ ရွေးချယ်မှုပါပဲ … "

"ဟာ … ကြည့်စမ်း ဦးမြတ်အိန္ဒြေထွန်း … ခင်ဗျားကောင် တော်တော်မိုက်ရိုင်းတယ်"

ထက်ဖျားယံ ဆတ်ဆတ်ခါ နာသွားရပြန်ပြီ။

ဒီစကားကြောင့် ကြီးညိုရော ကြီးဝါပါ ရင်ဘတ်တွေကိုဖိ ကာ ပါးစပ်တွေ အဟောင်းသားပွင့်လျှက်။

"မင်း … မင်း … ငါ့ညီမကို တစ်ခုခုဖြစ်အောင် လုပ်ရဲလုပ် ကြည့် … မင်းကိုသတ်ပြီးမှ ထက်ဖျားယံဆိုတဲ့ကောင် ထောင်ထဲ ဝင်သွားမယ်"

"တိုက်စစ်မှူး … ဒီကောင် ဘာလဲ … "

လူမိုက် ကျားကြီး ထရပ်သည်။

တစ်ကိုယ်လုံးမှာလည်း ဆေးမှင်ကြောင်တွေအပြည့်နဲ့။

တစ်ယောက်ထတော့ နောက်လူတွေပါ တစ်ယောက်ပြီး တစ်ယောက် လိုက်ထရပ်သည်။

"ကျားကြီး အေးဆေးနေ … ဒါ … ငါ့ကိစ္စ ငါပဲရှင်းမယ်"

သူ ဝင်ဟန့်လိုက်တော့မှ သူ့ကိုအားလုံးရှိန်ပြီး နောက်ဆုတ် သွားသည်။ သည်တော့မှ ချစ်ခြင်းဖြူ လက်မောင်းတစ်ဖက်ကို လွှတ်ချလိုက်ပြီး တိုက်စစ်မှူးက ရှေ့ကို တစ်လှမ်းချင်းတက်လာ သည်။

အနီးကပ်ဆုံးမှာ ထက်ဖျားယံနဲ့မျက်နှာချင်းဆိုင်တိုးကပ်ရပ်







www.burmeseclassic.com

www.burmeseclassic.com



လိုက်တာ တိုက်စစ်မှူးပါ။

"ဟွန်း ... ကိုယ့်ညီမဖြစ်တာကျတော့ ခင်ဗျား နာတတ်သလား။ သူများသားသမီးကို ဖျက်စီးချင်တိုင်း ဖျက်စီး၊ ရက်စက်ချင်တိုင်း ရက်စက်တာကျတော့ ခင်ဗျား အလွယ်တကူ မေ့ပစ်လို့ရခဲ့သလား ကိုထက်ဖျားယံ ... "

"ဟေ့ကောင် တိုက်စစ်မှူး ... မင်းအခုမှ အပိုစကားတွေ လျှောက်ပြောမနေနဲ့၊ ငါ့ညီမ ချစ်ခြင်းဖြူကို လက်ဖျားလေးနဲ့မင်း တစ်ချက်ထိတာနဲ့ မိုးမီးလောင်သွားမယ်ဆိုတာ မင်းယုံထား"

ထက်ဖျားယံ ပြောပြီးတာနဲ့ ချစ်ခြင်းဖြူဘက် မျက်နှာလှည့်သည်။

"ညီမလေး ... နင် ဒီကောင့်ကို ဘာမှဂရုစိုက်နေစရာ အကြောင်းမရှိဘူး၊ တစ်ခုခုဖြစ်တာနဲ့ ကိုကို့ဆီကို ဖုန်းလှမ်းဆက်၊ ကိုကိုလာပြီး ဒီကောင်နဲ့အပြတ်ရှင်းမယ် ... ကဲ ... ဒါပဲညီမလေး ကိုကိုသွားမယ်"

ထက်ဖျားယံ လှည့်ထွက်သွားခဲ့ပြီ။

အားလုံးပြန်သွားချိန်မှာ ပြန်မလိုက်ဘဲကျန်ခဲ့တာ ဦးမြတ်အိန္ဒြေထွန်းပါ။

"ဟင် ... ဦး ... ဦး ဘာလို့ လိုက်မသွားတာလဲ"

"ငါ ... ငါ အလုပ်ပြုတ်သွားပြီလေကွာ"

"ဗျာ ... "

"ဒီနေ့ကစပြီး မင်း ငါ့ကိုလုပ်ကျွေးတော့ ... "

"ဟား ... ဟား ... "

"ငါ ... ငါ မင်းနဲ့ပဲ နေတော့မယ်"

**ဖိုးလပြည့်စာပေ**



"ဦးကလည်းဗျာ ... "

တိုက်စစ်မှူးကတော့ ကျေနပ်ပီတိပြုံးလေးနဲ့ပါ။

"ကျွန်တော်နဲ့နေရင် ဦး နေ့တိုင်းသောက်ရမှာနော်"

"သောက်မယ်ကွာ ... သောက်မယ် ... ကဲ ဘာဖြစ်လဲ"

တကယ်တမ်းကျတော့ ချစ်ခြင်းဖြူကို ဒီကောင်အညှိုးနဲ့ နှိပ်စက်နေမှာကြောက်လို့ လမ်းမှာကတည်းက ကြီးညိုကြီးဝါတို့နဲ့ တိုင်ပင်ပြီး ဦးမြတ်အိန္ဒြေထွန်း တမင်နေခဲ့တာပါ။ ဒါကို ဖွင့်မပြောဖြစ်ပေမယ့် ဦးမြတ်အိန္ဒြေထွန်းရဲ့ ရင်ထဲမှာတော့ ...

ချစ်ခြင်းဖြူကို ပြောပြချင်နေတဲ့ စကားတွေက ... ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၀ )

"ဦးလည်း ဒီအချက်ကိုပဲ စဉ်းစားနေတာ ချစ်ခြင်းဖြူ ... ဒီကောင် ဘာသဘောနဲ့ ဒီလိုမကောင်းတဲ့ကောင်တွေနဲ့ပေါင်းပြီး လမ်းပေါ်မှာ ပေါ်လားဝါးလား လျှောက်လုပ်နေသလဲဆိုတာ၊ ညကလည်း အရက်တွေမူးမူးနဲ့ ကယောင်ကတမ်းတွေ ဒီကောင်ပြောနေတယ်"

"ဟင် ... ဘာတွေပြောနေလဲ"

"စံတော်ဝင်နဲ့ ပတ်သက်နေတဲ့စကားတွေ ... "

ခုလည်း တိုက်စစ်မှူးက အဖော်အပေါင်းတွေနဲ့ ထွက်သွားလို့ အိမ်မှာ ချစ်ခြင်းဖြူနဲ့ဦးမြတ်အိမ္ဘေထွန်း နှစ်ယောက်ထဲ ကျန်ခဲ့တာပါ။

"သူ ... သူက ... သူညီမလေး စံတော်ဝင်ကို တော်တော်ချစ်တာပဲနော်"

ဖြူပြောတော့ ဦးမြတ်အိမ္ဘေထွန်းက ခေါင်းညိတ်သည်။

"ဟုတ်တယ် ချစ်ခြင်းဖြူ ... ဦးလည်း ညက ဒီကောင်ပြောပြမှ သူတို့မောင်နှမနှစ်ယောက်ရဲ့ ငယ်ဘဝဇာတ်လမ်းတွေကို သိခဲ့





ရတာ၊ ပြောရမယ်ဆိုရင် တိုက်စစ်မှူးကို ငါးတန်းကျောင်းသားအရွယ်ကတည်းက ခိုင်းချင်တာခိုင်းဆိုပြီး ပိုက်ဆံနဲ့ရောင်းစားတာ ခံလိုက်ရလို့ ရန်ကုန်ကို ပါသွားခဲ့တာတဲ့ ... ပါသွားတော့လည်း သူညီမလေးကို လှည့်ကြည့် လှည့်ကြည့်လေးနဲ့ မျက်ရည်လေးသုတ်ပြီး ပါသွားခဲ့တာတဲ့၊ အဲဒီအချိန်ကတည်းက သူညီမလေးကို ပြန်မတွေ့ရတော့တာ ဒီနေ့အထိပဲတဲ့ ... သူပြောတာတော့ ဒီကောင်က ယိုးဒယားငါးဖမ်းစက်လှေနဲ့ ဟိုဘက်နိုင်ငံတွေမှာ အလုပ်ကြမ်းတွေ လုပ်ခဲ့ရတာဆိုပဲ ... "

"ဟွန်း ... အဲဒါ ဦးယုံသလား"

"ဘာပြောတယ် ... "

"ဖြူကတော့ သူစိတ်နာနာနဲ့ပြောနေတာကို နားထောင်လိုက်ရပေမယ့် ဖြူ့စိတ်ထဲကတော့ မယုံပါဘူး၊ ညကလည်း အရက်တွေ မူးတယ် မူးတယ်နဲ့ အဝတ်အစားလည်းလဲလိုက်ရော အရက်နံ့က ပျောက်သွားတာ ဘယ်ရောက်သွားမှန်းတောင် မသိတော့ဘူး"

"ဟင် ... ဒါဆို အဝတ်အစားတွေမှာ အရက်နံ့တွေဖွတ်ပြီး ဒီကောင် တမင်သက်သက် မူးချင်ယောင်ဆောင်နေတာ ဖြစ်မှာပေါ့"

"သူ ... သူ ... အဲဒါ ဘာလုပ်တာလဲ ... "

"ဘော့စ်ထက်ဖျားယံတို့ လိုက်လာမယ်ဆိုတာ ဒီကောင်သိနေလို့ လမ်းပေါ်က ကလေကချေအုပ်စုကိုခေါ်လာပြီး ဝိုင်းဖွဲ့သောင်းကြမ်းပြလိုက်တာပဲ နေမှာ"

"ဟွန်း ... အဲဒါ ပုံ့ပုံ့လည်း ထောက်ခံတယ်"

"ဟင် ... ပုံ့ပုံ့ ... "



www.burmeseclassic.com

www.burmeseclassic.com

ပါးကွက်ကြားလေးနှစ်ဖက်နှင့် အိမ်ပေါ်တက်လာတာ ပုံ့ပုံ့ပါ။

"ဟုတ်တယ် ... ဘာလို့ထောက်ခံတာလည်းဆိုတာ ပုံ့ပုံ့ပြောပြမယ်၊ မနေ့က ဒီမှာအရက်လာသောက်သွားတဲ့ ဝိုင်းထဲမှာပါတဲ့ ကိုကျားကြီးဆိုတာ ဟိုဘက်နှစ်လမ်းကျော်မှာနေတာလေ၊ အဲဒါ မနက်ကတွေ့လို့ ပုံ့ပုံ့ကိုပြောသွားတာက၊ နင်တို့ကိုကြီးတိုက်စစ်မှူးက အကူအညီတောင်းလို့ သူတို့အဖွဲ့တွေ လိုက်လာရတာတဲ့ ... ကိုကြီး တိုက်စစ်မှူးက အရက်ကို တကယ်သောက်တာလည်း မဟုတ်ဘဲနဲ့ အင်္ကျီကော်လံတွေမှာ အရက်တွေစွတ်ပြီး မူးချင်ယောင်ဆောင်နေတာတဲ့၊ အဲဒါ ... ပုံ့ပုံ့ပြောတယ်လို့ ကိုကြီးတိုက်စစ်မှူးကို ပြန်မပြောနဲ့နော် ... ပြန်ပြောရင် ကိုကြီးတိုက်စစ်မှူးက ပုံ့ပုံ့ကို ဆူမှာ"

"ကြား ... ကြားတယ်နော် ဦး ... "

"ကြားတယ် ... ကြားတယ် ... ဟင်း ဟင်း ... "

ဒါကိုပဲ ဦးမြတ်အိန္ဒြေထွန်း စဉ်းစားနေတာပါ။

ဒီကောင်လုပ်ရပ်တွေကလည်း ကြာလေလေ နားမလည်နိုင်လေလေ။ ဒါတွေ ဒီကောင်လုပ်နေတာ ဘာသဘောလဲဆိုတာ တွေးကြည့်တော့လည်း အဖြေမပေါ်။

"ဒီကောင့်ကိုလေ ငါစတွေ့တဲ့နေ့ကတည်းက အကဲခတ်ကြည့်နေတာ၊ ရုပ်ကလေးကလည်း သန့်၊ အသားအရည်လေးကလည်း ဝင်းနဲ့၊ လမ်းပေါ်မှာ ကျင်လည်ကျက်စားလာတဲ့ ရုပ်မျိုးမှ မပေါက်တာ"

ဖြူ့မျက်ဝန်းထဲ ပြေးမြင်လိုက်မိတာ ချောမောတည်တင်း





တဲ့ သူ့ရုပ်သွင် အဆင်အပြင်လေးကိုပါ။ ဒီအချက်ကိုလည်း ဦးမြတ်အိန္ဒြေထွန်းပြောတာ ဖြူ သဘောတူသည်။

ညကလည်း အရက်နံ့တထောင်းထောင်းနဲ့ ဖြူ့အခန်းထဲကို သူဝင်လာသည်။ ဘာမပြောညာမပြောနဲ့ ဖြူ့ဘေးမှာစွေ့ခနဲဝင်ထိုင်ကာ။

"မင်း ဘာလုပ်နေတာလဲ ... "

"ရှင့်အင်္ကျီ ပခုံးလေးပြဲနေလို့ ကျွန်မချုပ်ပေးနေတာ"

"ဟွန်း ... မလိုပါဘူးကွာ"

နှုတ်ခမ်းလေးမဲ့ကာပြောရင်း ဖြူ့မျက်နှာကို သူစိုက်ကြည့်၏။ ဖြူ အသက်ရှူကြပ်သလိုဖြစ်သွားတာ သူ့ဆီက အနီးကပ်ရနေတဲ့ အရက်နံ့ကို မခံနိုင်လို့ပါ။

"ဟွန်း ... မင်းနော် ... ငါအရက်တွေသောက်ထားလို့ မျက်နှာလေးတော့ မဲ့မသွားနဲ့နော် ... "

"အို ... ဘယ်မှာမဲ့လို့လဲ ... "

"မင်းကိုယ်မင်း ဒီနေ့ကစပြီး အရက်သမားမယားလို့ ခံယူလိုက်"

"ရှင် သောက်ထားတာတွေ အရမ်းများနေပြီထင်တယ်"

ဖြူ မျက်ရည်မဝဲမိအောင် ကြိုးစားပေမယ့်။ မရ ...

သူ ဖြူ့အနားကို ရောက်လာတိုင်း မျက်ရည်က ဆွဲချသလို ကျချင်နေတာ ဒီနေ့ တစ်နေ့လုံးပါပဲ။ ကိုကို ထက်ဖျားယံတို့ပြန်သွားတော့ အမူးသမားဂလေကချေတွေနဲ့ သောက်ကြစားကြ မဲ့ရိုက်ကြတာလည်း ကစ်နေကုန်။ ညနေစောင်းတဲ့အထိ။



www.burmeseclassic.com

www.burmeseclassic.com

"ဟွန်း … ငါသောက်ချင်တာက မိုးပေါ်က ကြယ်တွေလတွေအားလုံး ချာချာလည်သွားတဲ့အထိ သောက်ချင်တာ၊ ဒါပေမဲ့ သောက်နေရင် ငါ့စိတ်ထဲမှာ မင်းမျက်နှာလေးကို ပြန်မြင်လိုက်လို့ ရပ်ပစ်လိုက်တာ … ငါ အခုလာတာလည်း ဖဲနိုင်တဲ့ပိုက်ဆံတွေ မင်းကိုပေးချင်လို့လာတာ … ရော့ … ဒီမှာ ဒါတွေအားလုံး မင်းယူလိုက် … "

"ရပါတယ် … ရှင် ကျွန်မကို မပေးပါနဲ့၊ ရှင်ရှာပေးတဲ့ပိုက်ဆံကို ကျွန်မ မကိုင်ချင်လို့ … ဟိုဘက်အိမ်က ပုံ့ပုံ့မမကို ပြောပြီး သူနဲ့အတူတူ ကျွန်မ အလုပ်လိုက်လုပ်မယ် … "

"ဟင် … ဘယ်က ပုံ့ပုံ့မမလဲ၊ ငါလည်း တစ်ခါမှမမြင်ဘူးပါလား"

"ပုံ့ပုံ့ပြောတာကတော့ သူ့မမကို ကိုကြီးတိုက်စစ်မှူးက သိမှာတောင် မဟုတ်ဘူးတဲ့၊ အဲဒီမမက မြို့ထဲက အဆောင်တစ်ခုမှာနေတာတဲ့"

"ကဲ … မင်းလုပ်မယ့်အလုပ်က ဘာလဲ … "

"ရှင်သိရင်တောင် ကျေနပ်သွားမယ့်အလုပ်ပါ"

"ဟွန်း … ရတယ်လေ၊ မင်းအဲလိုအပြင်မှာ အလုပ်ထွက်လုပ်မှ မင်းအစ်ကိုတွေ မင်းအဒေါ်တွေ အသည်းကို ပျားတုပ်ခံရသလိုဖြစ်သွားမှာ၊ ငါမတားဘူးသိလား ချစ်ခြင်းဖြူ … မင်း ကြိုက်တာလုပ်၊ ငါ ခွင့်ပြုတယ် … "

ဖြူ ငိုခဲ့ရတာလည်း တစ်ညလုံး။

ခုလည်း မနက်အစောကတည်းက သူထွက်သွားတာ ဘယ်





ကိုသွားလို့သွားမှန်းလည်းမသိ။

"ဦးလည်း ဒီကောင့်အကြောင်းကို စဉ်းစားရတာ ဦးနှောက်ခြောက်အောင်ရမ်းစားတယ် ချစ်ခြင်းဖြူရယ် … ဒီကောင်လုပ်နေတဲ့ လုပ်ရပ်တွေကိုလည်း ဦးဘယ်လိုမှ နားမလည်နိုင်တော့ဘူး၊ နာကြည်းချက်တွေရှိလို့ လက်စားချေတာဆိုရင်လည်း ဒီလိုမူးချင်ယောင်ဆောင်ပြီး လက်စားချေနေစရာလား"

ဦးမြတ်အိန္ဒြေထွန်း စိတ်ပျက်လက်ပျက်လေး ပြောလိုက်မိသည်။ ပုံ့ပုံ့ကတော့ ရယ်ကြဲကြဲကလေးနဲ့။

"ဒါကြောင့်မို့ ပုံ့ပုံ့ကတော့ ကိုကြီးတိုက်စစ်မှူး အရက်သောက်တာ မယုံပါဘူးလို့ပြောခဲ့တာ … ဒီအိမ်ကလေးကို ပြန်လာတိုင်းလည်း မမစံတော်ဝင်ရဲ့ဓါတ်ပုံလေးကိုကြည့်ပြီး မျက်ရည်ဝဲဝဲလေးနဲ့ ငေးငေးငိုင်ငိုင်လေး အမြဲတစ်ယောက်တည်း ထိုင်နေခဲ့တာလေ၊ ဘယ်မှာ အရက်တွေသောက်ပြီး မူးနေခဲ့လို့လဲ … ဖဲလည်းကစားတတ်တာမဟုတ်ပါဘူး၊ ပုံ့ပုံ့တို့ကိုလည်း ချစ်တယ်၊ ဒီအိမ်နားက ကလေးတွေလည်း မုန့်တွေအမြဲဝယ်ကျွေးတယ် … "

ပုံ့ပုံ့ ရှင်းပြနေတာ အားတက်သရော။

ဖြူနဲ့ဦးမြတ်အိန္ဒြေထွန်းကတော့ ပုံ့ပုံ့မျက်နှာလေးကိုပဲ ငေးကြည့်လျက်။

"ဒါကြောင့်မို့ … ပုံ့ပုံ့တို့ကတော့ ကိုကြီးတိုက်စစ်မှူးကိုချစ်တယ်"

"ဟင် … "

ဖြူ အံ့သြသွားသည်။

ပုံ့ပုံ့လေးက ကိုကြီးတိုက်စစ်မှူးကို ချစ်သတဲ့။


www.burmeseclassic.com

www.burmeseclassic.com



"ဟွန်း ... မမကရော ကိုကြီးတိုက်စစ်မှူးကိုချစ်တယ်မို့လား၊ ပုံ့ သိတယ်နော် မမ ... မမ မလိမ်နဲ့နော်၊ ညကလည်း မမ တဟင့် ဟင့်လေးနဲ့ငိုနေတာ၊ ဟိုဘက်အိမ်ကနေ ပုံ့ကြားနေရတယ်"

ပုံ့ပြောတော့ ဖြူ ပြုံးပဲပြုံးနေလိုက်သည်။

"အခုရော ... ကိုကြီးတိုက်စစ်မှူး ဘယ်မှာလဲ"

ပုံ့က မမြင်လို့ မေးလိုက်မိတာပါ။

"သူ့အပေါင်းအသင်းတွေလာခေါ်လို့ မနက်အစောကတည်းက ထွက်သွားတာပဲ ပုံ့ရယ် ... "

"အဲဒါ မမစိတ်ညစ်ငဲ့နေပြီလား ... "

"ဟင်း ... ဘယ်လိုပြောရမလဲ ... "

ဖြူ နှုတ်ခမ်းလေးမဲ့ကာ ပြုံးမိသည်။

ပုံ့ပုံ့ ပြန်သွားတော့မှ ...

"ဒီပတ်ဝန်းကျင်က လူတွေကို ကြည့်ရတာ တိုက်စစ်မှူးကို တော်တော်ခင်မင်လေးစားကြတဲ့ပုံတွေပဲနော် ဦး ... ဖြူ ရောက် လာကတည်းက တစ်ယောက်မှ မကောင်းပြောတာ မကြားရဘူး"

"ဦးကတော့ ဒီကောင့်ကို နားမလည်နိုင်တော့ဘူးဖြူ၊ ဦးကြည့်ရတာတော့ ဒီကောင် ဖြူ့ကို ချစ်လည်းချစ်၊ စိတ်လည်း အဲလိုမျိုးဖြစ်နေလား မသိဘူး ... ညကလည်း ကယောင်ကတမ်း တွေပြောပြီး တဟင်းဟင်းနဲ့ ပင့်သက်ချနေတာ ဦးကြားတယ်၊ နေ ဦး ... အခုမှ သတိရလို့ ဦးမေးရဦးမယ်၊ ဒီကောင်နဲ့ချစ်ခြင်းဖြူ ပြေးလာတယ်ပြောပြီး ဘာလို့ တစ်ခန်းတည်း အတူတူမအိပ်တာ လဲ"

ဒီမေးခွန်းကို ဦးမြတ်အိန္ဒြေထွန်း မေးတော့မယ်ဆိုတာ ဖြူ





ကလည်း ကြိုတွက်ပြီးသားပါ။

"သူပြောတဲ့စကားအတိုင်း ဖြူပြန်ပြောရမလား"

"ဟင် ... ဒီကောင် ဘာပြောလို့လဲ ... "

"တကယ်မချစ်ဘဲ လက်ထပ်ယူလာတဲ့ မိန်းကလေးတစ် ယောက်ကို လက်ဖျားလေးနဲ့တို့ဖို့တောင် သူ့မှာအစီအစဉ်မရှိဘူး တဲ့"

"အောင်မလေးကွာ"

ဦးမြတ်အိန္ဒြေထွန်း နှုတ်ခမ်းလေးမဲ့ပြီးတော့တောင် ပြုံးသွား ရသည်။ ဒီကောင်ကများ ဒီလိုတောင် ပြောသေးသတဲ့။

ကြီးကြီးကျယ်ကျယ်နဲ့။

"သူအဲလိုပြောလို့ ဖြူကလည်း မခံချင်စိတ်ကလေးနဲ့ တစ် ယောက်တည်းခွဲအိပ်တာ၊ သူ့မှာမာနရှိသလို ဖြူကလည်း မာနရှိပါ တယ်"

"အဲလိုတစ်ယောက်တည်းအိပ်တော့ မကြောက်ဘူးလား"

"ကြောက်တာပေါ့ ဦးရဲ့ ... ဟိုနေ့ညကဆိုရင် တစ်ယောက် တည်း မအိပ်ရဲလို့ ပုတီးလေးစိပ်ပြီးတော့တောင် ထထိုင်နေရတယ်၊ ကြားထဲ ဟိုဘက်နှစ်အိမ်ကျော်လောက်က လင်မယားတွေ ည သန်းခေါင်ကျော်မှ ဆူညံပူညံနဲ့ တစ်လမ်းလုံးပွက်ပွက်ညံနေအောင် ရန်ထဖြစ်နေကြသေးတယ်"

"မင်း ... တော်တော်ခံနိုင်ရည်ရှိတာပဲ"

ချစ်ခြင်းဖြူကိုတော့ ဦးမြတ်အိန္ဒြေထွန်း ချီးကျူးမိသည်။

ပြောရရင် ... ချစ်ခြင်းဖြူဆိုတာ မွေးလာကတည်းက တိုက်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ကားနဲ့ ခြေမွေး မီးမလောင် လက်မွေးမီးမလောင် နေလာခဲ့တဲ့ မိန်းကလေး။ ဆင်းရဲခြင်းဆိုတာကို သူမ ဘယ်လိုခံစားဖူးမှာလဲ။

လိုက်လာတာလည်း တိုက်စစ်မှူးကို သံယောဇဉ်ဖြစ်ပြီး လိုက်လာခဲ့တာ။ ဒီကောင့်အတွက် ပိုကောင်းသွားတာက ချစ်ခြင်းဖြူနဲ့ပေးစားဖို့သဘောတူထားတဲ့ စည်းရုံးညီဆိုတဲ့ သူဌေးတစ်ယောက် ပေါ်လာခဲ့တာ။

ဘော့စ်ထက်ဖျားယံတို့ ပြောနေတဲ့စကားတွေအရဆိုရင် တိုက်စစ်မှူးခေါ်တဲ့နောက်ကို ချစ်ခြင်းဖြူပါသွားလို့ စည်းရုံးညီကိုယ်တိုင် တော်တော်ပေါက်ကွဲသွားတယ်ဆိုပဲ။ အတင်းလိုက်ခွဲရမယ်ဆိုပြီး ဖုန်းထဲကနေ ပြောခဲ့သတဲ့။

ဦးမြတ်အိန္ဒြေထွန်းကတော့ ဘော့စ်ထက်ဖျားယံနဲ့ဦးမောင်မောင်စိုး အပြန်အလှန် ပြောဆိုနေတာတွေကို ကားထဲမှာအတူထိုင်ရင်း နားထောင်ကာ လိုက်လာခဲ့ရတာဖြစ်သည်။ ကြီးညို့နဲ့ကြီးဝါဆိုတဗြစ်တောက်တောက်နဲ့ ပြောလို့မဆုံး။

"မောင်စည်းရုံးညီလေးကို ဘယ်လောက်အားနာဖို့ကောင်းသလဲ ... ဒီလောက် နှစ်ဖက်ဂုဏ်သရေရှိ လူကြီးတွေ ပြောထားဆိုထားပြီးမှ တိုက်စစ်မှူးဆိုတဲ့ကောင် မိုက်မိုက်ရိုင်းရိုင်း မတန်မရာလုပ်သွားလို့ ခံစားနေရတာ ... သေချာတယ် ... သေချာတယ် စံတော်ဝင့်အတွက် ဒီကောင်လက်စားချေတော့မှာ သေချာတယ် ငါတို့တူမလေး တစ်ခုခုဖြစ်လို့ကတော့ ဒီကောင့်ကို ... ဒီကောင့်ကို ဟင်း ဟင်း ..."

ကြိတ်မနိုင်ခဲမရ ဒေါပွသူကပွ၊ တက်ခေါက်သူကခေါက်။





ထက်ဖျားယံဆို အံကြိတ်လက်သီးဆုပ်မိတာ ဘယ်နှစ်ကြိမ်ရှိမှန်းပင် မသိတော့။ ဒါကို မြင်နေကြားနေရပေမယ့် ဦးမြတ်အိန္ဒြေထွန်း ဘာတတ်နိုင်မှာလဲ။

ပြဿနာကို ရည်ရွယ်ချက်ရှိရှိရှာသွားတာက ကိုယ့်ကောင်တိုက်စစ်မှူး။ ဒါကြောင့်မို့လည်း စံတော်ဝင်ပန်းလေးတစ်ပွင့်ကိုကိုင်ပြီး ဆောက်လုပ်ရေးလုပ်ငန်းခွင်ကြီးထဲကို ပေပေတေတေဘဝလေးနဲ့ ဒီကောင်ဝင်လာခဲ့တာ။

ချစ်ခြင်းဖြူဆိုတဲ့ မိန်းကလေးကလည်း ဒါတွေကိုမသိဘဲ ရိုးသားတဲ့စိတ်ကလေးနဲ့ ဒီကောင့်ကိုပဲ သံယောဇဉ်တွယ်သွားခဲ့တာလေ။

ခုတော့ ... နှစ်ဦးသဘောတူလက်မှတ်ထိုးခဲ့ကြပြီးပြီဆိုတော့ ရှေ့လျှောက် ဒီကောင်ပြဿနာ နရတော့မှာပေါ့။ ဒီကောင် စိတ်တိုင်းကျ ကောင်မလေးကို နှိပ်စက်လို့ ရသွားပြီပေါ့။

တခုပဲ ... စဉ်းစားလို့မရတာက ... တကယ်မမူးဘဲ ဒီကောင် ဘာလို့မူးချင်ယောင်ဆောင်နေရတာလဲ။

"ဟော ... ဟိုမှာ တိုက်စစ်မှူး ပြန်လာပြီ"

"ဟင် ..."

လက်ထဲမှာလည်း အထုတ်ကလေး တစ်ထုတ်ကိုကိုင်လို့။

"ဘာတွေလဲ ..."

"ဟင်းချက်စရာ ဝယ်လာတာ"

ဖြူကိုလည်း တစ်ချက်လေးတောင် လှည့်မကြည့်ဘဲ နောက်ဖေးမီးဖိုထဲ တန်းဝင်သွားသည်။

ဖြူ သူ့နောက်ကို လိုက်သွားတော့ ...



www.burmeseclassic.com

www.burmeseclassic.com



"ငါက မင်းသွားပြီတောင် ထင်နေတာ"

"ဟင် ... ကျွန်မက ဘယ်ကိုသွားရမှာလဲ"

"မင်း အလုပ်လုပ်တယ်ဆို ... "

"ရှင် ... "

သူ တကယ်လုပ်ခိုင်းနေတာပဲ။

"မင်းနဲ့ မလွှဲသာမရှောင်တာ ပတ်သက်လိုက်ရတာ ငါ ... တကယ်ရင်နာပါတယ်၊ အမှန်အတိုင်း ဝန်ခံရရင် ငါလက်စားမချေ ချင်ဘူး၊ ငါ့ကြောင့် ဘယ်သူ့ကိုမှလည်း ဒုက္ခမရောက်စေချင်ဘူး ... ဒါပေမဲ့ ... "

သူ ဟင်းချက်စရာတွေကို အိုးထဲဖွင့်ချကာထည့်ရင်း ဖြူ့ကို မကြည့်ဘဲပြောနေတာ ခေါင်းကလေးကပါ ငိုက်စိုက်ချလို့ပါ။

"ဟင် ... ဒါပေမဲ့ ဘာဖြစ်လဲ ... ပြောလေ ... "

"သူတို့အားလုံးကို သိစေချင်တယ် ... "

"ဘာကိုသိစေချင်တာလဲ ... "

ဖြူ နားမလည်တော့။ မျက်တောင်လေးကော့ကြည့်က ထပ်မေးမိ၏။ တကယ်ပါ ... သူ့အမူအရာနဲ့ သူ့လေသံတွေ။ ဒီနေ့ နည်းနည်းလေး ပြောင်းသွားသလိုပဲ။ သူ့ကို လမ်းထဲကလူတွေ ဖြောင်းဖျပြောလိုက်ကြပြီ ထင်ပါရဲ့။

ဒါကြောင့်မို့ ... ပုတီးစိပ်ရင်း ဖြူတွေးမိခဲ့တာ။

တရားကို နတ်စောင့်တတ်တယ်ဆိုတာ။

ဒီဇာတ်လမ်းမှာ ဖြူဘာမှ အပြစ်မရှိခဲ့တာဘဲ။

ဒီဝဋ်ကြွေးနဲ့ လက်စားချေမှုတွေကို မျက်ရည်တွေနဲ့အဆုံး အောင် ဖြူပေးဆပ်နေစရာလိုသလား။ ဖြူ မျှော်လင့်ထားခဲ့တာ





ဖြူချစ်တာကို သူသိရင် ကျေနပ်ပါပြီဆိုတဲ့ မျှော်လင့်ချက်ပဲ။ ဒါရရင် တော်ပါပြီ။

"ပြောလေ ... သူတို့အားလုံးကို ဘာသိစေချင်တာလဲ"

"မကောင်းတာလုပ်ရင် မကောင်းတာပြန်ခံစားရတယ်ဆို တာ"

"တိုက်စစ်မှူးရယ် ... အခုလည်း သူတို့သိနေပါပြီ၊ ကျွန်မက ရှင့်လက်ခုပ်ထဲကရေပါ၊ လမ်းပေါ်ပဲရောက်ရောက် မီးတောက်ထဲပဲ ပစ်ချ ပစ်ချ ... ရှင်ပြုသမျှ ကျေနပ်နေရမယ့်ဘဝမှာ ကျွန်မက ရှင့်ကို ဘာတွေအတိုက်အခံလုပ်ပြီး ကန့်ကွက်နေခဲ့လို့လဲ ... အခု ရှင်လမ်း ပေါ်ထွက်ရင် ကျွန်မလည်းထွက်မယ်၊ ရှင်နေပူထဲမှာလျှောက်ရင် ကျွန်မလည်း လျှောက်မယ်၊ ဒါဆို ... ရှင်မကျေနပ်ဘူးလား၊ မမစံ တော်ဝင်လို အဖြစ်မျိုးနဲ့သေစေချင်တယ်ဆိုလည်း ရှင်ချည်ပေးတဲ့ ကြိုးကွင်းမှာ လည်ပင်းစွပ်ပြီး ကျွန်မ ခုန်ချမယ်"

"အဲလောက်ထိ မင်းစိတ်ကူးမယဉ်နဲ့ ... "

ဒါကျတော့ သူလက်မခံ။

အိမ်ရှေ့ကိုပြန်ထွက်သွားပြီး ရေတစ်ပုံးခပ်ကာ နောက်ဖေး ခန်းထဲ သူပြန်ဝင်လာသည်။ နောက်ထပ်လည်း စကားမပြောတော့ ဘဲ ဝယ်လာသည့် ဟင်းချက်စရာတွေကို သူကိုယ်တိုင်ချက်ဖို့ လိုတာ တွေ ပြင်ဆင်နေသည်။

"ဟော့ကောင် ... ပေး ပေး ... မင်းမလုပ်နဲ့ ငါလုပ်မယ်"

ဦးမြတ်အိမ်ခြွေထွန်း တောင်းတာလည်းမရ။

"ဟာ ... ရတယ်ဦး ... ဦးထိုင်နေပါ၊ ဦးက ကျွန်တော့် ကျေးဇူးရှင်ပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဒါကျတော့လည်း ဒီကောင်သိသား။

"ဟွန်း … ကောင်မလေးကို မင်းပြောနေတာတွေ အကျ…
ကြားလို့ ငါဝင်လာတာ၊ မင်း ဒါတွေအားလုံးဖြစ်လာအောင် ဘယ်လို
ရည်ရွယ်ချက်တွေနဲ့ လျှောက်လုပ်နေသလဲဆိုတာ ငါသိအောင် ရှင်း
ရှင်းလင်းလင်းပြော … အေး တစ်ခုတော့ရှိတယ်၊ အပြစ်မရှိတဲ့ ချ…
ခြင်းဖြူကို ဒုက္ခရောက်အောင်လုပ်ဖို့တော့ မင်းမစဉ်းစားနဲ့ ငါလက်
မခံဘူး"

ဦးမြတ်အိန္ဒြေထွန်းကပြောတော့ တိုက်စစ်မှူးက နှုတ်ခမ်း
လေးမဲ့ရင်းပြုံးကာ …

"ဟွန်း … အဲဒါ ကျွန်တော်သိပါတယ်ဦးရာ၊ အခုလည်း ချ…
ခြင်းဖြူကို ကျွန်တော် ဘယ်မှာနှိပ်စက်လို့လဲ"

ပြန်ပြောနေတာ ဆံပင်ရှည်တွေ တယမ်းယမ်းနဲ့။

နှုတ်ခမ်းလေးရဲနေတာက ကြည့်လို့ကောင်းနေသလိုပင်။

"မနှိပ်စက်ရင် မနေ့က ဖဲဝိုင်းနဲ့အရက်ဝိုင်းကို ဒီအိမ်ပေါ်မှာ
ဘာရည်ရွယ်ချက်နဲ့ မင်းလုပ်ခဲ့တာလဲ … ကဲ … မင်းပြော"

"ထက်ဖျားယံနဲ့သူ့အဒေါ်နှစ်ယောက် လိုက်လာရင်မြင်စေ
ချင်လို့"

ဖြူ … သူ့ကို ဖျတ်ခနဲ လှည့်ကြည့်လိုက်တာ မျက်ဝန်းရွှ…
လေးတွေနဲ့ပါ။ ဟွန်း … ဒါဆို ရည်ရွယ်ချက်ရှိရှိနဲ့ ကိုကိုနဲ့အဒေါ်
အပျိုကြီးနှစ်ယောက်ကို နေရာမှာတင်လဲသေသွားချင်စိတ် ပေါက်
သွားအောင် ကလေကချေ အရက်သမား ဖဲသမားတွေနဲ့ပေါင်းပြီး
ကြံစည်ခဲ့တာပေါ့"

"ဟား ဟား … ဒါဆို မင်းလုပ်နေတာတွေ အရမ်းကလေး





ဆန်နေပြီဆိုတာရော မင်းသိရဲ့လားဟင် တိုက်စစ်မှူး"

"ကျွန်တော် … ကျွန်တော်မှ လက်စားမချေတတ်တာ"

"ဟ … ဟကောင်ရ … "

ဦးမြတ်အိန္ဒြေထွန်း သူ့နဖူးသူရိုက်ကာ တဝါးဝါးတဟားဟား
ခွက်ထိုးခွက်လှန် ထရယ်သည်။

"ဟား ဟား … မင်း … မင်း တကယ်တုံးတဲ့ကောင်ပဲ
သိလား တိုက်စစ်မှူး … လက်စားမချေတတ်ဘဲနဲ့ မိန်းကလေး
တစ်ယောက် ဒုက္ခရောက်အောင် မင်းဘာတွေလျှောက်လုပ်လာ
တာလဲဆိုတာပဲ မင်းငါ့ကိုပြောစမ်း တိုက်စစ်မှူး … မင်းလုပ်တာ
ချစ်ခြင်းဖြူ ဘယ်လောက်စိတ်ဆင်းရဲနေပြီလဲဆိုတာ မင်းစဉ်းရော
စဉ်းစားမိရဲ့လား"

"ကျွန်တော် စိတ်ညစ်တယ်ဗျာ"

သူ ဖြူ့ဘက်ကိုလည်း မျက်နှာလေး လှည့်မလာ။

ဦးမြတ်အိန္ဒြေထွန်း အကြည့်ကိုလည်း ရဲရဲရင်မဆိုင်။

"ဟုတ်တယ်ဗျာ ဦး … ဟုတ်တယ် … ကျွန်တော်က ဦး
ပြောသလိုပဲ ကျွန်တော့်ကိုယ်ကျွန်တော် အရမ်းတုံးတယ်ဆိုတာ ချစ်
ခြင်းဖြူနဲ့တွေ့မှ ကျွန်တော်သိခဲ့တာ၊ တကယ်ပါ … ကျွန်တော်
မလိမ်ဘူး … မြန်မာပြည်ထဲကို ပြန်ရောက်လာကာစတုန်းကတော့
ညီမလေးစံတော်ဝင်သတင်းတွေ စုံစမ်းရင်း ကျွန်တော် ထက်ဖျား
ယံကို လက်စားချေချင်စိတ်တွေ ပေါက်ခဲ့တယ် … ဒီကောင့်နောက်
ကို အရိပ်တစ်ခုလို ကျွန်တော် လိုက်ခဲ့တယ်၊ မကျေနပ်တဲ့အမုန်းစိတ်
တွေနဲ့လည်း ဦးတို့ရဲ့ ဆောက်လုပ်ရေးလုပ်ငန်းခွင်ကြီးထဲမှာ အလုပ်
ဝင်နိုင်ဖို့ ကျွန်တော် ဒုက္ခခံကြိုးစားခဲ့တယ် … ဒါပေမဲ့ … တကယ်



www.burmeseclassic.com

www.burmeseclassic.com



တမ်းကျတော့ ...”

“ဟော့ကောင် ဆက်ပြောလေ ... တကယ်တမ်းကျတော့ ဘာဖြစ်လဲ ...”

“ချစ်ခြင်းဖြူမှာ အပြစ်မရှိတာကို ကျွန်တော်သိသွားတယ်”

“ဘယ်တုန်းက သိတာလဲ”

“ကျွန်တော့်နောက်ကို လိုက်ဖို့ ကတိပေးလိုက်တုန်းက”

ဒီလိုပြောလိုက်တော့ ဦးမြတ်အိန္ဒြေထွန်း ပြုံးသွားသည်။

“ဘာလဲ ဟော့ကောင် ... မင်းကို လမ်းပေါ်မှာပေတေလေလွှင့်ပြီးတော့မှ ရောက်လာတဲ့ ကလေကချေတစ်ယောက်နောက်ကို ချစ်ခြင်းဖြူလို ကတ္တီပါဖိနပ်စီး ရွှေထီးဆောင်းလာတဲ့ကောင်မလေးက ရိုးသားဖြူစင်တဲ့စိတ်ကလေးနဲ့ လိုက်ခဲ့တာကို မင်းသဘောကျပြီး နားလည်သွားခဲ့တာမို့လား”

“နားလည်တာ မဟုတ်ဘူး”

“ဟင် ... နားလည်တာ မဟုတ်ရင် ဘာဖြစ်သွားတာလဲ”

“ဟာ့တ်ထိသွားတာ”

“ဘာ ... ဘာပြောတယ် ...”

ကြည့်စမ်း ... ဟာ့တ်ထိသွားတာတဲ့။ ဒီကောင် ပြဿနာပဲ။

“ဟောဗျာ ...”

ပြောပြီးတာနဲ့ အိုးတွေခွက်တွေ ပစ်ချပြီး ဒီကောင် ချာခနဲလှည့်ထွက်သွားပြီ။

“ချစ်ခြင်းဖြူ ... သွား ... သွား ဒီကောင့်နောက်ကိုလိုက်သွား”

“ဟာ ... မလိုက်ရဲပါဘူး”





ဦးမြတ်အိန္ဒြေထွန်း မျက်လုံးပြူး မျက်ဆံပြူးနဲ့ အတင်းလိုက်ခိုင်းတာတောင် ချစ်ခြင်းဖြူက မလိုက်။

“ခက်ပါလား ချစ်ခြင်းဖြူ ... ဒီကောင် ... ဒီကောင် သူ့ရင်ထဲမှာ မျိုသိပ်ထားတဲ့စကားတွေကို အမှန်အတိုင်း ဖွင့်ပြောလိုက်ရင်းနဲ့ ရှက်သွားလို့ ဒီကောင် လှည့်ထွက်သွားတာ ...”

“ဦး ... ဦး တကယ်ပြောတာနော်”

“တကယ်ပြောတာပေါ့ဟ ...”

“ဒါဆို ...”

တွေ့လား ...

အရေးထဲကျမှ ရှက်နေကြတာလည်း အပြိုင်အဆိုင်ပါ။

ခုကျတော့ အပြေးကလေးလိုက်သွားတာ ကိုယ့်ကိုတောင် လှည့်ပြီး နှုတ်မဆက်နိုင်။

“တိုက်စစ်မှူးနော် ... ရှင် ခဏနေဦး ...”

“ဟာ ... မင်း ... မင်း ဘာလို့လိုက်လာတာလဲ”

တစ်ချက်ပဲလှည့်ကြည့်ပြီး တိုက်စစ်မှူးက ရှေ့ကိုဆက်လျှောက်သည်။

“ရှင် ... ရှင်တကယ် ဟာ့တ်ထိသွားတာလားဆိုတာ သိချင်လို့ ရှင့်ကိုလိုက်မေးတာ”

အရေးထဲမှာ မိုးက ဝေါခနဲရွာချလိုက်တော့ လမ်းပေါ်မှာ နှစ်ယောက်သား မိုးရေတွေ နှစ်ယောက်စလုံး စိုရွှဲသွားသည်။

ဒါနဲ့ပဲ မီးကင်းထဲအပျက်ကလေးထဲမှာ မိုးဝင်ခိုလိုက်ရင်း သူ ချစ်ခြင်းဖြူကို မရဲတရဲလေး လှည့်ကြည့်လိုက်တော့ ဝင်းလက်နေတဲ့ ကိုယ်လုံးလေးမှာ မိုးရေတွေစိုကပ်သွားခဲ့တော့ ...



www.burmeseclassic.com

 www.burmeseclassic.com

"ဟား ... ချစ်ခြင်းဖြူရာ ... မင်း ... မင်း ငါ့ကို စိတ်တွေ ယောက်ယက်ခတ်သွားအောင် မလုပ်စမ်းပါနဲ့ကွာ၊ ငါက ... ငါက အချစ်စိတ်နဲ့အမုန်းစိတ်နှစ်ခုကြားမှာ အားပြိုင်နေရတာ၊ ပြီးတော့လည်း ... ငါ့ရင်ထဲက ခံစားချက်တွေအားလုံး ဦးမြတ်အိန္ဒြေထွန်းရှေ့မှာ မပြောချင်လို့ ငါလှည့်ထွက်လာခဲ့တာ ... ငါ ... ငါအမှန်အတိုင်းထပ်ပြောရရင် မင်းကို မုန်းလည်းမုန်းတယ်၊ ချစ်လည်းချစ်တယ်"

"ဘာ ... ဘာပြောတယ် တိုက်စစ်မှူး ... "

"ငါ ... ငါ မင်းနားလည်အောင် ရှင်းရှင်းလေးပြောလိုက်တာလေ ချစ်ခြင်းဖြူ ... ဒါကြောင့်မို့ မင်းပြန်ပါ ... "

ဖြူ ဘာပြောရပါတော့မလဲ။

ဖြူ တစ်ခုပဲ နားလည်သွားတာက နာကြည်းစိတ်လေးနဲ့ သူ ဖြူ့ကိုချစ်နေတယ်ဆိုတာ။

"ဟွန်း ... ရပါတယ် တိုက်စစ်မှူး ... ရှင် ... ဒီလောက်ပြောရင် ကျွန်မသိပြီ ... ရှင်ဖြစ်စေချင်တာကိုလည်း ကျွန်မ နားလည်ပြီ"

ဖြူ ဆုံးဖြတ်လိုက်ပါပြီ။

အကောင်းဆုံးတစ်ခုကို ရွေးချယ်လိုက်ရမယ့်တာဝန်က ...

ဖြူ့တာဝန်ပဲ ဖြစ်နေခဲ့ပြီ မဟုတ်လား။

သူ ကျေနပ်သွားအောင် ... မမစံတော်ဝင်ရဲ့ ဘဝနဲ့ထပ်တူညီမျှတဲ့ဘဝတစ်ခုဆီကိုပဲ ဖြူ ခြေလှမ်းကလေးတွေ စတင်လိုက်ရတော့မှာလေ။ ပြောရရင် ... ဒါဟာ ပေးဆပ်ခြင်းတစ်ခု။

အခန်း ( ၂၁ )

"ကျွန်မ ... မယွန်းဖြူစင်နဲ့ တွေ့ချင်လို့ပါ"

"အို ... သွန်းဖြူစင်ဆိုတာ ကျွန်မလေ မမ ... "

"ဟာ ... ဝမ်းသာလိုက်တာ ညီမလေးရယ် ... မမကိုလေ ပုံ့ပုံ့က ဒီလိပ်စာလေးပေးပြီး လွှတ်လိုက်လို့လာခဲ့တာပါ၊ မမက ချစ်ခြင်းဖြူလို့ ခေါ်ပါတယ်"

"ဘုရားရေ ... မမက ချစ်ခြင်းဖြူ ... "

နာမည်လေးကြားလိုက်တာနှင့် မျက်တောင်ရှည်တွေကော့ပျံကာပ်အောင် အံ့သြသွားခဲ့ကာ သွန်းဖြူစင် အသက်ရှူပါ မှားသွားခဲ့သည်။ ကြည့်ပါဦး ... ညီမလေး ပုံ့ပုံ့က လွှတ်လိုက်တာတဲ့။

ဟိုနေ့က ပုံ့ပုံ့ကိုယ်တိုင် ဖုန်းဆက်ပြောလို့ နာမည်လေးကို မှတ်ထားလိုက်ရပေမယ့် မမချစ်ခြင်းဖြူကို ဒီလောက်ထိ ကျက်သရေရှိကာ လှပတည်တင်းနေလိမ့်မယ်လို့ သွန်းက မျှော်လင့်မထားခဲ့တာအမှန်ပဲ ဖြစ်သည်။

ခုတော့ ကြည့်ပါဦး ...

သွန်းရှေ့ကို ရောက်လာတဲ့ မမချစ်ခြင်းဖြူဆိုတာ ...

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com

ဝင်းနှစ်စိုပြေတဲ့အသားအရည်လေးကို ပိုင်ထားပြီး ဖြောင့်စင်းဝင်းမွတ်တဲ့ ခန္ဓာကိုယ်လေးနဲ့ ဆံနွယ်အရှည်ကြီးတွေ ဝဲဖြာကျနေပုံလေးက မြင်လိုက်ရသူတိုင်း အသက်ရှူမှားကာ ငေးမောလိုက်ချင်စရာ။

"ဟုတ်တယ်လေ ညီမလေး … မမက ချစ်ခြင်းဖြူပါ၊ ဒီမှာ ပုံ့ပုံ့ ရေးပေးလိုက်တဲ့ စာလေးလည်း ပါပါတယ် … ညီမလေး မယုံရင် ဖတ်ကြည့်ပါ …"

"ဟာ … မလိုပါဘူးမမ၊ သွန်း … သွန်းက မမမျက်နှာထားလေးနဲ့ ပုံစံလေးကို ကြည့်ပြီး အရမ်းအံ့သြသွားလို့မေးမိတာပါ၊ လာလာ … မမ … ဒီမှာထိုင် …"

သွန်းက တက်တက်ကြွကြွပဲ ဖိတ်ခေါ်လိုက်ရင်း အဆောင်ဧည့်ခန်းက ဆက်တီခုံလေးမှာပဲ မမချစ်ခြင်းဖြူကို ထိုင်ခိုင်းလိုက်ရသည်။

"ကဲ … ပြော မမ … မမဖြစ်စေချင်တဲ့ဆန္ဒတွေ …"

ပုံ့ပုံ့ပြောထားလို့ အချက်အလက်တချို့ကို သိထားပေမယ့် နှစ်ယောက်မျက်နှာချင်းဆိုင်တွေ့လို့ သိချင်တာလေးတွေ သွန်းက မေးလိုက်ရတာပါ။

"ဟိုလေ သွန်း … သွန်းကို ပြောရမှာလည်း မမအားနာပါတယ်၊ ပြီးတော့လည်း မမ မျက်နှာပူတယ် … ဘာပဲပြောပြော ပုံ့ပုံ့နဲ့သွန်းနဲ့က ညီမအရင်းအချာတွေ ဖြစ်နေတယ်ဆိုလို့သာ မမက ပွင့်ပွင့်လင်းလင်းနဲ့ရင်ထဲက စကားတွေပြောပြီး အကူအညီ တောင်းချင်တာပါ"

"ဟာ … ရပါတယ် မမ၊ ပုံ့ပုံ့ပြောလို့ တချို့အကြောင်းအရာ





အနည်းအကျဉ်းလောက်ကို သွန်းကလည်းသိထားပါတယ်၊ အားမနာပါနဲ့ … မျက်နှာလည်း မပူနဲ့၊ ပုံ့ပုံ့ ကိုယ်ချင်းစာတယ်၊ အရေးကြီးတာ မမရင်ထဲမှာဖြစ်နေတဲ့ ခံစားချက်ကိုပဲ သွန်းကသိချင်တာ"

ဖြူ ဘယ်ကစပြောရရင် ကောင်းမလဲ။

သွန်းကိုပဲ ညီမလေးတစ်ယောက်လို သဘောထားပြီး ဖြူဖြစ်ချင်တာတွေ ပြောပြလိုက်ရတော့မှာပေါ့။ ဒါနဲ့ပဲ … အဖြစ်အပျက်တွေအားလုံးကို နောက်ဆုံးအချိန်ထိ သွန်းနားလည်အောင် ရှင်းပြလိုက်တော့ …

"ဟာ မမရယ် … မမ ခံစားခဲ့ရတဲ့ဟာတွေအားလုံးက ရင်နာဖို့တောင် ကောင်းလိုက်တာ၊ အခု … အခု ချစ်တာကတစ်ဖက်၊ နာကြည်းတာကတစ်ဖက် ဖြစ်နေတဲ့ မမအမျိုးသားနဲ့ စကားများရန်ဖြစ်ပြီး သွန်းဆီကို မမထွက်လာခဲ့တာပေါ့လေ ဟုတ်လား မမ"

"ဟုတ်တယ်လေ သွန်း …"

"မမရယ် … သူ့ကိုချစ်လို့ သူခေါ်တဲ့နောက်ကို ဒုက္ခတွေခံပြီး လိုက်ခဲ့တာတောင် သူက မမကို ခုထိနာကြည်းနေစရာလား"

"ဒီလိုလေ သွန်း … အခုဖြစ်နေတာက သူ့ကိုလည်း မမတအားချစ်တယ်၊ သူကလည်း မထင်မှတ်ဘဲနဲ့ မမကိုတအားပြန်ချစ်သွားတယ်၊ ခက်နေတာက မမရဲ့အစ်ကိုနဲ့အဒေါ်တွေကို သူကအရမ်းမုန်းနေတာ"

"အဲဒီတော့ … မမက ဘာလုပ်ချင်လဲ"

"သူ့ရင်ထဲက အမုန်းတွေ ပျောက်သွားစေချင်တာ"

"ဟွန်း … နားထောင်ရတာ မမတို့နှစ်ယောက်ရဲ့ဇာတ်လမ်းလေးက တစ်မျိုးလေးပဲနော် … မမကလည်း တိုက်စစ်မှူးဆိုတဲ့ပုံ



www.burmeseclassic.com

www.burmeseclassic.com


တို့ဘေးအိမ်က အစ်ကိုကို အရမ်းချစ်လွန်းတယ်၊ ဟိုကလည်း လက်စားချေနိုင်စက်ဖို့ခေါ်လာတာတောင် လက်စားမချေနိုင်တော့ဘဲ မမကို ချစ်သွားတယ်"

"မမက မခံစားနိုင်လို့ပါ"

"ဟင် ... ဘာကို မခံစားနိုင်တာလဲ"

"မမတို့နှစ်ယောက်ကြားမှာ အမုန်းတွေမရှိတော့အောင် အဆုံးထိ မမပေးဆပ်သွားချင်လို့ ... "

"ဘုရားရေ ... အမုန်းတွေမရှိတော့အောင် အဆုံးထိ မမက ပေးဆပ်သွားမယ် ဟုတ်လား ... ဘယ်လိုအဆုံးထိပေးဆပ်သွားမှာလဲ"

"သူ ... သူ့ညီမလေး စံတော်ဝင်ခံစားခဲ့ရသလို ... "

"စံတော်ဝင် ... "

သွန်း ရင်ထိတ်ရပါပြီ။

ဖြူကတော့ ရင်နင့်နင့်လေးနဲ့ပဲ ပြုံးလို့။

ပြောရရင် ဒီနေ့မနက်မှာပဲ သူနဲ့ဖြူ ... အကြီးအကျယ် စကားများ ရန်ဖြစ်လာခဲ့တာလေ။

"အဟင့် ... "

"ဟာ ... မမ ... "

ဖြူ ရုတ်တရက် ငိုချလိုက်တာမို့ သွန်း ထိတ်ထိတ်ပျာပျာလေးနဲ့ မျက်တောင်လေးတွေကော့တက်ကာ မျက်ဝန်းလေးတွေပါ ဝိုင်းစက်သွားရသည်။

"မငို ... မငိုပါနဲ့မမရယ် ... ဒီလောက်ဆိုရင် မမခံစားနေရတဲ့ ခံစားချက်ကို သွန်း နားလည်ပါပြီ"



ဖြူ နားထဲမှာ ပြန်ကြားလိုက်ရတဲ့စကားတွေက သူနဲ့ဖြူ နောက်ဆုံးပြောခဲ့ကြတဲ့စကားတွေပါ။

ပြဿနာတက်ခဲ့ကြတာလည်း ဒီနေ့မနက်မှ။

"ဟာ ... မင်းဘယ်သွားမလို့လဲ ... "

"ကျွန်မ မြို့ထဲမှာ အလုပ်သွားလုပ်မလို့"

စောစောစီးစီး ပြင်ဆင်ဖီးလိမ်းကာ ထွက်လာသည့် ဖြူ့ကို ကြည့်ကာ သူမျက်မှောင်ကြုံ့သွားချင်တာ ဒီပြဿနာရဲ့အစ ဖြစ်သွားသည်။

"မလိုဘူး ... ဒီနေ့ကစပြီး မင်းဘာမှလုပ်စရာမလိုတော့ဘူး"

ဒါကိုတော့ ဖြူ လက်မခံနိုင်ပါ။

"ဟင့်အင်း ... အဲဒါ ကျွန်မ လက်မခံနိုင်ဘူး တိုက်စစ်မှူး"

"ဘာပြောတယ် ... "

ဒေါ်ပွကာ မျက်နှာက ချက်ချင်းရဲသွားသည်။

"ကျွန်မသိတယ် ... အခုထိ ရှင့်ရင်ထဲမှာ ဘာတွေခံစားနေရသလဲဆိုတာ ကျွန်မနားလည်တယ်၊ ကျွန်မကို ဒီနေရာရောက်အောင် ခေါ်လာကတည်းက မမစံတော်ဝင်ခံစားခဲ့ရသလို ခံစားစေချင်လို့ ရှင်ခေါ်လာခဲ့တာ"

"တော်ပြီ ... အဲဒါ မင်းမပြောနဲ့တော့ ... "

သူ ဆတ်ခနဲ မျက်နှာပြန်လှည့်သွားသည်။

ဦးမြတ်အိန္ဒြေထွန်းက မသိချင်ဟန်ဆောင်ပြီး ဂျာနယ်တစ်စောင်ကို ငုံ့ဖတ်နေ၏။ ဝင်လည်းမပြော ဝင်လည်းမပါ သူတို့နှစ်ယောက်ကိုလည်း လှည့်မကြည့်။

"ပြောစရာမလိုဘူးဆိုလည်းရတယ် ကျွန်မသွားမယ်



www.burmeseclassic.com

www.burmeseclassic.com

ဖြူ သူ့ကိုကွေ့ရှောင်ပြီး အတင်းထွက်ဖို့ ကိုယ်လေးကို ဘယ်ညာယိမ်းလိုက်တော့ ...

"ဟာ ... မင်းဘာဖြစ်နေတာလဲ"

"ဟင့်အင်း မရဘူး ... ရှင်ဖယ် ... "

"တောက် ... တောက် ပြဿနာပဲကွာ ... ဟား"

မဖယ်တဲ့အပြင် ဖြူ့ရှေ့တည့်တည့်ကနေ ပိတ်ကာရပ်ပစ်သည်။

"ဒီမှာ ... မင်းကို အဲလိုအလုပ်မျိုးတွေ လုပ်စရာမလိုတော့ဘူးလို့ ငါပြောနေတာ၊ မင်း ခုထိ သဘောမပေါက်သေးဘူးလား၊ ပြန်ဝင် ... ငါ မင်းနဲ့စကားတွေ အများကြီးမပြောချင်ဘူး"

"ဟား ... မပြောချင်လို့ရမလား"

ဖြူ ခပ်မာမာလေးပြန်ပြောရင်း သူမျက်လုံးတွေကို တည့်တည့်ပဲ စိုက်ကြည့်ပစ်လိုက်၏။ သူက ဆံပင်တွေကြားထဲ လက်ထိုးသွင်းကာ ...

"ချစ်ခြင်းဖြူနော် ... မင်း ငါ့ကိုမရစ်နဲ့၊ ရစ်တာနဲ့ မင်းကို ဦးမြတ်အိန္ဒြေထွန်းနောက်ကို ထည့်ပေးလိုက်မှာ ... "

"ဘယ် ... ဘယ်လို တိုက်စစ်မှူး ... "

"ငါ လက်စားမချေချင်ဘူးဆိုတာ မင်းကိုပြောပြီးသား"

"ရှင် ... သတ္တိမကြောင်နဲ့ ... "

"ဘာပြောတယ် ... "

"ရှင့်ကို အမှန်အတိုင်းဝန်ခံရရင် ရှင့်ရည်ရွယ်ချက်တွေ စသိလိုက်ရတဲ့နေ့ကတည်းက ရှင့်မျက်နှာလေးကိုကြည့်ပြီး ကျွန်မ အံ့သြသွားခဲ့တာ၊ ဘာပဲပြောပြော ... ရှင် ဗြောင်အတိအလင်းဖွင့်ပြော





ကြေငြာလိုက်တာကိုလည်း ကျွန်မ ကျေနပ်တယ် ... ကျွန်မစိတ်ထဲက ယုံကြည်လို့ ရှင့်ကိုချစ်မိသွားလို့ ရှင်ခေါ်တဲ့နောက်ကို စွန့်လွှတ်ခြင်းများစွာ စွန့်စားခြင်းများစွာနဲ့ မိုက်မိုက်မဲမဲ ကျွန်မလိုက်ခဲ့တာပါ ... ဒါကို ရှင်မို့ ကျွန်မကို အပြစ်ကင်းတဲ့မိန်းကလေးတစ်ယောက်ကို လက်စားချေချင်သေးတယ်"

ဖြူ ပြောရင်း အသားတွေပါ တဆတ်ဆတ်တုန်လာသည်။

"ရတယ်လေ တိုက်စစ်မှူး ... ကျွန်မ ဗုဒ္ဓဘာသာ မြန်မာမိန်းကလေးတစ်ယောက်ပါ ... ဝဋ်ကြွေးနဲ့ အတုန့်အလှည့်ဆိုတဲ့ဘာသာတရားရဲ့အဆုံးအမကိုလည်း နားလည်တယ်၊ ရှင်သိအောင် ကျွန်မ တစ်ခုပဲပြောချင်တာက မီးပုံထဲကို ရှင်ကိုယ်တိုင် မတွန်းချခဲ့ရင်တောင် သံသရာအကြွေးမပါချင်လို့ အဲဒီမီးပုံထဲကို ကျွန်မကိုယ်တိုင် ခုန်ဆင်းသွားမယ့်မိန်းမ ... ကဲ ရှင်ပဲပြောပါ ... မမစံတော်ဝင် ဘာတွေလုပ်ခဲ့သလဲ သူဘယ်လိုဘဝမျိုးနဲ့ဖြတ်သန်းခဲ့ရသလဲ၊ အဲဒီဘဝထဲကို ကျွန်မ ရောက်အောင်သွားမယ် ... "

"မင်း ... မင်း ဆက်မပြောနဲ့တော့ ... "

ဖြူ ပခုံးလေးနှစ်ဖက်ကို ပထမဆုံးအကြိမ် သူတင်းတင်းလေး ဆုပ်ကိုင်လှမ်းဖက်သည်။

"ရှင် ... ကျွန်မအသားကို မထိနဲ့"

ဟင် ...

ဖြူ သူ့လက်တွေကို ဖယ်ချပစ်တာ ရင်နာစွာနဲ့ပါ။

"မင်း ... မင်း ငါ့ကိုမချစ်ဘူးလားဟင်"

"တိုက်စစ်မှူးရယ် ... ဒီမေးခွန်းက ရှင်မေးနေစရာလို[illegible]လား ... ကျွန်မကို ဒီထက်ပိုပြီး ရင်နာသွားအောင် ရှင်မ[illegible]ပါနဲ့



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံး ကုန်ကုန်ပြောရရင် ရှင်ဟာ လူလိမ်လူညာတစ်ယောက်"

"ဘာ ... ဘာပြောတယ် ..."

"တိုက်စစ်မှူးဆိုတဲ့ ရှင့်ကို စမြင်ဖူးခဲ့တဲ့အချိန်ကစပြီး လမ်းပေါ်မှာ ပေတေဆိုးသွမ်းနေတဲ့ဘဝကို ရောက်နေတာတောင် ရှင့်ကို လှည့်မကြည့်ရရင် မနေနိုင်လို့ နှစ်ခါပြန်လှည့်ကြည့်ခဲ့ရတာ ကျွန်မပါ။ ဒါပေမဲ့ ... ရှင်က ကျွန်မတို့မိသားစုလေးအပေါ်မှာ အညှိုးအတေးကြီးခဲ့တယ်၊ နည်းလမ်းပေါင်းစုံသုံးပြီး တိုက်စစ်နည်းဗျူဟာတွေနဲ့ အပြင်းထန်ဆုံး လက်စားချေဖို့ ရှင်ကြိုးစားခဲ့တယ် ... ဘာပဲပြောပြော ဒီအိမ်ကလေးထဲကို ကျွန်မ စရောက်လာတဲ့နေ့မှာ မမစံတော်ဝင်ဓါတ်ပုံလေးကို မြင်လိုက်တော့မှ ရှင်လက်စားချေချင်ခဲ့တာ ကျွန်မ သိခဲ့တာပါ ... အဲဒီအချိန်ထိလည်း ကျွန်မ ရှင့်ကို စိတ်မနာရက်ဘူး ... ဒါပေမဲ့ ... ညကျမှ ကျွန်မတစ်ယောက်ထဲ ငိုခဲ့ရတာ လှိုက်လှိုက်လှဲလှဲပါ ... အဲဒါ ဘာဖြစ်သွားလို့လဲဆိုတာ ရှင်သိရဲ့လား"

"ဟာ ... ဘာဖြစ်လို့လဲ ..."

"အိပ်ချင်သောင်ဆောင်နေတဲ့ ကျွန်မရဲ့နဖူးလေးကို ရှင်တိတ်တိတ်လေး ခိုးနမ်းပြီးပြန်လှည့်ထွက်သွားခဲ့ချိန်မှာ ရှင့်ရဲ့ ဘောင်းဘီနောက်အိတ်လေးထဲကနေ ပြုတ်ကျကျန်နေခဲ့တဲ့ ယဉ်မောင်းလိုင်စင်ကတ်လေးက ရှင်ဘယ်သူလဲဆိုတာ ကျွန်မကို အမှန်အတိုင်းဖွင့်ပြောလိုက်တာလေ ... ဟောဒီမှာ ရှင်ဘယ်သူလဲဆိုတာ ဒီကတ်လေးထဲက နာမည်လေးကို ဖတ်ကြည့်လိုက် ..."

"သေ ... သေစမ်းကွာ ... ဟား ..."

တိုက်စစ်မှူး သူ့နဖူးသူရိုက်ကာ ကိုယ်ကို တစ်ပတ်လှည့်ရင်း





ခေါင်းငိုက်စိုက်ကျသွားခဲ့ရပြီ။ သည်တော့မှ သူတို့နှစ်ယောက်ရဲ့ရန်ပွဲလေးထဲကို မျက်တောင်တွေတောင် မခတ်နိုင်တော့ဘဲ ဝင်ပါလာခဲ့တာ ဦးမြတ်အိန္ဒြေထွန်း။

"ဘယ် ... ဘယ်သူလဲဟင် ချစ်ခြင်းဖြူ၊ ယဉ်မောင်းလိုင်စင်ကဒ်ထဲမှာ ဘယ်နာမည်ကို ရေးထားလို့လဲ ..."

"စီးပွားရေးလုပ်တဲ့နေရာမှာ မြန်မာပြည်မှာတင်မကဘူး အရှေ့တောင်အာရှမှာပါ နာမည်အရမ်းကြီးနေတဲ့ စည်း ... ရုံး ... ညီ ..."

"ဘာ ... ဘာပြောတယ် ... တိုက်စစ်မှူးက စည်းရုံးညီဟုတ်လား ... ငါ ... ငါ မယုံဘူး၊ ဒီလိုလမ်းပေါ်မှာ လျှောက်သွားနေတဲ့ ကလေကချေကောင်က စည်းရုံးညီဖြစ်သွားစရာလား၊ ဘယ်မှာလဲ လိုင်စင်ကဒ် ... ဦးကို ပြစမ်း ..."

လိုင်စင်ကဒ်လေးကိုကိုင်ကြည့်ရင်း ဦးမြတ်အိန္ဒြေထွန်း လက်တွေ တဆတ်ဆတ်တုန်လို့။

"မင်းက ... မင်းက ... ဘော့စ်ထက်ဖျားယံကိုတောင် တုန်လှုပ်သွားအောင်ဖြိုချင်တဲ့ စည်းရုံးညီ ဟုတ်လား ... ဟော့ကောင် ငါမေးတာကို မင်းအမှန်အတိုင်း ဖြေစမ်း တိုက်စစ်မှူး ..."

"ဟုတ်တယ်ဦး ... ကျွန်တော် စည်းရုံးညီ ..."

"ဟေ ..."

ဦးမြတ်အိန္ဒြေထွန်း အသက်ရှူမှားသလိုတောင် ဖြစ်သွားခဲ့ရပြီ။

"ရှင် ... ရှင် ... အရမ်းတော်ပါတယ် စည်းရုံးညီ၊ ကျွန်မတို့မိသားစုဝင်တွေအားလုံး မျက်ရည်စက်လက်ကျပြီး ရှုံးနိမ့်သွားစေ



www.burmeseclassic.com

www.burmeseclassic.com



ချင်တဲ့ရည်ရွယ်ချက်တွေနဲ့ ရှင်ကိုယ်တိုင် အညို့ကြီးကြီးဆွဲခဲ့တဲ့ စီမံချက်က အရမ်းပဲ ... ကြောက်စရာကောင်းနေအောင် ကျွန်မတုန်လှုပ်ခဲ့ရပါတယ် ... စစ်မျက်နှာနှစ်ဖက်ဖွင့်ပြီး ညှပ်ပူးညှပ်ပိတ် ပိတ်သတ်ဖို့ ရှင်ကြိုးစားခဲ့တာ၊ တိုက်စစ်မှူးနောက်ကို မလိုက်ရင် စည်းရုံးညီက ရအောင် လက်ထပ်ယူ ဖျက်စီးပစ်မယ့် စီမံချက်မျိုး"

"တိုက်စစ်မှူးရာ ... မင်းရင်ထဲက အညို့အမုန်းတွေက အဲလောက်တောင် ကြီးခဲ့ရသလားကွာ"

"ကျွန်တော် ... ကျွန်တော် ..."

သူ့ရင်ထဲမှာ ဘာမှလည်းပြောစရာစကားတွေ မကျန်တော့ပါ။ ဒီအချက်ကို နာကျင်စွာနဲ့ပဲ ချစ်ခြင်းဖြူက သိသွားခဲ့ပြီဆိုတော့ သူအမှန်အတိုင်း ဝန်ခံလိုက်ရုံပဲ ရှိတော့တာပေါ့။

ဒါကိုမှ စိတ်နာသွားပြီဆိုရင်လည်း သူဘာတတ်နိုင်တော့မှာလဲ။

"ရှင့်အကြောင်းတွေကို စောစောစီးစီး သိခွင့်ရလိုက်တဲ့အတွက် ကံကြမ္မာကိုပဲ ကျွန်မ ကျေးဇူးတင်ရတော့မှာပေါ့၊ အဲဒီအတွက် ရှင့်ကိုချစ်ခဲ့တဲ့အချစ်တွေအားလုံး လေထဲမှာမျှောလွှင့်သွားခဲ့ရပြီလို့ပဲ ကြေငြာခဲ့ပါရစေ ..."

"ဟာ ... ချစ်ခြင်းဖြူနော် မင်းမသွားနဲ့ ..."

"ရှင် ... ကျွန်မကို တားလို့မရဘူးနော် စည်းရုံးညီ ... ကျွန်မမြတ်နိုးလို့လက်ထပ်ခဲ့တာ တိုက်စစ်မှူးဆိုတဲ့ လမ်းပေါ်က ကလေးကချေတစ်ယောက်ကိုပဲ လက်ထပ်ခဲ့တာ ... အခု စည်းရုံးညီပါဆိုတဲ့ ရှင့်ရဲ့သရုပ်မှန်က ပေါ်လာခဲ့ပြီဆိုတော့ ဆံပင်အတုတပ်ပြီး ဂျလေဘီတစ်ယောက်လို ဟန်ဆောင်ထားတဲ့ တိုက်စစ်မှူးဆိုတာ ဒီလောက





ကြီးထဲကနေ အပြီးအပိုင် ပျောက်ကွယ်သွားရတော့မယ်ဆိုတာ ကျွန်မ ယုံတယ် စည်းရုံးညီ ... သေချာတာတစ်ခုကို ထပ်ပြောရမယ်ဆိုရင် အဲဒီ စည်းရုံးညီကို ကျွန်မ မုန်းတယ် ... မိန်းကလေးတစ်ယောက်ကို လက်စားချေဖို့ကြံရွယ်ခဲ့တဲ့ စည်းရုံးညီဆိုတဲ့လူတစ်ယောက်ရဲ့ နှလုံးသားတွေကိုလည်း ကျွန်မ အထင်မကြီးဘူး၊ ဒါပေမဲ့ ရှင်ကျေနပ်အောင်တော့ ကျွန်မ ပေးဆပ်သွားမှာပါ၊ ကျွန်မ ကတိပေးတယ် ... တစ်နေ့နေ့မှာ မမစံတော်ဝင် ခံစားသွားရတဲ့ ခံစားချက်မျိုးနဲ့ ကျွန်မဘဝကို အဆုံးသတ်ပေးသွားမယ်"

ဒါပဲပြောပြီး ဖြူ ထွက်လာခဲ့တာလေ။

"မမရယ် ... မမအကြောင်းတွေကြားရတာ သွန်းတကယ်ခံစားရတယ်သိလား၊ သွန်းကိုယ်ချင်းလည်းစာတယ်၊ စိတ်မကောင်းလည်းဖြစ်ရတယ် ... ကဲ ပြောပါ ... မမ ... မမကို အခုချိန်ကစပြီး သွန်း ဘာတွေကူညီပေးရမလဲ"

"သွန်းနဲ့အတူတူ ဒီအဆောင်မှာနေပြီး စားသောက်ဆိုင် စင်တင်တေးဂီတဝိုင်းတွေမှာ မမသီချင်းလိုက်ဆိုမယ်၊ အခွင့်အရေးသမားတွေရဲ့ ပန်းကုံးတွေ သရဖူတွေ အစွတ်ခံပြီး အဖျက်စီးခံဘဝကိုရောက်အောင် မမလျှောက်သွားမယ်၊ အဲဒီအချိန်ကျရင် သူဘယ်လိုခံစားနေရမလဲဆိုတာ မမကြည့်ချင်တယ်"

"မမရယ် ... မလုပ်ပါနဲ့ ... သွန်း ... သွန်း အဲဒါတော့ ..."

"အဲဒီအချိန်ကျမှ သူကိုယ်တိုင် ဖျက်စီးချင်လို့စင်ပေါ်တက်လာမယ်ဆိုလည်း တက်လာပါလို့ မမက စိမ်ခေါ်လိုက်မယ်အေ သွန်းရဲ့ ... သူက တကယ်အညို့ကြီးတဲ့လူ၊ သူ့သီမလေးစံတော်ဝင်



www.burmeseclassic.com

www.burmeseclassic.com



ခံစားခဲ့ရသလို ခံစားစေချင်တဲ့လူ၊ သူ့ညီမလေး စံတော်ဝင် အသေ ဆိုးနဲ့သေရသလို မမကိုလည်း သေစေချင်တဲ့လူ ... အဟင့် ... ”

နောက်ဆုံးမှာတော့ သွန်းရှေ့မှာပဲ အင့်ခနဲ ရှိုက်ကာ ဖြူငို ချလိုက်ပါပြီ။

ဘာပဲပြောပြော ပေးဆပ်ရမှာ ဖြူတာဝန်ပဲဆိုတော့ ...

ဖြူ အိမ်ကိုမပြန်တော့ဘဲ ဒီမှာပဲ သွန်းနဲ့အတူတူ။



အခန်း ( ၂၂ )

“ဘာ ... ဘာပြောတယ် ဦးမြတ်အိန္ဒြေထွန်း ... တိုက်စစ်မှူး က စည်းရုံးညီ ဟုတ်လား ... လမ်းပေါ်က ကလေကချေတစ် ယောက်ရဲ့စတိုင်လ်မျိုးနဲ့ ညီမလေး ချစ်ခြင်းဖြူကို စည်းရုံးသိမ်းပိုက် သွားခဲ့တာ”

ထက်ဖျားယံ နှုတ်ခမ်းတွေ တဖျတ်ဖျတ်တုန်ကာ စိတ်တွေ ကပါ ကယောင်ချောက်ချားတွေဖြစ်လျှက်။

“တောက် ... မင်း ... မင်း အညှိုးကြီးလှချည်လား စည်းရုံး ညီရာ ... ဒီဘက်မှာ ဆံပင်ရှည်လေးကို ရော်ဘာကွင်းလေးနဲ့စည်းပြီး စံတော်ဝင်ပန်းကလေးတစ်ပွင့်နဲ့ အုတ်တွေသယ်ပြ ဘိလပ်မြေအိတ် တွေထမ်းပြနဲ့ ... ဟိုဘက်မှာကျတော့ ငှါကုမ္ပဏီရဲ့ အကျိုးစီးပွားတွေ ထိခိုက်နစ်နာဆုံးရှုံးအောင် ကြောင်တိုက်ခိုက်ပြတဲ့ စည်းရုံးညီအဖြစ်နဲ့ စစ်မျက်နှာ နှစ်ဖက်ဖွင့်ပြီး မင်းက ဝင်လာခဲ့တာပေါ့လေ၊ ကဲ ... ပြောပါဦး ဦးမြတ်အိန္ဒြေထွန်း ... အခုရော ... ကျွန်တော့်ညီမလေး ချစ်ခြင်းဖြူက ဘယ်မှာလဲ ... ”

“တိုက်စစ်မှူးကို စည်းရုံးညီမှန်း သိသွားလို့ ... ”

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... သိသွားတော့ ဘာဖြစ်သွားလဲ ... "

"အိမ်ပေါ်က ဆင်းသွားတယ်"

"ဗျာ ... ညီမလေး အိမ်ပေါ်က ဆင်းသွားတယ် ဟုတ်လား"

ထက်ဖျားယံ ရပ်နေလို့တောင် မရတော့ပါ။

"ဟုတ်ပါတယ် ဘော့စ် ... "

"ဒီကောင် ... ဒီကောင် အရမ်းမိုက်ရိုင်းတဲ့ကောင်၊ အိမ်ပေါ်မှာ အရက်ဝိုင်း ဖဲဝိုင်းထောင်ပြီး နှိပ်စက်ပြနေမှတော့ ညီမလေးက မဆင်းဘဲနေပါတော့မလား ... ကျွန်တော့်ညီမလေး တစ်ခုခုဖြစ်လို့ကတော့ ဒီကောင်နဲ့ကျွန်တော် တွေ့ပြီပဲ ... ကဲ ... ပြောပါဦး ... အခုရော ... ဒီကောင် ဘယ်ကိုရောက်သွားပြီလဲ"

"ကုမ္ပဏီမှာ သူ့အလုပ် သူလုပ်နေပြီ ... "

"ရမလား ... ဒီကောင် နှိပ်စက်ချင်တိုင်း နှိပ်စက်ပြီးမှ ကျွန်တော့်ညီမလေးကို ဒီလို ပစ်ပယ်ထားလို့ရမလား"

"သူကလည်း မပစ်ပယ်ထားပါဘူးဘော့စ်၊ အခု ဘော့စ်နဲ့ အဒေါ်တွေကို ချစ်ခြင်းဖြူကီစ္စနဲ့ပတ်သက်ပြီး ဆွေးနွေးချင်တယ်ဆိုလို့ ဘော့စ်ကို ကျွန်တော်လာအကြောင်းကြားတာပါ၊ အခု စည်းရုံးညီက သူ့ကုမ္ပဏီက လူကြီးတွေပါခေါ်ပြီး ဘော့စ်ရဲ့ဆောက်လုပ်ရေးလုပ်ငန်းခွင်ကြီးထဲကို လာနေပါပြီ၊ ဟော ... ဟော ... ဟိုမှာ ဟိုမှာ စည်းရုံးညီပါလာတဲ့ Soul ကုမ္ပဏီက ကားတန်းကြီး ဆိုက်ထဲကိုဝင်လာပြီဘော့စ် ... မကောင်းပါဘူး လာပါ ... ကျွန်တော်တို့ ထွက်ကြိုလိုက်ရအောင် ... "

"ကျွန်တော် ... ကျွန်တော်က ဒီကောင့်ကို ကြိုရမယ်"

"ဟာ ... မကြိုလို့မရတော့ဘူးလေ ဘော့စ်၊ ဒီနေ့မနက်ပဲ





ဘော့စ်ဖေဖေက စည်းရုံးညီလက်ထဲကို မဟာစကြာဝဠာကုမ္ပဏီကြီးရဲ့ လုပ်ပိုင်ခွင့်တွေ အားလုံးကို အကျိုးတူပူးပေါင်းဆောင်ရွက်ဖို့ အပ်လိုက်ပြီ ... "

"ဘာ ... ဘာပြောတယ် ... "

ထက်ဖျားယံ အကြီးအကျယ် မျက်နှာပျက်သွားပြီ။

ပိုဆိုးတာက နဖူးလေးထက်မှာပင် ဇောချွေးတွေက ချက်ချင်းဆို့တက်လာတာပါ။ ထိုအချိန်မှာပဲ တိုက်တိုက်ဆိုင်ဆိုင်ရောက်လာတာက ကြီးညိုနဲ့ကြီးဝါ။

အကောင်းစား ပိုက်ဆံအိတ်ကြီးတွေကို ပွေ့လို့။

"ဟဲ့ ထက်ဖျားယံ ... ဆိုက်ထဲကို တန်းစီဝင်လာတဲ့ အကောင်းစား ကားကြီးတွေက ဘယ်ကကားကြီးတွေလဲ ... ထွက်ကြည့်စမ်း ... ထွက်ကြည့်စမ်း ... မောင်စည်းရုံးညီများ ဒီကိုလိုက်လာသလားလို့ ... "

"ဟွန်း ... သိပ်သေချာတာပေါ့ ကြီးညို ... "

"ဟဲ့ သေချာရင် အခန်းဝမှာ ထွက်ကြိုရမယ်လေ၊ မနက်ကပဲ ခြံထဲမှာလာပြီး ကုမ္ပဏီနှစ်ခု အကျိုးတူပူးပေါင်းဖို့ မင်းဖေဖေနဲ့ စာချုပ် ချုပ်လိုက်ကြတာ၊ မင်းက ... မင်းက မောင်စည်းရုံးညီရဲ့ လက်အောက်ကို ရောက်သွားပြီ ... "

သူ မခံစားနိုင်တာ အဲဒီအချက်ပါပဲ။

ခုတော့ ... ဘာတတ်နိုင်တော့မှာလဲ။

ဒီကောင့်ရည်ရွယ်ချက်တွေထဲမှာ ဘာတွေပဲရှိရှိ ဘီလူး[illegible] မင်းသားယောင်ပဲဆောင်ဆောင်၊ လောလောဆယ် အခြေအနေမှာ



www.burmeseclassic.com

www.burmeseclassic.com



ကြီးညိုနဲ့ကြီးဝါတင်မက ဒီမှာရှိနေတဲ့ လူကြီးတွေနဲ့ပါ ထွက်ကြို လိုက်ရမှာ မဟုတ်လား။

ဟွန်း ...

မိုးကောင်းတုန်းတော့ ရွာထားလိုက်ဦးပေါ့ စည်းရုံးညီ။

အနက်ရောင်ကားကြီးတွေ တစ်စီးပြီးတစ်စီး ကားပါကင် ကွက်လပ်တွေမှာ စီတန်းရပ်သွားသလို ကြိုတင်ရပ်နှင့်ပြီးသားဖြစ် နေသည့် ကားတွေပေါ်က တချို့လူတွေ ကပျာကယာ ကားပေါ် က ပြေးဆင်းလာပြီး မှန်အမည်းတွေတပ်ကာ ဖိတ်ဖိတ်လက်နေ သည့် အကောင်းဆုံးကားကြီးတစ်စီးဆီကို အပြေးသွားကာ တံခါး ဖွင့်ပေးလိုက်တော့ ...

ကျေးဇူးရှင်က ဂိုက်ဆိုက်အပြည့်နှင့်။

ကားပေါ်ကဆင်းလာတာ နောက်တော်ပါး အချေအရံ ပေါင်းများစွာနဲ့ပါ။ မျက်နှာမှာတပ်ထားသည့် နေကာမျက်မှန်က အမေရိကန်ထုတ် အကောင်းစား ရွှေရောင်ကိုင်းမျက်မှန်လေးဖြစ် ပြီး ဝတ်ထားစားထားတာကအစ အနောက်တိုင်းဝတ်စုံအပြာရောင် လေးနှင့်မို့ ဘယ်လိုပဲကြည့်လိုက် ကြည့်လိုက် စဉ်းစားနေတာက ဘယ်သူမှ ခေါင်းငုံ့အရိုအသေမပေးဘဲ မနေနိုင်။

ဒါကို ဝမ်းသာအားရ ပြေးဖက်တော့မတတ် ပြုံးပြုံးကြီးလုပ် ကာ ကြီးညိုက ဣန္ဒြေမဆည်နိုင်လောက်အောင် ထွက်ကြိုသည်။

"အမလေး ... မောင်စည်းရုံးညီရယ် ... အကောင်းစားကား ကြီးတွေနဲ့ဝင်လာလို့ ဘယ်ကလဲဆိုပြီး ကြီးညိုက ကြည့်နေတာလေ မောင်စည်းရုံးညီရဲ့ ... လာ ... လာ ဟဲ့ ... ထက်ဖျားယံ၊ မောင်





စည်းရုံးညီကို လက်ဆွဲနှုတ်ဆက်လိုက်ဦးလေ ... ဟင်း ဟင်း"

တွေ့လား ... သူဌေးကြေးပတယ်ဆိုတာ အဲလိုဟာမျိုး။

ဦးမြတ်အိန္ဒြေထွန်းကတော့ လက်ပိုက်ရင်း ပြုံးပဲကြည့်နေ လိုက်သည်။ စည်းရုံးညီကတော့ ခပ်တည်တည်မျက်နှာထားလေးနဲ့ ဦးမြတ်အိန္ဒြေထွန်း နားကိုပဲ တည့်တည့်လျှောက်သွားကာ ...

"ဦး ... အားလုံး အိုကေတယ်နော် ..."

"အိုကေတယ် ... အိုကေတယ် ... ဘော့စ် ထက်ဖျားယံကို လည်း ကြိုတင်ပြောထားပြီးပြီ ..."

"ကျေးဇူးပဲ ဦး ..."

စည်းရုံးညီကိုကြည့်ပြီး တကယ်လည်း မျက်တောင်မခတ်နိုင် တာ ထက်ဖျားယံပါ။ ဆံပင်တိုတာနဲ့ ဆံပင်ရှည်တာ အဝတ်အစား ဟောင်းနွမ်း စုတ်ပြတ်တာနဲ့ စတိုင်လ်ကျကျ ခေတ်မီသပ်ရပ်တာ ဒါပဲကွာပြီး ... ကျန်တာတွေအားလုံးက တိုက်စစ်မှူးဆိုတဲ့ကောင် နဲ့ တစ်ထေရာတည်း တူနေတဲ့ စည်းရုံးညီ။

ဒါကိုတောင် ...

ခံစားချက်ပြင်းပြင်း နာကြည်းချက်ပြင်းပြင်းနဲ့အထိုးအကြိတ် ခံပြီး အုတ်တွေ ဘိလပ်မြေအိတ်တွေ ထမ်းပြသွားတဲ့ကောင်။ ရိုက် ချက်ကပါ ပြင်းတဲ့ကောင်။ သူက ကိုယ့်ရှေ့အရောက်မှာ လက်ကမ်း ပေးလို့သာ လက်ဆွဲနှုတ်ဆက်လိုက်ရပေမယ့် အသက်မပါတဲ့ အပြုံး တွေကသာ နှုတ်ခမ်းတွေပေါ်မှာ ကိုယ်စီပွင့်သွားသည်။

"ဟွန်း ... တွေ့ရတာ ဝမ်းသာပါတယ် ကိုထက်ဖျားယံ"

"ဟင်း ... ဟင်း ..."

ရောက်သွားတာ ကုမ္ပဏီအစည်းအဝေးခန်းမကျယ်ကြီးထဲ



www.burmeseclassic.com

www.burmeseclassic.com



ကို ရောက်သွားတာပါ။ ဦးမောင်မောင်စိုးရဲ့ စီစဉ်ပေးမှုနဲ့ ကော်ဖီတွေ မုန့်တွေ အလျှင်အမြန်ရောက်လာခဲ့ပေမယ့် ဧည့်သည်တွေက အရုပ်တွေလို စည်းရုံးညီရဲ့အမိန့်တစ်ခုကိုပဲ စောင့်စားနေပုံရသည်။ ဘာမှလည်း ဝင်မပြော။ ဘာအစားအသောက်ကိုမှ မထိမကိုင်။

ဒါကို စကားစလိုက်တာ စည်းရုံးညီ။

ထက်ဖျားယံကတော့ နီမြန်းမြန်းမျက်နှာလေးနဲ့ တစ်ချိန်လုံး စည်းရုံးညီ ဘာလှုပ်ရှားလာမလဲဆိုတာပဲ စောင့်ကြည့်နေခဲ့တာ။

စိတ်ပူပြီး ဂဏှာမငြိမ်ဖြစ်နေတာ ကြီးညိုနဲ့ကြီးဝါပါ။

နာမည်ကျော် ဒိတ်ဒိတ်ကျဲ။ Soul ကုမ္ပဏီပိုင်ရှင် မောင်စည်းရုံးညီကိုယ်တိုင် နောက်တော်ပါ အခြွေအရံတွေနဲ့ ကိုယ့်ကုမ္ပဏီကို ဆိုင်းမဆင့် ဗုံမပါ ရောက်လာတာကိုပဲ ဂုဏ်ယူဝမ်းသာလို့မဆုံး။

ထိုင်ခိုင်းလိုက်တာလည်း အရင်ထက်ဖျားယံ။ ထိုင်နေကြ မန်နေဂျင်းဒါရိုက်တာ ထိုင်ခုံမှာ ထိုင်ခိုင်းလိုက်တာမို့ ဘေးအစွန်းစားပွဲထိပ်ကို ရောက်သွားတာက ထက်ဖျားယံပဲ ဖြစ်နေသည်။

ထိုအချိန်မှာ စည်းရုံးညီက မတ်တတ်ရပ်ကာ ...

"အဟင်း ... အားလုံးကို မင်္ဂလာပါလို့ နှုတ်ဆက်ပါတယ်၊ ကျွန်တော် စည်းရုံးညီပါ ..."

နှုတ်ဆက်ရင်း အားလုံးကို စည်းရုံးညီ ခပ်တင်းတင်းပဲ တစ်ချက်လှမ်းကြည့်သည်။

"ကျွန်တော် အခုဒီကိုလာတာ အားလုံးကို ပြတ်ပြတ်သားသား ကြေညာချင်တာ နှစ်ခုရှိလို့လာခဲ့တာပါ၊ ပထမဆုံးတစ်ခုက ဒီမဟာစကြာဝဠာ ကုမ္ပဏီနဲ့ ကျွန်တော်ရဲ့ Soul ကုမ္ပဏီ အကျိုးတူပူးပေါင်းဆောင်ရွက်ဖို့ ဒီမနက်မှာပဲ နှစ်ဖက်သဘောတူ စာချုပ်ချုပ်





နိုင်ခဲ့ပါတယ်၊ စာချုပ်ပါ သဘောတူစည်းကမ်းချက်အရ ကျွန်တော်က M.D ပါ၊ ကိုထက်ဖျားယံက ကျွန်တော့်ရဲ့လက်ထောက် မန်နေဂျာပါ ..."

ကြည့်စမ်း ... ကြေညာလိုက်တာက ပေါ်တင်ကြီး။

ကိုယ့်ကိုပဲ လူပုံအလည်မှာ အရှက်ခွဲပစ်လိုက်သလို ကြီးညိုက မျက်နှာရိပ် မျက်နှာကဲပြပြီး တားနေတာတောင် စိတ်ကထိန်းမရချင်။

ဒါတွေအားလုံး ကျွန်တော်ကွယ်ရာမှာ ဖေဖေနဲ့ပေါင်းပြီး ကြီးညိုတို့ စီစဉ်ခဲ့တာပေါ့။ ကျွန်တော် တစ်ခုပဲမေးချင်တာ။ ဒီကောင်က ညီမလေးချစ်ခြင်းဖြူကို လက်စားချေ ဖျက်စီးဖို့ခေါ်သွားတဲ့ တိုက်စစ်မှူးဆိုတာ ကြီးညိုတို့ကို ဖွင့်မပြော မကြေငြာသေးဘူးလား။

ဒီကောင် သူ့ကိုယ်သူ စည်းရုံးညီပါလို့ပဲပြောပြီး အကျိုးတူပူးပေါင်းဆောင်ရွက်ရေးစာချုပ်ကို လူလည်ကျပြီး ချုပ်သွားခဲ့တာပေါ့။

ထက်ဖျားယံ ... နှုတ်ခမ်းလေးတွန့်ပြီးတော့ စည်းရုံးညီကို မော့ကြည့်သည်။

"ကျွန်တော် စကားပြောရင် ခပ်ရှင်းရှင်းပဲပြောတတ်ပါတယ်၊ ကျွန်တော် နယ်မြို့လေးတစ်မြို့ကနေ အသက်ဆယ်နှစ်သား ဆယ့်တစ်နှစ်သားအရွယ်ကတည်းက ဦးလေးက သူ့အလုပ်ထဲမှာခိုင်းဖို့ခေါ်လာလို့ ရန်ကုန်ကိုရောက်လာတာပါ၊ ကျွန်တော် အသက်နှစ်ဆယ်အရွယ်မှာ နိုင်ငံခြားကို ရောက်သွားပါတယ်၊ နှစ်ဆယ့်ရှစ်နှစ်



www.burmeseclassic.com

www.burmeseclassic.com

အရွယ်မှာ ကိုယ်ပိုင်ကုမ္ပဏီထောင်နိုင်ပါပြီ … တစ်ခုပဲပြောချင်တာက ကျွန်တော်ရဲ့ငယ်နာမည်ဟာ တိုက်စစ်မှူး …"

"အို … ကြည့်စမ်း တိုက်စစ်မှူးတဲ့ …"

ကြီးညို ဘာမှန်းမသိသေးတော့ ရင်ဘတ်ကလေးဖိလျှက်။

"တိုက်စစ်မှူးမှာ စံတော်ဝင်လို့ခေါ်တဲ့ ညီမလေးတစ်ယောက်ရှိခဲ့ပါတယ်၊ အဲဒီညီမလေးဟာ ကျွန်တော်နဲ့ဝေးကွာပြီး ရန်ကုန်ကိုရောက်လာတော့ … အဲဒီညီမလေးကို ကိုထက်ဖျားယံက လက်ထပ်ယူပြီး ညှင်းပန်းနှိပ်စက်ခဲ့ပါတယ်"

"ဟာ … စည်းရုံးညီ … မင်းဘာတွေလျှောက်ပြောနေတာလဲ၊ ဒါ … ကုမ္ပဏီနှစ်ခု အကျိုးတူပူးပေါင်းဆောင်ရွက်တဲ့ အစည်းအဝေးပါ … မဆိုင်တာတွေ မပြောပါနဲ့ … တစ်ယောက်နဲ့တစ်ယောက် ဂုဏ်သိက္ခာကျစရာတွေ မဆွေးနွေးပါနဲ့ …"

"ဟွန်း … ဝမ်းနည်းပါတယ် ကိုထက်ဖျားယံ …"

ကြီးညို ထိတ်ထိတ်ပျာပျာထကာ မေးမိသည်။

"ဘယ် … ဘယ်လိုဖြစ်တာလဲ မောင်စည်းရုံးညီရယ်၊ မင်းစကားပြောတဲ့အထဲမှာ တိုက်စစ်မှူးတွေရော စံတော်ဝင်တွေရော ဘယ်က ဘယ်လိုပါလာရတာလဲ"

"ကျွန်တော်က တိုက်စစ်မှူး …"

"ဘာ … ဘာပြောတယ်ကွဲ့ …"

"ကြီးညို … သူပြောတာ ဟုတ်တယ်၊ စည်းရုံးညီဟာ ကျွန်တော့်ကို တိုက်ခိုက်ချင်လို့ အလုပ်ကြမ်းသမား ပေပေတေတေလူတစ်ယောက်ဘဝနဲ့ ကျွန်တော်တို့ ဆောက်လုပ်ရေးလုပ်ငန်းခွင်ကြီး





ထဲကို တိုက်စစ်မှူးဆိုတဲ့နာမည်နဲ့ ဝင်လာတာ"

"ဘုရား … ဘုရား … ဒါကြောင့်မို့လို့ မောင်စည်းရုံးညီဟာ တိုက်စစ်မှူးနဲ့ မျက်နှာပေါက်ကျပုံခြင်း တော်တော်တူနေတယ်လို့တောင် ညီအစ်မတွေပြောမိသေးတာ၊ မင်း … မင်း တော်တော်ပိရိလှချည်လားဟင် မောင်စည်းရုံးညီ … တို့အားလုံးကို ဒီလိုနည်းတွေနဲ့ မင်းက လှည့်စားအနိုင်ယူဖို့ ခြေလှမ်းပြင်လိုက်ပြီပေါ့လေ"

"ဝမ်းနည်းပါတယ် ကြီးညို … အဲဒါတွေအားလုံးက ဟိုတုန်းက အခြေအနေတွေပါ၊ ချစ်ခြင်းဖြူနဲ့အနီးကပ် ပတ်သက်ခွင့်မရခဲ့တုန်းက နာကြည်းခဲ့ရတဲ့ ကျွန်တော်ရဲ့ နာကြည်းချက်တွေပါ၊ အခု အဲဒီနာကြည်းချက်တွေကို ကျွန်တော့်ရင်ထဲကနေ ပျောက်သွားအောင် အဆုံးသတ်ပေးလိုက်တာ ချစ်ခြင်းဖြူလေ … တိုက်စစ်မှူးနောက်ကို လိုက်လာတဲ့ချစ်ခြင်းဖြူဟာ လွန်ခဲ့တဲ့သုံးရက်ကပဲ ကျွန်တော့်အိမ်ကလေးပေါ်ကနေ ဆင်းသွားတယ် …"

"ဘုရားရေ … တူမလေး အိမ်ပေါ်ကဆင်းသွားတယ်"

"ဘုရား … ဘုရား …"

ကြီးညိုရော ကြီးပါပါ ရင်ဘတ်ကိုယ်စီဖိလျှက်။

"ကျွန်တော် ချစ်ခြင်းဖြူကို လက်လွှတ်ဆုံးရှုံးမခံနိုင်ပါဘူး၊ ပေပေတေတေ ဘဝထဲမှာရှိနေတဲ့ ကျွန်တော့်ကိုချစ်ခဲ့တာ ချစ်ခြင်းဖြူပါ … သူ့ရဲ့ပေးဆပ်မှုတွေအားလုံးကို တန်ဖိုးထားပါတယ် … ဒါကြောင့်မို့ သက်ဆုံးတိုင် တမြတ်တနိုးပေါင်းရမယ့် လက်တွဲဖော်အဖြစ် ချစ်ခြင်းဖြူကို ကျွန်တော် တရားဝင်သတ်မှတ်တယ် … ဒါကြောင့်မို့ ရန်ကုန်တစ်မြို့လုံးကို မြေလှန်ပြီးတော့ ကျွန်တော်ရှိသမျှ အင်အားတွေနဲ့ ချစ်ခြင်းဖြူကို လိုက်ရှာနေတာ"



www.burmeseclassic.com

www.burmeseclassic.com



"မောင် ... မောင်စည်းရုံးညီရယ် ... မင်းဆီက ဒီလိုစကားတွေ ကြားရတာ ကြီးညီ့တို့ ဝမ်းသာလိုက်တာ၊ တူလေးထက်ဖျားယံနဲ့ ကြီးညီ့တို့ အဆင့်အန်းတွေခွဲကြပြီး စံတော်ဝင်လေးကို အနိုင်ကျင့်ခဲ့သမျှတွေအားလုံးကိုလည်း မောင်စည်းရုံးညီ ကျေနပ်အောင် ကြီးညီ့တို့ တောင်းပန်ပါတယ်"

"ကြီးညီ့ရယ် ... သဗ္ဗေသတ္တာ ကမ္မသကာဆိုတဲ့စကားကို ကျွန်တော်တို့ ဘုရားရှင်က အလကားထားခဲ့တာမှမဟုတ်တာ၊ သတ္တဝါတစ်ခု ကံတစ်ခုဆိုတဲ့ တရားနဲ့ပဲ ကျွန်တော်ဖြေလိုက်ပါတယ်၊ အဓိက ကျွန်တော်ပြောချင်တာက စိတ်ထားဖြူတဲ့ ချစ်ခြင်းဖြူကို ကျွန်တော် ဘယ်လိုမှ လက်စားမချေရက်တော့တာပါ၊ ကျွန်တော် ချစ်တာလည်း အရမ်းချစ်သွားတယ်၊ မြတ်နိုးတာလည်း အရမ်းမြတ်နိုးသွားတယ် ... အခုချိန်မှာ ကျွန်တော်ပိုင်ဆိုင်သမျှ စည်းစိမ်ချမ်းသာတွေနဲ့ လဲရမယ်ဆိုရင်တောင် ချစ်ခြင်းဖြူကို ကျွန်တော်လဲယူပါတယ် ..."

"ကဲ ... မင်း ကြားတယ်နော် ထက်ဖျားယံ ..."

ထက်ဖျားယံ ခေါင်းငိုက်စိုက်ကျသွားတာ စည်းရုံးညီရဲ့မျက်ဝန်းအကြည့်တွေကို ရင်မဆိုင်ရဲတော့လို့ပါ။ ခုလို အညှိုးအတေးတွေ အဆုံးသတ်သွားပြီဆိုတော့ ပျောက်နေတဲ့ ညီမလေးချစ်ခြင်းဖြူကို လိုက်ရှာကြရုံပဲရှိတော့တာပေါ့လေ။

"မနက်က ကြီးညီ့တို့ဆီကို လိုက်လာပြီး ကုမ္ပဏီအကျိုးတွေ စာချုပ်ချုပ်တယ်ဆိုတာ ချစ်ခြင်းဖြူ အဲဒီကိုပြန်ရောက်နေမလားဆိုတဲ့စိတ်နဲ့ မသိမသာလာရှာတာ၊ အခု ... ဒီကိုလိုက်လာတာလည်း ဟိုဘက်ထောင့်လေးထဲမှာ ချစ်ခြင်းဖြူ ရှိနေမလားလို့"





"ဟင့်အင်း မောင်စည်းရုံးညီ ... ချစ်ခြင်းဖြူ၊ တို့ဆီကို ပြန်မလာဘူး၊ ပြောရရင် ချစ်ခြင်းဖြူက မာနအရမ်းကြီးတာ ... ဘုရားဘုရား ... တို့တူမလေး ရေထဲခုန်ချပြီး သူ့ကိုယ်သူ သတ်သေနေပြီလား"

"ကျွန်တော် စိုးရိမ်တာလည်း အဲဒီအချက်ကိုပဲ စိုးရိမ်တာပါ ကြီးညီ့ ... ရေထဲခုန်ချရင်ချ ... မချရင် ကျွန်တော့်ညီမလေး စံတော်ဝင်လို ..."

"အိုး ... မောင်စည်းရုံးညီရယ် ..."

"အဟင့် ... ဟင့် ... ဟင့် ..."

"အဟင့် ... ဟင့် ... ဟင့် ..."

ချစ်ခြင်းဖြူ ဒါမျိုးလုပ်မသွားပါဘူးလို့ ဘယ်သူအာမခံ နိုင်မလဲ။

သူနောက်ဆုံး ပြောသွားတဲ့စကားလေးကိုပဲကြည့် ...

"ရှင် ... ကျွန်မကို တားလို့မရဘူးနော် စည်းရုံးညီ၊ ကျွန်မ မြတ်နိုးလို့လက်ထပ်ခဲ့တာ၊ တိုက်စစ်မှူးဆိုတဲ့ လမ်းပေါ်က ကလေကချေတစ်ယောက်ကိုပဲ လက်ထပ်ခဲ့တာ၊ အခု ... စည်းရုံးညီပါဆိုတဲ့ ရှင့်ရဲ့သရုပ်မှန်က ပေါ်လာခဲ့ပြီဆိုတော့ ဆံပင်အတုတပ်ပြီး ဂျလေဘီတစ်ယောက်လို ဟန်ဆောင်ထားတဲ့ တိုက်စစ်မှူးဆိုတာ ဒီလောကကြီးထဲကနေ အပြီးအပိုင် ပျောက်ကွယ်သွားတော့မယ်ဆိုတာ ကျွန်မ ယုံတယ် ... စည်းရုံးညီ သေချာတာတစ်ခုကို ထပ်ပြောရမယ်ဆိုရင် အဲဒီစည်းရုံးညီကို ကျွန်မ မုန်းတယ် ... မိန်းကလေးတစ်ယောက်ကို လက်စားချေဖို့ ကြံရွယ်ခဲ့တဲ့ စည်းရုံးညီဆိုတဲ့လူတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ရဲ့ နှလုံးသားတွေကိုလည်း အထင်မကြီးဘူး၊ ဒါပေမဲ့ ... ရှင်ကျေနပ်အောင်တော့ ကျွန်မပေးဆပ်သွားမှာပါ ... ကျွန်မ ကတိပေးတယ်၊ တစ်နေ့နေ့မှာ မမစံတော်ဝင် ခံစားသွားရတဲ့ ခံစားချက်မျိုးနဲ့ ကျွန်မဘဝကို အဆုံးသတ်သွားမယ်" တဲ့လေ။

အကြေကွဲရဆုံး ရင်အနင့်ရဆုံး ... နှလုံးသားတွေနဲ့ သူ့ကို အပြတ်စိမ်ခေါ်ပြီ။

ချစ်ခြင်းဖြူ ... အိမ်ပေါ်က ဆင်းသွားခဲ့တာ။

ခုတော့ ... ချစ်ခြင်းဖြူကို လိုက်ရှာရင်း သူ့နှလုံးသားတွေက အလျှံညီးညီး တောက်လောင်နေသည့် မီးပုံကြီးတစ်ခုရဲ့အလယ်မှာ။

သူသိချင်နေတာက ... ချစ်ခြင်းဖြူ ဘယ်မှာရောက်နေပြီလဲ။

တကယ်ဆို ...

ငါ မင်းကို ချစ်လို့ ... ။

အခန်း ( ၂၃ )

"တီ ... တီ ... "

"တီ ... တီ ... "

"ဟုတ်ကဲ့ ပြောပါ ... Soul ကုမ္ပဏီက စည်းရုံးညီပါ ... "

"ဟွန်း ... ကျွန်မကလည်း ရှင်နဲ့ပဲ တွေ့ချင်တာလေ ဦးစည်းရုံးညီ ... "

"ဘာပြောတယ် ... "

"ကျွန်မက သွန်းဖြူစင်ပါ ... "

"သွန်းဖြူစင် ဟုတ်လား ... ဘယ်က သွန်းဖြူစင်လဲ ... ငါ ... ငါ မင်းကို မသိဘူးနော် ... သွန်းဖြူစင် ... "

"ရှင်က ကျွန်မကို မသိပေမယ့် ကျွန်မက ရှင့်ကိုသိနေလို့ ဆက်လိုက်တာလေ ဦးစည်းရုံးညီ ... ကျွန်မ ရှင့်ဆီကို ဖုန်းဆက်ရတဲ့အဓိက အကြောင်းက ရှင့်ကြောင့် မီးပုံထဲကို ခုန်ဆင်းပြတော့မယ့် မိန်းမတစ်ယောက်ကို ရှင်အချိန်မီ ကယ်တင်ပေးနိုင်အောင်လို့ ကျွန်မ ဖုန်းဆက်လိုက်တာ ... "

"ဘယ် ... ဘယ်လို ... "

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com


သူ နားမရှင်းလိုက်ပါ။

မီးပုံထဲကို ခုန်ဆင်းပြတော့မယ့် မိန်းမတစ်ယောက်တဲ့။

ပြဿနာပဲ ...

"မင်း ... မင်း စကားပြောရင် ခပ်ရှင်းရှင်းပြောစမ်း၊ ဘယ်က မိန်းမက မီးပုံထဲကို ခုန်ဆင်းပြမှာလဲ ..."

"အဲဒီမိန်းမကို ရှင်မသိဘူးလားဟင် ဦးစည်းရုံးညီ ... ချစ်ခြင်းဖြူလေ ..."

"ဘာ ... ဘာပြောတယ် ချစ်ခြင်းဖြူ ဟုတ်လား ... ချစ်ခြင်းဖြူ ... ချစ်ခြင်းဖြူ ... သူ အခုဘယ်မှာလဲ၊ သူ မင်းအနားမှာရှိနေသလား ... ငါ အခု သူ့ကိုလိုက်ရှာနေတာကွ"

"ဟား ဟား ... ရှင် အခုမှ သဘောကောင်းမနေပါနဲ့ ဦးစည်းရုံးညီရယ် ... ရှင့်ရဲ့ ရက်ရက်စက်စက် တန်ပြန်လက်စားချေတော့မယ့် မဟာစီမံချက်ကြီးကို သိသွားလို့ ... ရှင့်ကို စိတ်နာနာနဲ့ ထွက်လာခဲ့တဲ့ ချစ်ခြင်းဖြူဆိုတဲ့ မမတစ်ယောက်ဟာ အခုဆိုရင် ကျွန်မတို့နဲ့ အတူတူရှိနေပါတယ်"

"ဘာ ... ချစ်ခြင်းဖြူ မင်းနဲ့အတူရှိတယ်"

"ရှိလို့ သူ့ရင်ထဲက ခံစားချက်တွေ ကျွန်မသိခဲ့ရတာလေ ဦးစည်းရုံးညီရဲ့ ... အခု ကျွန်မ ဖုန်းဆက်တာလည်း သူမသိအောင် တိတ်တိတ်လေးခိုးဆက်လိုက်တာ အရေးကြီးတာ၊ ကျွန်မတို့ဆီမှာ မမချစ်ခြင်းဖြူ ဘာတွေဖြစ်နေသလဲဆိုတာ ရှင့်ကိုသိစေချင်လို့"

"ဟင် ... ဘာတွေဖြစ်နေလို့လဲ"

"စားသောက်ဆိုင်တစ်ခုရဲ့ စင်တင်တေးဂီတဝိုင်းမှာ ပန်းကုံးတွေ ဝိုင်းဝိုင်းလည်အောင် အစွတ်ခံပြီး သီချင်းတက်ဆိုနေတယ်"





"ဘာပြောတယ် ..."

မထင်မှတ်ဘဲ ကြားလိုက်ရတဲ့စကားကြောင့် သူ့အကြီးအကျယ်တုန်လှုပ်သွားသည်။ ပိုဆိုးတာက ဒေါသက ချက်ချင်းတက်သည်။ မျက်နှာတစ်ခုလုံးစိုရဲကာ ထိုင်ခုံပေါ်ကနေ ဝုန်းခနဲပစ်ထလိုက်မိတဲ့အထိ။ ခံစားမှုက ပေါက်ကွဲသွားသည်။

ဒါ ... မင်းလုပ်စရာလား ချစ်ခြင်းဖြူ။

ဒီလိုနည်းနဲ့ ငါ့ကို အရွဲ့တိုက် ဆန့်ကျင်နေစရာလား။

သူ့မှာတော့ ချစ်ခြင်းဖြူကို လိုက်ရှာနေရတာ ဖတ်ဖတ်မောနေသည်။ သူကိုယ်တိုင် ဦးမြတ်အိန္ဒြေထွန်းနှင့် ပေါင်းရှာနေသလို၊ သူ့လူတွေကိုလည်း ဓါတ်ပုံတွေပေးပြီး ဖြန့်ခွဲရှာခိုင်းတာက တစ်ပြည်လုံးရှိသမျှ မြို့တွေအားလုံးမကျန်အောင်ဘဲ ဖြစ်သည်။

ဟော ... အခုတွေ့မယ့်တွေ့တော့ ...

စားသောက်ဆိုင် စင်တင်တေးဂီတဝိုင်းမှာ သီချင်းဆိုနေသတဲ့။

"ကျွန်မပြောလိုက်လို့ ရှင် အံ့ဩသွားပြီလားဟင် ဦးစည်းရုံးညီ ... မအံ့ဩပါနဲ့၊ ရှင့်ကိုစိတ်နာနာနဲ့ မမချစ်ခြင်းဖြူက တကယ်လုပ်နေတာ၊ အခုလည်း ဖုန်းထဲကနေ သီချင်းသံတွေ ရှင်ကြားနေရတယ်မို့လား ... အဲဒါ မမချစ်ခြင်းဖြူ ဆိုနေတာ ..."

"မင်း ... မင်း အပိုတွေဘာမှပြောမနေနဲ့ သွန်းဖြူစင် ... ဘယ်စားသောက်ဆိုင်မှာ ရောက်နေသလဲဆိုတာပဲ မင်းငါ့ကိုပြော၊ ငါ အခုချက်ချင်းလိုက်လာမယ်"

"ဟွန်း ... ရှင်မလာရင်လည်း မမချစ်ခြင်းဖြူက မီးပုံထဲကို


www.burmeseclassic.com

www.burmeseclassic.com



ခုန်ဆင်းတော့မှာ၊ အခုလောလောဆယ်တော့ ကျွန်မတို့ဆိုင်မှာ မ ချစ်ခြင်းဖြူက ဟော့စတားဖြစ်နေပြီ ... ကျွန်မ စေတနာက ရှင့်ကို အရွဲ့တိုက်ဖို့ကြိုးစားရင်း အပြစ်မဲ့တဲ့မိန်းကလေးတစ်ယောက် လမ်းမှားကို ရောက်မသွားစေချင်လို့ပါ၊ ရှင် အချိန်မီလာခေါ်နိုင်ရင်တော့ အကောင်းဆုံးပေ့ါ ... နေရာက ... ”

နေရာကို သိလိုက်တာနဲ့ ...

ဦးမြတ်အိန္ဒြေထွန်းကိုခေါ်ပြီး ကားကို ဝေါခနဲ မောင်းထွက်လာခဲ့တော့တာပါ။ သူ မစောင့်နိုင်တော့ပါဘူး။ သူ့စိတ်တွေကိုလည်း ဘယ်လိုမှ ထိန်းချုပ်မထားနိုင်တော့ပါဘူး။

ချစ်ခြင်းဖြူရယ် ...

မင်းလို အပြစ်မဲ့တဲ့ မိန်းကလေးတစ်ယောက်ကို လက်စားချေဖို့ ကြိုးစားခဲ့မိတာ ငါမှားပါတယ်။ မင်းနဲ့တွေ့ရင် ငါ့အမှားတွေကို မင်းကျေနပ်တဲ့အထိ တောင်းပန်ပြီးတော့ ဝန်ခံမယ်။

“ဝေါ ... ဝေါ ... ”

“ကျီ ... ကျီ ... ”

ကားလေးက စားသောက်ဆိုင်ရှေ့ ကားပါကင်ကွက်လပ်တစ်နေရာမှာ အရှိန်ပြင်းပြင်းနဲ့ပဲ ဝေါခနဲ ထိုးရပ်သွားသည်။

ကားကို သော့တန်းလန်းနှင့် ဒီအတိုင်းထားခဲ့ပြီး သူဝင်သွားတော့ ... ဆိုင်မန်နေဂျာက သူ့ကို တအံ့တသြကြည့်ကာ ...

“ဟာ ... ဦးစည်းရုံးညီ ဘယ်လိုဖြစ်တာလဲ ... အရေးတကြီးနဲ့ ဘယ်သူ့ကိုလာရှာတာလဲ”

“လာရှာတာမဟုတ်ဘူး ... လာခေါ်တာ ... ကျွန်တော်နဲ့





လက်ထပ်ထားတဲ့ကောင်မလေး ခင်ဗျားဆိုင်မှာ သီချင်းတက်ဆိုနေလို့လာခေါ်တာ ... ”

“ဗျာ ... ”

သူ ဒါပဲ ခပ်ပြတ်ပြတ်ပြောပြီး ...

စင်ပေါ်ကို တစ်လှမ်းချင်းတက်သွားသည်။

ဖြူကလည်း သူတက်လာတာကိုမြင်တော့ ဆိုလက်စ မိုက်ခရိုဖုန်းကိုပစ်ချပြီး စင်နောက်ဘက်ကို လှည့်ပြေးတော့ ... ပွဲက ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။

“ချစ်ခြင်းဖြူ ... မင်းမပြေးနဲ့နော် အဲဒီမှာရပ်နေစမ်း”

တကယ်ပါပဲ ...

ပြောရင်ပြောတဲ့အတိုင်း လုပ်တတ်တဲ့ချစ်သူလေ။

“ရှင် ... ရှင် ... ကျွန်မအသားကို မထိနဲ့နော် စည်းရုံးညီ”

“ဖြူရယ် ... မင်းဘာလို့ ကိုယ့်အသည်းကိုခွဲချင်ရတာလဲ”

ပြောနေတာ နားမထောင်ဘဲ မင်းတွေကိုယ်တွေနဲ့ပြောပြီး ဖြူ့ပခုံးလေးနှစ်ဖက်ကို အတင်းဆွဲလှည့်ပစ်ပြီး မျက်နှာချင်းဆိုင်ဖို့ ကြိုးစားသည်။

“ရှင် ... ကျွန်မက ရှင့်အသည်းကိုခွဲဖို့ ကြိုးစားတယ် ဟုတ်လား ... ”

သူ့စကားမဆုံးခင်မှာပင် ဖြူ မျက်ရည်ဝဲရတော့မည်။

“ဟုတ်တယ်လေ ဖြူ ... ကိုယ့်ဆီကို မင်းပြန်မလာတော့လို့ ကိုယ်မင်းကို လိုက်ရှာနေတာ ... ကိုယ် ဘယ်လောက်ခံစားနေရတယ် မင်းထင်သလဲ”

“ရှင် အပိုတွေမပြောနဲ့ ... ”



www.burmeseclassic.com

www.burmeseclassic.com



ဖြူ မျက်ရည်တွေ ပြုတ်ကျသည်။

"ကျွန်မလုပ်ခဲ့တာတွေအားလုံးဟာ ရှင်ကျေနပ်ပါစေ၊ ရှင့်အမုန်းတွေ ပြေပါစေတော့ဆိုပြီး ဒီဘဝမှာပေးဆပ်လိုက်ဖို့ ကြိုးစားခဲ့တာ ... အခုလည်း ရှင်မြင်တယ်မို့လား၊ ကျွန်မလည်ပင်းမှာ စွတ်ထားတဲ့ပန်းကုံးတွေ ရှင်ပျော်လေ စည်းရုံးညီ ... ဘီယာနဲ့အရက်နဲ့တွေ တထောင်းထောင်းထနေတဲ့ ဒီစားသောက်ဆိုင်ကြီးထဲက ဂီတဝိုင်းမှာ ကိုယ့်ကိုယ်ကိုယ် လက်စားအချေခံဖို့ ကျွန်မရောက်နေပြီဆိုရင် ရှင်ပျော်လိုက်တော့လေ"

"မင်း အဲလိုလုပ်သွားတာကို ကိုယ်ပျော်မယ်ထင်နေသလား၊ ကိုယ်အခု လိုက်လာတာ ... သွန်းဖြူစင်ဆိုတဲ့ မိန်းကလေးတစ်ယောက်က အချိန်မီသတင်းပေးလို့ ကိုယ်လိုက်လာတာ"

"ချစ်ခြင်းဖြူ ... သမီးလေး ..."

အို ... ကြည့်ပါဦး ...

မထင်မှတ်ဘဲ လိုက်လာကြတာ။

ဖေဖေနဲ့မေမေရော ကြီးညိုနဲ့ကြီးဝါတို့ပါ လိုက်လာကြတာလေ။ ဒါကို ဝိုင်းကြည့်နေကြတာ စင်တင်တေးဂီတမှာ အလှည့်ကျသီချင်းဆို ဖျော်ဖြေဖို့ စောင့်နေကြတဲ့မိန်းကလေးတွေ။

"အဟင့် ... မေမေ ..."

"သမီးလေးရယ် ..."

"ညီမလေး ချစ်ခြင်းဖြူ ..."

အို ... ကိုကိုထက်ဖျားယံပါ ရောက်လာပြီ။

"ညီမလေးရယ် ... ကိုယ်ချစ်လို့လက်ထပ်ယူထားတဲ့ယောကျ်ားတစ်ယောက်ကို အရှုံ့တိုက်ပေးဆပ်ချင်တာနဲ့ပဲ ဒီလို





နေရာမျိုးမှာ ဘဝပျက်လာခံရတယ်လို့ကွာ၊ ဖြုတ်လိုက်စမ်း ... ကျက်သရေမရှိတဲ့ နင့်လည်ပင်းက ပန်းကုံးတွေ အခုချက်ချင်းဖြုတ်လိုက်စမ်း"

"ဘာ ... ဘာပြောတယ် ကိုကို ..."

ဖြူ ကိုကို့ဘက်ကိုပဲ ချာခနဲ လှည့်ပစ်လိုက်ပြီ။

ကိုကို ဒီလိုပြောတာကိုတော့ ဖြူ ဘယ်လိုမှ မခံစားနိုင်တော့ပါ။ တကယ်တမ်း ပြောရမယ်ဆိုရင် ဒီဇာတ်လမ်းကြီးဖြစ်ပေါ်လာခဲ့ရတဲ့ သမိုင်းနောက်ခံအစက တရားခံက ကိုကိုထက်ဖျားယံ။

ဒီလို စားသောက်ဆိုင် စင်တင်တေးဂီတဝိုင်းတွေမှာ သီချင်းဆိုရင်းဘဝကို ဖြတ်သန်းဖို့ကြိုးစားခဲ့တဲ့ မမစံတော်ဝင်ကို မလွဲသာမရှောင်သာ လက်ထပ်ယူခဲ့ပြီးမှ အထင်သေးနှိမ်ချဆက်ဆံခဲ့လို့ ဒီနာကြည်းချက်တွေ ပေါက်ဖွားလာရတာ။

"ကိုကိုရယ် ... မမစံတော်ဝင်ကိုလည်း ဒီလိုအလုပ်မျိုးတွေလုပ်ခဲ့တယ်ဆိုပြီး ကိုကိုတို့ အထင်သေး ရှုံ့ချခဲ့လို့ မဖြစ်သင့်တာတွေ ဖြစ်ခဲ့ရတာ၊ ခုထိလည်း ဒီလိုစားသောက်ဆိုင်တွေမှာ သီချင်းဆိုရတဲ့မိန်းကလေးတွေကို ကိုကိုအထင်သေးနေတုန်းပဲလား၊ ဟင်း အထင်မသေးပါနဲ့ကိုကို ... မလွဲသာလို့သာ မိဘကိုထမင်းကျွေးချင်လို့ မောင်လေး ညီမလေးတွေကို ကျောင်းထားချင်လို့ ဒီစင်မြင့်ပေါ်မှာ သီချင်းတက်ဆိုနေရပေမယ့် အရောင်အဆင်းအနံ့အရသာ ဘာမှမရှိတဲ့ ပန်းကုံးလေးတစ်ကုံးနဲ့ ဂုဏ်သိက္ခာကိုလဲသွားမယ်ထင်နေသလား ... စင်ပေါ်မှာ မျက်နှာလေးတွေပြုံးနေပေမယ့် နှလုံးသား ထဲမှာတော့ မာနတွေက မီးခဲလို ရဲရဲတောက်နေတာ ကိုကိုတို့



www.burmeseclassic.com

www.burmeseclassic.com



တက်ဆိုကြည့်မှ ညီမလေး သဘောပေါက်တယ်”

“ဟွန်း ... ကိုကိုမှားပါတယ် ညီမလေးရာ၊ မှားတာသိလို့လဲ ကြိုးညိုရော ကြိုးဝါရော ကိုကိုပါ တိုက်စစ်မှူး ... အဲ စည်းရုံးညီကို တောင်းပန်ပြီးပါပြီ ... အရေးကြီးတာ ... သူခေါ်တဲ့နောက်ကို ညီမလေး ပြန်လိုက်သွားဖို့ပါ ... ကဲ ... ဘယ်ကိုခေါ်သွားမလဲဆိုတာ ပြောလိုက်ဦးလေ စည်းရုံးညီ ... ”

“တိုက်စစ်မှူးနေခဲ့တဲ့ မြို့သစ်ကအိမ်ကလေးကို ... ”

“ဘာပြောတယ်ရှင့် ... ”

ဖြူ မျက်တောင်လေးကော့ပြီး မျက်စောင်းလေးဝဲသွားတာ။

မြို့သစ်အိမ်ကလေးကို ပြန်သွားတဲ့ လမ်းတစ်လျှောက်လုံး မုန်းတာလား မကျေနပ်တာလား ...

စိတ်ကောက်မပြေသေးတာလား ...

“ဟွန်း ... တစ်လမ်းလုံးလည်း ကိုယ် မင်းကိုချော့လာခဲ့ပြီး ပြီနော် ချစ်ခြင်းဖြူ ... ကိုယ်မောင်းလာတဲ့ကားကြီးကို မစီးချင်ဘူး ဆိုလို့ ဟိုလမ်းထိပ်အဝေးကြီးမှာ ဘလိုင်းကြီးရပ်ထားခဲ့ပြီးတော့ လမ်းဆင်းလျှောက်လာရတယ် ... ဟော မီးခွက်လေးမှိတ်တုတ် မှိတ်တုတ်နဲ့ လမ်းဘေးမှာရောင်းတဲ့ အသုပ်ဆိုင်လေးမှာ စားမယ် ဆိုလို့ ကိုယ်ပါရောပြီး အနောက်တိုင်းဝတ်စုံကြီးတကားကားနဲ့ ထိုင် စားခဲ့ရတယ်”

“ဟာ ... စားတယ်လေ ဘာဖြစ်လဲ ... ချစ်ခြင်းဖြူဆိုတာ လမ်းပေါ်က ကလေကချေတစ်ယောက်ကို ယူထားတဲ့မိန်းမ”





“ဪ ... အဟင်း ... ဟုတ်ပါတယ် ... ဟုတ်ပါတယ်”

တွေ့လား ...

ပိတ်ထားတဲ့ အိမ်တံခါးလေးကို ဖွင့်တော့လဲ ...

စိတ်တိုတိုနဲ့ ဝုန်းခနဲ ဒိုင်းခနဲဖွင့် ...

ကိုယ့်မျက်နှာလေးကို တစ်ချက်လေးတောင် လှည့်မကြည့် တော့ဘဲ ထမီလေးကို တိုတိုတင်းတင်းလေးဖြစ်အောင် ပြင်ဝတ်ပြီး တော့ နောက်ဖေးခန်းကိုလည်း တန်းဝင် ... ကဲ ... ကြည့် ... ဒါကို ဘယ်သူက အသည်းမယားဘဲနေမလဲ။

“ရော့ ... ဒီမှာ ရှင့်အတွက် ခေါင်းအုံးနဲ့စောင် ... ”

“ဟင် ... ကိုယ်က ဘယ်မှာအိပ်ရမှာလဲ ... ”

“ဘုရားစင်ရှေ့မှာ ရှင်တစ်ယောက်တည်းအိပ် ... သိလား၊ စည်းရုံးညီဆိုတာ ကျွန်မ တကယ်မချစ်ဘဲ လက်ထပ်လိုက်ရတဲ့သူ အဲဒီသူကို လက်ဖျားလေးနဲ့ထိဖို့တောင် အစီအစဉ်လုံးဝမရှိလို့ အခန်း ထဲမှာ ကျွန်မတစ်ယောက်ထဲအိပ်မှာ ... ”

“ဟုတ်ပါပြီ ... ဟုတ်ပါပြီ ... ဟင်း ဟင်း ... ”

တစ်ညလုံးချော့လည်း ပျော့မယ့်ပုံမပေါ်။

ရမလား ... ဖြူကလည်း မလွဲသာတော့လို့သာ ပြန်လိုက် လာခဲ့ရပေမယ့် သူဘယ်လောက်ကြီးပဲ ချမ်းသာချမ်းသာ အနောက် တိုင်းဝတ်စုံကြီးကို ဝတ်ပြီး သူဘယ်လောက်ပဲ ကိန်းခန်းကြီးကြီး အထိအကိုင်ခံမယ့် မိန်းမထင်နေသလား။ ဆောရီးပဲ ... စည်းရုံးညီ။

အင်အားကြီးတဲ့ယောက်ျားကြီးတစ်ယောက်က အင်အား နည်းတဲ့ မိန်းကလေးတစ်ယောက်ကို လက်စားချေချင်တာ။ [illegible] မုန်းပဲ။



www.burmeseclassic.com

www.burmeseclassic.com



ရှင် မကပ်နဲ့ … ကပ်တာနဲ့ ထုမှာ။

"ဟယ် … ကြည့်စမ်း … ဒါ … ဒါ … ရှင်ဘာလုပ်တာလဲ"

ဖြူ မျက်စောင်းလေးဝဲသွားရင်း သူ့ကိုမသိမသာ လှည့်ကြည့်လိုက်တော့မှ သူကိုယ်ပေါ်မှာ ဝတ်ထားတဲ့ အဝတ်အစားတွေအားလုံးကို ဆွဲချွတ်ချနေတာ။ သူ့ကိုယ်ပေါ်မှာ နောက်ဆုံးကျန်ခဲ့တာကလည်း အတွင်းခံဘောင်းဘီလေးက အသားပါးပါး တိုတိုကပ်ကပ်လေး။

"ဘုရားရေ … ကြည့်စမ်း …"

ဖြူ ကပျာကယာ မျက်နှာလေးလွှဲလိုက်ရပေမယ့် …

ရင်ထဲမှာတော့ တတုန်ကယင်။

တစ်သက်နဲ့တစ်ကိုယ် ဒီလိုခံစားလိုက်ရတာလည်း ဒါ … ပထမဆုံး။

"ဟယ် … သေပါပြီ …"

နောက်တစ်ကြိမ် မဝံ့မရဲလေး ကြည့်လိုက်တော့ …

စည်းရုံးညီကနေ့ တိုက်စစ်မှူး ဖြစ်သွားပြီ။

ဆံပင်အတုကြီးကိုလည်း ခေါင်းမှာစွတ်လို့။

မလျှော်ဘဲ ဒီအတိုင်းထားခဲ့တဲ့ ဂျင်းဘောင်းဘီအဟောင်း တီရှပ်အဟောင်းကလည်း သူ့ကိုယ်ပေါ်မှာ ဖရိုဖရဲလျော့တိလျော့ရဲနဲ့။

"ဒါ … ဒါ …"

ဖြူ … မျက်တောင်ရှည်လေးတွေ ပင့်ကော့လျှက်။

"ဟုတ်တယ်လေ … ဘာဖြစ်လဲ … ငါတိုက်စစ်မှူး"

"ရှင် … ရှင်နော် …"





"မင်းကိုကြည့်ရင်း ကြည့်ရင်းနဲ့ အသည်းတွေယားပြီး စိတ်မထိန်းနိုင်တော့လို့ တိုက်စစ်မှူးဘဝကိုပဲ လုံးဝခံယူပစ်လိုက်တာ၊ မကျေနပ်ရင် အသေသတ်လိုက် … ဒီည တိုက်စစ်မှူးက အသေကြမ်းတော့မှာ၊ ကဲ … လာစမ်း … ခေါင်းအုံးတွေ စောင်တွေ"

"ဟာ … ရှင် ဘာလုပ်တာလဲ …"

"ဒီည … ငါသိပ်ချစ်တဲ့ကောင်မလေးတစ်ယောက်ကို အားရပါးရ ဖက်အိပ်မလို့ … စောင်တွေ ခေါင်းအုံးတွေ အခန်းထဲပြန်ရွှေ့တာ …"

"ဟာ … မရဘူးနော် …"

"ဘာလို့ မရရမှာလဲ၊ ရတာမှ သိပ်ရ … အများကြီးရ … ကဲ …"

"ဟာ … တိုက်စစ်မှူးနော် … ရှင် … ရှင် …"

"မမရေ … မမတို့အချိန်မတော် အချိန်တော်ကြီးပြန်လာပြီးမှ ဝုန်းဒိုင်းကြဲနေတာ မမတို့အိမ်ကြီးတောင်လှုပ်နေပြီထင်တယ်"

ကြည့်စမ်း …

ဟိုဘက်အိမ်ကနေ လှမ်းအော်ပြောနေတဲ့ပုံ့ပုံ့အသံ။

နှစ်ယောက်သား ငြိမ်သွားတာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်လျှက်။

"ရှူး …"

သူက နှုတ်ခမ်းမှာ လက်ညှိုးတစ်ချောင်းကပ်ပြီး ရှူးခနဲလုပ်ပြသည်။

"ဟာ … မရှူးဘူးနော် … မရှူးဘူး …"



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

"ဟား … ဒုက္ခပါပဲကွာ"

"ရှင် … ရှင် … မဟုတ်တာလုပ်လို့ကတော့ ကျွန်မအော်မှာနော် တိုက်စစ်မှူး … ဟိုမှာ ဘေးအိမ်တွေမအိပ်သေးဘူးဆိုတာ ရှင်မသိဘူးလား …"

"အား …"

သူ့ ဗိုက်ခေါက်ကိုကြိတ်ပြီး ဆွဲလိမ်ပစ်လိုက်တာလည်း အသားကုန်။

"ပြောစမ်း … ရှင် အခုမှ ဘာတွေဖြစ်နေတာလဲ"

"ငါ … မင်းကိုချစ်လို့ …"

"ဟယ် … အသံပြဲကြီးနဲ့ အကျယ်ကြီးအော်တယ် … ကြည့်စမ်း …"

"အား …"

ဗိုက်ခေါက်ကို ထပ်လိမ်ဆွဲလိုက်ပေမယ့် …

စွဲမက်ရင်ခုန်စရာ ချစ်ခြင်းဖြူရဲ့မျက်နှာလေးက ပြုံးလို့။

ဒီအပြုံးလေးတွေ …

သက်ဆုံးတိုင် အခွန့်ရှည်တည်မြဲနိုင်ပါစေတော့ … ။

စာချစ်သူအပေါင်းကို လေးစားချစ်ခင်
ကျေးဇူးတင်လျှက်
လွန်းတမ္ပိ
09 43145074

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# လွန်းတာမို

## ငါ...မင်းကိုချစ်လို့



www.burmeseclassic.com